# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914
Myanma Alinn Daily


**မိမိအဖို့ အကျိုးများနိုင်**

သူတစ်ပါး၏ အပြစ်အနာအဆာကို မကြည့်ပါနှင့်။ မိမိအဖို့ အရေးကြီးသည်ကား မိမိကောင်းမှုကိုလည်းကောင်း၊ မကောင်းမှုကိုလည်းကောင်း လုပ်သည်၊ မလုပ်သည်ကိုသာ ကြည့်ရာ၏။ သူတစ်ပါးအပြစ်ကို ကြည့်ခြင်းထက် မိမိအပြစ်ကို ကြည့်ခြင်းကသာလျှင် မိမိအဖို့ အကျိုးများနိုင်သောကြောင့် ဖြစ်၏။

ပုပ္ဖဝဂ်(ဓမ္မပဒ - ၅၀)


၁၃၇၉ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၁၁ ရက် | ၂၀၁၈ ခုနှစ်၊ မေ ၁၁ ရက်၊ ဗုဒ္ဓဟူးနေ့ | အတွဲ (၅၇)၊ အမှတ်(၁၉၃)


# နိုင်ငံရဲ့ တစ်နေရာမှာ မငြိမ်းအေးဘူးဆိုရင် တစ်တိုင်းပြည်လုံးအတွက် အကျိုးသက်ရောက်မှုရှိ ဒါကြောင့် တစ်တိုင်းပြည်လုံး ငြိမ်းချမ်းရေးရဖို့ဆိုတာ အင်မတန်မှ အရေးကြီး




**နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်ဒေါ်အောင်ဆန်းစုကြည်နှင့် ဒေသခံပြည်သူများ စကားဝိုင်း (PEACE TALK) ကိုမြောင်းမြို့၌ ကျင်းပစဉ်။** သတင်းစဉ်

**နေပြည်တော် မေ ၁၀**

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် ယနေ့ နံနက် ၁၀ နာရီတွင် ဧရာဝတီတိုင်းဒေသကြီး၊ မြောင်းမြို့နယ် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပသည့် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်နှင့် ဒေသခံပြည်သူများစကားဝိုင်း (PEACE TALK)ကို တက်ရောက်ပြီး ပြည်သူများနှင့်အတူ ပါဝင်ဆွေးနွေးကြသည်။

အဆိုပါ စကားဝိုင်းသို့ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဆွေ၊ ဒေါက်တာမြင့်ထွေး၊ ဦးသန့်စင်မောင်၊ ဦးဟန်ဇော်၊ ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးလှမိုးအောင်၊ ဒုတိယဝန်ကြီး ဦးမင်းသူနှင့် ဦးကျော်လင်း၊ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ တိုင်းဒေသကြီး ဝန်ကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များ၊ မြို့မိမြို့ဖများ၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် အဖွဲ့ဝင်များ၊ ကျောင်းသား၊ ကျောင်းသူလူငယ်များနှင့် ငြိမ်းချမ်းရေးကို စိတ်ပါဝင်စားသည့် ပြည်သူများ တက်ရောက်ကြသည်။

ရှေးဦးစွာ စကားဝိုင်းတွင်ပါဝင်သည့် ဒေသခံလူငယ်များက တစ်ဦးချင်းအလိုက် မိတ်ဆက်စကားပြောကြားပြီးနောက် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က မြောင်းမြို့နယ် ပြည်သူများအား နှုတ်ခွန်းဆက်အမှာစကား ပြောကြားသည်။

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က “ ကျွန်မတို့ ဒီစကားဝိုင်းကို ရောက်ရှိလာတဲ့ မြောင်းမြသူ၊ မြောင်းမြသားအားလုံးကို နှုတ်ခွန်းဆက်ပါတယ်။ ဒီမှာဆိုရင် တိုင်းရင်းသား အမျိုးမျိုးပါတယ်လို့ ဆိုရမှာပါ။ ဧရာဝတီတိုင်းမှာ မြောင်းမြကို လာရခြင်းရဲ့အကြောင်းကတော့ တစ်ကြောင်းက မြောင်းမြတံတားနဲ့ ပတ်သက်လို့လည်း ကြည့်ဖို့ရှိလို့ရယ်၊ ကျွန်မတို့ အနေနဲ့ ဒီလိုငြိမ်းချမ်းရေးဆွေးနွေးပွဲတွေလုပ်ဖို့ အချိန်ကလည်း ကျနေပြီ။

အရင် နှစ်လ၊ သုံးလက အခြားအလုပ်တွေ ရှိနေတာကြောင့်မို့ ပျက်သွားတယ်။ အဲဒါကြောင့်မို့ မြောင်းမြကို လာခဲ့တာပါ။


စာမျက်နှာ ၅ ကော်လံ ၁ ❑


**နိုင်ငံတော်အစိုးရ၏ ပြည်သူ့အတွက် ဒုတိယ(၁)နှစ်တာ အချုပ်ပိုပါရှိ**

ယနေ့ထုတ် မြန်မာ့အလင်းသတင်းစာတွင် နိုင်ငံတော်အစိုးရ၏ ပြည်သူ့အတွက် ဒုတိယ (၁) နှစ်တာအဖြစ် သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယ (၁) နှစ်တာ ဆောင်ရွက်ချက်များကို အချုပ်ပိုလေးမျက်နှာဖြင့် ဖော်ပြထားပါသည်။

**လူထုတက္ကသိုလ်**


ဆောင်းပါး စာမျက်နှာ- ၉


**အရပ်သားများသေဆုံးမှုကြောင့် တန်ဖိုးကြီးကြီး ပေးဆပ်ရမည်ဟု တူရကီသမ္မတ ပြော**


စာမျက်နှာ-၁၄



KBZ BANK
STRENGTH OF MYANMAR
‘BEST BANK IN MYANMAR’
Awarded by FinanceAsia 2017

မြန်မာ့အလင်း

# ကုလသမဂ္ဂနှင့် ကမ္ဘာ့ပြည်သူတို့၏ ကိုယ်စားပြုခွင့်

၂၀၀၅ ခုနှစ်၊ စက်တင်ဘာလ ၁၄-၁၆ ရက်များ၌ ကမ္ဘာ့ထိပ်သီး ညီလာခံ တစ်ရပ်ကို ကျင်းပခဲ့ပါသည်။ နိုင်ငံတော်အကြီးအကဲများ အပါအဝင် နိုင်ငံပေါင်း ၁၉၁ နိုင်ငံ၏ ခေါင်းဆောင်များ တက်ရောက်ခဲ့သော ညီလာခံ ဖြစ်ပါသည်။ သမိုင်း၌ ကမ္ဘာ့ခေါင်းဆောင်များ အစုံလင်ဆုံး၊ အကျယ်ပြန့်ဆုံး တက်ရောက်ခဲ့သော ထိပ်သီးညီလာခံဖြစ်ပါသည်။ ကုလသမဂ္ဂ ၂၀၀၀ ပြည့်နှစ် ထောင်စုနှစ်သစ် ထိပ်သီးအစည်းအဝေး (**Millennium Summit**) နှင့် ထောင်စုနှစ်သစ်ဖွံ့ဖြိုးရေး ရည်မှန်းချက်များ(**Millennium Development Goals- MDGS**) ၏ နောက်ဆက်တွဲအဖြစ် ကျင်းပခဲ့သော ကမ္ဘာ့ထိပ်သီးညီလာခံဟု သတ်မှတ်နိုင်ပါသည်။

၂၀၀၅ ခုနှစ်၊ ကမ္ဘာ့ထိပ်သီးညီလာခံ၌ ဆွေးနွေးခဲ့သော ကိစ္စရပ်များတွင် ကုလသမဂ္ဂအား ပြုပြင်ဖွဲ့စည်းရေးကိစ္စလည်း ပါဝင်ပါသည်။ အမှန်မှာမူ ကုလသမဂ္ဂအား ပြုပြင်ဖွဲ့စည်းရေးကို ၁၉၉၀ ပြည့်လွန်ကာလများ ကတည်းက တောင်းဆိုလာခဲ့ကြခြင်း ဖြစ်ပါသည်။ကုလသမဂ္ဂအား ပြုပြင်ဖွဲ့စည်းရမည်ဆိုသည်ကို မူအားဖြင့် သဘောတူကြသော်လည်း မည်ကဲ့သို့ပြုပြင် ဖွဲ့စည်းရမည်ဆိုသည့် ကိစ္စ၌ သဘောထားအမြင်အမျိုးမျိုး ကွဲပြားနေသည်ဖြစ်၍ ရှင်းလင်းပြတ်သားမှုမရှိသကဲ့သို့ ဘုံသဘောတူညီချက်လည်းမရ ဖြစ်နေပါသည်။ အရေးကြီးသောကိစ္စရပ်မှာ ကုလသမဂ္ဂ လုံခြုံရေးကောင်စီအား ပြုပြင်ဖွဲ့စည်းရန် ဖြစ်ပါသည်။ **G4** နိုင်ငံများ ဟုပြောဆိုကြသော ဘရာဇီး၊ ဂျာမနီ၊ အိန္ဒိယနှင့် ဂျပန်နိုင်ငံတို့သည် တစ်နိုင်ငံချင်းစီ၏ ကုလသမဂ္ဂလုံခြုံရေးကောင်စီအမြဲတမ်းအဖွဲ့ဝင် တောင်းဆိုမှုအပေါ် အပြန်အလှန် ထောက်ခံမှုပေးကြပါသည်။ ကော်ဖီကလပ် (**Coffee Club** )ဟု ပြောဆိုကြသည့် အီတလီနိုင်ငံက ဦးဆောင်သော **Uniting for Consensus** က ကုလသမဂ္ဂ လုံခြုံရေးကောင်စီအား တိုးချဲ့ဖွဲ့စည်းခြင်းကို ဆန့်ကျင်ပါသည်။

ကုလသမဂ္ဂလုံခြုံရေးကောင်စီ ပြုပြင်ဖွဲ့စည်းရေးအပေါ် သြဇာကြီးသော စာရေးဆရာဖြစ်သည့် **Jeffrey Sachs** က မှတ်ချက်ပြုထားသည်မှာ စိတ်ဝင်စားစရာဖြစ်ပါသည်။ **Jeffrey Sachs** က“ (ကုလသမဂ္ဂ၌)အာရှတိုက်အနေဖြင့် လုံလောက်သော ကိုယ်စားပြုခွင့် မရခြင်းသည် ကုလသမဂ္ဂ၏ ကမ္ဘာ့ပြည်သူတို့အား ကိုယ်စားပြုခွင့်ကို အကြီးအကျယ် စိန်ခေါ်လျက်ရှိပါသည်။ ကမ္ဘာကြီး၏ လူဦးရေအထူထပ်ဆုံးနှင့် ဖွံ့ဖြိုးမှုအရှိန်အဟုန်အမြန်ဆုံးသော အာရှတိုက်က လက်တွေ့ကမ္ဘာ့ရေးရာများတွင် ပိုမိုသြဇာရှိလာသည်နှင့်အမျှ အဆိုပါစိန်ခေါ်မှုသည် ပို၍ပို၍ နက်ရှိုင်းလာမည် ဖြစ်ပါသည်။ ဤစိန်ခေါ်မှုကို ကိုင်တွယ်ဖြေရှင်းနိုင်မည့် နည်းလမ်းတစ်ရပ်မှာ ကုလသမဂ္ဂလုံခြုံရေးကောင်စီ၌ အာရှတိုက်အတွက် အနိမ့်ဆုံး အမြဲတမ်းအဖွဲ့ဝင် လေးနေရာသတ်မှတ်ခြင်း ဖြစ်ပါသည်။ အိန္ဒိယနိုင်ငံအတွက် တစ်နေရာ၊ တောင်ကိုရီးယားနှင့် ဂျပန်နိုင်ငံတို့အတွက် ပူးတွဲတစ်နေရာ [(၂)နှစ် သက်တမ်းရှိသော နေရာအတွက် တစ်နိုင်ငံတစ်နှစ်စီ တာဝန်ထမ်းဆောင်ခြင်း]၊ အာဆီယံအဖွဲ့ကိုယ်စားတစ်နေရာ၊ တခြားအာရှနိုင်ငံများကိုယ်စားပြုတစ်နေရာ၊ စုစုပေါင်းလေးနေရာ သတ်မှတ်သင့်ပါသည်” ဟု တင်ပြထားပါသည်။

တင်ပြလိုသည်မှာ ကုလသမဂ္ဂ၌ အာရှတိုက်၏ အတွေးအခေါ်၊ ခံယူချက်တို့အား ကိုယ်စားပြုမှုသည် အားပျော့လျက်ရှိပါသည်။ ဤအားပျော့မှုကိုပေါ်လွင်စေမည့် အချက်တစ်ရပ်ကို တင်ပြလိုပါသည်။ ၎င်းမှာ ၂၀၀၅ ခုနှစ် ကမ္ဘာ့ထိပ်သီးညီလာခံက ချမှတ်ခဲ့သည့် အခြေခံသဘောထားဖြစ်ပါသည်။ အဆိုပါ အခြေခံသဘောထားမှာ ငြိမ်းချမ်းမှုနှင့် လုံခြုံရေးအပါအဝင် လူ့အခွင့်အရေးနှင့် ဖွံ့ဖြိုးတိုးတက်မှုတို့သည် အပြန်အလှန်အားဖြည့်ဆက်စပ်နေသည်ဖြစ်၍ ပဋိပက္ခအလွန်ကာလ၌ ငြိမ်းချမ်းမှုနှင့် ပြန်လည်သင့်မြတ်ရေးတို့အား ပုံဖော်ဖန်တီးရာတွင် ဤဆက်စပ်မှုအားလုံးကို ခြုံငုံသုံးသပ်လျက် တစ်ခုတည်းသော ချဉ်းကပ်ပုံရရှိစေရန် ပူးပေါင်းညှိနှိုင်းဆောင်ရွက်ရမည်ဖြစ်ပါသည်။ ဤသဘောထားသည် အာရှတိုက်၏ ခံယူချက်နှင့် နီးစပ်ပါသည်။ ကုလသမဂ္ဂက ရခိုင်ပြည်နယ်အရေး ကိုင်တွယ်ရာ၌ အဆိုပါသဘောထားဖြင့် ချဉ်းကပ်သင့်သော်လည်း မြန်မာနိုင်ငံအပေါ် တစ်ဖက်သတ်ဖိအားပေးခြင်းကိုသာ ဆောင်ရွက်လျက်ရှိပါသည်။ မြန်မာနိုင်ငံသည် ကမ္ဘာ့တာဝန်သိ နိုင်ငံတစ်နိုင်ငံအနေဖြင့် ကုလသမဂ္ဂနှင့် ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်သော်လည်း ကုလသမဂ္ဂအနေဖြင့် ရခိုင်ပြည်နယ် အရေးအပေါ် ၎င်းတို့၏ ချဉ်းကပ်ပုံ မည်မျှမှန်ကန်မှု ရှိသည် မရှိသည်ကို ပြန်လည်သုံးသပ်သင့်ပြီဖြစ်ပါကြောင်း လေးနက်စွာ တင်ပြအပ်ပါသည်။ ။

# အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်း မြန်မာနိုင်ငံဆိုင်ရာ တရုတ်သံအမတ်ကြီးအား တွေ့ဆုံ

**နေပြည်တော် မေ ၁၀**

အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းသည် မြန်မာနိုင်ငံဆိုင်ရာ တရုတ်သံအမတ်ကြီး မစ္စတာ ဟုန်လျန်အား ယနေ့ မွန်းလွဲ ၂ နာရီခွဲတွင် နေပြည်တော်ရှိ အမျိုးသားလွှတ်တော် ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။

**ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ရေး**

ထိုသို့တွေ့ဆုံရာတွင် မြန်မာနိုင်ငံနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံတို့အကြား အပြန်အလှန် ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ရေး၊ စီးပွားရေး၊ ခရီးသွားလာရေး ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ ရင်းနှီးခင်မင်စွာဆွေးနွေးခဲ့ကြသည်။

သတင်းစဉ်



အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်း မြန်မာနိုင်ငံဆိုင်ရာ တရုတ်သံအမတ်ကြီး မစ္စတာ ဟုန်လျန်အား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။ သတင်းစဉ်



မေ ၁၀ ရက်က ကိုရီးယားပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ၏ခေါင်းဆောင်ကြီး **H.E.Mr. Kim IL Sung** ၏ (၁၀၆)နှစ်ပြည့် မွေးနေ့အထိမ်းအမှတ် ညစာစားပွဲအခမ်းအနားကို ရန်ကုန်မြို့ ချက်ထရီယံ ဟိုတယ်၌ ကျင်းပရာ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်ထူးနှင့် ဇနီးတို့အား မြန်မာနိုင်ငံဆိုင်ရာ ကိုရီးယားပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ သံအမတ်ကြီး **H.E.Mr. Jong Ho Bom** က ကြိုဆိုနှုတ်ဆက်စဉ်။ သတင်းစဉ်

# မုံရွာမြို့နယ် စာရေးဆရာအသင်းသို့ စာအုပ်၊ စာစောင်များ လှူဒါန်း

**ရန်ကုန် မေ ၁၀**

မုံရွာမြို့နယ် စာရေးဆရာအသင်းအတွက် ကန်တော်မင်ဘုန်းကြီးကျောင်းဓမ္မာရုံကြီး၌ မေ ၈ ရက်က မြန်မာနိုင်ငံစာကြည့်တိုက်များဖောင်ဒေးရှင်း ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင် ချင်းပြည်နယ်တာဝန်ခံ အင်းစိန်မြို့နယ် သတင်းစာဆရာအသင်းဥက္ကဋ္ဌ ဦးဘိုကြည် (ဒေါက်တာဗိုလ်သံမဏိ-တောင်တွင်းကြီး)နှင့် နာယက ဒုတိယရဲမှူးကြီး ထိန်ဝင်း(ငြိမ်း)တို့က စာအုပ်၊ စာစောင်၊ ဂျာနယ်များ စုစုပေါင်းတန်ဖိုးငွေကျပ်နှစ်သိန်းဖိုးခန့်အား ပေးအပ်လှူဒါန်းရာ မုံရွာမြို့နယ် စာရေးဆရာအသင်းဥက္ကဋ္ဌ ဦးဖေသန်း (နေမင်းသန့်)နှင့် အဖွဲ့က လက်ခံရယူပြီး မုံရွာမြို့နယ် စာရေးဆရာအသင်းက ထုတ်ဝေသော အမှတ် ၁၀ ချင်းတွင်းဂုဏ်ရည်မဂ္ဂဇင်းစာအုပ်များ လက်ဆောင်များပေးအပ်ခဲ့ကြောင်း သိရသည်။

မြင့်ဦး(အင်းစိန်)

## ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် နိုင်ငံတကာသုံး ငွေကြေးပေါက်ဈေးနှုန်း

ခင်ရတနာ-စုစည်းသည်။

၁၀-၄-၂၀၁၈

**ရွှေဈေးနှုန်း (အောင်သမာဓိရွှေဆိုင်)**

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၄၂၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၈၆၆၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၄၂၅၀၀ |

**စက်သုံးဆီဈေးနှုန်း (စက်သုံးဆီအသင်း)**

| | | |
|---|---|---|
| ဒီဇယ် | ၈၁၅/၈၂၅ ကျပ် | (လက်လီဈေး) |
| အောက်တိန်း ၉၂ | ၇၈၀/၈၀၅ ကျပ် | (လက်လီဈေး) |
| အောက်တိန်း ၉၅ | ၈၂၅/၈၄၅ ကျပ် | (လက်လီဈေး) |
| ပရီမီယံဒီဇယ် | ၈၂၅/၈၄၀ ကျပ် | (လက်လီဈေး) |

**နိုင်ငံတကာ ငွေကြေးဈေးနှုန်း (ဗဟိုဘဏ်)**

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ၁၃၃၀ ·၀ |
| ဥရောပ | တစ်ယူရို | ၁၆၃၈ ·၈ |
| စင်ကာပူ | တစ်ဒေါ်လာ | ၁၀၁၄ ·၂ |
| ဂျပန် | ယန်း (၁၀၀) | ၁၂၄၅ ·၈ |
| ထိုင်း | တစ်ဘတ် | ၄၂ ·၅ |
| အိန္ဒိယ | တစ်ရူပီး | ၂၀ ·၄ |
| တရုတ် | တစ်ယွမ် | ၂၁၀ ·၈ |
| မလေးရှား | တစ်ရင်းဂစ် | ၃၄၄ ·၂ |

မြန်မာ့အလင်း
၁၂၇၅ ခုနှစ်က တည်ထောင်သည်။
Myanma Alinn Daily

စာတည်းမှူးချုပ် - အောင်နိုင်ဦး
စာတည်းမှူး - ဝင်းရွှေ
စာတည်းမှူး - မြင့်ဆွေ(သတင်းထောက်ချုပ်)
စာတည်းများ - မြင့်စိုး၊ ကြည်ဝင်း၊ ဝင်းကျော်၊ ခြူးစန္ဒီနွေး၊ ကလျာမိုးမြင့်

အကြီးတန်းသတင်းထောက်များ - ကျော်သူဝင်း၊ ခင်ရတနာ၊ သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ စိန်လွင်အောင်၊ တင်စိုး(ခတ်ပုံ)
အငယ်တန်းသတင်းထောက်များ - တင်လင်းအောင်၊ တင်မောင်လွင်၊ ဇင်ဦး၊ နေဝင်းထွန်း(၂)၊ ဟိန်းထက်ဇော်၊ ဝေသူနွယ်
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)၊ ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

မြန်မာ့အလင်း
mmalin.npt @ gmail.com,
www. facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၆၊ ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

MYANMAR DigitalNews Presented by NPE www.mdn.gov.mm

## နိုင်ငံရဲ့ပုံရိပ် ပြန်လည်တောက်ပမြင့်မားလာအောင်

**ကျွန်တော်တို့ရဲ့နိုင်ငံသူ နိုင်ငံသားတွေ မျှော်လင့်တောင့်တနေတဲ့ လိုအင်ဆန္ဒတွေကို အတတ်နိုင်ဆုံး ဖြည့်ဆည်းပေးနိုင်ဖို့ မဏ္ဍိုင်ကြီးတွေအလိုက် ကျွန်တော်တို့အားလုံး ဆတက်ထမ်းပိုး ကြိုးပမ်းကြရဦးမှာ ဖြစ်ပါတယ်။ အလားတူ နိုင်ငံတကာအသိုင်းအဝိုင်းရဲ့အလယ်မှာ ကျွန်တော်တို့နိုင်ငံရဲ့ပုံရိပ် ပြန်လည်တောက်ပမြင့်မားလာအောင်၊ ကျွန်တော်တို့ နိုင်ငံသူ နိုင်ငံသားတွေရဲ့ဂုဏ်သိက္ခာ ပို၍ပို၍ မြင့်တက်လာအောင် ကျွန်တော်တို့အားလုံး ဆက်လက်ပြီး ကြိုးစားကြရဦးမှာ ဖြစ်ပါတယ်။**

(နိုင်ငံတော်သမ္မတ ဦးဝင်းမြင့် ၃၀-၃-၂၀၁၈ ရက်နေ့က ကျင်းပသည့် ပြည်ထောင်စုလွှတ်တော်တွင် ကတိသစ္စာပြုပွဲအခမ်းအနား၌ ပြောကြားသည့်မိန့်ခွန်းမှ ကောက်နုတ်ချက်)

## ငြိမ်းချမ်းရေးကြိုးပမ်းမှုများကို ပံ့ပိုးကူညီပေးစေချင်

**ပြည်သူများက အစိုးရရဲ့ ငြိမ်းချမ်းရေးကြိုးပမ်းမှုများကို ပံ့ပိုးကူညီပေးစေချင်ပါတယ်။ အထူးသဖြင့် ကျွန်မတို့ အနာဂတ်အကျိုးမျှော်ကိုးပြီး လူငယ်များ ပါဝင်စေချင်ပါတယ်။ ပါဝင်နေကြတာကိုလည်း တွေ့ရလို့ အင်မတန်မှ ဝမ်းသာပါတယ်။**

(နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ၁-၄-၂၀၁၈ ရက်နေ့က ပြောကြားသည့် နိုင်ငံတော်အစိုးရတာဝန်ထမ်းဆောင်မှု (၂) နှစ်ပြည့်မိန့်ခွန်းမှ ကောက်နုတ်ချက်)

# ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း၊ ရေ၊ လေ)မိသားစု ဆင္ဒမအကြိမ် စုပေါင်းရဟန်းခံရှင်ပြု အလှူတော်မင်္ဂလာကျင်းပ



**တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်ဇနီး ၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့်ဇနီးနှင့် တပ်မတော်အရာရှိကြီးများနှင့် ဇနီးတို့က ဒုလ္လဘရဟန်းလောင်းများနှင့် ရှင်သာမဏေလောင်းများအား ကေသစ္ဆေဒနဆံချခြင်း ဆောင်ရွက်ပေးစဉ်။** သတင်းစဉ်

**နေပြည်တော် ဧပြီ ၁၀**

ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း၊ ရေ၊ လေ)မိသားစု ဆင္ဒမအကြိမ် စုပေါင်း ရဟန်းခံရှင်ပြုအလှူတော်၊ သာမဏေရပဗ္ဗဇ္ဇ မင်္ဂလာအခမ်းအနားအား ယနေ့နံနက်ပိုင်းတွင် နေပြည်တော် ဇေယျာသီရိမြို့နယ် ရေဆင်း ကန်ဦးကျောင်းတိုက်၌ ကျင်းပရာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှ၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့်ဇနီး ဒေါ်သန်းသန်းနွယ်၊ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး စိန်ဝင်း၊ ဒုတိယဗိုလ်ချုပ်ကြီး ရဲအောင်၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီး တင်အောင်စန်း၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီး မောင်မောင်ကျော်နှင့် ၎င်းတို့၏ ဇနီးများ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော် အရာရှိကြီးများနှင့် အရာရှိ၊ စစ်သည်၊ မိသားစုများ တက်ရောက်ကြသည်။

ရှေးဦးစွာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် နိုင်ငံတော်သြဝါဒါစရိယ မန္တလေးမြို့ မဟာဝိဇိတာရုံကျောင်းတိုက် ပဓာနနာယကဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တဝိစာရိန္ဒာဘိဝံသနှင့် မြို့နယ်သံဃနာယကအဖွဲ့ဥက္ကဋ္ဌ “ရွှေကျင်”၊ ကန်ဦးကျောင်းတိုက်ဆရာတော် မဟာဂန္ထဝါစကပဏ္ဍိတ သာသနဓဇ ဓမ္မာစရိယဘဒ္ဒန္တဝိလာသအား ဖူးမြော်ကြည်ညိုကြသည်။

**ဆက်ကပ်လှူဒါန်း**

ထို့နောက် ဒုလ္လဘရဟန်းလောင်းများနှင့် ရှင်သာမဏေလောင်းများအား ကေသစ္ဆေဒနဆံချခြင်း၊ ကာသာယစ္ဆာဒန သင်္ကန်းဝတ်ခြင်းနှင့် သာရဏဒါန သရဏဂုံပေးခြင်းမင်္ဂလာများ ဆောင်ရွက်ကြသည်။ ယင်းနောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ဇနီးနှင့်အဖွဲ့ဝင်များသည် ဆရာတော်၊ သံဃာတော်များအား နေ့ဆွမ်း ဆက်ကပ်လှူဒါန်းခဲ့ကြသည်။

**တက်ရောက်**

ထို့အတူ ပျဉ်းမနားမြို့ မင်္ဂလာဇေယျုံပါဠိတက္ကသိုလ်ကျောင်းတိုက်နှင့် ရတနာ့စံပရိယတ္တိစာသင်တိုက်တို့တွင်လည်း ဒုလ္လဘရဟန်းလောင်းများနှင့် ရှင်သာမဏေလောင်းများအား ကေသစ္ဆေဒနဆံချခြင်း၊ ကာသာယစ္ဆာဒန သင်္ကန်းဝတ်ခြင်းနှင့် သာရဏဒါန သရဏဂုံပေးခြင်း မင်္ဂလာများအား ဆောင်ရွက်ကြရာ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)မှ တပ်မတော်အရာရှိကြီးများနှင့် အရာရှိ၊ စစ်သည်၊ မိသားစုများ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## စစ်ကိုင်းတိုင်းဒေသကြီး၊ ချင်းပြည်နယ်နှင့် နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသရှိ ဒေသခံများအား ကျန်းမာရေးမြှင့်တင်ပေးမည့် တပ်မတော်သားဆရာဝန်အဖွဲ့ ထပ်မံရောက်ရှိ



**နေပြည်တော် ဧပြီ ၁၀**

စစ်ကိုင်းတိုင်းဒေသကြီး၊ ချင်းပြည်နယ်နှင့် နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတို့တွင် ဒေသခံပြည်သူများ၏ ကျန်းမာရေးကဏ္ဍ မြှင့်တင်ပေးရန်အတွက် ဆရာဝန်လိုအပ်လျက်ရှိသော ဆေးရုံများတွင် သွားရောက်တာဝန်ထမ်းဆောင်ရန် မိမိသဘောဆန္ဒအလျောက် ဆန္ဒပြုခဲ့သည့် တပ်မတော်သား ဆရာဝန် ၄၄ ဦးတို့သည် ၎င်းဒေသများရှိ ဆေးရုံပေါင်း ၂၂ ရုံတွင် ၂၀၁၆ ခုနှစ် မတ်လမှစတင်၍ ဒေသခံပြည်သူများအား ဆေးဝါးကုသပေးခြင်း လုပ်ငန်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**၁၉၇၄၃၅ ဦးအား ကုသပေးနိုင်ခဲ့**

အဆိုပါ တပ်မတော်သားဆရာဝန်များ စတင်ရောက်ရှိ တာဝန်ထမ်းဆောင်ချိန်မှစ၍ ၂၀၁၈ ခုနှစ် မတ် ၃၁ ရက်အထိ ဆေးကုသမှုဆိုင်ရာရောဂါ ၁၀၇၇၆၄ ဦး၊ ခွဲစိတ်ရောဂါ ၃၇၆၁၀ ဦး၊ ကလေးရောဂါ ၂၉၂၈၅ ဦး၊ သားဖွားမီးယပ်ရောဂါ ၈၆၅၄ ဦး၊ အရိုးရောဂါ ၃၁၂၉ ဦး၊ နား၊ နှာခေါင်း၊ လည်ချောင်းရောဂါ ၁၆၈၈ ဦး၊ မျက်စိရောဂါ ၂၄၇၀ ဦး၊ သွားရောဂါ ၁၇၈၂ ဦးနှင့် အထွေထွေရောဂါ ၄၉၈၂ ဦး စုစုပေါင်း ၁၉၇၄၃၅ ဦးအား ကုသပေးနိုင်ခဲ့သည်။

ယခုအခါ ၎င်းအဖွဲ့နှင့် တာဝန်လဲလှယ် ထမ်းဆောင်ရန်အတွက် တပ်မတော်မှ ဆေးဝါးဗေဒပါရဂူ တစ်ဦး၊ ပြည်သူ့ကျန်းမာရေးပါရဂူ သုံးဦး၊ ခွဲစိတ်ပါရဂူ တစ်ဦး၊ မေ့ဆေးပါရဂူ တစ်ဦးနှင့် ဆေးမှူး ၃၆ ဦး စုစုပေါင်း တပ်မတော်သားဆရာဝန် ၄၂ ဦးတို့သည် ယနေ့နံနက်ပိုင်းတွင် နေပြည်တော်မှ တပ်မတော်လေယာဉ်ဖြင့် ထွက်ခွာကြရာ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး ဆန်းဦးနှင့် တာဝန်ရှိသူများက လေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြသည်။

**ထပ်မံတာဝန်ထမ်းဆောင်**

ယင်းအဖွဲ့သည် စစ်ကိုင်းတိုင်းဒေသကြီး၊ ချင်းပြည်နယ်နှင့် နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအတွင်းရှိ ရိဒ်တိုက်နယ်ဆေးရုံ၊ ယမ်းကြုံးတိုက်နယ်ဆေးရုံ၊ ဝမ္မသူးတိုက်နယ်ဆေးရုံ၊ ရေဇွာတိုက်နယ်ဆေးရုံ၊ မှောင်တလန်တိုက်နယ်ဆေးရုံ၊ ကောင်းဟိန်တိုက်နယ်ဆေးရုံ၊ လေရှီးမြို့နယ်ဆေးရုံ၊ နန်းယွန်းမြို့နယ်ဆေးရုံ၊ ဒုံဟီးတိုက်နယ်ဆေးရုံ၊ ဆွမ္မရာတိုက်နယ်ဆေးရုံ၊ ဆူးရ်ခွား တိုက်နယ်ဆေးရုံ၊ မိုဘိုင်လွတ်တိုက်နယ်ဆေးရုံ၊ မတူပီမြို့နယ်ဆေးရုံ၊ ကျီးခါး တိုက်နယ်ဆေးရုံ၊ လဟယ်မြို့နယ်ဆေးရုံ၊ လိုင်လင်းပီတိုက်နယ်ဆေးရုံ၊ လုံလဲ တိုက်နယ်ဆေးရုံ၊ တွန်းဇံမြို့နယ်ဆေးရုံ၊ ထန်တလန်မြို့နယ်ဆေးရုံ၊ ထန်ပါခေ တိုက်နယ်ဆေးရုံ၊ ပန်ဆောင်တိုက်နယ်ဆေးရုံနှင့် ပန်ဆပ်တိုက်နယ်ဆေးရုံ စသည့် ဆေးရုံပေါင်း ၂၂ ရုံ၌ ထပ်မံတာဝန်ထမ်းဆောင်သွားမည် ဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# မြောင်းမြမြို့ ကြိုးတံတားကျိုးကျမှုကြောင့် ပြည်သူများ ကြုံတွေ့နေရသည့် အခြေအနေများ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် သွားရောက်ကြည့်ရှု

**နေပြည်တော် မေ ၁၀**

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဆွေ၊ ဒေါက်တာမြင့်ထွေး၊ ဦးသန့်စင်မောင်၊ သမ္မတရုံးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမင်းသူနှင့် တာဝန်ရှိသူများတို့နှင့်အတူ ယနေ့နံနက်ပိုင်းတွင် ဧရာဝတီတိုင်းဒေသကြီး မြောင်းမြခရိုင် မြောင်းမြမြို့ ဂုန်နီစက်ရုံ ရဟတ်ယာဉ်ကွင်းသို့ရောက်ရှိရာ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဟန်ဇော်နှင့် ဒုတိယဝန်ကြီးဦးကျော်လင်း၊ ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးလှမိုးအောင်နှင့် တိုင်းဒေသကြီးဝန်ကြီးများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် ဒေသခံပြည်သူများက ကြိုဆိုနှုတ်ဆက်ကြသည်။

**ဆက်ကပ်လှူဒါန်း**

ရှေးဦးစွာ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်နှင့် အစိုးရအဖွဲ့ဝင်များသည် မြောင်းမြမြို့ ဇေယျမေဒနီ စာသင်တိုက် ပဓာနနာယက ဆရာတော် နိုင်ငံတော်ဗဟို သံဃာ့ဝန်ဆောင် အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ၊ အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ စန္ဒဝရအား ဖူးမြော်ကြည်ညိုပြီး လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။

ယင်းနောက် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်သည် ဇေယျမေဒနီ စာသင်တိုက်သို့ မိခင်ဖြစ်သူ မဟာသီရိသုဓမ္မ ဒေါ်ခင်ကြည် အိန္ဒိယနိုင်ငံတွင် သံအမတ်အဖြစ် တာဝန်ထမ်းဆောင်စဉ် ၁၉၆၄ ခုနှစ်က ပေးပို့လှူဒါန်းခဲ့သော အင်ကြင်းပင်ပွားနှင့် မဟာဗောဓိပင်ပွားအား ကြည့်ရှုပြီး မဟာဗောဓိ ညောင်ပင်ပွားကို အမွှေးနံ့သာရည်များဖြင့် ပက်ဖျန်းသည်။

ထို့နောက် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်သည် မြောင်းမြမြို့နယ် အမှတ် (၁) အခြေခံပညာအထက်တန်းကျောင်းသို့ ရောက်ရှိပြီး ပညာရတနာခန်းမတွင် ဒေသခံပြည်သူများနှင့် ငြိမ်းချမ်းရေးစကားဝိုင်း (PEACE TALK) အစီအစဉ်ကို ပါဝင်တက်ရောက်ဆွေးနွေးသည်။

**အမှာစကားပြော**

ယင်းနောက် မြောင်းမြတံတား အသစ်တည်ဆောက်ရေး စီမံကိန်းသို့ ရောက်ရှိပြီး စီမံကိန်းရှင်းလင်းဆောင်တွင် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်က အဖွင့်အမှာစကား ပြောကြားသည်။

ထို့နောက် ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးလှမိုးအောင်က မြောင်းမြကြိုးတံတားဟောင်း ပြတ်ကျပြီးနောက် ဆောင်ရွက်ခဲ့သည့် အခြေအနေများ၊ လက်ရှိ လမ်းပန်းဆက်သွယ်ရေးအခြေအနေနှင့် ပြည်သူများသွားလာမှု လွယ်ကူချောမွေ့စေရန် စီစဉ်ဆောင်ရွက်ပေးထားမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။


နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် မြောင်းမြကြိုးတံတားဟောင်းပြတ်ကျရာတွင် အသက်ဆုံးရှုံးခဲ့ရသူနှစ်ဦး၏ မိသားစုဝင်များအား ရင်းရင်းနှီးနှီး တွေ့ဆုံအားပေးစဉ်။ သတင်းစဉ်

**ရှင်းလင်းတင်ပြ**

ဆက်လက်၍ ဒုတိယဝန်ကြီး ဦးကျော်လင်းက မြောင်းမြကြိုးတံတားအဟောင်း ပြန်လည်ဆယ်ယူမည့် အခြေအနေ၊ လက်ရှိ တည်ဆောက်လျက်ရှိသည့် တံတားအသစ်ကို အချိန်မီပြီးစီးအောင်တည်ဆောက်သွားမည့် အခြေအနေတို့ကို ရှင်းလင်းတင်ပြသည်။

**ရေယာဉ်များဖြင့် ပို့ဆောင်**

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင်က ပြည်သူများ သွားလာမှု လွယ်ကူချောမွေ့စေရန် ပို့ဆောင်ရေးဌာနပိုင် ဇက်ရေယာဉ်များဖြင့် ပို့ဆောင်ပေးနေမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

**စနစ်တကျဆောင်ရွက်**

ရှင်းလင်းတင်ပြမှုများနှင့် စပ်လျဉ်း၍ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်က လူ့အသက်တစ်ချောင်း တန်ဖိုးဖြတ်မရ ဆိုသည့်အတိုင်း ဆုံးရှုံးနစ်နာရမှုမှာ တန်ဖိုးဖြတ်၍ မရနိုင်ကြောင်း၊ ကျိုးကျသွားသောကြိုးတံတားဘေးတွင် တည်ဆောက်လျက်ရှိသည့် တံတားအသစ်နှင့် ပတ်သက်၍ နောင်တွင်ပြောစရာမဖြစ်အောင် စနစ်တကျဆောင်ရွက်ရန် လိုအပ်ကြောင်း၊ တံတားအသစ်ကို ဂျပန်နိုင်ငံမှ ပညာရှင်များ၊ တရုတ်နိုင်ငံမှ ပညာရှင်များ၊ မြန်မာနိုင်ငံ အင်ဂျင်နီယာကောင်စီမှ ပညာရှင်များဖြင့် တိုင်ပင်ဆွေးနွေးပြီး တံတားဒီဇိုင်း ပြောင်းလဲလိုက်၍ တစ်နှစ်အတွင်း ပြီးစီးနိုင်မည် ဆိုသော်လည်း ရေရှည်ဘေးကင်း လုံခြုံရေးအတွက် အာမခံချက် အပြည့်အဝရှိရဲ့လား၊ အရည်အသွေးပြည့်မီရဲ့လား စသည်အားဖြင့် ဘက်ပေါင်းစုံမှ ပြန်လည်လေ့လာသုံးသပ်ပြီးမှ ဆောင်ရွက်ရန်၊ အရည်အသွေးစစ်ဆေးရေးအဖွဲ့ကို သီးခြားလွတ်လပ်သော စစ်ဆေးရေးအဖွဲ့ဖြင့်သာ ဆောင်ရွက်ရန်ဖြစ်ကြောင်း၊ ထိုအရည်အသွေးစစ်ဆေးရေးအဖွဲ့ကို ပြည်ထောင်စုအစိုးရက ရှာပေးမည်ဖြစ်ကြောင်း။

*စာမျက်နှာ ၅ သို့*


နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် သူနာပြုသင်တန်းကျောင်း (မြောင်းမြ)ဆောက်လုပ်မည့် တည်နေရာပြမြေပုံအား ကြည့်ရှုစဉ်။ သတင်းစဉ်


ပြတ်ကျသွားသော မြောင်းမြကြိုးတံတားအား တွေ့ရစဉ်။ သတင်းစဉ်

*စာမျက်နှာ ၄ မှ*

အလားတူ မြန်မာနိုင်ငံ တစ်နိုင်ငံလုံးတွင် ကျန်ရှိနေသောကြိုးတံတား ၂၉ စင်းကိုလည်း ကြံ့ခိုင်မှုနှင့် အရည်အသွေး စစ်ဆေးမှုများ အမြန်ဆုံးဆောင်ရွက်ရမည် ဖြစ်ကြောင်း၊ ကြိုးတံတား ကျိုးကျသွား၍ ဒေသခံပြည်သူများ ခရီးသွားလာရေး အခက်အခဲ ဖြစ်ပေါ်နေမှုကို ရေတိုကာလအားဖြင့် အဆင်ပြေစေရန် ပို့ဆောင်ရေးဝန်ကြီးဌာန၏ အစီအစဉ်ဖြင့် မော်တော်ယာဉ်များ တင်ဆောင်ပေးမည့် ဇက်ရေယာဉ် သုံးစင်း၊ ခရီးသည်များ စီးနင်းနိုင်ရန် တောသူမယ် နှစ်ထပ်ရေယာဉ်တို့ဖြင့် စနစ်တကျ သတ်မှတ်ပြေးဆွဲပေးရန်၊ မီးလောင်လွယ်သော ဆီသယ်ယာဉ်ကဲ့သို့ ယာဉ်များကို တံတားဆောက်လုပ်ရေးလုပ်ငန်းသုံး ဇက်ဆိပ်၌ အချိန်သတ်မှတ်ချက်ဖြင့် သယ်ယူပို့ဆောင်ပေးရန်၊ ရေရှည်ကာလအားဖြင့် ဒေသတွင်း ခရီးသွားလာမှု အဆင်ပြေစေရေးအတွက် လပွတ္တာမြို့မှ ပြည်သူများအနေဖြင့် မြောင်းမြမြို့သို့ ဖြတ်သန်းရန်မလိုဘဲ ပုသိမ်မြို့သို့ တိုက်ရိုက်သွားနိုင်မည့် လပွတ္တာ - ငပုတော- ပုသိမ် လမ်းမှာ ဘတ်ဂျက်ခွဲဝေပေးထားပြီးဖြစ်၍ လာမည့် နှစ်ပတ်အတွင်း အမြန်ဆုံးအကောင်အထည်ဖော် ပြင်ဆင်သွားရန်၊ လပွတ္တာမှ ဇက်ရေယာဉ် တစ်စင်းကို ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနက အမြန်ဆုံး စီစဉ်ဆောင်ရွက်ပေးရန်၊ သို့မှသာ မြောင်းမြတံတားကို အားကိုးအားထားပြုသွားလာနေရသည့် ပြည်သူများ သွားလာရေး အဆင်ပြေချောမွေ့လာမည် ဖြစ်ကြောင်း။

တံတားအသစ် တည်ဆောက်မှု မပြီးစီးခင် ရေယာဉ်များအတွက် စက်သုံးဆီကုန်ကျစရိတ်များကို နိုင်ငံတော်အစိုးရမှကျခံနိုင်ရေး နေပြည်တော်တွင် သက်ဆိုင်ရာ ဝန်ကြီးဌာနများနှင့် အမြန်ဆုံး ဆွေးနွေးညှိနှိုင်းသွားမည် ဖြစ်ကြောင်း၊ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနနှင့် တိုင်းဒေသကြီးအစိုးရအဖွဲ့များက ပြည်သူများ အဆင်ပြေစေရေးအတွက် ညှိနှိုင်းပေါင်းစပ်မှုများ ပြုလုပ်ပြီး စနစ်တကျ ဆောင်ရွက်သွားရန်ဖြစ်ကြောင်း စသည်ဖြင့် ပေါင်းစပ်ညှိနှိုင်း ဆွေးနွေးပြောကြားသည်။

**ရင်းရင်းနှီးနှီးတွေ့ဆုံအားပေး**

ဆက်လက်၍ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်သည် မြောင်းမြကြိုးတံတားအဟောင်းနှင့် မြောင်းမြတံတားအသစ် တည်ဆောက်နေမှု အခြေအနေတို့ကို ကြည့်ရှုပြီး မြောင်းမြကြိုးတံတားအဟောင်းပြတ်ကျရာတွင် အသက်ဆုံးရှုံးခဲ့ရသူနှစ်ဦး၏ မိသားစုဝင်များအား ရင်းရင်းနှီးနှီး တွေ့ဆုံ၍ အားပေးစကား ပြောကြားသည်။

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ ကျန်းမာရေး လူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန၊ သူနာပြုသင်တန်းကျောင်း (မြောင်းမြ) ဆောက်လုပ်မည့် မြေနေရာသို့ ရောက်ရှိရာ ရှင်းလင်းဆောင်၌ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ အဆောက်အဦ ဦးစီးဌာန၊ အထူးအဖွဲ့ (၁၅) လက်ထောက်ညွှန်ကြားရေးမှူး ဦးမြဝင်း၊ သူနာပြုသင်တန်းကျောင်း (ပုသိမ်) ကျောင်းအုပ်ကြီး နော်ကပေါ်ရှီးနှင့် ဧရာဝတီတိုင်းဒေသကြီး ကျန်းမာရေးဦးစီးမှူး ဒေါက်တာအောင်ကျော်ထွေးတို့က သင်တန်းကျောင်းဆောင် ဆောက်လုပ်မည့်အခြေအနေ၊ လိုအပ်သည့်ကျန်းမာရေး ဝန်ထမ်းအခြေအနေတို့ကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးက လက်ရှိနေရာအပြင် မြောင်းမြဂုန်နီစက်ရုံအတွင်း လှူဒါန်းလိုသည့် အလှူရှင်များ၏ တင်ပြချက်ကို ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က သူနာပြုသင်တန်းကျောင်းနှင့် ကျန်းမာရေးဝန်ထမ်းအိမ်ရာ တည်ဆောက်ရေးအတွက် ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များကို လမ်းညွှန်မှာကြားသည်။

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၏ မြောင်းမြမြို့ ခရီးစဉ်တွင် ဒေသခံ ပြည်သူများက လမ်းတစ်လျှောက် သောင်းသောင်းဖြဖြကြိုဆိုခဲ့ကြပြီး ညနေပိုင်းတွင် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်နှင့် အဖွဲ့ဝင်များသည် ရဟတ်ယာဉ်ဖြင့် ပုသိမ်မြို့သို့ ထွက်ခွာပြီး ထိုမှတစ်ဆင့် နေပြည်တော်သို့ ဆက်လက်ထွက်ခွာသည်။ **သတင်းစဉ်**



**နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် မဟာဗောဓိညောင်ပင်ပွားအား ရေလောင်းပေးစဉ်။** သတင်းစဉ်

---

❑ *ရှေ့ဖုံးမှ*

မြောင်းမြဟာ မေမေရဲ့ဇာတိချက်ကြွေ မွေးရပ်မြေလည်းဖြစ်တယ်။ ကျွန်မတို့ အမျိုးချည်းပဲလို့ ဒီလိုပဲ သတ်မှတ်ရမှာပါ။ မြောင်းမြဟာ ငြိမ်းချမ်းရေးနဲ့ ပတ်သက်လို့ ဘာဖြစ်လို့ အရေးကြီးလဲဆိုတော့ တစ်ချိန်တစ်ခါတုန်းက ဧရာဝတီတိုင်းမှာ လက်နက်ကိုင် တိုက်ခိုက်မှုတွေ၊ လက်နက်ကိုင် ပဋိပက္ခတွေရှိခဲ့တယ်။

**ငြိမ်းချမ်းရေးရဲ့အရေးပါမှု**

အခုတော့ ဧရာဝတီတိုင်းမှာ ဒီပဋိပက္ခတွေဟာ ချုပ်ငြိမ်းသွားပါပြီ။ ချုပ်ငြိမ်းသွားပေမယ့်လည်း ဒီသမိုင်းကို မမေ့တဲ့ မြောင်းမြမြို့သူမြို့သားတွေ ရှိမယ်လို့ ထင်ပါတယ်။ ဒါ့ကြောင့် ငြိမ်းချမ်းရေးရဲ့ အရေးပါမှု၊ ငြိမ်းချမ်းရေးရအောင် ဘယ်လိုလုပ်ရမယ်၊ ဘယ်လိုဝိုင်းဝန်းပြီး ကူညီရမယ်ဆိုတာတွေ၊ ဒီအချက်တွေကို ဆွေးနွေးချင်လို့ ကျွန်မတို့က ဒီငြိမ်းချမ်းရေးစကားဝိုင်းတွေကို လုပ်တာပါ။ တချို့တိုင်းတွေမှာ ဥပမာဆိုရင် တစ်ခါကငြိမ်းချမ်းရေးစကားဝိုင်းမှာဆိုရင် မန္တလေးတိုင်းက လူငယ်တွေ ပါတယ်။ အဲဒီလူငယ်တွေက ပွင့်ပွင့်လင်းလင်းပဲ ပြောတယ်။ ကျွန်မလည်း ဒီလိုပွင့်ပွင့်လင်းလင်း ပြောတာကို သဘောကျတယ်။ သူတို့တိုင်းဟာ လက်နက်ကိုင် ပဋိပက္ခတွေနဲ့ ရင်မဆိုင်ခဲ့ရတဲ့အခါကျတော့ သိပ်နားမလည်ဘူး။ ငြိမ်းချမ်းရေး ဖြစ်စဉ်နဲ့ ပတ်သက်လို့ ပွင့်ပွင့်လင်းလင်းပြောရရင် သူတို့ စိတ်မဝင်စားဘူး။ သူတို့ကို ထိခိုက်မှု မရှိလို့။

အဲဒီတော့ ဒီလိုစိတ်ထားလို့လည်း မဖြစ်ဘူး။ ကျွန်မကတော့ ရှင်းပြတယ်။ ကိုယ့်ကိုယ်ခန္ဓာတွေမှာ လက်သန်းလေး နာနေရင်တောင် နာနေတာပဲ။ အေးအေးဆေးဆေး မနေနိုင်ဘူး။ ညမှာ အိပ်ပျက်တယ်။ ဒီလက်သန်းလေးတစ်ချောင်း ကိုက်နေလို့ရှိနေရင် တောင်မှ ကောင်းကောင်းအိပ်လို့ မရဘူး။ အသွားအလာ၊ အလုပ်လုပ်ရတာ အထစ်အငေါ့တွေများတယ်။

**လေးလေးနက်နက်စဉ်းစား**

ဒီလိုပါပဲ ကိုယ့်နိုင်ငံရဲ့ တစ်နေရာမှာ မငြိမ်းအေးဘူးဆိုလို့ရှိရင် တစ်တိုင်းပြည်လုံးအတွက် အကျိုးသက်ရောက်မှုရှိတယ်။ ဆိုးကျိုး သက်ရောက်မှုရှိတာပေါ့။ ဒါ့ကြောင့် ငြိမ်းချမ်းရေးရဖို့၊ တစ်တိုင်းပြည်လုံး ငြိမ်းချမ်းရေးရဖို့ဆိုတာ အင်မတန်မှ အရေးကြီးပါတယ်။ ကျွန်မတို့ ဒီလိုဆွေးနွေးပွဲ တွေလုပ်တဲ့အခါ ကျွန်မတို့နိုင်ငံဟာ ဘာဖြစ်လို့ ငြိမ်းချမ်းရေး မရသေးသလဲဆိုတာကို တစ်ယောက်ချင်း တစ်ယောက်ချင်းက လေးလေးနက်နက် စဉ်းစားစေချင်တယ်။ နောက်ငြိမ်းချမ်းရေးရအောင် ဘယ်လိုလုပ်ရမယ်။ တစ်နေရာနဲ့ တစ်နေရာ မတူဘူး။ ပြဿနာတစ်ခုနဲ့ တစ်ခုမတူဘူး။ လူတစ်ယောက်ချင်းနဲ့ တစ်ယောက်ချင်းမှာကို မတူတာ။ လူတစ်ယောက်ချင်းနဲ့ တစ်ယောက်ချင်းမှာ မတူဘူးဆိုတော့ ပုဂ္ဂိုလ်တစ်ယောက်ချင်း တစ်ယောက်ချင်းကို ငြိမ်းချမ်းရေးဖြစ်စဉ်ထဲမှာ ပါဝင်လာအောင် ဆွဲဆောင်ရတာ၊ စည်းရုံးရတာ ဆိုတာလည်း ပုံစံက တစ်ယောက်နဲ့ တစ်ယောက်နဲ့ တူနိုင်မှာ မဟုတ်ဘူး။

**ရေရှည်ဖွံ့ဖြိုးတိုးတက်ဖို့**

ဒါပေမယ့် ကျွန်မတို့ အားလုံးဝိုင်းစဉ်းစားပြီး စုပေါင်းအင်အားနဲ့လုပ်မှ အောင်မြင်မယ်လို့ ယုံကြည်တယ်။ နိုင်ငံတစ်နိုင်ငံ ဖွံ့ဖြိုးတိုးတက်ဖို့ဆိုတာ၊ ရေရှည်ဖွံ့ဖြိုးတိုးတက်ဖို့ဆိုတာ မငြိမ်းချမ်းလို့ မရဘူး။ တစ်ခဏတော့ရမယ်။ ဒါပေမယ့် ဒီနိုင်ငံမှာ ငြိမ်းချမ်းရေးမရှိရင် ဖွံ့ဖြိုးတိုးတက်မှုတွေဟာ ဆက်လက်ပြီးတော့ အောင်မြင်နိုင်မှာ မဟုတ်ဘူး။ တည်တံ့ခိုင်မြဲနိုင်မှာ မဟုတ်ဘူး။ ဖွံ့ဖြိုးတိုးတက်မှု မရှိဘဲနဲ့လည်း ငြိမ်းချမ်းရေးကို ထိန်းသိမ်းထားလို့ မရဘူး။

**အမြဲပဲနှလုံးသွင်း**

တစ်ခါတလေ ငြိမ်းချမ်းရေး ပျက်စီးရတဲ့ အကြောင်းအရင်းဟာ ပြည်သူလူထုရဲ့ ဆင်းရဲမှုကြောင့်၊ စီးပွားရေးနဲ့ ပတ်သက်လို့ ဒုက္ခတွေကြောင့် ဒီဟာတွေကို ပြည်သူလူထုက မကျေနပ်လို့၊ မခံနိုင်လို့ ငြိမ်းချမ်းရေး ပျက်စီးတာတွေလည်းရှိတယ်။ ဒီတော့ ငြိမ်းချမ်းရေးနဲ့ ဖွံ့ဖြိုးတိုးတက်ရေးဆိုတာ ဘယ်လိုမှ မခွဲနိုင်တဲ့ကိစ္စနှစ်ခုပဲ။ ဒါကို ကျွန်မတို့ အမြဲပဲနှလုံးသွင်းရမယ်။

တချို့တွေက ကိုယ့်ရဲ့ ဒေသ၊ ဒေသတောင် မဟုတ်ဘူး။ ကိုယ့်ရဲ့တိုင်းပြည်နဲ့တောင် မဟုတ်ဘူး။ ကိုယ့်ရဲ့မြို့နယ်လေးမှာ တိုးတက်ဖို့ကိုပဲ အဓိကကြည့်တယ်။ အဲဒီအပြင်ကို လှမ်းမကြည့်ဘူး။ ဒီလိုလုပ်လို့လည်း မရဘူး။ ဒါပေမယ့် ကိုယ့်ရဲ့ မြို့နယ်တိုးတက်ဖို့လည်း ကြည့်ရမယ်၊ ကိုယ့်ရဲ့ အိမ်မှာလိုပေါ့။ ကိုယ့်မိသားစုအတွင်းမှာ အေးချမ်းမှု မရှိရင်၊ ကိုယ့်မိသားစုအတွင်းမှာ ပြည့်စုံမှုမရှိရင် ရပ်ကွက်မှာ ဘယ်လိုပဲ စိတ်ချမ်းသာနေပါစေ၊ ကိုယ်က စိတ်မချမ်းသာဘူး။

သို့သော်လည်း ကိုယ်တစ်ယောက်တည်း၊ ကိုယ့်ရဲ့အိမ်လေး တစ်အိမ်ထဲ၊ မိသားစုတစ်စုထဲက အဆင်ပြေပြီးတော့ ကိုယ့်ဘေးက ရပ်ကွက်က ဆင်းရဲနေရင်လည်း နေရထိုင်ရတာ မကောင်းဘူး။ လမ်းထွက်တာနဲ့ ကိုယ်ရဲ့ အိမ်နီးနားချင်းတွေရဲ့ ဒုက္ခတွေကို ကိုယ်မြင်နေရတာပဲ။ မြင်နေရတာဆိုတော့ စိတ်ချမ်းသာစရာမရှိဘူး။ ဒါကြောင့်မို့ ကိုယ့်အပူဟာ ကိုယ့်တစ်ယောက်တည်းအတွက်လည်း မဟုတ်ဘူး၊ တစ်နိုင်ငံလုံးအတွက်၊ တစ်နိုင်ငံလုံးက အပူဆိုတာလည်း ကိုယ့်အပူဆိုပြီးတော့ ဒီလိုပဲ စဉ်းစားသလို အားလုံးအေးချမ်းပြီဆိုရင် ကိုယ်လည်း ပိုပြီးတော့ အေးချမ်းရတယ်။ ကိုယ်အေးချမ်းတာလည်း သူများတွေနဲ့ မျှဝေပြီးတော့ အများကို အေးချမ်းမှု ပေးမယ်ဆိုတဲ့ စိတ်ဓာတ်နဲ့ ဆွေးနွေးစေချင်ပါတယ်”ဟု ပြောကြားသည်။

**ဦးစိုးလှိုင်ဦး**

**ဖြူစင်မေတ္တာလူမှုဖွံ့ဖြိုးတိုးတက်ရေးအသင်း**

စေတနာကောင်း စေတနာမှန်ဖို့ အဓိကလိုအပ်တယ်လို့ ထင်ပါကြောင်း၊ မိမိလုပ်ကိုင်တဲ့ ကွန်ပျူတာလုပ်ငန်းနဲ့လည်း တစ်ဖက်တစ်လမ်းမှ ငြိမ်းချမ်းရေးကို ဖော်ဆောင်လို့ရပါကြောင်း၊

အမုန်းတရားတစ်ခုပဲဖြစ်ဖြစ် ဖြစ်တည်လာတဲ့ အကြောင်းခြင်းရာ တစ်ခုအပေါ်မှာ ဆက်စပ်တွေးခေါ်ပြီး စဉ်းစားဆုံးဖြတ်တဲ့ စေတနာကောင်းနဲ့ မှန်မှန်ကန်ကန် ဆုံးဖြတ်တတ်ဖို့ အဓိက ကျပါကြောင်း၊ အဲဒီအဓိကအပေါ်မှာပဲ အားလုံးဟာ တစ်ဖက်ကို တစ်ခုခုလုပ်ခဲ့လို့ရှိရင် ကိုယ့်ကိုရော အဲဒီလိုပြန်လုပ်ရင် ကျေနပ်ပါ့မလား။ မိသားစုအတွင်းမှာဖြစ်ဖြစ် ပတ်ဝန်းကျင် အသိုင်းအဝိုင်းမှာဖြစ်ဖြစ် ကိုယ်ကိုယ်တိုင် မခံစားချင်တဲ့ကိစ္စကို တခြားသူ တစ်ယောက်ကိုလည်း မခံစားစေချင်တဲ့စိတ်နဲ့ ပြုမူဆက်ဆံမယ်ဆိုရင်တော့ အမုန်းတရားစကားတွေ ကင်းလိမ့်မယ်ထင်ပါကြောင်း။

မှန်တာပြောရရင် သင်ကြားခဲ့တဲ့ ဘာသာရပ်နဲ့ ပတ်သက်ပြီး မိမိဘဝမှာ ပြန်အသုံးချရတာ မရှိပါကြောင်း၊ ပညာရပ်အနေနဲ့ မပြည့်စုံတဲ့အတွက် ကျောင်းမှာရှိတဲ့ စာကြည့်တိုက်မှာ နိုင်ငံခြားကနေထုတ်တဲ့ စာအုပ်တွေကို ဖတ်ရပါကြောင်း၊ ဖတ်တဲ့အခါ သေသေချာချာ မဖတ်တတ်ပါကြောင်း၊ သိတဲ့သူတွေကို ဘာသာပြန်ခိုင်းရတာတွေရှိသလို ဆရာမတွေကို အကူအညီတောင်းရတာတွေ ရှိပါကြောင်း ဆွေးနွေးပြောကြားသည်။

**ဒေါ်နမ့်ရီစိုင်းနာ**

**(Accounting Supervisor, Eskkal Hotel)**

မိမိအနေနဲ့ ပြောရမယ်ဆိုရင် နိုင်ငံတစ်နိုင်ငံမှာ ငြိမ်းချမ်းရေးက အရေးကြီးပါကြောင်း၊ ငြိမ်းချမ်းမှုလည်း ပြည်သူတွေဘဝ ငြိမ်းချမ်း၊ တိုးတက်မည်ဖြစ်ပါကြောင်း၊ ဒီလိုငြိမ်းချမ်းမှုလည်း ပညာရေး၊ ကျန်းမာရေးနဲ့ စီးပွားရေး အစစအရာရာ တိုးတက်မှာ ဖြစ်တဲ့အတွက်ကြောင့် ငြိမ်းချမ်းရေးကို အဓိကလိုအပ်တယ်လို့ ထင်မြင်မိပါကြောင်း၊ ဒီလိုငြိမ်းချမ်းရေးကို ပြောလိုက်တဲ့အချိန်မှာ မိမိမြင်ကွင်းတစ်ခု မြင်ယောင်လာပါကြောင်း၊ စစ်မြေပြင် တိုက်ပွဲကြားထဲမှာ ယမ်းငွေ့တွေကြားမှာ ပြေးလွှားနေရတဲ့ ဒုက္ခသည်တွေရှိပါကြောင်း၊ ဒီမြင်ကွင်းကို မိမိတို့ ပြည်သူတွေအနေနဲ့ မြင်တော့မြင်နေပေမယ့် ဘာမှ လုပ်လို့မရပါကြောင်း၊ သေချာတာ တစ်ခုကတော့ မိမိတို့ ပြည်သူတွေအားလုံးရဲ့ ရင်ထဲမှာ ဒီလိုမျိုး စစ်မက်ဖြစ်ပွားခြင်း၊ မငြိမ်းချမ်းခြင်းကိုတော့ အားလုံးက မလိုလားဘူးဆိုတာတော့ သေချာပါကြောင်း။

*စာမျက်နှာ ၆ သို့*



နိုင်ငံတော်၏ အတိုင်ပင်ခံ ပုဂ္ဂိုလ် ဒေါ်အောင်ဆန်း စုကြည် ဆွေးနွေး ပြောကြားစဉ်။

“ကျွန်မတို့ အားလုံးဝိုင်းစဉ်းစားပြီး စုပေါင်းအင်အားနဲ့ လုပ်မှ အောင်မြင်မယ်လို့ ယုံကြည်တယ်။ နိုင်ငံတစ်နိုင်ငံ ဖွံ့ဖြိုးတိုးတက်ဖို့ဆိုတာ၊ ရေရှည်ဖွံ့ဖြိုးတိုးတက်ဖို့ဆိုတာ မငြိမ်းချမ်းလို့ မရဘူး။ တစ်ခဏတော့ရမယ်။ ဒါပေမယ့် ဒီနိုင်ငံမှာ ငြိမ်းချမ်းရေး မရှိရင် ဖွံ့ဖြိုးတိုးတက်မှုတွေဟာ ဆက်လက်ပြီးတော့ အောင်မြင်နိုင်မှာ မဟုတ်ဘူး။ တည်တံ့ခိုင်မြဲနိုင်မှာ မဟုတ်ဘူး”

*စာမျက်နှာ ၅ မှ*

နောက်တစ်ခုက မိမိတို့ရဲ့ အသိုင်းအဝိုင်းထဲမှာပဲ မိသားစုမှာပဲဖြစ်ဖြစ်၊ ရပ်ကွက်မှာပဲဖြစ်ဖြစ်၊ မြို့နယ်ဒေသမှာပဲဖြစ်ဖြစ် မငြိမ်းချမ်းတဲ့အရာတွေ ဥပမာ ကလေးငယ်တွေဟာ ကျောင်းနေရမယ့်အချိန်မှာ ကျောင်းမနေနိုင်၊ ဝမ်းစာအတွက်ဆိုပြီး အသက်အရွယ်နဲ့မလိုက် စားပွဲထိုးလုပ်ရတာရှိပါကြောင်း၊ ကွမ်းယာ၊ ဆေးလိပ် ရောင်းရတာရှိကြောင်း၊ ဒါဟာသူတို့အတွက် မငြိမ်းချမ်းမှုတစ်ခုပင်ဖြစ်ပါကြောင်း၊ နောက်တစ်ခုက လူတိုင်းလူတိုင်းဟာ ကိုယ့်ရဲ့ဝမ်းစာအတွက် အလုပ်လုပ်တဲ့အခါမှာ အားလုံးကတော့ ကိုယ့်ရဲ့ဘဝ အဆင်ပြေစေဖို့အတွက် ကြိုးစားမှု၊ ရိုးသားမှုနဲ့ လုပ်ကြတဲ့သူတွေရှိပါကြောင်း၊ ဒီလိုရိုးရိုးသားသား လုပ်ကြပေမယ့် စားဝတ်နေရေး အဆင်မပြေပါကြောင်း၊ အရေးအကြောင်း ဆေးရုံတက်ဖို့ အကြောင်းဖန်လာတဲ့အခါမှာ ဆေးရုံတော့ရောက်သွားကြောင်း၊ ဒါပေမယ့် သူတို့မှာ ကုစရာ ငွေကြေးအင်အားမပြည့်စုံပါကြောင်း၊ ချမ်းသာတဲ့ အသိုင်းအဝိုင်းကျတော့ ဆေးရုံတွေ ကောင်းကောင်းမွန်မွန်တက်နိုင်ပါကြောင်း၊ တချို့ဆို နိုင်ငံခြားတွေမှာသွားပြီး ကုသနိုင်တဲ့ အခွင့်အလမ်းတွေရှိပါကြောင်း၊ ဆင်းရဲတဲ့သူတွေကျတော့ သူတို့ကို ဂရုစိုက်တာတွေ၊ အရေးတယူ ထောက်ပံ့တာတွေလည်း မရှိသလောက် တချို့နေရာတွေမှာ တွေ့ရပါကြောင်း၊ ဒါဆိုရင်လည်း သူတို့ရဲ့ ရင်တွင်းက မငြိမ်းချမ်းပါကြောင်း၊ စစ်မြေပြင်မှ မဟုတ်ဘဲ မိမိတို့ရဲ့အနီးပတ်ဝန်းကျင်မှာလည်း ဒုက္ခတွေခံစားရတဲ့ ပြည်သူတွေ ရှိပါကြောင်း၊ ဒါဟာလည်း မိမိအနေနဲ့ သူတို့ဘဝအတွက် ငြိမ်းချမ်းမှု မရှိဘူးလို့တော့ ထင်မြင်မိပါကြောင်း ဆွေးနွေးပြောကြားသည်။

**ဦးဝင်းနိုင်(စားသောက်ဆိုင်လုပ်ငန်း)**

ငြိမ်းချမ်းရေးသည် မြန်မာနိုင်ငံမှာ အတော်လေးကို အရေးကြီးပါကြောင်း၊ ငြိမ်းချမ်းရေးမရလို့လည်း ဒီနိုင်ငံက မတိုးတက်တဲ့အနေအထားတွေ ဖြစ်နေတာ ဖြစ်ပါကြောင်း၊ ငြိမ်းချမ်းရေးမရရင်တော့ တိုးတက်ဖို့ဆိုတာ လမ်းမမြင်ပါကြောင်း၊ အဲ့ဒါကြောင့် ငြိမ်းချမ်းရေးလမ်းစဉ်ကို သွားဖို့ဆိုရင် တစိုက်မတ်မတ်နဲ့ ကြိုးစားအားထုတ် ဆောင်ရွက်ရမှာဖြစ်ပါကြောင်း၊ အချို့နေရာတွေမှာ တိုက်ပွဲတွေဖြစ်၊ လူတွေဒုက္ခတွေရောက်၊ ခြေပြတ်လက်ပြတ်တွေဖြစ်၊ ဟိုမသွားနိုင် ဒီမသွားနိုင်နဲ့ဆိုရင် အဲဒီနေရာမှာ ဘယ်လိုမှ တိုးတက်နိုင်မှာ မဟုတ်ပါကြောင်း၊ ကလေးတွေကလည်း ပညာကို ဘယ်လိုမှ အေးအေးချမ်းချမ်းနဲ့ သင်ကြားနိုင်မှာ မဟုတ်ပါကြောင်း၊ ပညာမတတ်ခဲ့ရင်တော့ ဒီနိုင်ငံမတိုးတက်မှာ သေချာပါကြောင်း။

**ဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်**

မတိုးတက်ရင်တော့ ဒီနိုင်ငံချမ်းသာဖို့ဆိုတာက မဖြစ်နိုင်တော့ပါကြောင်း၊ ဒါကြောင့်မို့ ငြိမ်းချမ်းရေးကိုတော့ တစိုက်မတ်မတ်နဲ့ ဦးစားပေးပြီးဆောင်ရွက်စေချင်ကြောင်း၊ မိမိတို့ရင်ထဲမှာ ငြိမ်းချမ်းရေး လိုချင်သလိုပဲ တိုင်းပြည်တစ်ပြည်လုံးမှာရှိတဲ့ ပြည်သူလူထုတွေက ဒီငြိမ်းချမ်းရေးကို လိုလားမယ်လို့ မျှော်လင့်ပါကြောင်း၊ ဒီငြိမ်းချမ်းရေးရှိမှ ကျန်တဲ့ကဏ္ဍတွေအားလုံးကို ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်နိုင်မှာ ဖြစ်ပါကြောင်း။

**လေးလေးနက်နက်စဉ်းစား**

ရောဝတီတိုင်းဆိုရင် ငြိမ်းချမ်းရေးရလာပြီဖြစ်တဲ့အတွက် အထိုက်အသင့် တိုးတက်လာပြီဖြစ်ပါကြောင်း၊ ပညာရေးမှာလည်း ကောင်းစွာသင်ကြားလို့ရနေပြီ ဖြစ်ပါကြောင်း၊ လမ်းပန်းဆက်သွယ်ရေးတွေလည်း ကောင်းလာပြီ ဖြစ်ပါကြောင်း၊ တိုင်းထဲမှာပင် စီးပွားရေးရှာ လုပ်ကိုင်စားသောက်တဲ့သူတွေ လွတ်လပ်စွာ သွားလာလှုပ်ရှား စီးပွားရှာနေရပြီဖြစ်တဲ့အတွက် ရောဝတီတိုင်းက ထိုက်သင့်သလောက် တိုးတက်လာတာကို တွေ့မြင်ရပါကြောင်း၊ ဒါကငြိမ်းချမ်းရေး အသီးအပွင့်ကို ခံစားလာရတာ ဖြစ်ပါကြောင်း၊ ဒီလိုပဲ တစ်နိုင်ငံလုံးငြိမ်းချမ်းမှုအတွက်လည်း အင်မတန်အရေးကြီးပါကြောင်း၊ မိမိတို့ ဒေသတစ်ခုတည်း ဖွံ့ဖြိုးတိုးတက်နေလို့ မဖြစ်ပါကြောင်း၊ ကျန်တဲ့နယ်စပ်ဒေသတွေ၊ တောင်တန်းဒေသတွေမှာ နေတဲ့သူတွေလည်း ဖွံ့ဖြိုးတိုးတက်ဖို့ လိုပါကြောင်း၊ တစ်နိုင်ငံလုံး အညီအညွတ်ဖွံ့ဖြိုးမှသာ ဒီနိုင်ငံဟာ ကြီးပွားချမ်းသာလာမယ့်အနေအထား ဖြစ်တယ်လို့ မြင်မိပါကြောင်း။

သင်ကြားခဲ့တဲ့ ပညာရပ်ဟာ အမှန်တကယ်ပြောရရင်တော့ အထောက်အကူ မဖြစ်ပါကြောင်း၊ စီးပွားရေးလုပ်ငန်းကို စမ်းတဝါးဝါးနဲ့ လုပ်လာခဲ့ရတာ ဖြစ်ပါကြောင်း၊ ပထမ ငါးကန်လုပ်ငန်းလုပ်ရာ မအောင်မြင်ပါကြောင်း၊ အခု စားသောက်ဆိုင်လုပ်ငန်းပြောင်း လုပ်ပါကြောင်း၊ နည်းနည်းပါးပါး အောင်မြင်လာပါကြောင်း၊ ကိုယ့်ရဲ့ စိတ်ကူးနဲ့ပဲ လုပ်နေတာဖြစ်ပါကြောင်း၊ သင်လာခဲ့တဲ့ ပညာနဲ့က ဘယ်လိုမှ မအပ်စပ်ပါကြောင်း၊ ဘယ်လိုမှ အသုံးချလို့ မရတဲ့အနေအထား ဖြစ်နေပါကြောင်း ဆွေးနွေးပြောကြားသည်။

**ဒေါ်ပြုံးပြုံးအေး (ရေလုပ်ငန်းရှင်)**

ငြိမ်းချမ်းရေးဟာ နိုင်ငံအတွက် အရေးကြီးဆုံးဖြစ်ပါကြောင်း၊ ဘာဖြစ်လို့လဲဆိုတော့ မိမိတို့ မိရိုးဖလာစီးပွားရေးလုပ်ငန်းက ရေလုပ်ငန်း ဖြစ်ပါကြောင်း၊ အဖေအမေတွေခေတ်က ပင်လယ်ပြင်ကြီးက မငြိမ်းချမ်းပါကြောင်း၊ လက်နက်ကိုင်တွေက ဆက်ကြေးတောင်းပါကြောင်း၊ ဆက်ကြေးမပေးဘူးဆိုရင် သင်္ဘောတွေနဲ့ အလုပ်သမားတွေကို ပြန်ပေးဆွဲသွားပါကြောင်း၊ လုပ်ငန်းရှင်က ဟိုဘက်ကမ်းကို သွားပြီးတော့ ညှိနှိုင်းရပါကြောင်း၊ ညှိနှိုင်းပြီးမှ ပြန်လွှတ်ပါကြောင်း၊ အဲဒါကို ဒီဘက်မှာရှိတဲ့ အစိုးရက သိရဲ့သားနဲ့ အလုပ်ရှင်ကို ဖမ်းဆီးထောင်ချပါကြောင်း။



ဦးစိုးလှိုင်ဦး



ဒေါ်နမ့်ရီစိုင်းနာ



ဦးဝင်းနိုင်



ဒေါ်ပြုံးပြုံးအေး

**အေးချမ်းသွားပြီဖြစ်**

ယခုခေတ်မှာတော့ ပင်လယ်ပြင်ကြီးက အေးချမ်းသွားပြီဖြစ်ပါကြောင်း၊ ယခုလက်ရှိ ရောဝတီတိုင်းက အေးချမ်းတဲ့၊ ငြိမ်းချမ်းတဲ့အတွက်ကြောင့် အကုန်လုံး အေးအေးချမ်းချမ်းအိပ်နိုင်ပါကြောင်း၊ စာသင်နိုင်၊ စီးပွားရေးတွေ လုပ်နိုင်ပါကြောင်း၊ အခုစစ်ဖြစ်နေတဲ့ နေရာမှာရှိနေတဲ့ ညီအစ်ကို မောင်နှမတွေဟာ အိပ်ကောင်းခြင်းလည်း မအိပ်ရ၊ စားကောင်းခြင်းလည်း မစားရပါကြောင်း၊ ဘယ်အချိန်မှာ စစ်ပွဲတွေဖြစ်မလဲဆိုတဲ့ စိုးရိမ်ပူပန်မှုတွေနဲ့ စီးပွားရေးလည်း ကောင်းကောင်း မလုပ်နိုင်ပါကြောင်း၊ အဲဒီလိုဖြစ်နေတဲ့အတွက် သူတို့ဒေသတွေမှာ စီးပွားရေးက ဘယ်လိုမှ ဦးမော့လာနိုင်မှာ မဟုတ်ပါကြောင်း။

စီးပွားရေး ဦးမမော့နိုင်ရင် ပညာရေးလည်း ကောင်းစွာသင်နိုင်မှာ မဟုတ်တဲ့အတွက်ကြောင့် တိုင်းပြည်က ဒီထက်ကို စီးပွားရေးတွေ နိမ့်ကျနေဦးမှာဖြစ်ပါကြောင်း၊ နှစ်ရှည်လများဖြစ်နေတဲ့ ပြည်တွင်းစစ်တွေ အမြန်ငြိမ်းချမ်းချင်ပြီဖြစ်ပါကြောင်း၊ မြန်မာပြည်ကြီးကို သူများနိုင်ငံတွေနဲ့ တန်းတူဖြစ်နေတဲ့ နိုင်ငံကြီးအဖြစ် မြင်ချင်လှပြီဖြစ်ပါကြောင်း၊ အဖွဲ့အစည်းတွေ၊ တစ်ဦးတစ်ယောက်တွေ အာဃာတတွေမထားဘဲနဲ့ သည်းခံမှုတွေနဲ့ ငြိမ်းချမ်းရေးကို အမြန်ဆုံးဖော်ဆောင်ပြီးတော့ ဆောင်ရွက်ပေးပါလို့ တောင်းပန်လိုပါကြောင်း၊ ပြည်သူတွေ ညီအစ်ကိုမောင်နှမတွေအကုန်လုံးက ငြိမ်းချမ်းရေးကို ယူချင်တဲ့စိတ်ရှိမှ တစ်ယောက်နဲ့တစ်ယောက် သည်းခံခွင့်လွှတ်နားလည်မှု ပေးနိုင်မှ ငြိမ်းချမ်းရေးကို ရရှိနိုင်မယ်လို့ ထင်ပါကြောင်း ဆွေးနွေးပြောကြားသည်။

**ဦးဇော်တင်မိုး**
**(ကဏန်းမွေးမြူရောင်းဝယ်ရေး)**

မငြိမ်းချမ်းတဲ့ ကိစ္စတွေဆိုတာ ကြုံခဲ့ဖူးပါကြောင်း၊ အခုလို နှစ်ရှည်အကြာကြီး ပြည်နယ်တွေမှာ မငြိမ်းချမ်းမှုတွေ ဖြစ်နေကြတာ ဒီဒေသတွေက ခံစားရတဲ့ လူတွေကို ကိုယ်ချင်းစာစိတ်နဲ့ ကြည့်မယ်ဆိုရင် မိမိတို့တွေ စိတ်ထဲမှာ ဖြေသာဖို့မရှိပါကြောင်း၊ မိမိတို့ ငြိမ်းချမ်းရေးဆိုတဲ့စကားကို ကြားရတာနဲ့ပဲ ကြားရသူတွေရဲ့နားမှာ ချိုသာသလို စိတ်နှလုံးကို ငြိမ်းချမ်းစေပါကြောင်း။

မိမိတို့တိုင်းပြည်မှာရှိတဲ့ လူအကုန်လုံး၊ မြန်မာနိုင်ငံမှာ မှီတင်းနေထိုင်ကြတဲ့ တိုင်းရင်းသားအကုန်လုံးက ငြိမ်းချမ်းရေးကို လိုလားကြတာဖြစ်ပါကြောင်း၊ မိမိတို့ထက်လိုလားတဲ့သူလည်း ရှိနိုင်ပါကြောင်း၊ အဲဒီလူတွေက ဒီနေ့စစ်ဖြစ်ရာဒေသတွေမှာ အဲဒီစစ်ပွဲရဲ့ အနိဋ္ဌာရုံတွေကို ခံစားနေကြရတဲ့ ပြည်သူတွေပဲဖြစ်ပါကြောင်း၊ အဲဒီလူတွေထက်ပိုပြီး လိုချင်တဲ့သူတွေလည်း ရှိနိုင်ပါသေးကြောင်း၊ အဲ့ဒါကတော့ ဒီနေ့မငြိမ်းမချမ်းနဲ့ လက်နက်ကိုင်ပြီး တိုက်နေကြရတဲ့ ကျွန်တော်တို့ပြည်တွင်းရန်ကို ကာကွယ်နေကြရတဲ့ တပ်မတော်သားတွေနဲ့ တစ်ဖက်က လက်နက်ကိုင်တိုင်းရင်းသားတွေဖြစ်ပါကြောင်း၊ သူတို့တွေက အသက်ကိုအရင်းတည်ပြီး တိုက်နေကြရတော့ ကျွန်တော်တို့ထက်ပိုပြီးငြိမ်းချမ်းရေးကို ပိုလိုချင်မယ်လို့ တွေးဆမိပါကြောင်း။

တိုက်ပွဲဖြစ်ရာ ဒေသတွေကိုလည်း ဖွံ့ဖြိုးတိုးတက်ဖို့အတွက် ဆရာဝန်ဆိုလည်း ကျည်ဆန်တွေကြားမှာ ဘယ်ဆရာဝန်မှ သွားချင်ကြမှာ မဟုတ်ပါကြောင်း၊ ပညာရေးအတွက် ကျောင်းဆရာ ဆရာမတွေ ပညာသွားသင်မယ်ဆိုလည်း ပုံးဆန်တွေ၊ သေနတ်သံတွေကြားမှာ သွားသင်ဖို့ စိတ်ကူးရှိကြမှာ မဟုတ်ပါကြောင်း၊ ရင်းနှီးမြှုပ်နှံချင်သူတွေလည်း စစ်ဖြစ်ရာ ဒေသမှာသွားပြီး ရင်းနှီးမြှုပ်နှံချင်ကြမှာ မဟုတ်ပါကြောင်း၊ စစ်ဖြစ်ရာဒေသတွေဟာ မိမိတို့ထက် နောက်ပြန်ဆုတ်နေမှာ အမှန်ပဲဖြစ်ပါကြောင်း။

> **“တစ်ခါတလေ ငြိမ်းချမ်းရေး ပျက်စီးရတဲ့ အကြောင်းအရင်းဟာ ပြည်သူလူထုရဲ့ဆင်းရဲမှုကြောင့်၊ စီးပွားရေးနဲ့ ပတ်သက်လို့ ဒုက္ခတွေကြောင့် ဒီဟာတွေကို ပြည်သူလူထုက မကျေနပ်လို့၊ မခံနိုင်လို့ ငြိမ်းချမ်းရေး ပျက်စီးတာတွေလည်းရှိတယ်။ ဒီတော့ ငြိမ်းချမ်းရေးနဲ့ ဖွံ့ဖြိုးတိုးတက်ရေးဆိုတာ ဘယ်လိုမှ မခွဲနိုင်တဲ့ကိစ္စနှစ်ခုပဲ။ ဒါကို ကျွန်မတို့ အမြဲပဲနှလုံးသွင်းရမယ်”**

ပြည်သူတွေက တင်မြှောက်ထားတဲ့ NLD အစိုးရ၊ ပြည်သူတွေအတွက် အဘက်ဘက်က စဉ်းစားပေးနေတဲ့ အစိုးရအနေနဲ့မှ ငြိမ်းချမ်းရေးမရဘူးဆိုရင် ဘယ်သောအခါမှ ငြိမ်းချမ်းရေးရမယ်လို့ မိမိအနေနဲ့ မယုံကြည်ပါကြောင်း ဆွေးနွေးပြောကြားသည်။

**ဦးအောင်ကြည်မြင့်(တောင်သူ)**

ပညာရေးကို ဒီထက်မက တိုးတက်စေချင်ပါကြောင်း၊ ပညာရေးကဏ္ဍနဲ့ ပတ်သက်ပြီး တစ်ဆက်တည်း တင်ပြချင်တာက မိမိတို့ ရေကျော်ကျေးရွာမှာ ၂၀၁၆ ခုနှစ်က အလယ်တန်းကျောင်း တစ်ကျောင်း ဒဂုံမင်းကုမ္ပဏီက ဆောက်ခွင့်ရပါကြောင်း၊ ယနေ့အချိန်အထိ ၅၀ ရာခိုင်နှုန်းသာ ပြီးစီးပြီး အမိုးမိုး၍ ပစ်ထားသည်မှာ နှစ်နှစ်ကျော်နေပြီဖြစ်ပါကြောင်း၊ ဒေသခံတွေအနေနဲ့ ကျောင်းလေးကို ပြီးစေချင်ပါကြောင်း၊ ဇကလွန်း ဝဲထောက်ကျေးရွာအုပ်စုက ကျောင်းတစ်ကျောင်းလည်း မပြီးသေးတဲ့ အထဲမှာပါပါကြောင်း ဆွေးနွေးပြောကြားသည်။

**ဦးအောင်မြင့်မြတ် (ပညာရေးဝန်ထမ်း)**

ပညာရေးမရှိရင် ငြိမ်းချမ်းရေးမရှိနိုင်သလို ငြိမ်းချမ်းရေးမရှိရင်လည်းပညာရေးဆိုတာ သုံးလို့မရတော့ပါကြောင်း၊ မိမိတို့က မငြိမ်းချမ်းတဲ့ ဒေသတွေမှာ ဘယ်ကျောင်း ဆရာ ဆရာမမှ ဘယ်လောက် ရာထူးကြီးကြီးပေးပေး တစ်ယောက်မှ မသွားချင်ပါကြောင်း၊ ဘာဖြစ်လို့ မသွားချင်တာလဲဆိုရင် ကိုယ့်အသက်အတွက် လုံခြုံမှုမပေးနိုင်လို့ ပြည်ပမှာရှိတဲ့ တိုင်းရင်းသားပညာတတ်တွေကလည်း အဲဒီဒေသတွေကို ပညာသွားရောက်သင်ကြားဖို့ဆိုတာ မဖြစ်နိုင်ပါကြောင်း၊ ငြိမ်းချမ်းရေးနဲ့ ပညာရေးဟာ နှစ်ဖက်လုံး ဟန်ချက်ညီကာမှ မိမိတို့ ငြိမ်းချမ်းရေးကို ဖော်ဆောင်နိုင်မယ်လို့ သုံးသပ်မိပါကြောင်း။

ငြိမ်းချမ်းရေးကို တည်ဆောက်နိုင်တာ မိမိတို့ ပညာရေးဌာနမှာ ဘာရှိမလဲဆိုရင် အားကစားအခန်းကဏ္ဍ ကျောင်းသားနဲ့ အားကစားဖြစ်ပါကြောင်း၊ ကျောင်းတွေမှာ အားကစားပြိုင်ပွဲကျင်းပပေးတဲ့အခါ ကလေးတွေက တစ်ဦးနှင့်တစ်ဦး ချစ်ကြပါကြောင်း၊ ကျောင်းတွေမှာ အသင်းငါးသင်း အားကစားပြိုင်ပွဲတွေ လုပ်ပေးလိုက်ရင် တစ်သင်းချင်းတော့ စည်းလုံးညီညွတ်သွားပါကြောင်း။

**ငြိမ်းချမ်းတဲ့နိုင်ငံတည်ဆောက်ဖို့**

အားကစားကလည်း ငြိမ်းချမ်းရေးကို တစ်ဖက်တစ်လမ်းက အထောက်အကူပြုပါကြောင်း၊ ငယ်ရွယ်စဉ်အချိန်မှာ တိုင်းနဲ့ပြည်နယ်မှာရှိတဲ့ တိုင်းရင်းသားတွေအားလုံး စုပေါင်းပြီးတော့ အားကစားပြိုင်ပွဲလေးတွေ ငယ်ရွယ်စဉ်အချိန်ကတည်းက လုပ်ပါကြောင်း၊ တိုင်းရင်းသားတွေ အချင်းချင်း တွေ့ဆုံခွင့်ရပါကြောင်း၊ တစ်ဦးယဉ်ကျေးမှု၊ တစ်ဦးနားလည်လာမှာ ဖြစ်ပါကြောင်း၊ တစ်ယောက်နဲ့ တစ်ယောက်လည်း ချစ်ခင်လာမှာ ဖြစ်ပါကြောင်း၊ အနာဂတ်မှာ လူငယ်ဖြစ်လာမယ့် ကလေးတွေက လူကြီးဖြစ်လာပြီဆိုရင် နိုင်ငံတော်ကို ဘက်စုံထောင့်စုံကနေပြီးတော့ ဝိုင်းပြီးတော့ တည့်မတ်အောင် ဆောင်ရွက်တဲ့နေရာမှာ လူငယ်တွေရဲ့အခန်းကဏ္ဍက အရေးကြီးတဲ့အတွက် မိမိတို့ ပညာရေးကဏ္ဍမှာ အားကစားကဏ္ဍကလည်း ငြိမ်းချမ်းရေးကို တစ်ဖက်တစ်လမ်းက အထောက်အကူပြုနေပါကြောင်း၊ ဒါကြောင့် ငြိမ်းချမ်းတဲ့နိုင်ငံ တည်ဆောက်ဖို့ဆိုရင် ပညာရေးနဲ့ အားကစားကဏ္ဍကို ချန်ထားလို့ မရပါကြောင်း။

ကချင်ပြည်နယ်မှအမျိုးသား အောင်လအန်ဆန် MNA ဝိတ်တန်း ချန်ပီယံ နှစ်ခုရသည့်အခါ ကချင်တိုင်းရင်းသားတစ်မျိုးတည်း ပျော်ရွှင်ခြင်းမဟုတ်ဘဲ မိမိတို့လည်း ပျော်ပါကြောင်း၊ တိုင်းရင်းသားအားလုံး ပျော်ပါကြောင်း၊ ဒါသူတတ်တဲ့ အားကစားပညာနဲ့ တိုင်းပြည်ကို ငြိမ်းချမ်းရေးလုပ်နေတာ၊ ဒါကြောင့် အားကစားကဏ္ဍကလည်း အရေးပါတယ်လို့ ထည့်သွင်းပြောကြားလိုတာဖြစ်ပါကြောင်း ဆွေးနွေးပြောကြားသည်။

**ဒေါ်ဖြိုးအိကြိုင်**
**စွန့်ဦးတီထွင်လုပ်ငန်းရှင်များအသင်း**

ငြိမ်းချမ်းရေးဆိုတာ တစ်ဦးတစ်ယောက်တည်းအားနဲ့ အဖြေရှာလို့ မရပါကြောင်း၊ အခုလို စကားဝိုင်းတွေကတစ်ဆင့် ဆွေးနွေးအဖြေရှာပြီးတော့ ငြိမ်းချမ်းရေးကို ဘယ်လိုဆက်လက်ဆောင်ရွက်မယ်၊ တိုင်းပြည်ငြိမ်းချမ်းအောင်၊ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်အောင် ဘယ်လိုလုပ်ရမယ်ဆိုတာ ကျွန်မတို့ ဆွေးနွေးရင်းနဲ့ အဖြေရှာရမှာ ဖြစ်ပါကြောင်း။

ငြိမ်းချမ်းရေးလို့ ပြောလိုက်ရင် မိမိထင်တာကတော့ အရင်ဆုံး တိုင်းရင်းသားတွေ၊ အသားအရောင်တွေ၊ ဘာသာစကားတွေ၊ ယုံကြည်မှုတွေ၊ ကိုးကွယ်ရာတွေ ခွဲခြားမနေဘဲနဲ့ စုစုစည်းစည်းနဲ့ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်သွားရမှာဖြစ်ပါကြောင်း၊ အဓိကကတော့ ဘယ်နိုင်ငံမှာပဲနေနေ၊ ဘယ်ဒေသပဲရောက်နေနေ၊ ဘယ်ဘာသာတရားပဲ ကိုးကွယ်ကိုးကွယ်၊ မြန်မာနိုင်ငံသားဆိုတဲ့ စိတ်ဓာတ်တစ်ခုတည်းနဲ့ မြန်မာနိုင်ငံတော်ကြီးကို တိုးတက်အောင် အကုန်လုံး ဝိုင်းဝန်းဆောင်ရွက်ရမှာ ဖြစ်ပါကြောင်း။

မိမိတို့ အသင်းကြီးအနေနဲ့ဆိုရင်လည်း MYEA အသင်းကြီးရဲ့ဦးဆောင်မှုနဲ့ ဆောင်ရွက်နေတာဖြစ်တဲ့အတွက် အသင်းမှာ တိကျတဲ့ ရည်မှန်းချက်တွေ၊ ရည်ရွယ်ချက်တွေလည်း ရှိပါကြောင်း၊ နေပြည်တော်ပွဲမှာ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်ပြောခဲ့တဲ့ စကားလေးတစ်ခွန်း အခုထိ အမှတ်ရနေပါကြောင်း၊ လူငယ်တွေကို အားကိုးတယ်ဆိုပြီး ပြောခဲ့ပါကြောင်း၊ မှန်ပါကြောင်း၊ လူငယ်တွေဟာ တိုင်းပြည်တစ်ပြည်ရဲ့ အရင်းအမြစ်ဖြစ်ပါကြောင်း၊ ဒီလူငယ်တွေ တိုင်းဒေသကြီးနဲ့ ပြည်နယ်အသီးသီးမှာ တန်းတူ ပညာရေးတွေ သင်ကြားနိုင်မယ်ဆိုရင် သူတို့ရဲ့ အတွေးအခေါ်တွေ မြင့်မားလာမယ်၊ စိတ်ဓာတ်တွေ မြင့်မားလာမယ်၊ ပြီးရင် ဒီစိတ်ဓာတ်တွေ မြင့်မားလာရင် ကိုယ့်နိုင်ငံဘယ်လို ဖွံ့ဖြိုးတိုးတက်အောင် ဝိုင်းဝန်းကြိုးစားသွားကြရမှာဖြစ်ပါကြောင်း။

*စာမျက်နှာ ၇ သို့*



ဦးအောင်မြင့်မြတ်



ဒေါ်ဖြိုးအိကြိုင်



ဦးအောင်ကြည်မြင့်



ဦးဇော်တင်မိုး

*စာမျက်နှာ ၆ မှ*

မိမိတို့ လူငယ်တွေကြားမှာလည်း ငြိမ်းချမ်းရေး ဆိုတာကိုပဲ တသသ ပြောနေကြရပါကြောင်း၊ ငြိမ်းချမ်းရေးရှိမှပဲ စွန့်ဦးတီထွင်မှု လုပ်ငန်းတွေကလည်း တိုးတက်အောင် စွမ်းဆောင်နိုင်ပါလိမ့်မည်ဖြစ်ပါကြောင်း၊ ဒါကြောင့် မိမိတို့ အသင်းကြီးအနေနဲ့ ပတ်ဝန်းကျင်မှာရှိတဲ့ လူငယ်ထုတွေကို စွန့်ဦးတီထွင်လိုစိတ်တွေရှိလာအောင်၊ အကောင်းမြင်စိတ်တွေရှိလာအောင် ကြိုးစား တည်ဆောက်သွားကြရမှာ ဖြစ်ပါကြောင်း။

နိုင်ငံတစ်နိုင်ငံမှာ လူငယ်တွေက အရေးကြီးတဲ့ အခန်းကဏ္ဍမှာ ပါပါကြောင်း၊ ဒါကြောင့်မို့လည်း လူငယ်တွေအနေနဲ့ ငြိမ်းချမ်းရေးရဲ့အသီးအပွင့်တွေကို ခံစားသိရှိနားလည်လာအောင်၊ သိရှိနားလည်လာပြီးတော့ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဦးဆောင်တဲ့ ငြိမ်းချမ်းရေးဆောင်ရွက်ချက်တွေ မှန်သမျှမှာ လူငယ်တွေအနေနဲ့ အစိုးရ နဲ့အတူတူ ပူးပေါင်းပါဝင်ပြီးတော့ ဆောင်ရွက်သွားမယ်လို့ ဒီနေရာကနေပြောကြား လိုပါကြောင်း ဆွေးနွေး ပြောကြားသည်။

**လူမှုရေးအရ ဘယ်လိုကာကွယ်မလဲ**

ဆွေးနွေးချက်များနှင့် ပတ်သက်၍ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က အခုခေတ်နည်းပညာတွေကို အပြုသဘောဆောင်တဲ့ အကျိုးတွေဖြစ်အောင် ဘယ်လိုကျွန်မတို့ ထိန်းမလဲ၊ ဒီနည်းပညာတွေဆိုတာ အပြုသဘောဆောင်တဲ့လမ်းကို သွားနိုင်သလို အပြုသဘောမဆောင်တဲ့ လမ်းတွေကိုလည်း သွားနိုင်ပါကြောင်း၊ ဥပမာ၊ ကျွန်မတို့ ပြောပြောနေတဲ့ကိစ္စတွေမှာ၊ အမုန်းတရားတွေကို ဖြန့်ဝေနေတာဆိုတာလည်း ဒီနည်းပညာတွေကြောင့် အများကြီးဖြန့်ဝေနိုင်ပါကြောင်း၊ ပြီးတော့ အမုန်းတရားတွေဟာ တစ်နေရာတည်းကမဟုတ်ဘဲ တစ်ကမ္ဘာလုံးကို သွားနိုင်တဲ့အခြေအနေမှာရှိတော့ ကျွန်မတို့ ဘယ်လိုပြန်ပြီးတော့ တုံ့ပြန်မလဲ ၊ ဒီလိုမပွားသင့်တဲ့ စိတ်ခါတ်တွေ မိမိတို့နိုင်ငံထဲမှာ စိမ့်မဝင်အောင် ဘယ်လို နည်းပညာဘက်ကနေ ကာကွယ်မလဲ၊ ဒါမှမဟုတ် လူမှုရေးအရ ဘယ်လိုကာကွယ်မလဲ ဆိုတာ စဉ်းစားရမှာ ဖြစ်ပါကြောင်း။

မိမိတို့ ပညာရေးစနစ်က ယေဘုယျအားဖြင့် အားနည်းပါကြောင်း၊ နိုင်ငံခြားကနေ စာရွက်စာတမ်းတွေ၊ ဂျာနယ်တွေလေ့လာနိုင်ဖို့ အခက်အခဲဟာ အဓိကအားဖြင့် အင်္ဂလိပ်ဘာသာသင်တဲ့နေရာမှာ အားနည်းလို့ ဖြစ်ပါကြောင်း၊ ဒါလည်းမိမိတို့ပြုပြင်ဖို့ ကြိုးစားနေပါကြောင်း၊ အင်္ဂလိပ်ဘာသာကို အခုခေတ်မှာ မကျွမ်းကျင်ရင် ကမ္ဘာနဲ့ ရင်ပေါင်တန်းဖို့ဆိုတာ အင်မတန်မှ ခက်ပါကြောင်း၊ ကမ္ဘာပေါ်မှာ အရေးကြီးဆုံး စာရွက်စာတမ်းတွေ အားလုံးဟာ အင်္ဂလိပ်ဘာသာနဲ့ ထုတ်ဝေပါကြောင်း။

နောက်တစ်ချက်ကတော့ သင်တဲ့ပညာနဲ့ အပြင်မှာသိပ်ပြီး အသုံးမဝင်တဲ့ အခြေအနေဖြစ်ပါကြောင်း၊ မိမိတို့အနေနဲ့ အသက်မွေးဝမ်းကျောင်းပညာကို အားပေးပါကြောင်း၊ ပညာရှာတယ်ဆိုတာဟာ ကိုယ့်ဘဝကို ရင်ဆိုင်နိုင်ဖို့ပညာရှာတာ ဖြစ်ပါကြောင်း၊ ပညာဆိုတာ ဘယ်တော့မှ အလဟဿ တော့ လုံးဝမဖြစ်ပါကြောင်း၊ ဒါပေမယ့် ဒီပညာရေး အဆင့်ကမကောင်းတဲ့အခါ ဒီဟာကို အသက်မွေးဝမ်းကျောင်းအတွက် သုံးဖို့ရာ ခက်ခဲပါကြောင်း၊ ကမ္ဘာနဲ့ ရင်ပေါင်တန်းပြီး လိုက်ဖို့ခက်ခဲပါကြောင်း၊ ပညာရေးဝန်ကြီးဌာနက သိရှိပြီး အဘက်ဘက်က ပြုပြင်ဖို့ ကြိုးစားနေပါကြောင်း။

**နေ့ချင်းညချင်းတော့မဖြစ်**

ငြိမ်းချမ်းရေးနဲ့ ဖွံ့ဖြိုးတိုးတက်ရေးဆိုတာ ဘယ်လိုမှခွဲလို့မရပါကြောင်း၊ နိုင်ငံကစီးပွားရေးအရ ရုပ်ပိုင်းဆိုင်ရာအရ ချမ်းသာမှ လူတွေဟာ စိတ်ပိုင်းဆိုင်ရာ လုံခြုံမှုရှိမှာဖြစ်ပါကြောင်း၊ စစ်မက်ဖြစ်နေတဲ့နေရာမှာ ရုပ်ပိုင်းဆိုင်ရာမှာ လုံခြုံမှုမရှိပါကြောင်း၊ စိတ်ပိုင်းဆိုင်ရာလည်း လုံခြုံမှုမရှိပါကြောင်း၊ ကလေးသူငယ်များဟာ ပညာသင်ရမယ့်အချိန်မှာ ဝမ်းစာရှာနေရတာ မဖြစ်သင့်တဲ့ ကိစ္စဖြစ်ပါကြောင်း၊ ဒါကိုလည်း မိမိတို့ အစိုးရအနေနဲ့ အထူးအလေးပေးပြီး ဘယ်လိုဖြေရှင်းရမလဲဆိုတာ ကြိုးစားနေပါကြောင်း၊ နေ့ချင်းညချင်းတော့ မဖြစ်ပါကြောင်း၊ ဒါပေမယ့် ခုနကပြောသွားသလို ဒီကလေးလေးတွေဟာ ကွမ်းယာတွေ၊ ဆေးလိပ်တွေ လိုက်ရောင်းနေရတယ်ဆိုတော့ အဲ့ဒါနဲ့ ပတ်သက်လို့လည်း ဆေးလိပ်မသောက်ပါနဲ့၊ ကွမ်းယာမစားပါနဲ့လို့တော့ အားလုံးကို ပြောချင်ပါကြောင်း။

ဒါပေမယ့် ပြောတဲ့တစ်ချိန်လုံးမှာပဲ လက်တွေ့ကျကျ ကြည့်ရပါကြောင်း၊ ဆေးလိပ်ရောင်းပြီး အသက်ရှင်ရသူတွေနဲ့ ကွမ်းယာရောင်းပြီး အသက်ရှင်ရသူတွေအတွက် မိမိတို့မှာ အစားထိုးလုပ်ငန်းတွေ ရှာပေးဖို့လိုကြောင်း။

**လက်တွေ့ကျကျ မြင်ရအောင် လုပ်ရမည်**

ငြိမ်းချမ်းရေးဆိုတာ ပြည်သူလူထု တစ်ယောက်ချင်းတစ်ယောက်ချင်းရဲ့ စိတ်၏ အေးချမ်းခြင်း ဖြစ်ပါကြောင်း၊ စိတ်၏အေးချမ်းရေးဆိုတာ ၁၀၀ရာခိုင်နှုန်းတော့ မဖြစ်နိုင်ပါကြောင်း၊ အခြေခံလုံခြုံမှုဆိုတာ မိမိအမြဲပြောသလို တရားဥပဒေစိုးမိုးရေး ရှိရမည်ဖြစ်ပါကြောင်း၊ တရားဥပဒေစိုးမိုးရေးအောက်မှာ ပြည်သူများဟာ အခြေခံလုံခြုံမှု ရှိနိုင်ပါကြောင်း၊ ဥပဒေဟာ ပြည်သူတွေကာကွယ်ဖို့၊ လူ့အသိုင်းအဝိုင်းကို ကာကွယ်ဖို့ဆိုတာ အများနားလည်အောင် တကယ်ပဲ လက်တွေ့ကျကျ မြင်ရအောင် လုပ်ရမည် ဖြစ်ပါကြောင်း။

စီးပွားရေးတောင့်တင်းမှုထဲမှာ တိုးတက်တဲ့ နိုင်ငံတွေအတွက် အခြေခံကိစ္စတစ်ခုက ဘာလဲဆိုတော့ အခွန်ငွေတွေရရှိခြင်းပင် ဖြစ်ပါကြောင်း၊ ပြည်သူတွေက ဆောင်သင့်ဆောင်ထိုက်တဲ့ အခွန်ငွေတွေကို ဆောင်ကြပါ။ စီးပွားရေးလုပ်ငန်းရှင်တွေလည်း ကိုယ်ဆောင်သင့်ဆောင်ထိုက်တဲ့ အခွန်ငွေတွေကို ဆောင်ကြပါ။ မရှောင်ကြပါနဲ့။ ဒီလိုအခွန်မပေးဘဲနဲ့ အစိုးရက ပြည်သူ့ကို အကျိုးဖြစ်စေမယ့် လုပ်ငန်းတွေ လုပ်ဖို့ဆိုတာဟာ မလွယ်ပါကြောင်း။

**တာဝန်အရ အခွန်ထမ်းဆောင်ရမည်**

မိမိတို့ ဆောက်လုပ်ရေးအပိုင်းမှာဆိုရင် အခုမြောင်းမြက လူတွေက တန်းပြီးစဉ်းစားလိုက်မှာ တံတားကြီးကိစ္စဖြစ်ကြောင်း၊ ဒီတံတားကြီးကိစ္စဆိုတာ တံတားတွေကို အဆင့်မီအောင်လုပ်ဖို့၊ လမ်းတွေကို အဆင့်မီအောင်လုပ်ဖို့ ဆိုတာဟာ မိမိတို့ ပြည်သူများရဲ့ ကျွမ်းကျင်မှုတင်မကဘူး ပိုက်ဆံလည်းလိုကြောင်း၊ အင်ဂျင်နီယာ တစ်ယောက်က ဘယ်လောက်ပဲ ကျွမ်းကျင်ကျွမ်းကျင် သူလိုအပ်တဲ့ပစ္စည်းတွေ မရှိဘူးဆိုရင် တံတားကောင်းကောင်း ဆောက်လို့လည်းမရ၊ လမ်းကောင်းကောင်း ဆောက်လုပ်လို့လည်းမရ၊ ဒီတော့ ပြည်သူကလည်း သူရဲ့တာဝန်အရ အခွန်ထမ်းဆောင်ရမည်၊ အစိုးရကလည်း အစိုးရတာဝန်အရ ဒီအခွန်တွေကို မှန်မှန်ကန်ကန်နဲ့ ပြည်သူအတွက် သုံးနိုင်ရမည်ဖြစ်ကြောင်း။

ကမ္ဘာ့စားနပ်ရိက္ခာ လိုအပ်ချက်အရ စိုက်ပျိုးရေးပေါ်တွင် အခြေခံပြီး တိုးတက်စရာ လမ်းကြောင်းများရှိပါကြောင်း၊ လမ်းကြောင်းရှိပေမယ့် ဒီလမ်းကြောင်းကို လျှောက်နိုင်မှ အကျိုးရှိမည်ဖြစ်ပါကြောင်း၊ လယ်သမားသားသမီးများ အနေနဲ့ လယ်ယာစိုက်ပျိုးရေးနဲ့ အသက်မွေးဝမ်းကျောင်းပြုလုပ်တာကို ဂုဏ်ယူစေချင်ကြောင်း၊ စိုက်ပျိုးရေးကို အခြေခံပြီး တိုးတက်တဲ့ စက်မှုလက်မှုနိုင်ငံတွေလည်းရှိပါတယ်။ လယ်သမား သားသမီးဖြစ်ရတာကို ဂုဏ်ယူစေချင်ပါကြောင်း။

**ကျောင်းဆရာလုပ်ချင်တဲ့ စိတ်ဓာတ်**

မိမိတို့နိုင်ငံမှာ ကျောင်းဆရာတွေ နည်းနေပါကြောင်း၊ ကျောင်းဆရာမတွေ များနေပါကြောင်း၊ ကျောင်းဆရာမက ၉၈ ရာခိုင်နှုန်းလောက် ရှိပါကြောင်း၊ အမျိုးသားငယ်များ ကျောင်းဆရာလုပ်ချင်တဲ့စိတ်ဓာတ်တွေ ပိုပြီးတော့ အားပေးချင်ပါကြောင်း။

ဦးအောင်မြင့်မြတ်ပြောသလို အားကစားက လူငယ်တွေရဲ့ စိတ်ဓာတ်အတွက် မိမိတို့နိုင်ငံရဲ့ ရှေ့ရေးအတွက် အရေးကြီးပါကြောင်း၊ နောက်ပြီး အမျိုးသားများကို ကျောင်းဆရာလုပ်ဖို့လည်း အားပေးပါ။ ဆွဲဆောင်ပါ။ ကျောင်းဆရာ လုပ်တယ်ဆိုတာ အင်မတန်မှ ဂုဏ်သိက္ခာရှိပါကြောင်း၊ နောင်လာနောက်သားတွေရဲ့ စိတ်ဓာတ်ကို ပြုစုပျိုးထောင်ပေးပိုင်ခွင့်ရတယ်ဆိုတာဟာ တော်ရုံတန်ရုံ အခွင့်အရေး မဟုတ်ပါကြောင်း၊ ဒါကြောင့် ကျောင်းဆရာဖြစ်ရမှာကို ဂုဏ်ယူကြပါ။ ကျောင်းဆရာဖြစ်ဖို့ မျှော်မှန်းကြပါဟု ပြောလိုပါကြောင်း။

မိမိတို့ ပြည်သူတွေက သိပ်ပြီးတော့ မင်းသမီး၊ မင်းသားဖြစ်ချင်ကြကြောင်း၊ မင်းသမီး၊ မင်းသား ချည်းပဲ ဖြစ်နေမယ်ဆိုရင် ပရိသတ်တစ်ယောက်မှ ရှိမှာမဟုတ်တော့ကြောင်း၊ ဒါကြောင့်မို့လို့ ကိုယ်က ပရိသတ်အနေနဲ့လည်း ဂုဏ်ယူရမည်၊ မင်းသမီး၊ မင်းသားတွေက တကယ်တော့ ပရိသတ်ကို အားကိုးရတာ၊ ပရိသတ်မရှိရင် မင်းသမီး၊ မင်းသား မဖြစ်ကြောင်း။

အားလုံးက ခေါင်းဆောင်ပဲ လုပ်ချင်ကြောင်း၊ နောက်လိုက်လုပ်ဖို့ မစဉ်းစားကြောင်း၊ ကိုယ်ကိုယ်တိုင်က နောက်လိုက်ကောင်းတစ်ယောက်အဖြစ် တာဝန်ကျေပွန်ခဲ့မှသာခေါင်းဆောင်ကောင်းဖြစ်နိုင်မည်ဖြစ်ကြောင်း။

သူ့နေရာနဲ့သူ အားလုံးက တန်ဖိုးရှိကြောင်း၊ ဒါတွေကို မိမိတို့သားသမီးတွေ ကိုသင်ပေးရမည်ဖြစ်ကြောင်း ပြန်လည်ဆွေးနွေးသည်။

**ကျန်းမာရေး စာတတ်မြောက်မှုရှိမှသာ**

စကားဝိုင်းဆွေးနွေးပွဲတွင် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးက ဆွေးနွေးပြောကြားရာတွင် ပြည်သူတွေ ကျန်းမာရေးအသိပညာ၊ ကျန်းမာရေး စာတတ်မြောက်မှုရှိမှသာလျှင် နိုင်ငံတော်၏ အတိုင်ပင်ခံပြောတဲ့ ကွမ်းမစား၊ အရက်မသောက်၊ ဆေးလိပ်မသောက်၊ အဆီများတဲ့အစာကို လျှော့စားမည်ဖြစ်ကြောင်း၊ ချိုလွန်း၊ ငန်လွန်းတာတွေသိပ်မစားဘူးဆိုရင် တော်တော်များများမှာ မဖြစ်သင့်တဲ့ရောဂါတွေ မဖြစ်တော့ပါကြောင်း။

ဒီကိစ္စတွေကို နိုင်ငံတော် အတိုင်းအတာအနေနဲ့ စံပြုအချက်အလက်များဆိုတဲ့ စာအုပ်ကို ထုတ်တဲ့အပြင် ဒီစာအုပ်ကို Tablet ထဲမှာ ထည့်မည်ဖြစ်ကြောင်း၊ ထည့်ပြီးရင် သုံးသောင်းမျှရှိသော အခြေခံကျန်းမာရေး ဝန်ထမ်းများအားလုံးကို ပေးမှာဖြစ်ပါကြောင်း၊ မကြာခင်လပိုင်းအတွင်းမှာ ကျွန်တော်တို့ပေးတော့မှာ ဖြစ်ပါကြောင်း ။

မိမိတို့ ကလေးတွေကို ကာကွယ်ဆေး (၁၁) မျိုးလောက် ထိုးပေးနေပါကြောင်း၊ ထိုစာအုပ်ထဲမှာ ဘာပါလဲဆိုတော့ ကာကွယ်ဆေးထိုးတဲ့ အစီအစဉ်တွေ ပါပါကြောင်း စသည်ဖြင့် ပြောကြားသည်။

- **ငြိမ်းချမ်းရေးဆိုတာ ပြည်သူလူထု တစ်ယောက်ချင်း တစ်ယောက်ချင်းရဲ့ စိတ်၏ အေးချမ်းခြင်းဖြစ်**
- **ဥပဒေဟာ ပြည်သူတွေကာကွယ်ဖို့၊ လူ့အသိုင်းအဝိုင်းကို ကာကွယ်ဖို့ဆိုတာ အများနားလည်အောင် တကယ်ပဲ လက်တွေ့ကျကျ မြင်ရအောင် လုပ်ရမည်**

ထို့နောက် online မှ မေးမြန်းလာသည့် "ငြိမ်းချမ်းရေး၏အစ တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) ကို လက်နက်ကိုင်အဖွဲ့အားလုံး တက်ညီလက်ညီ လက်မှတ်ရေးထိုးရန် မည်သို့အဆင်မပြေဖြစ်နေသည်၊ မည်သို့ကြိုးစားမရဖြစ်နေသည်ကို သိလိုကြောင်း" မေးခွန်း၊ "နိုင်ငံတော်တိုးတက်ရေးအတွက် ဦးတည်ချက်သုံးရပ် ချမှတ်အကောင်အထည်ဖော်ဆောင်ရေးတွင် ပြုပြင်ပြောင်းလဲဆောင်ရွက်သင့်သည့် အခြေအနေနှင့် စပ်လျဉ်း၍ ရထားတွဲအသစ်များ လိုအပ်သလို အစားထိုးသင့်ပါကြောင်း၊ သို့မှသာ သတ်မှတ်ကာလအတွင်း လိုရာခရီး ရောက်နိုင်မည်ဖြစ်ကြောင်း "မေးခွန်း၊ "နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်၏ ယခုအချိန် အဖြစ်ချင်ဆုံးဆန္ဒအား သိလိုကြောင်း" မေးခွန်းတို့နှင့် စပ်လျဉ်းပြီး ဖြေကြားခဲ့သည်။

**ငြိမ်းချမ်းရေးလိုချင်ပါတယ်**

NCA လက်မှတ်ရေးထိုးရေးနှင့် စပ်လျဉ်းသည့် မေးခွန်းအပေါ် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်က "ဒီမေးခွန်းဟာ ကိုယ့်ကိုယ်ကိုယ်ပြန်မေးဖို့ မေးခွန်းတစ်ခု ဖြစ်ပါတယ်။ ဟုတ်တယ်၊ ကျွန်မတို့ အစိုးရက ငြိမ်းချမ်းရေးလိုချင်ပါတယ်။ တပ်မတော်ကလည်း လိုချင်မယ်။ လက်နက်ကိုင်တပ်ဖွဲ့တွေကလည်း လိုချင်မယ်။ စောစောက ပြောသွားသလို အထိခိုက်ဆုံးက ဒီတပ်မတော်သားတွေနဲ့ လက်နက်ကိုင်တပ်ဖွဲ့တွေထဲက ရဲဘော်တွေဟာ အထိခိုက်ဆုံးပဲဖြစ်ပါတယ်။ ဒါကြောင့်မို့ သူတို့လည်း အထိခိုက်ခံချင်မှာမဟုတ်ဘူး။ သူတို့မိသားစုတွေကလည်း ကိုယ့်ရဲ့သားတွေ၊ မောင်တွေ၊ အဖေတွေ၊ ခင်ပွန်းသည်တွေကို ဆုံးရှုံးချင်မှာ မဟုတ်ဘူး။ ဘာဖြစ်လို့ ဒီငြိမ်းချမ်းရေးရဲ့အစဖြစ်တဲ့ NCA ကို မထိုးကြတာလဲဆိုတော့ တစ်ဖက်ကကြည့်မယ်ဆိုရင် တစ်ယောက်နဲ့ တစ်ယောက် ယုံကြည်မှုမရှိလို့ပဲ။

**ယုံကြည်ခြင်းနဲ့ စွန့်စားနိုင်**

ဒါပေမယ့် တစ်ယောက်နဲ့ တစ်ယောက် ယုံကြည်မှုမရှိလို့ဆိုတာ ကိုယ့်ကိုယ်ကိုယ် ယုံကြည်မှုရှိရင် တခြားသူကို ယုံကြည်နိုင်တဲ့အင်အား ဖြစ်လာမယ်။ ပထမက ကိုယ့်ကိုယ်ကိုယ် ယုံကြည်ဖို့ လိုပါတယ်။ ငါဟာ ငြိမ်းချမ်းတဲ့လမ်းစဉ်နဲ့ ငါ့ရဲ့ တိုင်းရင်းသားတွေအတွက်၊ ငါ့ရဲ့အစုအဖွဲ့အတွက် လိုအပ်တဲ့ တိုးတက်မှုတွေကို လုပ်ပေးနိုင်တဲ့ အရည်အချင်းရှိတယ်ဆိုတာကို ယုံကြည်ဖို့လိုပါတယ်။ လက်နက်အားကိုးနဲ့မှ လုပ်နိုင်တာ မဟုတ်ဘူး။ ကိုယ့်ရဲ့ လုံ့လ၊ ဝီရိယ၊ ကိုယ့်ရဲ့ စေတနာ၊ ပညာ၊ သတ္တိတွေကို အခြေခံပြီးတော့ လုပ်နိုင်တယ်ဆိုတဲ့ ယုံကြည်မှုရှိမှ တစ်ခြားဘက်ကို ယုံကြည်ခြင်းနဲ့ စွန့်စားနိုင်မှာ။ ကျွန်မ ခဏခဏပြောပါတယ်။ ဘဝဆိုတာ စွန့်စားခြင်းပဲ။

မနက်မိုးလင်းကတည်းက စွန့်စားခြင်းပဲ။ ကိုယ်ကသာမသိလို့၊ ဒီမနက် မိုးလင်းပြီဆိုရင် ဒီတစ်နေ့တာ ၂၄ နာရီအတွင်းမှာ ကိုယ်ဘာနဲ့ ကြုံရမလဲ၊ ဘာနဲ့ ရင်ဆိုင်ရမလဲဆိုတာ ဘယ်သူမှ မသိဘူး။ ငြိမ်းချမ်းရေးကို တကယ်လိုချင်တယ်ဆိုရင် ကိုယ့်ကိုယ်ကိုယ် ယုံကြည်မှုရှိရမယ်။ ဘာပဲဖြစ်ဖြစ် ကိုယ်ရင်ဆိုင်နိုင်တယ်။ ရင်ဆိုင်မယ်။ ရင်ဆိုင်ရမှာပဲ။ ဘဝမှာ ရှောင်လွှဲလို့မရဘူး။ ဖြစ်လာသမျှ တစ်နေ့ထက်တစ်နေ့ ရင်ဆိုင်ရမှာပဲ။ ဒီနေ့ကို မရင်ဆိုင်ပါဘူးဆိုပြီးတော့ ခေါင်းမြီးခြုံနေလို့လည်း ဒီနေ့ကြီးက ပျောက်သွားမှာ မဟုတ်ဘူး။ အဲဒီတော့ ကိုယ်အသက်ရှင်နေသမျှ ဘဝဆိုတာ စွန့်စားမှုပဲ။ အဲဒီတော့ ဘဝဆိုတာ စွန့်စားမှုမို့လို့ အားလုံးကနေပြီးတော့ ကိုယ့်ကိုယ်ကိုယ် ယုံကြည်ချက်နဲ့ တခြားသူတွေကို ယုံကြည်မှုပေးရမယ်။

ကျွန်မ ခဏခဏပြောပါတယ်။ ကျွန်မတို့ရဲ့ လူ့အသိုင်းအဝိုင်းမှာ စိတ်ညစ်စရာ အကောင်းဆုံးကိစ္စတစ်ခုကတော့ မနာလို၊ သဝန်တိုတဲ့ စိတ်ဓာတ်တွေ၊ တစ်ယောက်နဲ့ တစ်ယောက် မနာလို သဝန်တိုတာတွေ၊ အဲဒါကလည်း ကိုယ့်ကိုယ်ကိုယ် မယုံကြည်ခြင်းကနေပြီးတော့ ပေါက်ဖွားလာတာပါ။ ကိုယ့်ကိုယ်ကိုယ် ယုံကြည်တဲ့သူက ဘယ်သူ့ကိုမှ မနာလိုမရှိဘူး။ ကိုယ်က ကြီးကြီးကျယ်ကျယ် ကြီးလည်း ဖြစ်နေစရာမလိုဘူး။ လယ်သမားတစ်ယောက်ဆိုပေမယ့်လည်း ကိုယ့်ကိုယ်ကိုယ် ယုံကြည်မှုရှိတဲ့ လယ်သမားဟာ သူဌေးကြီးကိုလည်း မနာလိုနေစရာ အကြောင်းမရှိဘူး။ ဒီတော့ ယုံကြည်ချက်ဟာ အဓိကပဲ။ တစ်ယောက်နဲ့ တစ်ယောက် ယုံကြည်ဖို့ဆိုတာ ကိုယ့်ကိုယ်ကိုယ်လည်း ယုံကြည်ဖို့လိုပါတယ်"ဟု ဆွေးနွေးဖြေကြားသည်။

*စာမျက်နှာ ၈ သို့*

*စာမျက်နှာ ၇ မှ*

နိုင်ငံတော်တိုးတက်ရေးအတွက် ပြောင်းလဲဆောင်ရွက်သင့်သည့် အခြေအနေနှင့် စပ်လျဉ်းသည့် မေးခွန်းအား ဖြေကြားရာတွင် “အခု ကျွန်မတို့နဲ့ ပို့/ဆက်ဝန်ကြီးပါလာတယ်။ ဒီပို့/ဆက်ဝန်ကြီးက နှစ်ပေါင်းများစွာ မီးရထားဌာနမှာ လုပ်ခဲ့တာ။ အဲဒီတော့ အခု ကျွန်မတို့ရဲ့ မီးရထား အခြေအနေက မကောင်းဘူးဆိုတာ အားလုံး သိပြီးသားပဲ။ နှေးလည်းနှေးတယ်။ သွားတဲ့ ရထားတွဲတွေကလည်း ထိုင်လို့မကောင်းဘူး။ နောက်ပြီးတော့ ခေါင်းတွဲတွေကလည်း ကောင်းသင့်သလောက် မကောင်းဘူး။ အဲဒါနှစ်ပေါင်းများစွာ ဖြစ်လာတဲ့ကိစ္စ၊ အဲဒီတော့ အခု ဒီလိုရထားတွဲကြီးကို ပြောတဲ့အခါမှာ အခုက ကျွန်မတို့ဟာ စနစ်တစ်ခုကို ပြောင်းဖို့ပေါ့၊ ကျွန်မတို့ စနစ်တစ်ခုကို ပြောင်းဖို့ဆိုတာဟာ နေ့ချင်းညချင်းဖြစ်ဖို့တော့ မလွယ်ဘူး။ ဒါပေမယ့် တစ်ချိန်လုံး ကြိုးစားနေရတယ်။

**လိုအပ်ချက်တွေ အများကြီး**

အခု ကျွန်မတို့ အမြန်ရထားသွားစေချင်တယ်ဆိုရင် အမြန်ရထားက အခု နောက်ဆုံးပေါ် ဂျပန်မှာရှိတဲ့ ကျည်ဆန်ရထားလိုဟာမျိုး သွားဖို့ဆိုတာ ကျွန်မတို့ရဲ့ လမ်းဟောင်းကြီးပေါ်မှာ လာတင်လို့ မရဘူး။ အားလုံးပြန်ပြင်ရတယ်။ ရထားလမ်းတွေလည်း ပြန်ပြင်ရတယ်။ စနစ်ကိုလည်း ပြန်ပြင်ရတယ်။ ခေါင်းတွဲရော၊ နောက်တွဲတွေကို ရောပေါ့။ ပြီးတော့ ဒီဟာတွေကို မမောင်းနိုင်တဲ့သူတွေကိုလည်း သွန်သင်ပေးရတယ်။ လေ့ကျင့်ပေးရတယ်။ အဲဒါတွေအားလုံး လုပ်ဖို့ဆိုတာ ပိုက်ဆံလိုတယ်။ အဲဒီလိုပဲ လိုအပ်ချက်တွေ အများကြီးပဲ။ ခေါင်းလေးတစ်ခုတည်း တပ်လိုက်ရုံနဲ့ မပြီးသွားဘူး။ ကျွန်မတို့နိုင်ငံတစ်နိုင်ငံမှာ အပြောင်းအလဲလုပ်ဖို့ ဆိုတာဟာ အနောက်ကနေပြီးတော့ ကိုးရိုးကားရားလုပ်နေတဲ့သူတွေကတော့ အမြဲ ရှိမှာပဲ။

**ဒီမိုကရေစီရရေး**

ဘယ်သူ့အဖွဲ့အစည်းမှာမှ တစ်ရာ ရာခိုင်နှုန်း အားလုံး စိတ်တူသဘောတူ ပါလာတယ်ဆိုတာ မရှိနိုင်ဘူး။ ဒါတွေကြောင့် စိတ်ပျက်ဖို့မလိုဘူး။ ကိုယ့်ကိုယ်ကိုယ်ပဲ ကိုယ်ပြန်ကြည့်၊ ဒီမိုကရေစီရရှိရေးနဲ့ ပတ်သက်လို့ ကျွန်မ ခဏခဏ ရှင်းပြပါတယ်။ ဒီမိုကရေစီရရှိရေးနဲ့ ပတ်သက်လို့ တချို့တွေ မေးကြတယ်။ အရင် ရွေးကောက်ပွဲ မတိုင်ခင်တုန်းကဆိုရင် ဒီမိုကရေစီ ဘယ်တော့ရမှာလဲ။ ကျွန်မက ပြောတယ်၊ ကိုယ့်ကိုယ်ကိုယ် ပြန်မေးကြည့်၊ ကိုယ်ဒီမိုကရေစီရရေးအတွက် ဘယ်လောက်လုပ်နေလဲ။ ကိုယ်လုပ်သလောက်အပေါ်မှာ အခြေခံပြီးတော့ မြန်မလား၊ နှေးမလားဆိုတာ ကိုယ့်ဘာကိုယ် ဆုံးဖြတ်၊ ကိုယ်အများကြီး လုပ်ပေးနေရင် မြန်မယ်လို့ ဆုံးဖြတ်၊ ကိုယ်ဘာမှ မလုပ်ပေးဘူးဆိုရင်တော့ နှေးမယ်လို့ဆုံးဖြတ်၊ စိတ်ဝင်စားစရာကောင်းတာက တကယ် နိစ္စဓူဝလုပ်နေတဲ့သူတွေက ဘယ်တော့မှ ဒီမေးခွန်း မမေးဘူး။ မလုပ်နေတဲ့သူတွေကသာ မေးလေ့ရှိတယ်။

**စဉ်းစားမိတဲ့ အတွေးအမြင်တွေရ**

ကျွန်မပြောချင်တာက အားလုံးကနေပြီးတော့ ဘာဝင်ပြီးတော့ လုပ်ပေးနိုင်ပါသလဲဆိုပြီး မေးတာဟာ အင်မတန်မှန်တယ်။ ကိုယ်ဘာလုပ်ပေးနိုင်မလဲဆိုတာ မေးရမယ်။ တချို့ကိစ္စတွေကတော့ ကျွန်မတို့ အစိုးရကပြောတဲ့ စကားတွေကို နားထောင်ပြီးတော့ လမ်းကြောင်းပေါ်တယ်။ ဥပမာဆိုရင် ကျွန်မတို့က လူငယ်တွေကို ပါဝင်စေချင်တယ်။ ဒီလိုဆွေးနွေးပွဲမှာ ပါဝင်တာလည်း ငြိမ်းချမ်းရေးအတွက် တစ်နည်းတစ်လမ်းနဲ့ သဲတစ်ပွင့်၊ အုတ်တစ်ချပ် လုပ်ပေးတာပဲ။ ပရိသတ်ရော၊ ဒီမှာလာပြီးတော့ ဆွေးနွေးတဲ့သူတွေရော၊ နားထောင်တဲ့သူတွေလည်း ဒီအထဲမှာပါတာပဲ။ အခု နားထောင်တဲ့လူတွေဆိုရင် ငြိမ်းချမ်းရေးနဲ့ ပတ်သက်လို့ အရင်တုန်းက မစဉ်းစားမိတဲ့ အတွေးအမြင်တွေ ရသွားမယ်။

ဒီဆွေးနွေးပွဲကို နားထောင်လိုက်တဲ့အတွက် ဒီကနေ စဉ်းစားပြီးတော့ ကိုယ့်ရပ်ကိုယ့်ရွာမှာ ငြိမ်းချမ်းရေးစိတ်ဓာတ်တွေ များပြားလာအောင်လို့ ဘယ်လိုလုပ်နိုင်မလဲဆိုတာ စဉ်းစားနေမယ်။ ဒီလိုပဲ လူတိုင်းလူတိုင်းဟာ ငါဘာလုပ်နိုင်လဲ၊ ငါငြိမ်းချမ်းရေးဖြစ်စဉ်အတွက် ငါဘာပေးနိုင်လဲဆိုတာကို စဉ်းစားမယ်ဆိုရင် ဒီပြဿနာတွေကို ကျွန်မတို့ ကျော်လွှားနိုင်မှာပါ။

**ကမ္ဘာကြီးရဲ့စိန်ခေါ်မှုကို ခံနေရ**

စောစောက ပြောသွားသလို ကိုယ့်ရဲ့ကျောင်းတွင်း ညီညွတ်မှုကို တခြားကျောင်းတွေနဲ့ ပြိုင်တဲ့အခါကျတော့ ကျောင်းတွင်း ညီညွတ်သွားတယ်။ တခြားမြို့တွေနဲ့ ပြိုင်တဲ့အခါကျတော့ မြို့တွင်း ညီညွတ်သွားတယ်။ တခြားတိုင်းတွေနဲ့ ပြိုင်တော့ တိုင်းတွင်းညီညွတ်သွားတယ်။ ဒီလိုပဲ အခု ကျွန်မတို့နိုင်ငံဟာ ကမ္ဘာကြီးရဲ့စိန်ခေါ်မှုကို ခံနေရတယ်။ အဲဒီတော့ ကျွန်မတို့အတွင်း ညီညွတ်ဖို့လိုတယ်။ ကျွန်မတို့ညီညွတ်မှု ညီညွတ်မှုအင်အားနဲ့ ဒီစိန်ခေါ်မှုတွေကို ရင်ဆိုင်ကျော်လွှားနိုင်မယ်။ ဒါကြောင့် အားလုံး တစ်ယောက်ချင်း ကိုယ်ကနေပြီးတော့ ဘာလုပ်ပေးနိုင်လဲဆိုတာ သိချင်တာကိုက လမ်းရဲ့အစပဲလို့ ဒီလိုပဲ ယူဆပါလို့ ကျွန်မအနေနဲ့ ဒီလိုပဲ တိုက်တွန်းချင်ပါတယ်”ဟု ဖြေကြားသည်။

ယခုအချိန် အဖြစ်ချင်ဆုံး ဆန္ဒအား သိလိုကြောင်း မေးခွန်းနှင့်ပတ်သက်ပြီး ဖြေကြားရာတွင် “တစ်ခုတည်းပြောရမယ်ဆိုရင် ဒါကဆန္ဒပေါ့။ ဆန္ဒဆိုတာ အိပ်မက်လို့လည်း ပြောလို့ရတယ်။ ကျွန်မတို့ နိုင်ငံသူ နိုင်ငံသားအားလုံး တစ်ယောက်ချင်း တစ်ယောက်ချင်း တာဝန်သိစိတ်နဲ့ ပြည့်ဝစေချင်တယ်။ အဲဒါရှိပြီဆို ကျန်တာမလိုတော့ဘူး။

**ငြိမ်းချမ်းရေး ရချင်တယ်**

အခု လူတော်တော်များများက ကိုယ့်ရဲ့အခွင့်အရေးကိုတော့ စိတ်ဝင်စားတယ်။ ကိုယ့်ရဲ့တာဝန်ကိုတော့ အလေးမထားဘူး။ မြန်မာနိုင်ငံသူ နိုင်ငံသားအားလုံးဟာ တစ်ယောက်ချင်း တစ်ယောက်ချင်း တာဝန်သိစိတ်ရှိမယ်ဆိုရင်၊ တာဝန် ကျေချင်တဲ့ စိတ်၊ တာဝန်ကို အလေးထားစိတ်ရှိမယ်ဆိုရင် ကျွန်မတို့နိုင်ငံဟာ တကယ်ကို ယုံမှားသံသယရှိစရာမလိုဘူး။ ဘယ်စိန်ခေါ်မှုမဆို ကျော်လွှားနိုင်တယ်။ အောင်မြင်နိုင်တယ်။ အနာဂတ်ကို အောင်အောင်မြင်မြင်နဲ့ မျက်နှာမူနိုင်တယ်။ ကျွန်မကိုယ်တိုင်လည်း ဒီလိုစဉ်းစားတယ်။ ကျွန်မဘဝမှာ ဘာအလိုချင်ဆုံးလဲဆိုတော့ ဘဝဆုံးတိုင်မှာ တာဝန်ကျေခဲ့တယ်ဆိုတဲ့ ကျေနပ်မှုနဲ့ပဲ ဆုံးသွားချင်တယ်။ အများကြီးပြောရမယ်ဆိုရင် ငြိမ်းချမ်းရေး ရချင်တယ်၊ တရားဥပဒေစိုးမိုးရေး ရချင်တယ်၊ မြန်မာပြည်သူပြည်သားတွေ ပိုပြီးတော့ ကြိုးစားစေချင်တယ် စသည်ဖြင့် အားလုံးခြုံငုံပြီး တစ်ခုတည်းပြောရရင်တော့ ဖြစ်နိုင်မယ့်ကိစ္စတော့ မဟုတ်ပါဘူး။ ဆန္ဒလို့ပြောတာထက် အိပ်မက်လို့ပြောရင်လည်း ရတာပေါ့။ မြန်မာနိုင်ငံသူ နိုင်ငံသားများအားလုံး တစ်ဦးချင်းတစ်ဦးချင်းဟာ တာဝန်သိစိတ် အပြည့်အဝရှိစေချင်ပါတယ်”ဟု ပြန်လည်ဆွေးနွေးဖြေကြားခဲ့သည်။

**သတင်းစဉ်**



မေ ၁၀ ရက်က မန္တလေးမြို့ လမ်းလျှောက်သင်္ကြန်ကျင်းပမည့် ကျုံးတောင်ဘက်ခြမ်း တစ်လျှောက်တွင် သစ်ပင်ကြီးများနှင့် လမ်းဖြတ်များတွင် LED ရောင်စုံမီးတွဲများ ထွန်းညှိထားရာ လာရောက်ကြည့်ရှုသူများနှင့် စည်ကားနေသည်ကို တွေ့ရစဉ်။
မင်းထက်အောင်(မန်းကိုယ်ပွား)

# ဘိုကလေးမြို့နယ်၌ မြန်မာ့ရိုးရာ သင်္ကြန်ပွဲတော်ကို ယခင်နှစ်များထက် စည်ကားစွာကျင်းပမည်



**ဘိုကလေး မေ ၁၀**

ဧရာဝတီတိုင်းဒေသကြီး ဘိုကလေးမြို့နယ်၌ မြန်မာ့ရိုးရာမဟာသင်္ကြန်ပွဲတော်ကို ယခင်နှစ်များထက် စည်ကားသိုက်မြိုက်စွာကျင်းပရန် စီစဉ်ဆောင်ရွက်ထားကြောင်း သိရသည်။

ဘိုကလေးမြို့နယ်တွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်ဇင်ဦးက ဦးဆောင်၍ လွှတ်တော်ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာများ၊ မြို့မိမြို့ဖများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများနှင့် ဒေသခံများပူးပေါင်း၍ မြို့မဆွမ်းလောင်းဓမ္မာရုံရှေ့တွင် ဗဟိုမဏ္ဍပ် တည်ဆောက်ထားရှိပြီး ရေပက်ကစားခြင်း၊ ညစဉ် မြန်မာ့ဆိုင်းဖြင့်ဖျော်ဖြေခြင်း၊ ယိမ်းအကအလှများဖြင့် ဖျော်ဖြေခြင်းတို့ဖြင့် စည်ကားသိုက်မြိုက်စွာကျင်းပသွားရန်စီစဉ်ဆောင်ရွက်ထားကြောင်း သိရသည်။

ထို့အပြင် ရပ်ကွက်အသီးသီး၌ ရေကစားမဏ္ဍပ်များ တည်ဆောက်ထားပြီး ရပ်ကွက်အလိုက် စတုဒိသာကျွေးမွေးလှူဒါန်းခြင်း၊ ရပ်ကွက်အသီးသီးမှ ယိမ်းအဖွဲ့များက အလှည့်ကျကပြဖျော်ဖြေခြင်း၊ သင်္ကြန်တေးသီချင်းများဖြင့် ဖျော်ဖြေခြင်းတို့ဖြင့် ကျင်းပမည်ဖြစ်သည်။

**သူဇာနွယ် (ဖျာပုံ)**

❏ *ကျောဖုံးမှ*

မည်ဖြစ်ပြီး မြို့နယ်အတွင်းရှိ ရှက်ပုန်းသီးအဆိုတော်များကိုပါ စင်မြင့်ထက်တင်၍ အားဖြည့်သွားကြမည်ဟု ဆိုသည်။ ထို့အပြင် ရပ်ကွက်အလိုက် ယိမ်းများက အလှည့်ကျ ဖြေဖျော်သွားကြမည့်အပြင် စတုဒိသာများကိုလည်း နေ့စဉ်ကျွေးမွေးသွားမည်ဟု သိရသည်။

**လှည့်လည်ဖြေဖျော်ကြမည်**

ထို့အပြင် ယခုနှစ်၌ တိုင်းဒေသကြီးအစိုးရအဖွဲ့သို့ စိစစ်မှုတင်ထားသော သံချပ်အဖွဲ့အများအပြင် စိစစ်ရေးမတင်သော နာမည်ကြီးသံချပ်အဖွဲ့များကလည်း အချိန်ပေးနိုင်သော မြို့နယ်မဏ္ဍပ်များနှင့်ပတ်သက်ရာ ရပ်ကွက်များ၌ လှည့်လည်ဖြေဖျော်ကြမည်ဟု ဆိုကြသည်။

**ဖြေဖျော်ခွင့်ရမည်**

သံချပ်အဖွဲ့များ၊ မြို့နယ်မဏ္ဍပ်များသို့ ဝင်ရောက်ဖြေဖျော်ရာ၌ အချိန်ရှားပါးမှုတစ်ခုနှင့် ကြုံတွေ့နေကြရသည့် မြို့နယ်မဏ္ဍပ်အများစုမှာ နံနက် ၈ နာရီမှ စတင်၍ ၁၁ နာရီ၊ မွန်းလွဲ ၂ နာရီမှ ညနေ ၆ နာရီအထိသာ ဖွင့်ကြ၊ ရေကစားသည့်ခံကြမည်ဖြစ်သည်ဟု ဆိုကြသည်။ သံချပ်အဖွဲ့များအနေဖြင့် ခွင့်ပြုပါက ကြားအားလပ်ချိန်မှသာလျှင် ဖြေဖျော်ခွင့်ရကြမည်ဖြစ်သည်။

ကြည့်မြင်တိုင်မြို့နယ်အတွင်း ပါဝင်သူတို့ဖြင့် အခြေခံထွက်သော သံချပ်သုံးဖွဲ့ရှိမည်ဖြစ်ရာ မောင်မောင်ဆိုလေ ထီးရိုးရှည်၊ အနန္တပွဲခင်းသာ၊ ဘိုးဘွားတို့အမွေ မြန်မာပြည်တို့မှာ နေ့နေ့ညည သံချပ်အတိုင်အဖောက်များနှင့် သရုပ်ပြကွက်များကို လေ့ကျင့်ပြင်ဆင်နေကြပြီကို တွေ့နေရသည်။

**သံချပ်ရဲ့အရသာ**

ကြည့်မြင်တိုင်မှ သံချပ်အဖွဲ့ခေါင်းဆောင်တစ်ဦးဖြစ်သည့် (ဘိုးဘွားတို့အမွေ မြန်မာပြည်) ဦးလှရွှေက “သင်္ကြန်နဲ့သံချပ်ဆိုတာက လုံးဝခွဲခြားလို့မရပါဘူး၊ ရှေးအရင်ထဲက တစ်သားတည်းရှိခဲ့တာပါ၊ သံချပ်အဖွဲ့တွေကို သူတို့နားတဲ့ နေပူတဲ့အချိန်ကြမှ ဝင်ခွင့်ပေးမယ်ဆို စီစဉ်မှုလွဲနေပါတယ်၊ သံချပ်ဆိုတာ ညနေစောင်းနဲ့ ညနေပိုင်းမှ တိုင်ကြဆိုကြသူတွေကလည်း သမိုင်းဝင်သလို နားထောင်ကြရတဲ့သူတွေကလည်း အရသာရှိတာပါ၊ လုံခြုံရေးအကြောင်းပြတယ်၊ အချို့အုပ်ချုပ်သူ မြို့နယ် တာဝန်ခံတွေကလည်း သံချပ်ကို ကြောက်တာလည်း တစ်ပိုင်းပါသလို၊ သံချပ်ရဲ့အရသာကိုလည်း မခံစားတတ်ကြတော့ဘူး” ဟု ဝေဖန်ထောက်ပြသွားခဲ့သည်။

**တင်ဝင်းလေး(ကြည့်မြင်တိုင်)**



မောင်မောင်ဆိုလေ ထီးရိုးရှည် သံချပ်အဖွဲ့ သံချပ်တိုက်နေမှုကို တွေ့ရစဉ်။

# ဒိန်းမတ်သံအမတ်ကြီးအဖြစ် ခန့်အပ်ရန် Mr. John Nielsen အား သဘောတူညီ

**နေပြည်တော် မေ ၁၁**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရသည် Mr. John Nielsen အား ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ ဒိန်းမတ်နိုင်ငံ၏ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော သံအမတ်ကြီးအဖြစ် ခန့်အပ်ရန် အဆိုပြုလာခြင်းကို သဘောတူပြီး ဖြစ်သည်။

Mr. John Nielsen အား ၁၉၅၇ ခုနှစ်၊ ဇူလိုင်လ ၇ ရက်နေ့တွင် မွေးဖွားခဲ့ပါသည်။ ၎င်းသည် ၁၉၈၇ ခုနှစ်တွင် နိုင်ငံရေးနှင့် လူမှုရေးသိပ္ပံဆိုင်ရာ မဟာဘွဲ့ကို ရရှိခဲ့ပါသည်။ ၁၉၉၆ ခုနှစ်တွင် ဒိန်းမတ်နိုင်ငံခြားရေးဝန်ကြီးဌာန၊ အရှေ့အလယ်ပိုင်း၊ မြောက်အာဖရိကနှင့် လက်တင်အမေရိကဌာန အကြီးအကဲအဖြစ် လည်းကောင်း၊ ၁၉၉၈ ခုနှစ်တွင် ဘိုလီဗီးယားနိုင်ငံ၊ လာပါ့ဇ်မြို့ရှိ ဒိန်းမတ်သံရုံး၌ သံရုံးဒုတိယအကြီးအကဲအဖြစ် လည်းကောင်း၊ ၂၀၀၁ ခုနှစ်မှ ၂၀၀၇ ခုနှစ်အထိ ဒိန်းမတ်နိုင်ငံခြားရေးဝန်ကြီးဌာနတွင် ရာထူးအဆင့်ဆင့်ဖြင့် လည်းကောင်း၊ ၂၀၁၀ ပြည့်နှစ်တွင် ဟန်ွိုင်းမြို့အခြေစိုက် ဗီယက်နမ်နိုင်ငံနှင့် လာအိုနိုင်ငံဆိုင်ရာ ဒိန်းမတ်သံအမတ်ကြီးအဖြစ် လည်းကောင်း၊ ၂၀၁၅ ခုနှစ်မှစ၍ မက်ဒရစ်မြို့အခြေစိုက် စပိန်နိုင်ငံနှင့် အင်ဒိုရာနိုင်ငံဆိုင်ရာ ဒိန်းမတ်သံအမတ်ကြီးအဖြစ်လည်းကောင်း တာဝန်ထမ်းဆောင်လျက်ရှိပါသည်။ Mr. John Nielsen သည် အိမ်ထောင်သည်တစ်ဦးဖြစ်ပြီး သားသမီးနှစ်ဦးရှိသည်။

**သတင်းစဉ်**

# ဦးမိုးကျော်အောင်အား ဘူတန်နိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီးအဖြစ် ပူးတွဲခန့်အပ်

**နေပြည်တော် မေ ၁၁**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်သမ္မတသည် အိန္ဒိယသမ္မတနိုင်ငံဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သံအမတ်ကြီး ဦးမိုးကျော်အောင်အား ၎င်း၏ လက်ရှိတာဝန်ဝတ္တရားများအပြင် ဘူတန်နိုင်ငံဆိုင်ရာ အထူးအာဏာကုန် လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သံအမတ်ကြီးအဖြစ် ပူးတွဲခန့်အပ်လိုက်ပြီး ဖြစ်သည်။

**သတင်းစဉ်**

❂ *ကျောဖုံးမှ*

များကို စုပေါင်းအကတိုက်ခဲ့ကြောင်း သိရသည်။

အဆိုပါကကွက်များကို မတ် ၁၇၊ ၁၈၊ ၁၉ ရက်မှစ၍ ဆရာမများနှင့် ကျောင်းသူများအား လေ့ကျင့်သင်ကြားပေးခဲ့ပြီး ၎င်းတို့မှ ပါဝင်ကပြကြမည့် ကျောင်းသူများကို တစ်ဆင့်ပြန်လည်သင်ကြားပြသ၍ မတ် ၂၄ ရက်က ကကွက်စစ်ဆေးခဲ့ကာ မေ ၅ ရက်နှင့် ယမန်နေ့တို့တွင် အခြေခံပညာကျောင်း ၁၁ ကျောင်းမှ ပါဝင်မည့် ကျောင်းသူ ၅၀၀ တို့နှင့်အတူ အကတိုက်လေ့ကျင့်မှုကို ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**တင်မောင်(မန်းကိုယ်ပွား)**

## နိုင်ငံခြားရေးဝန်ကြီးဌာန၏ နှစ်(၇၀)ပြည့် အထိမ်းအမှတ် “THE SEVEN- DECADE JOURNEY OF MOFA 1947-2017” စာအုပ်ထုတ်ဝေ

**နေပြည်တော် မေ ၁၀**

နိုင်ငံခြားရေးဝန်ကြီးဌာန၏ ၁၉၄၇-၂၀၁၇ နှစ် (၇၀) ပြည့်ခရီး “THE SEVEN- DECADE JOURNEY OF MOFA 1947-2017” စာအုပ်ကို နိုင်ငံခြားရေးဝန်ကြီးဌာန (၇၁) နှစ်ပြည့် အခမ်းအနားတွင် ထုတ်ဝေခဲ့သည်။

အဆိုပါစာအုပ်တွင် အာရှတိုက်မှ ပထမဦးဆုံး ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ်အဖြစ် တာဝန်ထမ်းဆောင်ခဲ့သော မြန်မာ့သံတမန်ဦးသန့်၏ ဆောင်းပါး၊ မြန်မာနိုင်ငံခြားရေးဝန်ကြီးနှင့် ဒုတိယဝန်ကြီးတို့အဖြစ် တာဝန်ထမ်းဆောင်ခဲ့ကြသော ဦးအုန်းဂျော်နှင့် ဦးညွှန့်ဆွေ၊ အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင်၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဦးအောင်ထူး၊ သံအမတ်ကြီး(ငြိမ်း)များဖြစ်ကြသည့် ဦးအောင်သန့်၊ ဦးတင်ကျော်လှိုင်၊ ဦးညွန့်မောင်ရှိန်၊ ဦးမြသန်း၊ ဦးတင့်ဆွေ၊ ညွှန်ကြားရေးမှူးချုပ်(ငြိမ်း)များဖြစ်ကြသော ဦးအေးလွင်၊ ဦးတင့်တယ်၊ ဦးသန်းထွန်း၊ လက်ရှိသံအမတ်ကြီးများဖြစ်ကြသော ဒေါ်ယဉ်ယဉ်မြင့်၊ ဦးသာအောင်ညွှန့်၊ ဦးကျော်ဇေယျနှင့် လက်ရှိနိုင်ငံခြားရေးဝန်ထမ်းများပါဝင်ရေးသားထားသည့် ၎င်းတို့၏ အတွေ့အကြုံ၊ ပြန်ပြောင်းသုံးသပ်ချက်အင်္ဂလိပ်ဘာသာဆောင်းပါး ၂၆ ပုဒ်ပါဝင်သည်။

နိုင်ငံခြားရေးဝန်ကြီးဌာနအနေဖြင့် နှစ်ပေါင်း (၇၀) အတွင်း ပထမဆုံးအကြိမ် ထုတ်ဝေသော စာအုပ်ဖြစ်ပြီး နိုင်ငံခြားရေးဝန်ကြီးဌာန၏ သမိုင်းကြောင်းနှင့် နိုင်ငံတကာဆက်ဆံရေး၊ မြန်မာသံတမန်များ၏ နိုင်ငံတော်ကာကွယ်ရေးလုပ်ငန်းများ ထမ်းဆောင်ခဲ့သည့် ဖြစ်ရပ်မှန်ဇာတ်လမ်းများ၊ သံတမန်များ၏ ဘဝနှင့်အတွေးတို့ကို ဖော်ပြထားသောစာအုပ်ဖြစ်ပါသည်။ သံတမန်ရေးရာနှင့် နိုင်ငံတကာရေးရာဘာသာရပ်များကို စိတ်ဝင်စားလေ့လာလိုသူများအနေဖြင့် စာအုပ်ဝယ်ယူလိုပါက နေပြည်တော် နိုင်ငံခြားရေးဝန်ကြီးဌာန စာကြည့်တိုက်နှင့် ရန်ကုန် နိုင်ငံခြားရေးဝန်ကြီးဌာနရုံးတို့တွင် တစ်အုပ်လျှင် ငွေကျပ် ၅၀၀၀ ဖြင့် ဝယ်ယူနိုင်ကြောင်းသိရသည်။

**သတင်းစဉ်**

## စာပေဗိမာန်စာအုပ်အသင်း စာအုပ်ဖြန့်ချိ

**ရန်ကုန် မေ ၁၀**

ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန၊ စာပေဗိမာန်စာအုပ် အသင်းက ၂၀၁၅ ခုနှစ် စာပေဗိမာန်စာမူဆု၊ သုတပဒေသာ (ဝိဇ္ဇာ)၊ ပထမဆုရ **နန္ဒာမင်းလွင်**ရေးသားသည့် **“စည်းခံတော်သမိုင်းနှင့် စစ်ကိုင်းတွင် မော်ကွန်းတင်ခဲ့သည့် ပုဂ္ဂိုလ်များ”**စာအုပ်ကို စာအုပ်အသင်း၏ ၂၀၁၈ခုနှစ် ဧပြီလအသင်းပေး စာအုပ်အဖြစ် စာအုပ်အသင်းဝင်များသို့ ဖြန့်ချိလျက်ရှိသည်။ ရန်ကုန်မြို့ရှိစာအုပ်အသင်းဝင်များသည် အမှတ် (၅၂၉/၅၃၁) ကုန်သည်လမ်းရှိ စာပေဗိမာန်စာအုပ်အသင်းတွင် လာရောက်ထုတ်ယူနိုင်ပြီး ကျန်အသင်းဝင်များသို့ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ခရိုင်ရုံးများမှတစ်ဆင့်လည်းကောင်း၊စာတိုက်မှတစ်ဆင့်လည်းကောင်းပေးပို့လျက်ရှိသည်။

စာပေဗိမာန်အသင်းဝင်လိုပါက အတွင်းရေးမှူး စာပေဗိမာန်စာအုပ်အသင်း အမှတ်(၅၂၉/၅၃၁) ကုန်သည်လမ်း ရန်ကုန်မြို့ ဖုန်း ၀၁-၂၄၉၀၃၁၊ ၃၈၁၄၄၈ သို့လိပ်မူ၍ ဆက်သွယ်နိုင်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## တိမ်အသင့်အတင့် ဖြစ်ထွန်းမည်

**နေပြည်တော် မေ ၁၀**

စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်း၊ ကချင်ပြည်နယ်နှင့် ချင်းပြည်နယ်တို့တွင် နေရာကျဲကျဲ၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ် (မြောက်ပိုင်းနှင့် အရှေ့ပိုင်း) တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။ ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။


**မိုး/ဇလ**

# လူထုတက္ကသိုလ်

**မင်းသိမ်း (နေပြည်တော်)**

**စာကြည့်တိုက်ဟူသော ဝေါဟာရကို အင်္ဂလိပ်ဘာသာတွင် Library ဟု ဖော်ဆိုထားပြီး အဘိဓာန်များတွင် စာအုပ်များကို ဖတ်ရှုနိုင်ရန် ရည်ရွယ်၍ စုဆောင်းထိန်းသိမ်းထားသော အဆောက်အအုံ (သို့)အခန်း(သို့) ကျမ်းဂန်စု (သို့) စာအုပ်စုဟု အဓိပ္ပာယ်ရ၍ စာကြည့်တိုက်တာဝန်ခံကိုမူ စာကြည့်တိုက်မှူး Librarian ဟု ဖွင့်ဆိုထားပါသည်။**

“စာကြည့်တိုက်” ဟုဆိုလျှင် လူအများနားလည်သိနေသည်မှာ၊ စာအုပ်များစုဝေးသိုလှောင်ထားရာအခန်း၊ အဆောက်အအုံဆိုသော်လည်း ပညာလိုလားသူလူတန်းစားပေါင်းစုံ၏ ပညာရှာမှီးရာ လူထုတက္ကသိုလ်တစ်မျိုးပင်ဖြစ်ပါသည်။ တကယ်တော့ စာအုပ်စာတမ်းစသည့် စာပေပစ္စည်းများကို စုဆောင်းပေးထားရုံသာမက စာဖတ်သူများအလွယ်တကူ ဖတ်ရှုလေ့လာနိုင်ဖို့ စနစ်တကျစီစဉ်ပြုလုပ်ထားသည့် နေရာဟုဆိုလျှင် ပိုမိုပြည့်စုံလိမ့်မည်ဟု ယူဆပါသည်။




စာရေးသူသည် စာရေးခြင်း၊ စာဖတ်ခြင်းအလုပ်ကို ဝါသနာပါသူပီပီ စာအုပ်ဆိုင်များ၊ စာကြည့်တိုက်များသို့ သွားရောက်လေ့ရှိပါသည်။ တကယ်တော့ စာကြည့်တိုက်များသည် ယနေ့ကမ္ဘာ့ဆက်သွယ်ရေးနှင့် ပညာရေးစနစ်များအတွက် အရေးပါသောအခန်းကဏ္ဍမှ ပါဝင်နေသလို လူ့အဖွဲ့အစည်းအတွင်း၊ လူထုဆက်ဆံရေးမှူးကောင်းတစ်ဦးဟု ဆိုလျှင်လည်း မှားမည်ဟုမထင်ပါ။ သို့ပါ၍ ဝါဒဖြန့်လက်နက်ကောင်းတစ်ခုအဖြစ် ကျင့်သုံးတတ်ဖို့သာ လိုပါသည်။

စာကြည့်တိုက်တွင် စုဆောင်းထိန်းသိမ်းထားသော စာအုပ်သည် မည်သည့်အချိန်ကာလက ပေါ်လာပါသနည်း။ မိမိသိချင်သော အကြောင်းအရာဖြစ်၍ စာကြည့်တိုက်မှသိရှိရသည်မှာ မြန်မာတို့သည် မြန်မာစကားကို အက္ခရာတင်သည့်အခါ သင်ပုန်း၊ ပုရပိုက်၊ ပေရွက်၊ ထန်းရွက်များတွင် ရေးကြသလို ကျောက်ပြားထက်တွင်လည်းထွင်းတတ်ကြပါသည်။ စာပေရေးမှတ်မှုကို အနော်ရထာမင်းစောလက်ထက်မှစလို့ ကုန်းဘောင်ခေတ်အထိအောင် နှစ်ပေါင်းရှစ်ရာကျော် ကိုးရာခန့်ကတည်းက ကျင့်သုံးခဲ့ကြရာမှ ဥရောပတိုက်သားများ မြန်မာနိုင်ငံအတွင်းသို့ ရောက်ရှိချိန်တွင်မူ မြန်မာစာခဲစာလုံးများပြုလုပ်၍ စက္ကူတွင်ပုံနှိပ်ရာမှ “စာအုပ်” ဆိုသော အရာပေါ်လာသည်ဟု သိရှိခဲ့ရပါသည်။

စကားလုံးများဖြင့်ပုံနှိပ်ထားသည့် စာအုပ်များသည် အသိပညာပေးခြင်း၊ ဖြေဖျော်ခြင်း၊ ဝါဒဖြန့်ချိခြင်းတို့တွင် ထိရောက်သောပစ္စည်းဖြစ်၍ အချိန်တိုအတွင်းလွယ်လွယ်နှင့် မြန်မြန်ပညာရစရာတစ်ခုအဖြစ် အသိအမှတ်ပြုရပါမည်။

“စာအုပ်ကောင်းတစ်အုပ်ကို ပထမအကြိမ်ဖတ်ရသည့်အခါ မိတ်ဆွေသစ်တစ်ဦးတိုးလာသည်ဟုမှတ်ယူ၍ နောက်တစ်ကြိမ်ဖတ်သည့်အခါ မိတ်ဆွေဟောင်းနှင့် ပြန်တွေ့သကဲ့သို့ ယူဆ၏” ဟု အင်္ဂလိပ်ကဗျာဆရာကြီး အော်လီဗာဂိုးစမစ်၏ ယူဆချက်ကို ကွယ်လွန်သူ ဂန္ထဝင်စာရေးဆရာကြီး ဆရာမင်းသုဝဏ်၏ စာပေအနုပညာဆောင်းပါးတွင် တန်ဖိုးမဖြတ်နိုင်သော အသိအဖြစ် မှတ်ယူခဲ့ရပါသည်။ ဤသည်ကား စာဖတ်ခြင်း၏ တန်ဖိုးပင် ဖြစ်ပါသည်။

၂၀၁၈ခုနှစ် မေလ ၂ ရက်နေ့မှ ၅ ရက်နေ့ထိ ကျင်းပမည့် (၁၇) ကြိမ်မြောက် အရှေ့တောင် အာရှနိုင်ငံများ၏ စာကြည့်တိုက်မှူးများညီလာခံ (17th Congress of Southeast Asian Librarians – CONSAL XVII) နှင့် ဆက်စပ်အစည်းအဝေးများကို မြန်မာနိုင်ငံက အိမ်ရှင်နိုင်ငံအဖြစ်ပထမဆုံးအကြိမ်ကျင်းပခွင့်ရလို့ အောင်မြင်စွာကျင်းပနိုင်ရေးအတွက် ဒုတိယသမ္မတ (၁) ဦးဆောင်သည့်ဦးစီးကော်မတီ၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဆောင်သည့် လုပ်ငန်းကော်မတီကို လုပ်ငန်းတာဝန် (၄) ရပ် သတ်မှတ်ကာ ဆပ်ကော်မတီ ၁၅ ခုဖြင့် ဖွဲ့စည်းဆောင်ရွက်လျက်ရှိပါသည်။ အာဆီယံ ၁၀ နိုင်ငံအတွင်း နှစ်နှစ်လျှင်တစ်ကြိမ်ကျင်းပ၍ နောင်နှစ်ပေါင်း ၂၀ ရောက်ရှိမှသာ မိမိတို့နိုင်ငံအလှည့်ရောက်ရှိမှာ ဖြစ်ပါသည်။ နိုင်ငံတကာမှ ပညာရှင်များကို မြန်မာနိုင်ငံရဲ့ပကတိအခြေအနေမှန်ကို တင်ပြခွင့်ရခြင်း၊ မြန်မာ့ယဉ်ကျေးမှုဓလေ့ထုံးစံများကို ကိုယ်တိုင်သိမြင်ခံစားစေခြင်းဖြစ်လို့ အဘက်ဘက်မှ လစ်ဟာမှုမရှိအောင် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်နေချိန်ဖြစ်ပါသည်။

လေးရက်ကြာကျင်းပမည့် စာတမ်းဖတ်ပွဲတွင် နိုင်ငံအသီးသီးမှစာတမ်းအကျဉ်း ၂၂၉ စောင် လက်ခံရရှိသည်ကို မြန်မာနိုင်ငံစာကြည့်တိုက်အသင်းမှ ဆရာကြီး၊ ဆရာမကြီးများ၊ ဖိလစ်ပိုင်နှင့် အင်ဒိုနီးရှားနိုင်ငံများကပါ ၉၄ စောင် စိစစ်ရွေးချယ်မှုပြုခဲ့ပါသည်။ နိုင်ငံတကာမှကိုယ်စားလှယ်ပေါင်း ၇၀၀ တက်ရောက်မည်ဖြစ်ပြီး CONSAL အဖွဲ့ဝင်နိုင်ငံများကလည်း ပြခန်းများပြသခြင်း၊ မြန်မာမှုပြခန်းများနှင့် အခြားပြခန်းများကိုလည်း ပြသရန်စီစဉ်လျက်ရှိပါတယ်...။ ရန်ကုန်တက္ကသိုလ်၊ အရှေ့ပိုင်းတက္ကသိုလ်နဲ့ ရတနာပုံတက္ကသိုလ်မှ သက်ဆိုင်ရာဘာသာရပ်နှင့်ကိုက်ညီသော ဆရာဆရာမ၊ ကျောင်းသား ကျောင်းသူများကလည်း စေတနာ့ဝန်ထမ်းအဖြစ် ဆောင်ရွက်ကြမှာဖြစ်လို့ အဆိုပါစေတနာ့ဝန်ထမ်းများအတွက်လည်း လိုအပ်သောသင်တန်းပေးခြင်း၊ တည်းခိုနေထိုင် စားသောက်မှုကအစ လိုအပ်ချက်မရှိရေး ဆောင်ရွက်လျက်ရှိပါသည်...။

၁၉၇၂ ခုနှစ်တွင် ကျင်းပခဲ့သည့် နိုင်ငံတကာစာအုပ်နှစ်ပွဲတော်တွင်လည်း မြန်မာနိုင်ငံအနေဖြင့် စာအုပ်ကို အသုံးပြုပြီး ကမ္ဘာ့တစ်ဝန်းနိုင်ငံများနည်းတူ နိုင်ငံတကာစာအုပ်နှစ်ပွဲတော်ကို မြန်မာမြို့ရွာများတွင် ကျင်းပခဲ့သဖြင့် နိုင်ငံတကာစာအုပ်နှစ်ကို အကြောင်းပြု၍ ထွက်ပေါ်လာသော အခြားစာအုပ်တစ်အုပ်မှာ ကမ္ဘာ့အမျိုးသားစာကြည့်တိုက်များပင် ဖြစ်ပါသည်။

အမျိုးသားစာကြည့်တိုက်ဆိုသည်မှာ တစ်ပြည်တစ်နိုင်ငံအတွင်း အချက်အချာဖြစ်သော မြို့တော်တွင် တည်ရှိ၍ တစ်နိုင်ငံလုံး၏ စာပေယဉ်ကျေးမှုကို ထိန်းသိမ်းရန်၊ နိုင်ငံတော်အကျိုးစီးပွားအတွက် အသိပညာရှင်၊ အတတ်ပညာရှင်များ သုတေသနပြုရာနေရာပင် ဖြစ်ပါသည်။ သို့ဖြစ်၍ ထိုသို့သော စာကြည့်တိုက်များတွင် ရှေးဟောင်းစာပေ၊ ယဉ်ကျေးမှုအမွေအနှစ်ဆိုင်ရာ ပေပုရပိုက်မှတ်တမ်းများရှိတတ်သည့်အပြင် နိုင်ငံတွင်းနှစ်စဉ်ထုတ်ဝေသော စာအုပ်စာတမ်းဟူသမျှကို နိုင်ငံတော်မှ ပြဋ္ဌာန်းပေးထားသည့် အက်ဥပဒေအရ၊ ရယူသိမ်းဆည်းပိုင်ခွင့်ရှိသည့် နေရာဟူ၍လည်း ခေါ်ဆိုနိုင်ပါသည်။ နိုင်ငံတစ်နိုင်ငံ၏ အကြီးဆုံးစာကြည့်တိုက်ဖြစ်၍ စာကြည့်တိုက်စနစ်ကို ဦးဆောင်မှု ပြုရပါသည်။ မိမိနိုင်ငံနှင့် ပတ်သက်၍ မည်သည့်ဘာသာစကားဖြင့်ဖြစ်စေ၊ မည်သည့်နိုင်ငံ မည်သည့်ဒေသမှဖြစ်စေ၊ ပုံနှိပ်ထုတ်ဝေထားသော စာပေပစ္စည်းအစုစုတို့ကို စုဆောင်းရပါသည်။ မူလအနေအထား ပျက်စီးယိုယွင်းမှုမရှိအောင် မိုက်ခရိုဖလင်ရိုက်ကူးထိန်းသိမ်းခြင်းမျိုးလည်း ပြုလုပ်ရပါသည်။

နိုင်ငံတကာအရည်အသွေးစနစ်နှင့်အညီ ပြည့်မီစေရန် ဆောင်ရွက်ရာတွင် စာကြည့်တိုက် အသုံးပြုသူ User များထံမှ Feed Back များတောင်းခံခြင်း၊ ပြန်လည်သုံးသပ်ခြင်း၊ ဆောင်ရွက်ပေးနိုင်သည့်ကိစ္စရပ်များ၊ ပြုပြင်ရန်လိုအပ်သည့် ကိစ္စရပ်များကို ဖြည့်တင်းပေးနိုင်ရပါသည်။ တစ်နှစ်တာကာလအတွင်း User များတိုးတက်များပြားလာမှု၊ စာအုပ်စာတမ်းများနှင့် Digitized Formats များတိုးပွားလာမှုကို လယ်ဂျာစာရင်းများမှ Data များအရ Key Performance Indicator များ ရေးဆွဲပြီး စာကြည့်တိုက်၏ Continual Improvement အဖြစ် ဆောင်ရွက်ထားရန် လိုပါမည်။ စာကြည့်တိုက်ရှိ စာအုပ်အားလုံး၏ စာရင်းကို Back up Copy ပြုလုပ်၍ Maintenance Plan ရေးဆွဲကာ တစ်လတစ်ကြိမ် ပြန်လည်စစ်ဆေးခြင်း၊ သန့်ရှင်းရေးပြုလုပ်ခြင်းတို့ကို စနစ်တကျစီမံဆောင်ရွက်ရန်လိုပါသည်။ ထို့အပြင် ကွန်ပျူတာများအား Pass Word ထားရှိခြင်း၊ Virus Control Plan များ ရေးဆွဲခြင်း၊ နှစ်အလိုက် Obsolete File များ ဖယ်ထုတ်ကာ လက်ရှိအသုံးပြုနေသော ဖိုင်များအတွက် Master File List ပြုလုပ်ခြင်း၊ Content များ ရေးသားခြင်း၊ Dead File များ စာရင်းပြုစုခြင်းများကို ဆောင်ရွက်ရပါမည်။ ထို့အပြင် ဖော်ပြပါ ဆောင်ရွက်ချက်များ မှန်ကန်မှု ရှိ၊ မရှိ စစ်ဆေးနိုင်ဖို့ ဌာနတွင်း စာရင်းစစ် (Internal Auditor) များနှင့် စစ်ဆေးခံရပါမည်။ အထက်ပါဖော်ပြချက်များသည် ဥရောပအဖွဲ့အစည်း၏ စာကြည့်တိုက်ဆောင်ရွက်မှုများဖြစ်၍ Knowledge Sharing လုပ်သည့်သဘောဖြစ်ပါသည်။

အမျိုးသားစာကြည့်တိုက်အပြင် ပြည်သူ့စာကြည့်တိုက် (ပြည်သူ့ဘဏ္ဍာငွေဖြင့် ဖွင့်လှစ်ထားခြင်း)၊ တက္ကသိုလ်ကောလိပ်စာကြည့်တိုက်၊ သုတေသနစာကြည့်တိုက်၊ ကျောင်းစာကြည့်တိုက်၊ အထူးစာကြည့်တိုက် (သက်ဆိုင်ရာ၊ ပညာရပ်နယ်ပယ်များအတွင်း တစ်ဟုန်ထိုးတိုးတက်နေမှုများကို သိရှိနိုင်ရန် ရည်ရွယ်ပါသည်)၊ အီလက်ထရွန်နစ်စာကြည့်တိုက် (အီလက်ထရွန်နစ်အချက်အလက်အရင်းအမြစ်များ စုဝေးရာနေရာ)ဟူ၍ အမျိုးမျိုးရှိပါသည်။ ယခုအခါတွင် စာအုပ်အများအပြားစုဆောင်းကြသလို အခြားသော ဆက်သွယ်၊ ပညာပေးနိုင်သည့် ဖျော်ဖြေမှုပြုနိုင်သည့် စာပေပစ္စည်းအမျိုးမျိုးကိုလည်း ကျယ်ကျယ်ပြန့်ပြန့် စုဆောင်းလာကြပါသည်။ ထို့အတူ စာကြည့်တိုက်ဝန်ဆောင်မှုလုပ်ငန်းများလည်း တိုးတက်ပြောင်းလဲလာကာ ကြီးမားသောစာစုများနေရာတွင် မိုက်ခရိုဖလင်များ၊ စီဒီများ၊ အီလက်ထရွန်နစ်ပစ္စည်းများက အစားထိုးဝင်ရောက်နေချိန်ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်မှုအတွက် ပြည်သူများအားလုံးတွင် တာဝန်ရှိပါသည်။ စာပေပညာရှင်များအနေနဲ့လည်း ကိုယ့်ကိုယ်ကိုယ်တန်ဖိုးထားပြီး ကိုယ့်ပညာကို တန်ဖိုးထားပါမှ ကိုယ့်ရဲ့ပတ်ဝန်းကျင်ကိုပါ တန်ဖိုးထားနိုင်မှာဖြစ်ပါသည်။ သို့ဖြစ်ပါ၍ မြန်မာနိုင်ငံရဲ့ စာပေလောက ဖွံ့ဖြိုးတိုးတက်မှုအတွက် နိုင်ငံတော်၏ ပံ့ပိုးပေးမှုအပြင် စီးပွားရေးလုပ်ငန်းရှင်များကလည်း စေတနာအရ၊ ဝါသနာအရ ပံ့ပိုးပေးခြင်းဖြင့် မြန်မာနိုင်ငံရှိ စာကြည့်တိုက်များ၏ အဆင့်သည် အခြားသောနိုင်ငံများနှင့် ယှဉ်ပြိုင်နိုင်မည်ဖြစ်ပေသည်။

**“စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်မှုအတွက် ပြည်သူများအားလုံးတွင် တာဝန်ရှိပါသည်။ စာပေပညာရှင်များအနေနဲ့လည်း ကိုယ့်ကိုယ်ကိုယ် တန်ဖိုးထားပြီး ကိုယ့်ပညာကို တန်ဖိုးထားပါမှ ကိုယ့်ရဲ့ပတ်ဝန်းကျင်ကိုပါ တန်ဖိုးထားနိုင်မှာဖြစ်”**

နိဂုံးချုပ်အနေဖြင့် စာကြည့်တိုက်အမျိုးစားအမျိုးမျိုးနှင့် ဝန်ဆောင်မှုအမျိုးမျိုးတို့ကို အောင်မြင်စွာဖော်ဆောင်နိုင်ရေးတွင် စာကြည့်တိုက်မှူးများသည် တိုးတက်ပြောင်းလဲလာသော နည်းပညာသစ်များကို ကျွမ်းကျင်လိုက်မီသောသူများ ဖြစ်ရမည်ဖြစ်၍ စာကြည့်တိုက်အခြေခံပညာရပ်များသာမက ဘက်စုံသတင်းအချက်အလက်နည်းပညာများကို အကျွမ်းတဝင်တတ်မြောက်သူများ ဖြစ်ရန်လိုအပ်ပါကြောင်း “17th Congress of Southeast Asian Librarians- CONSAL XVII” အား ဂုဏ်ပြုတင်ဆက်လိုက်ရပေသည်။ ။

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ထွက်ခွာ



**နေပြည်တော် မေ ၁၀**

နေရပ်စွန့်ခွာသူများ ပြန်လည်လက်ခံရေးအတွက် မြန်မာနိုင်ငံဘက်မှ ဆောင်ရွက်ထားရှိမှုများကို ရှင်းလင်းအသိပေးရန် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် ရန်ကုန်မြို့မှ ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ယနေ့ညနေပိုင်းတွင် လေကြောင်းခရီးဖြင့် ထွက်ခွာသွားသည်။

**တာဝန်ရှိသူများလိုက်ပါ**

ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့၌ အဖွဲ့ဝင်များအဖြစ် UEHRD ညှိနှိုင်းရေးမှူးချုပ် ပါမောက္ခ ဒေါက်တာအောင်ထွန်းသက်၊ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါက်တာသက်သက်ဇင်၊ ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာကိုကိုနိုင်၊ အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများနှင့် စီးပွားရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်မိုးထွန်း၊ ဘာသာပေါင်းစုံ ချစ်ကြည်ညီညွတ်ရေးအဖွဲ့မှ ဒေါက်တာလှထွန်း၊ ဦးသန်းလွင်၊ ဦးတင်မြင့်နှင့် တာဝန်ရှိသူများ လိုက်ပါသွားသည်။

**သတင်းစဉ်**

# မောင်တောဒေသ ပြန်လည်လက်ခံရေးစခန်းနှစ်ခုတွင် အသုံးပြုရန် မီးစက်နှစ်လုံးဝယ်ယူရေး အလှူငွေပေးအပ်ပွဲ ကျင်းပ

**နေပြည်တော် မေ ၁၀**

ရခိုင်ပြည်နယ် မောင်တောဒေသ တောင်ပြိုလက်ဝဲနှင့် ငါးခူရ ပြန်လည်လက်ခံရေးစခန်း နှစ်ခုတွင် အသုံးပြုရန် ၂၀ ကေဗွီအေ မီးစက် နှစ်လုံး ဝယ်ယူရေးအတွက် အလှူငွေ ပေးအပ်ပွဲအခမ်းအနားကို ယနေ့ မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန (NRPC)၌ ကျင်းပသည်။

အခမ်းအနားတွင် အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန အတွင်းရေးမှူး နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးခင်မောင်တင်က အဖွင့်အမှာစကား ပြောကြားရာတွင် ပြန်လည်လက်ခံရေးစခန်းများဖြစ်ကြသည့် တောင်ပြိုလက်ဝဲနှင့် ငါးခူရစခန်းများတွင် ပြည်ထောင်စုဝန်ကြီးဌာနများ၊ ပြည်နယ်အစိုးရအဖွဲ့နှင့် တပ်မတော်တို့၏ ညှိနှိုင်းစီစဉ်မှုများအရ အဆောက်အအုံ၊ ရေ၊ မီး၊ မိလ္လာ၊ ရိက္ခာနှင့် သယ်ယူပို့ဆောင်ရေးယာဉ်များ အဆင်သင့်ရှိနေပြီဖြစ်ပါကြောင်း၊ သို့သော် ပြန်လည်လက်ခံရေးဆိုင်ရာ ကိစ္စရပ်များအတွက် မီးစက်နှစ်လုံး ထပ်မံလိုအပ်လျက်ရှိသည်ကို အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနနှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနတို့၏ တင်ပြချက်များအရ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာနအနေဖြင့် ၂၀ ကေဗွီအေ မီးစက် နှစ်လုံး ဝယ်ယူရန်ကျသင့်သောငွေကို အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာနမှ ပေးအပ်လှူဒါန်းသွားမည် ဖြစ်ပါကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးခင်မောင်တင်က ၂၀ ကေဗွီအေ မီးစက် နှစ်လုံး ဝယ်ယူရန် အလှူငွေ အမေရိကန်ဒေါ်လာ ၁၄၀၀၀ ကို ပေးအပ်လှူဒါန်းရာ (**ယာပုံ**) လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစိုးအောင်က လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။

ယင်းနောက် ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပြုချက်များ အပေါ် အကောင်အထည်ဖော်ဆောင်ရွက်ရေးကော်မတီ တွဲဖက်အတွင်းရေးမှူး ဒုတိယဝန်ကြီး ဦးစိုးအောင်က ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

**သတင်းစဉ်**



# ရခိုင်ပြည်နယ်၌ သင်္ကြန်ကာလအတွင်း ပြည်သူများ အေးချမ်းပျော်ရွှင်စွာရေကစားနိုင်ရေး ရဲတပ်ဖွဲ့ဝင်အင်အား ၁၂၉၀ ကျော်ဖြင့် လုံခြုံရေးဆောင်ရွက်သွားမည်

**စစ်တွေ မေ ၁၀**

"ရခိုင်ပြည်နယ်မှာ မဟာသင်္ကြန်ပွဲတော်ကာလအတွင်း ပြည်သူအများ အေးချမ်းပျော်ရွှင်စွာ ရေကစားနိုင်ရေးနဲ့ မဟာသင်္ကြန်ပွဲတော် စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ရေးအတွက် ရခိုင်ပြည်နယ်ရဲတပ်ဖွဲ့အနေနဲ့ နယ်မြေလုံခြုံရေးကို တပ်ဖွဲ့ဝင် အင်အား ၁၂၉၀ ကျော်နဲ့ အတွင်းစည်း၊ အပြင်စည်း၊ အဝေးစည်း စည်းသုံးစည်းနဲ့ လုံခြုံရေးဆောင်ရွက်သွားမှာပါ"ဟု ပြည်နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးကြီး အောင်မြတ်မိုးက ပြောကြားသည်။

ထို့ပြင် "အဝေးစည်းလုံခြုံရေးမှာ သက်ဆိုင်ရာတပ်မတော် တိုင်းစစ်ဌာနချုပ်က ပါဝင်ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်၊ ပြည်နယ်ရဲတပ်ဖွဲ့အနေနဲ့ သက်ဆိုင်ရာ မီးသတ်တပ်ဖွဲ့၊ အရန်မီးသတ်တပ်ဖွဲ့၊ အုပ်ချုပ်ရေးအဖွဲ့တွေနဲ့ ပူးပေါင်းပြီး ဆောင်ရွက်သွားမှာပါ"ဟု ပြည်နယ်ရဲတပ်ဖွဲ့မှူးက ဆက်လက်ပြောကြားသည်။

၂၀၁၈ ခုနှစ် မြန်မာ့ရိုးရာနှစ်သစ်ကူး မဟာသင်္ကြန်ပွဲတော်တွင် ရခိုင်ပြည်နယ်အနေဖြင့် ခရိုင်၊ မြို့နယ် အသီးသီးတို့တွင် မဏ္ဍပ်ကြီး နှစ်ခု၊ မဏ္ဍပ်လတ် ၁၅ ခု၊ မဏ္ဍပ်သေး ၂၄ ခု စုစုပေါင်းမဏ္ဍပ် ၄၁ ခုတို့ဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

မြန်မာ့ရိုးရာ နှစ်သစ်ကူးမဟာသင်္ကြန်ပွဲတော်ကာလအတွင်း ပြည်သူလူထု အေးချမ်းပျော်ရွှင်ပြီး ဘေးအန္တရာယ်ကင်းရှင်းစွာ ရေကစားနိုင်ရေးအတွက် သက်ဆိုင်ရာ ခရိုင်၊ မြို့နယ် အသီးသီးတွင် ကွပ်ကဲမှုရုံးပေါင်း ၁၇ ခု ဖွင့်လှစ်ဆောင်ရွက်ထားရှိမည်ဖြစ်ကြောင်း သိရသည်။



ပြည်နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးကြီး အောင်မြတ်မိုး

"သင်္ကြန်ကာလရဲ့အကြိုကာလဖြစ်တဲ့ ဧပြီ ၁ ရက်ကစတင်ပြီး မှုခင်းတွေ မဖြစ်ပွားဖို့ နယ်မြေတည်ငြိမ်အေးချမ်းသာယာဖို့နဲ့ အဖျက်အမှောင့်လုပ်ငန်းတွေ မဖြစ်ပေါ်စေဖို့ ကြိုတင်ပြီး သတိပေးနှိုးဆော်ချက်တွေလည်း ထုတ်ပြန်ထားပါတယ်၊ ရဲတပ်ဖွဲ့အနေနဲ့လည်း နေ့စဉ်နဲ့အမျှ လှည့်ကင်းတွေဆောင်ရွက်နေပါတယ်၊ အချက်အချာကျတဲ့နေရာတွေမှာလည်း စောင့်ကြည့်ကင်းတွေ ချထားပြီး ဆောင်ရွက်နေပါတယ်၊ ဒါ့အပြင် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး လုပ်ငန်းစဉ်ကိုလည်း နယ်မြေလုံခြုံရေးတပ်ဖွဲ့ဝင်အင်အား ၇၀၀ ကျော်နဲ့ ဆောင်ရွက်နေပါတယ်၊ သင်္ကြန်ကာလမတိုင်မီ၊ သင်္ကြန်ကာလ၊ သင်္ကြန်ကာလနောက်ပိုင်း ဆိုပြီး သုံးကြိမ်ခွဲပြီး ဆောင်ရွက်နေပါတယ်၊ အမျိုးသမီးငယ်တွေ သင်္ကြန်ကာလအတွင်း မဖြစ်သင့်တာတွေမဖြစ်အောင် သင်္ကြန်ကာလအတွင်း ကာမစိတ်ကြွဆေးတွေ ရောင်းချမှုမရှိအောင် ဖမ်းဆီးစစ်ဆေးမှုတွေလုပ်နေပါတယ်၊ ဒါ့အပြင် ခရိုင်၊ မြို့နယ်များအတွင်းမှာ အရက်ပုန်းဆိုင်တွေ လိုက်လံစိစစ်ဖမ်းဆီးတာတွေ လုပ်ပါတယ်၊ ညဘက်တွေမှာ မှောင်ရိပ်ခိုတာတွေ၊ အချိန်မတော် သွားလာတာတွေကို ရဲတပ်ဖွဲ့အနေနဲ့ စောင့်ကြည့်ပြီး တည်ဆဲဥပဒေတွေနဲ့ အရေးယူတာတွေ ရှိပါတယ်၊ ဒါတွေဟာ အများပြည်သူ ဘေးကင်းလုံခြုံရေးအတွက် ဆောင်ရွက်နေတာဖြစ်တဲ့အတွက် ပြည်သူတွေအနေနဲ့ ပူးပေါင်းပါဝင် ဆောင်ရွက်ပေးမယ်ဆိုရင် ဒီထက် လုံခြုံစိတ်ချရမှာ ဖြစ်ပါတယ်၊ မေတ္တာရပ်ခံချင်တာကတော့ ပတ်ဝန်းကျင်မှာ ထူးခြားမှုရှိရင် ရဲတပ်ဖွဲ့ဝင်များကို အချိန်မရွေးအကြောင်းကြားပေးစေချင်ပါတယ်"ဟု ပြည်နယ်ရဲတပ်ဖွဲ့မှူးက ပြောသည်။

မဟာသင်္ကြန်ပွဲတော်ကာလအတွင်း အစိုးရအဖွဲ့ဝင်များ၊ နိုင်ငံခြား သံတမန်များနှင့် ဖိတ်ကြားထားသည့် ဧည့်သည်တော်များ လာရောက်ပါက အဆင်ပြေချောမွေ့စွာ သွားလာနိုင်ရေးအတွက် လမ်းကြောင်း လုံခြုံရေးကို တပ်ဖွဲ့ဝင် စုစုပေါင်းအင်အား ၅၀ ဖြင့် လည်းကောင်း၊ လူပုဂ္ဂိုလ်လုံခြုံရေးကို တပ်ဖွဲ့ဝင်စုစုပေါင်း အင်အား ၂၃ ဦးဖြင့် လည်းကောင်း၊ ယာဉ်တန်းလုံခြုံရေးကို တပ်ဖွဲ့ဝင်စုစုပေါင်း အင်အား ၃၆ ဦးဖြင့် လည်းကောင်း ပြည်နယ်ရဲတပ်ဖွဲ့မှူးက ကြီးကြပ်ကွပ်ကဲ၍ လုံခြုံရေး ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**မျိုးမြင့်၊ ဟန်လင်းနိုင်**
**ဓာတ်ပုံ-နိုင်လင်း**

# ပုံနှိပ်ခြင်း၊ ထုတ်ဝေခြင်းနှင့် သတင်းအေဂျင်စီလုပ်ငန်းများ ခွင့်ပြုပေးမှုအခြေအနေ

ပြန်ကြားရေးဝန်ကြီးဌာနသည် ပြည်ထောင်စုအစိုးရ၏ သဘောတူညီချက်ဖြင့် ပုံနှိပ်ခြင်းနှင့်ထုတ်ဝေခြင်းလုပ်ငန်း နည်းဥပဒေများကို အမိန့်ကြော်ငြာစာအမှတ် (၄၈/ ၂၀၁၄) ဖြင့် ၂၀၁၄ခုနှစ်၊ အောက်တိုဘာလ (၁၀)ရက်နေ့တွင် ထုတ်ပြန်ခဲ့ပြီးနောက် လုပ်ငန်းအသိအမှတ်ပြုလက်မှတ် လျှောက်ထားလာပါက ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်း နည်းဥပဒေများနှင့်အညီ စိစစ်၍ လုပ်ငန်းအသိအမှတ်ပြုလက်မှတ်များကို ခွင့်ပြုပေးလျက်ရှိပါသည်။

ထိုသို့ဆောင်ရွက်ပေးလျက်ရှိရာ (၉-၄-၂၀၁၈) ရက်နေ့က ပြုလုပ်ခဲ့သော ပြန်ကြားရေးဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီအစည်းအဝေးတွင် (၁၂-၃-၂၀၁၈) ရက်မှ (၂၃-၃-၂၀၁၈) ရက်နေ့အထိ လုပ်ငန်းအသိအမှတ်ပြုလက်မှတ် လျှောက်ထားလာသည့် ပုံနှိပ်ခြင်းလုပ်ငန်းအတွက် အသစ်လျှောက်ထားသူ ၄ ဦးကို လည်းကောင်း၊ ထုတ်ဝေခြင်းလုပ်ငန်းအတွက် အသစ်လျှောက်ထားသူ ဂျာနယ် ၁ ဦး၊ မဂ္ဂဇင်း ၂ ဦး၊ အထွေထွေ သုံးဦး၊ ပေါင်း ၆ ဦးကို လည်းကောင်း၊ သတင်းအေဂျင်စီလုပ်ငန်း လျှောက်ထားသူ ၂ ဦးကိုလည်းကောင်း အသိအမှတ်ပြုလက်မှတ်များ ထုတ်ပေးရန် ခွင့်ပြုပေးခဲ့ပါသည်။

ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်း နည်းဥပဒေများပြဋ္ဌာန်းသည့် (၁၀-၁၀-၂၀၁၄) ရက်မှစ၍ ယနေ့အထိ ပုံနှိပ်ခြင်းလုပ်ငန်း ၁၅၀၇ ဦး၊ ထုတ်ဝေခြင်းလုပ်ငန်း ၂၃၄၄ ဦးနှင့်သတင်းအေဂျင်စီလုပ်ငန်း ၁၀၀ ဦး စုစုပေါင်း ပုံနှိပ်ခြင်း၊ ထုတ်ဝေခြင်းနှင့် သတင်းအေဂျင်စီလုပ်ငန်း ၃၉၅၁ ဦးအား အသိအမှတ်ပြုလက်မှတ်များ စိစစ်ခွင့်ပြုပေးခဲ့ပြီးဖြစ်သည်။

**ပြန်ကြားရေးဝန်ကြီးဌာန**

# မောင်တောမြို့နယ် အင်းဒင်ကျေးရွာအုပ်စု ပဲရုံ(နတလ)ကျေးရွာ သုသာန်အနီး ဖမ်းဆီးရမိအကြမ်းဖက်သမား ၁၀ ဦး သေဆုံးမှုနှင့် ပတ်သက်၍ ဖြစ်စဉ်တွင်ပါဝင်ခဲ့သည့် အရာရှိ၊ စစ်သည်များအား ပြစ်ဒဏ်များချမှတ်

**နေပြည်တော် မေ ၁၀**

ရခိုင်ပြည်နယ် အင်းဒင်ကျေးရွာအနီး ဖမ်းဆီးရမိ အကြမ်းဖက်သမား ၁၀ ဦးအပေါ် ဥပဒေနှင့်အညီ ဖမ်းဆီးချုပ်နှောင်တရားစွဲဆို၍ ပြစ်ဒဏ်ချမှတ်မှုလုပ်ငန်းစဉ်အတိုင်း ဆောင်ရွက်ခြင်းမရှိဘဲ အင်းဒင်ကျေးရွာနေ တိုင်းရင်းသားပြည်သူအချို့နှင့် လုံခြုံရေး တပ်ဖွဲ့ဝင်များက ဌာနေတိုင်းရင်းသားများ၏ စိတ်ခံစားနာကြည်းချက်အပေါ် အခြေခံ၍ ဥပဒေမဲ့သတ်ဖြတ်မှု ဖြစ်ပွားခဲ့သည်။

အဆိုပါကိစ္စနှင့်စပ်လျဉ်း၍ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး အေးဝင်း ဦးဆောင်သော စုံစမ်းစစ်ဆေးရေးအဖွဲ့ဖြင့် ၂၀၁၇ ခုနှစ်၊ ဒီဇင်ဘာ ၂၀ ရက်မှ ၂၀၁၈ ခုနှစ်၊ ဇန်နဝါရီ ၂ ရက် အထိ တပ်မတော်မှ အရာရှိ၊ စစ်သည် ၂၁ ဦး၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင် သုံးဦး၊ အမှတ်(၈)လုံခြုံရေးတပ်ဖွဲ့ခွဲမှ တပ်ဖွဲ့ဝင် ၁၃ ဦး၊ ဌာနဆိုင်ရာ ဝန်ထမ်း ခြောက်ဦးနှင့် အင်းဒင်ရွာသား ခြောက်ဦးတို့ကို အသေးစိတ် စိစစ်စစ်ဆေး မေးမြန်းခဲ့ရာ ဥပဒေမဲ့ ပြစ်မှုကျူးလွန်ခဲ့သည်မှာ မှန်ကန်ကြောင်း စစ်ဆေးတွေ့ရှိရပြီး ဖြစ်စဉ်မှန်အား ထုတ်ပြန်ကြေညာခဲ့ပြီး ဖြစ်သည်။

အဆိုပါ ဥပဒေမဲ့ပြစ်မှုကျူးလွန်ခဲ့ကြသူများအနက် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ နှင့် အရပ်သားများအား သက်ဆိုင်ရာဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ စည်းမျဉ်းများနှင့်အညီ အရေးယူဆဲဖြစ်ပြီး တပ်မတော်အက်ဥပဒေ၊ နည်းဥပဒေကို လိုက်နာရသည့် တပ်မတော်မှ အရာရှိ၊ စစ်သည် ခုနစ်ဦးတို့အား တပ်မတော်အက်ဥပဒေပုဒ်မ(၇၁) နယ်ဘက်ပြစ်မှု တစ်ရပ်ဖြစ်သော လူသတ်မှုကို ကျူးလွန်ရာတွင် ပူးပေါင်းပါဝင်ခဲ့ကြောင်း တွေ့ရှိရသဖြင့် ပြစ်မှုကျူးလွန်သူ အရာရှိ လေးဦးအား ရှုတ်ချ၍ အမြဲတမ်းထုတ်ပစ်စေရန်နှင့် အလုပ်ကြမ်းနှင့် ထောင်ဒဏ် ၁၀ နှစ်အား နယ်ဘက်အကျဉ်းထောင်တွင်ကျခံစေရန် ပြစ်ဒဏ်ချမှတ်ခဲ့ကြောင်းနှင့် အခြားအဆင့် စစ်သည်သုံးဦးအား တပ်သားအဆင့်လျှော့ချ၍ အမြဲတမ်း ထုတ်ပစ်ရန်နှင့် အလုပ်ကြမ်းနှင့်ထောင်ဒဏ် ၁၀ နှစ်အား နယ်ဘက်အကျဉ်းထောင်တွင် ကျခံစေရန်ဟု ပြစ်ဒဏ်အသီးသီးချမှတ်ခဲ့ကြောင်း တပ်မတော်သတင်းမှန် ပြန်ကြားရေးအဖွဲ့၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။

**သတင်းစဉ်**

# မြန်မာ-ထိုင်း ဖြစ်ရပ်စီမံခန့်ခွဲခြင်းနှင့် လူကုန်ကူးခံရသူများအား ပြန်လည်ပို့ဆောင်ခြင်းနှင့် ပြန်လည်ဝင်ဆံ့ပေါင်းစည်းခြင်းဆိုင်ရာ စာအုပ်မိတ်ဆက်

**နေပြည်တော် မေ ၁၀**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန၊ ပြန်လည်ထူထောင်ရေးဦးစီးဌာနနှင့် ရွှေ့ပြောင်းသွားလာနေထိုင်ခြင်းဆိုင်ရာ နိုင်ငံတကာအဖွဲ့အစည်း (အိုင်အိုအမ်)တို့ ပူးပေါင်း၍ မြန်မာ-ထိုင်း ဖြစ်ရပ်စီမံခန့်ခွဲခြင်းနှင့် လူကုန်ကူးခံရသူများအား ပြန်လည်ပို့ဆောင်ခြင်းနှင့် ပြန်လည်ဝင်ဆံ့ပေါင်းစည်းခြင်းဆိုင်ရာ နှစ်နိုင်ငံ စံလုပ်ငန်းအစီအစဉ် စာအုပ်မိတ်ဆက်ပွဲ အခမ်းအနားကို ယနေ့တွင် နေပြည်တော် Parkroyal ဟိုတယ်တွင် ကျင်းပရာ လူကုန်ကူးခံရသူများအား ပြန်လည်လက်ခံရေး၊ ပြန်လည်ဝင်ဆံ့ပေါင်းစည်းရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းအဖွဲ့ဥက္ကဋ္ဌ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစိုးအောင် တက်ရောက်၍ အဖွင့်အမှာစကား ပြောကြားသည်။ **(ယာပုံ)**



### စံလုပ်ငန်းအစီအစဉ်များရေးဆွဲ

အဆိုပါ အခမ်းအနားသည် မြန်မာနိုင်ငံ လူကုန်ကူးမှုတိုက်ဖျက်ရေးဆိုင်ရာ တတိယငါးနှစ်စီမံကိန်း၏ ၂၀၁၈ ခုနှစ်၊ လုပ်ငန်းစီမံချက်မှ လုပ်ငန်းတစ်ရပ်ဖြစ်ပြီး ဤစာအုပ်တွင် မြန်မာ-ထိုင်း နှစ်နိုင်ငံအစိုးရ ပူးပေါင်းဆောင်ရွက်မှု အစီအစဉ်များအရ ထိုင်းနိုင်ငံမှ မြန်မာနိုင်ငံသား လူကုန်ကူးခံရသူများ နေရပ်ပြန်ရေးအတွက် အကူအညီပေးရာတွင် နှစ်နိုင်ငံလိုက်နာရမည့် စံလုပ်ငန်းအစီအစဉ်များကို ရေးဆွဲဖော်ပြထားသည်။


### လူကုန်ကူးခံရသူ၏အကျိုးစီးပွားကိုဦးတည်

မြန်မာ-ထိုင်း စံလုပ်ငန်းအစီအစဉ်ပါ လုပ်ငန်းစဉ်များသည် ထိုင်းနိုင်ငံမှ မြန်မာလူကုန်ကူးခံရသူများ၏ နေရပ်ပြန်ရေးနှင့် ပြန်လည်ဝင်ဆံ့ပေါင်းစည်းရေး လုပ်ငန်းစဉ်များတစ်လျှောက် လူကုန်ကူးခံရသူ၏ အကျိုးစီးပွားကို ဦးတည်သည့်နည်းလမ်းဖြင့် ကာကွယ်စောင့်ရှောက်ရေးနှင့် အကူအညီပေးရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် သက်ဆိုင်ရာ ပါဝင်လုပ်ဆောင်သူများ အားလုံးအတွက် လမ်းညွှန်များနှင့် လုပ်ထုံးလုပ်နည်းများကို ဖော်ပြထားခြင်းဖြစ်သည်။

အဆိုပါ စံလုပ်ငန်းအစီအစဉ်သည် မြန်မာနိုင်ငံနှင့် ထိုင်းနိုင်ငံ အစိုးရတို့အကြား ပူးပေါင်းဆောင်ရွက်မှုများမှ သိသာထင်ရှားသော အောင်မြင်မှုတစ်ရပ်ဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ ပြန်လည်ထူထောင်ရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဒေါက်တာထွန်းဇော်က စံလုပ်ငန်းအစီအစဉ်ပါ လုပ်ငန်းရပ်များအား အသေးစိတ်ရှင်းလင်းတင်ပြခဲ့ပြီး ဒုတိယဝန်ကြီး ဦးစိုးအောင်နှင့် ညွှန်ကြားရေးမှူးချုပ် ဦးဝင်းနိုင်ထွန်းတို့က မြန်မာ-ထိုင်း ဖြစ်ရပ်စီမံခန့်ခွဲခြင်းနှင့် လူကုန်ကူးခံရသူများအား ပြန်လည်ပို့ဆောင်ခြင်းနှင့် ပြန်လည်ဝင်ဆံ့ပေါင်းစည်းခြင်းဆိုင်ရာ နှစ်နိုင်ငံစံလုပ်ငန်းအစီအစဉ် စာအုပ်များကို တက်ရောက်လာကြသူများအား ပေးအပ်ခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



# ထိုင်းနိုင်ငံ၌ မြန်မာအလုပ်သမားများ လိုက်ပါသည့်ယာဉ် လမ်းဘေးထိုးကျ၊ ခြောက်ဦးသေဆုံး ဒဏ်ရာရရှိသူများအား တာဝန်ရှိသူများ တွေ့ဆုံအားပေး

**တာ့(ခ်) မေ ၁၀**

ထိုင်းနိုင်ငံ မဲဆောက်-ဖန်ကောက် အာရှလမ်းမကြီး ကီလိုမီတာ ၆၈ နှင့် ၆၉ ကြားတွင် ထိုင်းနိုင်ငံ၌ အလုပ်လုပ်ရန် MoU စနစ်ဖြင့် သွားရောက်သည့် မြန်မာအလုပ်သမားများ စီးနင်းလိုက်ပါလာသည့် မော်တော်ယာဉ်တစ်စီးသည် မေ ၉ ရက် ည ၁၁ နာရီခန့်က အရှိန် မထိန်းနိုင်ဘဲ လမ်းဘေးသို့ ထိုးကျတိမ်းမှောက်မှုဖြစ်ပွားခဲ့ပြီး မြန်မာအလုပ်သမား ခြောက်ဦး သေဆုံးခဲ့ကာ ၁၂ ဦး ထိခိုက်ဒဏ်ရာရရှိခဲ့သည်။

အဆိုပါ ဖြစ်စဉ်ကြောင့် ဒဏ်ရာရသူများအား မေ ၁၀ ရက် နံနက် ၉ နာရီက ထိုင်းနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံစစ်သံမှူး ဗိုလ်မှူးချုပ် ခင်ဇော်၊ ထိုင်းနိုင်ငံ အမှတ်(၃) တိုင်းစစ်ဌာနချုပ်မှ ဒုတိယဗိုလ်ချုပ်ကြီး ဝိကျတ်စီးရီးဘွန်းစွတ်၊ မြဝတီခရိုင်အုပ်ချုပ်ရေးမှူး၊ ထိုင်းနိုင်ငံ တာ့ခ်ခရိုင် အုပ်ချုပ်ရေးမှူး၊ ထိုင်းနိုင်ငံဆိုင်ရာ မြန်မာသံအရာရှိ ဦးအောင်ခင်မြင့်၊ နှစ်နိုင်ငံ ဌာနဆိုင်ရာများမှ တာဝန်ရှိသူများ ပူးပေါင်းပါဝင်သောအဖွဲ့သည် ထိုင်းနိုင်ငံ တာ့ခ်စင်ဆေးရုံသို့ သွားရောက်ပြီး ထိခိုက်ဒဏ်ရာရ လူနာများအား တွေ့ဆုံအားပေးကာ ထောက်ပံ့ငွေပေးအပ်ခဲ့သည်။ **(အပေါ်ပုံ)**

တိမ်းမှောက်သွားသည့် ယာဉ်ပေါ်တွင် မြန်မာအလုပ်သမား စုစုပေါင်း ၅၁ ဦး စီးနင်းလိုက်ပါခဲ့ပြီး Golden Royal Mandalay ကုမ္ပဏီမှ စေလွှတ်သည့် အလုပ်သမားများဖြစ်ကာ အဆိုပါ ကုမ္ပဏီမှ စုစုပေါင်း မော်တော်ယာဉ် လေးစီးဖြင့် အလုပ်သမား ၁၂၀ စေလွှတ်ခဲ့သည့်အနက် တစ်စီးမှာ ယခုကဲ့သို့ တိမ်းမှောက်မှု ဖြစ်ပွားခဲ့ပြီး ခြောက်ဦး သေဆုံးခဲ့ကာ ဒဏ်ရာရရှိသူ ၁၂ ဦးရှိပြီး ယင်းတို့အနက် ငါးဦးမှာ စိုးရိမ်ရကြောင်း သိရသည်။

**ထိန်လင်းအောင်(ပြန်/ဆက်)**

# ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်(ဧပြီလမှ မတ်လထိ)(ယာယီ) မြန်မာနိုင်ငံ၏ ပြည်ပကုန်သွယ်မှု အမေရိကန်ဒေါ်လာ၃၃၃၂၄ သန်း ဆောင်ရွက်နိုင် ယခင်ဘဏ္ဍာနှစ်ကာလတူထက် အမေရိကန်ဒေါ်လာ ၄၁၁၄ သန်း ပိုမိုဆောင်ရွက်နိုင်ခဲ့

၁။ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် (ဧပြီလမှ မတ်လထိ) မြန်မာနိုင်ငံ၏ ပြည်ပပို့ကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၁၄၆၇၅ သန်းနှင့် ပြည်ပသွင်းကုန်တန်ဖိုး အမေရိကန်ဒေါ်လာ ၁၈၆၄၉ သန်းရှိသဖြင့် ပြည်ပကုန်သွယ်မှုပမာဏ အမေရိကန်ဒေါ်လာ ၃၃၃၂၄ သန်း ဆောင်ရွက်နိုင်ခဲ့ပါသည်။ ယခင်နှစ်ကာလတူ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် (ဧပြီလမှ မတ်လထိ)တွင် ပြည်ပပို့ကုန်တန်ဖိုး အမေရိကန်ဒေါ်လာ ၁၁၉၉၉ သန်း၊ ပြည်ပသွင်းကုန်တန်ဖိုး အမေရိကန်ဒေါ်လာ ၁၇၂၁၁ သန်းဖြစ်၍ ပြည်ပကုန်သွယ်မှုပမာဏ အမေရိကန်ဒေါ်လာ ၂၉၂၁၀ သန်းဖြစ်သဖြင့် ယခင်နှစ်ကာလတူထက် ပို့ကုန်တွင် ဒေါ်လာ ၂၆၇၆ သန်း၊ သွင်းကုန်တွင် ဒေါ်လာ ၁၄၃၈ သန်း ပိုမိုသဖြင့် ကုန်သွယ်မှုပမာဏ ဒေါ်လာ ၄၁၁၄ သန်း ပိုမိုဆောင်ရွက်နိုင်ခဲ့ပါသည်။

၂။ ပြည်ပပို့ကုန်ပစ္စည်းများ အုပ်စုလိုက်တင်ပို့မှုကို ယခင်နှစ်ကာလတူနှင့် နှိုင်းယှဉ်လျှင် အောက်ပါအတိုင်း ပိုမိုတင်ပို့ နိုင်ခဲ့ပါသည်-

**တန်ဖိုးဒေါ်လာသန်းပေါင်း**

| စဉ် | အကြောင်းအရာ | ၂၀၁၇-၂၀၁၈ (ဧပြီလမှ မတ်လထိ) | ၂၀၁၆-၂၀၁၇ (ဧပြီလမှ မတ်လထိ) | နှိုင်းယှဉ်ချက် (+)/(-) |
|---|---|---|---|---|
| ၁ | လယ်ယာထွက်ပစ္စည်း | ၃၀၈၀.၅၃၀ | ၂၉၂၈.၀၉၇ | ၁၅၂.၄၃၃ |
| ၂ | တိရစ္ဆာန်ထွက်ပစ္စည်းများ | ၆၀.၈၀၁ | ၁၀.၆၂၇ | ၅၀.၁၇၄ |
| ၃ | ရေထွက်ပစ္စည်းများ | ၆၉၇.၇၄၂ | ၅၈၁.၅၂၆ | ၁၁၆.၂၁၆ |
| ၄ | သတ္တုတွင်းထွက်ပစ္စည်း | ၁၇၇၉.၃၀၄ | ၁၀၁၀.၇၈၃ | ၇၆၈.၅၂၁ |
| ၅ | သစ်တောထွက်ပစ္စည်း | ၂၁၁.၀၇၁ | ၂၄၇.၀၀၆ | -၃၅.၉၃၅ |
| ၆ | စက်မှုကုန်ချောပစ္စည်း | ၆၇၉၄.၈၀၆ | ၅၄၇၇.၅၁၀ | ၁၃၁၇.၂၉၆ |
| ၇ | အခြားပစ္စည်းများ | ၂၀၅၀.၉၅၅ | ၁၇၄၂.၉၉၅ | ၃၀၇.၉၆၀ |
| | စုစုပေါင်း | ၁၄၆၇၅.၂၀၉ | ၁၁၉၉၈.၅၄၄ | ၂၆၇၆.၆၆၅ |

၃။ ပြည်ပမှ သွင်းကုန်တင်သွင်းမှုတွင် ၂၀၁၇-၂၀၁၈ဘဏ္ဍာနှစ်(ဧပြီလမှ မတ်လထိ)သွင်းကုန်တန်ဖိုးဒေါ်လာ ၁၈ ဒသမ ၆၄ ဘီလီယံရှိပြီး ယခင်နှစ်ကာလတူ သွင်းကုန်တန်ဖိုးဒေါ်လာ ၁၇ ဒသမ ၂၁ ဘီလီယံ ရှိသည့်အတွက် သွင်းကုန်တန်ဖိုးဒေါ်လာ ၁ ဒသမ ၄၃ ဘီလီယံ ပိုမိုဆောင်ရွက်နိုင်ခဲ့ပါသည်။

၄။ ပြည်ပသွင်းကုန်ပစ္စည်းများ အုပ်စုအလိုက် တင်သွင်းမှုကို ယခင်နှစ်ကာလတူနှင့် နှိုင်းယှဉ်လျှင် အောက်ပါအတိုင်း ပိုမိုတင်သွင်းနိုင်ခဲ့ပါသည်-

**တန်ဖိုး-ဒေါ်လာသန်းပေါင်း**

| စဉ် | အကြောင်းအရာ | ၂၀၁၇-၂၀၁၈ (ဧပြီလမှမတ်လထိ) | ၂၀၁၆-၂၀၁၇ (ဧပြီလမှမတ်လထိ) | နှိုင်းယှဉ်ချက် (+)/(-) |
|---|---|---|---|---|
| ၁ | ရင်းနှီးမြှုပ်နှံမှုကုန်ပစ္စည်းများ | ၆၅၇၄.၈၄၇ | ၆၉၁၉.၃၉၄ | -၃၄၄.၅၄၇ |
| ၂ | လုပ်ငန်းသုံးကုန်ကြမ်းပစ္စည်းများ | ၇၆၇၀.၁၆၃ | ၆၁၆၅.၃၅၅ | ၁၅၀၄.၈၀၈ |
| ၃ | လူသုံးကုန်ပစ္စည်းများ | ၄၄၀၃.၅၉၆ | ၄၁၂၆.၃၁၃ | ၂၇၇.၂၈၃ |
| | စုစုပေါင်း | ၁၈၆၄၈.၆၀၆ | ၁၇၂၁၁.၀၆၂ | ၁၄၃၇.၅၄၄ |

**သတင်းစဉ်**

# နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်

**နေပြည်တော် မေ ၁၀**

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီး အောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့တွင် နေ့အပူချိန်များ အနည်းငယ်တိုးလာနိုင်သည်။

ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော် အရှေ့တောင်ပိုင်းတို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် တိမ်အနည်းငယ် ဖြစ်ထွန်းနေသည်။

**မိုး/ဇလ**

# လူတိုင်းလက်လှမ်းမီသည့် ကျန်းမာရေးစောင့်ရှောက်မှုရရှိနိုင်ရန် လိုအပ်သောဆေးဝါးများကို ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက ဝယ်ယူထောက်ပံ့ပေးမှု

**နေပြည်တော် ဧပြီ ၁၀**

ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနအောက်ရှိ ဆေးရုံကြီးများ၊ ဆေးရုံများ၊ ဒေသန္တရ/ မိခင်ကလေး/ကျေးလက်ကျန်းမာရေးဌာန/ ဌာနခွဲများတွင် မရှိမဖြစ်သုံးစွဲရမည့် ဆေးဝါး (Essential Medicine)များကို ဆေးရုံ/ကျန်းမာရေးဌာနအဆင့်အလိုက် အဖြစ်အများဆုံးရောဂါများအပေါ်တွင် မူတည်၍ ကျွမ်းကျင်သူများ၊ ပါမောက္ခဆရာဝန်ကြီးများနှင့်တိုင်ပင်၍ တင်ဒါစနစ်ဖြင့်ဝယ်ယူခဲ့ပြီး ဖြန့်ဖြူးပေးခဲ့ပါသည်။ နိုင်ငံတော်အစိုးရအနေဖြင့် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနသို့ (၂၀၁၆-၂၀၁၇) ခု၊ ဘဏ္ဍာနှစ်တွင် ကျပ်သန်းပေါင်း (၈၈၁,၇၆၉.၁၁၄)၊ (၂၀၁၇-၂၀၁၈) ခု၊ ဘဏ္ဍာနှစ်တွင် ကျပ်သန်းပေါင်း (၁,၁၁၆,၅၅၇.၀၉၂) ကို ခွင့်ပြုပေးခဲ့ပါသဖြင့် အဆိုပါရန်ပုံငွေများမှဆေးဝါးများဝယ်ယူရန်အတွက် (၂၀၁၆-၂၀၁၇) ခု၊ ဘဏ္ဍာနှစ်တွင် ကျပ်သန်းပေါင်း (၁၄၉,၂၉၅.၆၉၀) ကိုလည်းကောင်း၊ (၂၀၁၇-၂၀၁၈) ခု၊ ဘဏ္ဍာနှစ်တွင် ကျပ်သန်းပေါင်း (၁၆၈၂၂.၉၃၀) ကိုလည်းကောင်း သုံးစွဲခဲ့ပါသည်။

ထို့အပြင် ငှက်ဖျား၊ တီဘီ၊ HIV၊ ဆင်ခြေထောက်ရောဂါ၊ အနာကြီးရောဂါစသောရောဂါကင်းဝေးရေးစီမံချက်များအတွက် လိုအပ်သောဆေးဝါးများနှင့် ကာကွယ်ဆေးများကို ကမ္ဘာ့ရန်ပုံငွေအဖွဲ့၊ ကုလသမဂ္ဂအဖွဲ့အစည်းများ၊ နိုင်ငံတကာအလှူရှင်အဖွဲ့အစည်းတို့မှ လုံလောက်စွာထောက်ပံ့ပေးခဲ့ပါသဖြင့် အခမဲ့ကုသပေးလျက်ရှိပါသည်။

သို့ရာတွင် အဖြစ်နည်းသောရောဂါများအတွက် ဆေးဝါးများ၊ ကုန်ကျစရိတ်ကြီးမားသောဆေးဝါးများ၊ မူရင်းဆေးဝါးကုမ္ပဏီမှ ထုတ်လုပ်သောဆေးဝါးများ၊ လူနာတစ်ဦးချင်း၏ရောဂါအပေါ်မူတည်၍ အခြားထပ်မံလိုအပ်သောဆေးဝါးများကို ဝန်ကြီးဌာနအနေနှင့် အပြည့်အဝဖြည့်ဆည်းပေးနိုင်ခြင်းမရှိသေးသော်လည်း အတတ်နိုင်ဆုံး ဖြည့်ဆည်းပေးလျက်ရှိပါသည်။ ထိုသို့ဖြည့်ဆည်းပေးမှုကြောင့် ဆေးရုံတက်ရောက်ကုသနေသောလူနာများ၏ စိုက်ထုတ်ရသောကုန်ကျစရိတ်ကို သိသာစွာ လျှော့ချပေးနိုင်ခဲ့ပါသည်။ အသည်း၊ ကျောက်ကပ်၊ ရိုးတွင်းခြင်ဆီအစားထိုး၊ အချို့သောကင်ဆာရောဂါ အစရှိသော ရောဂါများကုသမှုအတွက် ဆေးဝါးများကိုမူ အပြည့်အဝထောက်ပံ့မှုမပေးနိုင်သေး၍ ထောက်ပံ့ပေးနိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိပါသည်။

မြန်မာနိုင်ငံသည် ဝင်ငွေနည်းသောနိုင်ငံတစ်ခုဖြစ်သော်လည်း ဆေးဝါးများဝယ်ယူရေးအတွက် ပိုမိုသုံးစွဲလျက်ရှိရာလူတိုင်းလက်လှမ်းမီသော ကျန်းမာရေးစောင့်ရှောက်မှုကိုပိုမိုရရှိရန် စဉ်ဆက်မပြတ်ဆောင်ရွက်လျက်ရှိပါသည်။

၂၀၁၆ ခုနှစ်နှင့် ၂၀၁၇ ခုနှစ် (၂) နှစ်တွင် ပြင်ပလူနာသစ်ပေါင်း (၂၆) သန်းနှင့် အတွင်းလူနာပေါင်း (၅ ဒသမ ၆) သန်းကို ကုသမှုပေးခဲ့ပါသည်။ ထို့အပြင် ကွင်းဆင်းရာတွင် ကျန်းမာရေးစောင့်ရှောက်မှုပေးခဲ့သည့်အကြိမ်ပေါင်း (၂၁ ဒသမ ၃) သန်းရှိပါသည်။

ဆေးရုံကြီးများ၊ ဆေးရုံများ၊ ဒေသန္တရ/ မိခင်ကလေး/ ကျေးလက်ကျန်းမာရေးဌာန/ ဌာနခွဲများတွင် လိုအပ်ချက်နှင့်အညီလျာထား၊ တင်ပြ၊ ဝယ်ယူသည့်စနစ်ကို ပိုမိုကောင်းမွန်အောင် မြှင့်တင်ဆောင်ရွက်လျက်ရှိပါသဖြင့် လျာထားဆေးဝါးများ ပြတ်လပ်ခြင်း၊ လေလွင့်ခြင်းများလျော့နည်းလျက်ရှိပါကြောင်း သတင်းထုတ်ပြန်အပ်ပါသည်။

**ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန**

# ထောက်ကြန့်အဝင်လမ်းဆုံတွင် ယာဉ်နှစ်စီးတိုက်၊ အမျိုးသားငါးဦးနှင့် ကလေးငယ်တစ်ဦးသေဆုံး

**ရန်ကုန် ဧပြီ ၁၀**

ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ် ထောက်ကြန့်အပိုင် နယ်မြေအတွင်း၌ ဧပြီ ၁၀ ရက် နံနက် ၇နာရီ မိနစ်၄၀ ခန့်က ခရီးသည်တင်ယာဉ်နှစ်စီးတိုက်မိရာမှ ယာဉ်ပေါ်တွင် လိုက်ပါလာခဲ့ကြသည့် ခရီးသည် ခြောက်ဦးသေဆုံးမှုဖြစ်ပွားခဲ့သည်။



ယာဉ်တိုက်မှုဖြစ်ပွားခဲ့သည့် ဟိုင်းလပ်ယာဉ်ကိုတွေ့ရစဉ်။

**အရှိန်ပြင်းစွာတိုက်**

လှည်းကူးဘက်မှ ထောက်ကြန့်ဘက်သို့ ယာဉ်မောင်း ကိုစိုးနိုင်မောင်းနှင်သည့် မီနီဘတ် BGO / 2G/--- သည် ထောက်ကြန့်အဝင်လမ်းဆုံအရောက်၌ တစ်ဖက်ယာဉ်ကြောထောက်ကြန့်ဘက်မှ လှည်းကူး ဘက်သို့ မောင်းနှင်လာသည့် ယာဉ်မောင်း (စုံစမ်းဆဲ) ဟိုင်းလပ် R/--- (သနပင်-ရန်ကုန်)သည် မောင်းနှင်လာရာမှ ကားအောက် ပိုင်းတိုင်းရော့ ပြုတ်သွားပြီး မီနီဘတ်ကို အရှိန်ပြင်းစွာတိုက်မိခဲ့ခြင်းဖြစ်သည်။

ယာဉ်တိုက်မှုကြောင့် ခရီးသည်များအနက် ဦးအောင်ဆန်းဦး (၄၈ နှစ်) ကျွန်းကလေး၊ လှည်းကူးမြို့ ဦးဘိုမြင့် (၅၄ နှစ်) ကညင်ကုန်းကျေးရွာ လှည်းကူးမြို့ ဦးစန်းမြင့် (၄၃ နှစ်) အမှတ် ၃ တိုးဂိတ်၊ ကိုရဲထွန်းနိုင် (၂၂ နှစ်) ၁၂ ရပ်ကွက် ရန်ကင်းမြို့နယ်၊ မသန္တာစိုး (၈ နှစ်) ကျောင်းကုန်းမြို့နယ် ဧရာဝတီတိုင်းဒေသကြီးနေသူတို့ သေဆုံးခဲ့သည်။

ဒဏ်ရာရသူ ၂၀ ကို မင်္ဂလာဒုံမြို့နယ် မီးသတ်တပ်ဖွဲ့မှူး ဦးမြင့်ခိုင် ဦးစီးသော ကယ်ဆယ်ရေးအဖွဲ့ဝင်များက အင်းစိန်မြို့နယ် ပြည်သူ့ဆေးရုံကြီးနှင့် နီးစပ်ရာဆေးရုံများသို့ပို့ဆောင်ပေးခဲ့သည်။

ထိုသို့ ပို့ဆောင်ရာ၌ ဒဏ်ရာရသူများထဲမှ ဦးလွင်ဦး (နေရပ်လိပ်စာစုံစမ်းဆဲ) ထပ်မံသေဆုံးသွားကြောင်း မီးသတ်အရာရှိက ထပ်မံပြောကြားခဲ့သည်။

**အမှုဖွင့်အရေးယူ**

ဟိုင်းလပ်ယာဉ်မောင်း (စုံစမ်းဆဲ) အား ထောက်ကြန့်ရဲစခန်းက အမှုဖွင့်အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရှိရသည်။

**ကိုကြီးတင်**

# မြင်းခြံမြို့ ဆေးဆိုင်မှ မှတ်ပုံတင်ထားခြင်းမရှိသည့် ဆေးများဖမ်းဆီးရမိ

**မြင်းခြံ ဧပြီ ၁၀**

မန္တလေးတိုင်းဒေသကြီး မြင်းခြံခရိုင် မြင်းခြံမြို့နယ်တွင် ဧပြီ ၉ရက် ည ၈နာရီခန့်က နေရှင်နယ် ဆေးဆိုင်မှ မှတ်ပုံတင်ထားခြင်းမရှိသည့် (ကာမအားဆေးပြား) များ ဖမ်းဆီးရမိကြောင်း သိရသည်။

တားမြစ်ဆေးများရောင်းချနေကြောင်း သတင်းအရ နယ်ထိန်းခေါင်းဆောင် ဒုရဲအုပ်နိုင်ဝင်းထွန်း ဦးစီးရဲတပ်ဖွဲ့ဝင်များသည် မြင်းခြံမြို့အမှတ်-၂ ရပ်ကွက်နေ ဆေးဆိုင်ပိုင်ရှင် ဦးတင်လှ(ခ)ကလီမူလာ၏ မြင်းခြံမြို့ အမှတ်-၇ ရပ်ကွက် နေရှင်နယ်ဆေးဆိုင်အား ဝင်ရောက်ရှာဖွေရာ မှတ်ပုံတင်ထားခြင်းမရှိသည့် MAX MAX, Red Viagra အပါအဝင် ဆေးဘူး၊ ဆေးကတ်များနှင့်အတူ ဦးတင်လှ(ခ)ကလီမူလာအား ဖမ်းဆီးရမိပြီး ၎င်းအား မြင်းခြံရဲစခန်းက ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**ဘိုဘို(မလှိုင်)**

# နတ်မောက်မြို့နယ် ယာခင်းအတွင်း၌ အသတ်ခံရသည့် အမျိုးသမီးတစ်ဦးအလောင်းတွေ့ရှိ

**နတ်မောက် ဧပြီ ၁၀**

နတ်မောက်မြို့နယ်၌ ယာခင်းအတွင်း အသတ်ခံရသည့် အမျိုးသမီးအလောင်းအား ဧပြီ ၉ ရက်က တွေ့ရှိခဲ့ကြောင်း ရွှေပန်းတောနယ်မြေရဲစခန်းမှ သိရသည်။

နတ်မောက်မြို့နယ် ဝါပန်ကျေးရွာ၏ အနောက်ဘက် ပင်းမြို့-ဝါပန်ဖွံ့ဖြိုးရေးလမ်း၏ တောင်ဘက် ဦးကျော်လှ၏ ယာခင်းအတွင်း ဧပြီ ၉ ရက် မွန်းလွဲ ၂ နာရီက အမျိုးသမီးတစ်ဦး သေဆုံးနေကြောင်းသတင်းအရ ရွှေပန်းတောနယ်မြေရဲစခန်းမှူး ရဲအုပ်စောဂမေး သွားရောက်စစ်ဆေးခဲ့ရာ ဦးကျော်လှ၏ ယာခင်းအနောက်စပ် ရှားပင်အောက်တွင် ပုပ်ပွနေသောအမျိုးသမီးတစ်ဦးအား ပက်လက်အနေအထား မျက်နှာညိုမည်း၊ ဝမ်းဗိုက်ပေါက်ပြဲဒဏ်ရာများဖြင့် ဓမ္မတာအတိုင်းမဟုတ်ဘဲ သေဆုံးနေသည်ကို တွေ့ရှိရသည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ စုံစမ်းခဲ့ရာ သေဆုံးသူမှာ မတင်ဇာထွန်း (၂၅ နှစ်) ပ/လက္ခုပ္ပပင်ကျေးရွာ နတ်မောက်မြို့နယ်နေသူဖြစ်ကာ ၎င်းမှာ ဧပြီ ၆ ရက်က ရန်ကုန်မှ ရွာသို့ ပြန်လာခဲ့ခြင်းဖြစ်ကြောင်း စုံစမ်းသိရှိခဲ့ပြီး မတင်ဇာထွန်းကို သေဆုံးအောင် ပြုလုပ်သူအား စုံစမ်းဖော်ထုတ်အရေးယူရန် နတ်မောက်မြို့နယ် ရွှေပန်းတောနယ်မြေရဲစခန်းက အမှုဖွင့်စစ်ဆေးလျက်ရှိကြောင်း သိရသည်။

**ကျော်ဇေယျ**

# ခရီးသည် ၁၀ ဦးပါ မှန်လုံယာဉ်ငယ် ဝိုင်ယာရှော့ဖြစ် မီးလောင်

**မကွေး ဧပြီ ၁၀**

မကွေးတိုင်းဒေသကြီး မကွေးမြို့နယ် ရှားပင်လှကျေးရွာအနီး မကွေး-တောင်တွင်းကားလမ်းတွင်ဧပြီ ၁၀ ရက် မွန်းလွဲ၂ နာရီ မိနစ်၅၀ က ယာဉ်တစ်စီး မီးလောင်ကျွမ်းမှုဖြစ်ပွားခဲ့ကြောင်း မကွေးနယ်မြေရဲစခန်းမှ သိရသည်။

ယာဉ်မီးလောင်ကြောင်းသတင်းအရ ယင်းဆိပ်ရဲကင်းစခန်းမှ ရဲအုပ်သန်းစိုးနှင့်အဖွဲ့သည် ဆူးကောက်စမ်းကျေးရွာအုပ်ချုပ်ရေးမှူး ဦးကျော်ကျော်နှင့်အတူ သွားရောက်စစ်ဆေးခဲ့ရာ အောင်လံမြို့မှ ပခုက္ကူမြို့သို့ အောင်လံမြို့ ကျောက်ဆည်ရွာနေသူ ယာဉ်မောင်း ဦးသိန်းဇော် (၄၇ နှစ်) မောင်းနှင်လာသော 5N/----- ခရီးသည်တင် IVECO မှန်လုံယာဉ်သည် ခရီးသည် ၁၀ ဦး တင်ဆောင်မောင်းနှင်လာစဉ် မကွေး-တောင်တွင်းကားလမ်း မိုင်တိုင်အမှတ် ၃၁၈/၆ နှင့် ၃၁၈/၇ ကြား ရှားပင်လှကျေးရွာအနီးအရောက်တွင် ကားဒက်ရှ်ဘုတ်ထဲမှ ဝိုင်ယာရှော့ဖြစ်ပြီး မီးလောင်မှုဖြစ်ပွားခဲ့ကြောင်း၊ မီးလောင်မှုကြောင့် ခရီးသည်များ ထိခိုက်ဒဏ်ရာရရှိခဲ့ခြင်းမရှိကြောင်း သိရသည်။

မီးလောင်မှုနှင့် ပတ်သက်၍ ယာဉ်မောင်း ဦးသိန်းဇော်အား မကွေးနယ်မြေရဲစခန်းက အမှုဖွင့် စစ်ဆေးလျက်ရှိကြောင်း သိရသည်။

**မျိုးမင်းဦး(မကွေး)**

# ပဲခူးမြို့နယ်၌ လူသတ်မှု ကျူးလွန်သူအား ရဲတပ်ဖွဲ့ဖော်ထုတ်ဖမ်းဆီး

**ပဲခူး ဧပြီ ၁၀**

ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့နယ် အင်းတကော်မြို့ရဲစခန်းပိုင် နယ်မြေအတွင်း လူသတ်မှုကျူးလွန်သူကို ရဲတပ်ဖွဲ့ဝင်များ ဖော်ထုတ်ဖမ်းဆီးခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဖေဖော်ဝါရီ ၁ ရက် နံနက်က အင်းတကော်မြို့ထီးဘုရားအနီး၌ လူတစ်ဦးသေဆုံးနေကြောင်းသိရသဖြင့် အင်းတကော် နယ်မြေရဲစခန်းမှူး ရဲအုပ်ကျော်တင်ဦးနှင့်အဖွဲ့ သွားရောက်စစ်ဆေးခဲ့ရာ သေဆုံးသူမှာ နေလင်းဦး(ခ)အရှည်မ နဒီလှိုင်းအလှပြင်ဆိုင် ညောင်အင်းကျေးရွာ ပဲခူးမြို့နေသူဖြစ်ပြီး ၎င်းမှာ ဓားဒဏ်ရာများဖြင့် သေဆုံးနေခြင်းဖြစ်ကြောင်း သိရသဖြင့် အမှုဖွင့်စစ်ဆေးဆောင်ရွက်ခဲ့ကြောင်း သိရသည်။

သေဆုံးသူသည် အင်းတကော်မြို့ ဓမ္မသိုက်ဘုရားပွဲတော်သို့ ဟိန်းမင်းစိုး (ခ) ဖိုးကုလား ဆယ်မိုင်ကုန်း ကျေးရွာအမှတ် ၂ ရပ်ကွက် အင်းတကော်မြို့နေသူနှင့် အတူသွားစဉ် အချင်းချင်းစကားများကြရာမှ ဟိန်းမင်းစိုး(ခ)ဖိုးကုလားက ဓားဖြင့်ထိုးခဲ့ခြင်းဖြစ်ကြောင်း၊ ၎င်းအား မတ် ၃၀ ရက်တွင် ပဲခူးမြို့ ညောင်အင်းလမ်းဆုံ၌ ဖမ်းဆီးရမိခဲ့ပြီး ဖြစ်စဉ်နှင့် ပတ်သက်၍ ဆက်လက် စစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း ရဲတပ်ဖွဲ့၏ မှတ်တမ်းများအရ သိရသည်။

**သန့်စင်(ပဲခူး)**

# မူဆယ်သွားမည့် ခရီးသည်တင်ယာဉ်၌ အံဝှက်ပြုလုပ်သယ်ဆောင်သည့် ပီတောက်ခွားရွေချောင်းများ ဖမ်းမိ

**နေပြည်တော် ဧပြီ ၁၀**

တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့်မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းတို့အား ဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့များဖြင့် ၂၀၁၇ ခုနှစ် မတ် ၁ ရက်က စတင်ဖွင့်လှစ်ဆောင်ရွက်ခဲ့ပြီး ဧပြီ ၉ ရက်တွင် မန္တလေး-မူဆယ် ပြည်ထောင်စုလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၁၂၀၆ စီး၊ သွင်းကုန် ၈၉၅ စီး၊ ရန်ကုန် - မြဝတီ လမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ်ပို့ကုန် ၆၃ စီး၊ သွင်းကုန်အစီး ၁၉၀ ကုန်စည်များ သယ်ယူပို့ဆောင်လျက်ရှိသည်။

အဆိုပါ စစ်ဆေးရေးစခန်းများက တင်သွင်း၊ တင်ပို့သော ကုန်ပစ္စည်းများအား စစ်ဆေးမှုပြုလုပ်ဆောင်ရွက်လျက်ရှိရာ ဧပြီ ၉ ရက်က ရေပူအမြဲတမ်းစစ်ဆေးရေးစခန်းမှ တားဆီးမှုသုံးမှု ခန့်မှန်းတန်ဖိုးငွေကျပ် ၄၄ ဒသမ ၂၅၈ သန်းခန့်၊ မရမ်းချောင်အမြဲတမ်း စစ်ဆေးရေးစခန်းမှ တားဆီးမှု ၁၀ မှု ခန့်မှန်းတန်ဖိုးငွေကျပ် ၁၀၈ ဒသမ ၃၀၈ သန်းခန့် စုစုပေါင်းတားဆီးမှု ၁၃ မှု ခန့်မှန်းတန်ဖိုး ငွေကျပ် ၁၅၂ ဒသမ ၅၇၆ သန်းခန့်အား ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

ထူးခြားဖမ်းဆီးမှုအနေဖြင့် ဧပြီ ၉ ရက်တွင် မန္တလေးမြို့နှင့်မူဆယ်မြို့များသို့ သွားရောက်မည့်ယာဉ်များအား ရေပူအမြဲတမ်းစစ်ဆေးရေးစခန်း ပူးပေါင်းစစ်ဆေးရေးအဖွဲ့မှ စစ်ဆေးမှုများဆောင်ရွက်စဉ် မူဆယ်မြို့သို့ သွားရောက်မည့် ခရီးသည်တင် မော်တော်ယာဉ်တစ်စီးအား စစ်ဆေးခဲ့ရာ ယာဉ်၏နောက်ဘက်နှင့် ဆီတိုင်ကီတို့တွင် အံဝှက်ပြုလုပ်၍ တရားမဝင် သယ်ဆောင်လာသော ပီတောက်ခွားရွေ ၄၆ ချောင်း၊ (၀ ဒသမ ၉၄၉၄ တန်) နှင့် ပစ္စည်းသယ်ဆောင်သည့်ယာဉ်တစ်စီး စုစုပေါင်းခန့်မှန်းတန်ဖိုး ငွေကျပ် ၄၂ ဒသမ ၈၄၈ သန်းခန့်အား စစ်ဆေးတွေ့ရှိ၍ ဖမ်းဆီးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## မြန်မာ့ရုပ်မြင်သံကြား

၁၁ -၄-၂၀၁၈ (ဗုဒ္ဓဟူးနေ့)

**နံနက်ပိုင်း**

- ၆း၀၀ - မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
- ၇း၀၀ - Breakfast News
- ၇း၃၅ - မြန်မာ့ငွေကြေး ဈေးကွက်ဆိုင်ရာ စကားဝိုင်း
- ၈း၃၅ - **နိုင်ငံတော်အစိုးရ၏ ပြည်သူ့အတွက် ဒုတိယတစ်နှစ်တာ** (သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန)
- ၉း၁၀ - စိုက်ပျိုးရေးရာအဖြေရှာ **စူးစမ်းလေ့လာ တောင်သူများဆီမှာ**
- ၉း၃၅ - ကြယ်ပွင့်များရဲ့ အကယ်ဒမီရင်ခုန်သံ (ထပ်ဆင့်အကယ်ဒမီ စင်ရော်မောင်မောင်)
- ၁၀း၃၀ - Catch Asia News
- ၁၀း၄၀ - ပြည်သူ့နီတိ **အကြွေး**
- ၁၁း၃၀ - ရှုဖွယ်စုံလင်အာဆီယံ အစီအစဉ်
- ၁၂း၃၅ - **သင်္ကြန်ဟုခေါ်ပါသည်**
- ၁၃း၁၅ - ငြိမ်းချမ်းရေးဂီတပွဲတော် ထုတ်လွှင့်မှုအစီအစဉ် (Leve-l ) (စစ်တွေမြို့) (ပထမပိုင်း)
- ၁၅း၃၅ - သုံးသပ်ရှုမြင်မြန်မာ့ရုပ်ရှင် **သရဲဆိုတာချို (ဂျို)နဲ့လားဟေ့** (ရန်အောင်၊ မင်းမော်ကွန်း၊ ဖွဲ့ပြည့်၊ မို့မို့မြင့်အောင်၊ ယမင်းမေဦး) (ဒါရိုက်တာ-အိအိခိုင်)

**ညပိုင်း**

- ၁၇း၀၅ - အနုပညာခန်းရိပ်သာ **ဂီတစာဆို- အလင်္ကာကျော်စွာ ဟသ်ာတမြင့်ငွေနှင့် တွေ့ဆုံခန်း**
- ၁၇း၃၅ - MRTV Travelogue
- ၁၈း၃၅ - ဘ၀ထဲကဝတ္ထု၊ ဝတ္ထုထဲကဘ၀ **ကံကြမ္မာရဲ့အရသာ**
- ၁၉း၁၅ - **ရိုးရာမပျက် ယဉ်ကျေးစွာဆင်နွှဲ မြန်မာတို့ရဲ့မဟာသင်္ကြန်ပွဲ**
- ၂၀း၀၀ - ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း၊ မိုးလေဝသအခြေအနေ
- ၂၀း၃၅ - **နိုင်ငံတော်အစိုးရ၏ ပြည်သူ့အတွက် ဒုတိယတစ်နှစ်တာ** (တိုင်းရင်းသားလူမျိုးများရေးရာ ဝန်ကြီးဌာန)
- - နိုင်ငံခြားဇာတ်လမ်းတွဲ **တရားရှင်နှင့်ဓားဘုရင်** (နောက်ဆုံးရင်သွေး) (အပိုင်း-၃)
- - သုခုမရင်ခွင်အငြိမ့်သဘင် **ဇောင်းအငြိမ့်** (မင်းသမီး-ပပခင်၊ လူရွှင်တော်- ပေါက်စီ၊ အောင်ချစ်၊ ပေါင်မုန့်၊ ချစ်ဦး) (ဒါရိုက်တာ- ဖုန်းမြင့်အောင်)

❖ *ကျောဖုံးမှ*

ပရိတ်သတ်တွေ လာရောက်အားပေးဖို့ရှိပြီး အနိုင်ရလဒ်အတွက် အကောင်းဆုံးယှဉ်ပြိုင်မှာပါ”ဟု ပြောကြားသည်။

ရန်ကုန်အသင်းနှင့်ဘာလီယူနိုက်တက်ပွဲကို ဧပြီ ၁၁ ရက် **(ယနေ့)** ညနေ ၃ နာရီခွဲတွင် သုဝဏ္ဏကွင်း၌ ကျင်းပမည်ဖြစ်သည်။ ထို့အပြင် မြန်မာကလပ်အသင်းဖြစ်သော ရှမ်းယူနိုက်တက်အသင်းသည် စင်ကာပူနိုင်ငံ၌ အဝေးကွင်းပွဲကစားရမည်ဖြစ်ပြီး မြန်မာစံတော်ချိန် ညနေ ၆ နာရီတွင် ဂျလန်ဘီဆာကွင်း၌ ဟုမ်းယူနိုက်တက်အသင်းနှင့် ကစားရမည်ဖြစ်သည်။

**ညီမြတ်သော်တာ**



## မိုးကောင်းမြို့ရှိ စစ်ဘေးရှောင်စခန်းများသို့ ထောက်ပံ့ငွေ လာရောက်ပေးအပ်လှူဒါန်း

**မိုးကောင်း ဧပြီ ၁၀**

ကချင်ပြည်နယ် မိုးကောင်းမြို့ရှိ စစ်ဘေးရှောင်(IDP Camp) ဖြစ်သော နတ်ကြီးကုန်း၊ မဟောင်၊ ကျွန်းတောရပ်ရှိ Camp သုံးခုသို့ ဧပြီ ၁၀ ရက် နံနက်ပိုင်းက ပြည်နယ်လူမှုရေးဝန်ကြီး ဒေါက်တာသင်းလွင် ဦးဆောင်သော ပြည်နယ်ဝန်ကြီးချုပ်၏ ဇနီး ဒေါက်တာဂျေကော့ဘူနှင့် အဖွဲ့၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ပြည်နယ်ညွှန်ကြားရေးမှူး ဒေါ်မြမာလာစိုးတို့သည် မိုးကောင်းမြို့ရှိ စစ်ဘေးရှောင်(IDP Camp)များသို့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဝင်းနိုင်၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါက်တာခင်မကြီးတို့နှင့်အတူ ထောက်ပံ့ငွေများ သွားရောက်လှူဒါန်းခဲ့သည်။ **(အပေါ်ပုံ)**

အဆိုပါ ထောက်ပံ့မှုတွင် Camp သုံးခုရှိ အိမ်ထောင်စု ၃၉ စုမှ ငါးနှစ်အောက်ကလေးတစ်ဦးလျှင်ငွေကျပ် ငါးသောင်း၊ ကိုယ်ဝန်ဆောင်မိခင် တစ်ဦးလျှင် ငွေကျပ်တစ်သိန်း၊ အမျိုးသမီး ဦးဆောင်အိမ်ထောင်စု တစ်စုလျှင် ငွေကျပ် ငါးသောင်းနှင့် ပြည်နယ်အစိုးရအဖွဲ့က ပန်းစပယ်ကုမ္ပဏီမှ လှူဒါန်းသော အနွေးထည် အင်္ကျီများကို ပေးအပ်ခဲ့သည်။

**မင်းမင်းဦး**

❍ *ကျောဖုံးမှ*

ပြုလုပ်ခဲ့ကာ နောက်ခံလူ နန့်ဇူဇူထက်နေရာတွင် သစ္စာအားမာန်အသင်းမှ လူငယ်နောက်ခံ ကစားသမား ယမင်းလွင်ကို အစားထိုး ခေါ်ယူခဲ့သည်။ မြန်မာအမျိုးသမီးအသင်းသည် လက်ရှိအချိန်ထိ ပြည်တွင်းခြေစမ်းပွဲသုံးပွဲကစားထားပြီးမေလမှ စတင်ကာ ခြေစမ်းပွဲများ ဆက်တိုက်ကစားမည် ဖြစ်သည်။

မြန်မာအမျိုးသမီး အသင်းသည် မေလတွင် တောင်ကြီးနှင့် မန္တလေးမြို့သို့ သွားရောက်၍ ခြေစမ်းပွဲငါးပွဲယှဉ်ပြိုင်ကစားမည်ဖြစ်ပြီး အား/ကာသိပ္ပံနှင့် လူငယ်ဘောလုံးအကယ်ဒမီတို့မှ အမျိုးသားလူငယ်အသင်းများနှင့် ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ ထို့ပြင် ဇွန်လတွင် ပြည်ပနိုင်ငံများသို့ သွားရောက်၍ ခြေစမ်းပွဲများ ယှဉ်ပြိုင်ကစားမည်ဖြစ်ပြီး ထိုင်းနိုင်ငံတွင် ထိုင်းလက်ရွေးစင်အသင်း အပါအဝင် ခြေစမ်းပွဲသုံးပွဲ ကစားမည်ဖြစ်သည်။ ထို့ပြင် ၂၀၁၈ အာဆီယံ အမျိုးသမီးပြိုင်ပွဲကို အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် အင်ဒိုနီးရှားနိုင်ငံသို့ ကြိုတင်သွားရောက်ကာ ခြေစမ်းပွဲများ ယှဉ်ပြိုင်ကစားမည် ဖြစ်သည်။ မြန်မာအမျိုးသမီးအသင်းသည်အိမ်ရှင် အင်ဒိုနီးရှားအသင်းနှင့် ခြေစမ်းပွဲတစ်ပွဲ သို့မဟုတ် နှစ်ပွဲယှဉ်ပြိုင်ကစားမည် ဖြစ်သည်။ မြန်မာအမျိုးသမီးအသင်းသည် ပြီးခဲ့သည့်နှစ်က ယှဉ်ပြိုင်ခဲ့သည့် နိုင်ငံတကာပြိုင်ပွဲများတွင် မျှော်မှန်းထားသလောက်အောင်မြင်မှုမရခဲ့သောကြောင့် ယခုနှစ်တွင် နည်းပြအပြောင်းအလဲ ပြုလုပ်ထားပြီး နည်းပြချုပ်အဖြစ်ဦးဝင်းသူမိုးက ကိုင်တွယ်လျက်ရှိသည်။ ဦးဝင်းသူမိုးသည် မြန်မာအမျိုးသမီးအသင်းအား အောင်မြင်သည့်အသင်း တစ်သင်းဖြစ်လာစေရန် တည်ဆောက်လျက်ရှိပြီး ပြင်ဆင်မှုများ ပြုလုပ်လျက်ရှိသည်။ မြန်မာအမျိုးသမီးအသင်းသည် ဧပြီ ၁၁ ရက်မှ ၁၉ ရက်အထိ လေ့ကျင့်မှု ရပ်နားမည်ဖြစ်ပြီး ဧပြီ ၂၀ ရက်တွင် လေ့ကျင့်မှုပြန်လည် ပြုလုပ်မည်ဖြစ်သည်။

၂၀၁၈ အာဆီယံ အမျိုးသမီးပြိုင်ပွဲကို ဇွန် ၃၀ ရက်မှ ဇူလိုင် ၁၃ ရက်အထိ ကျင်းပမည်ဖြစ်ပြီး မြန်မာအသင်းသည် အုပ်စု (ခ)တွင် ဗီယက်နမ်၊ ဖိလစ်ပိုင်၊ အင်ဒိုနီးရှား၊ စင်ကာပူတို့နှင့်အတူ ကျရောက်နေကာ အုပ်စု (က) တွင် ထိုင်း၊ ဩစတြေးလျ၊ မလေးရှား၊ တီမောနှင့် ကမ္ဘောဒီးယားအသင်းတို့ ပါဝင်နေသည်။

**သတင်း-ညီမြတ်သော်တာ၊ ဓာတ်ပုံ-စိုးညွန့်**

## ထူးချွန်ကျောင်းသားများအား ဂုဏ်ပြု

**ဆော ဧပြီ ၁၀**

အခြေခံပညာအဆင့် လူရည်ချွန် သုံးဦးနှင့် အသက် ၁၃ နှစ်အောက် ပဏာမဘောလုံး မြန်မာ့လက်ရွေးစင်တစ်ဦးတို့အား ဆောမြို့ရှိ တော်ဝင်သဇင် မော်တော်ယာဉ်လိုင်းက ချီးကျူးဂုဏ်ပြုပွဲကို ဧပြီ ၁၀ ရက်မွန်းလွဲ ၂ နာရီတွင် တော်ဝင်သဇင် မော်တော်ယာဉ်ဂိတ်၌ ပြုလုပ်သည်။

ဂုဏ်ပြုပွဲတွင် ခရိုင်အလိုက် လူရည်ချွန် ရွေးချယ်ခံရသည့် ဆောမြို့နယ်အထကလောင်းရှည် ဒသမတန်းမှ မောင်လင်းရောင်ဝေ၊ ကျောက်ထုမြို့ အထကနဝမတန်းမှ မကေဇင်မြတ်၊ လက်ပန်းရွာ အထကအဋ္ဌမတန်းမှ မောင်ဖုန်းမြတ်ဟန်၊ ပဏာမဘောလုံး မြန်မာ့လက်ရွေးစင်အဖြစ် ရွေးချယ်ခံရသူ ဆောမြို့အထကမှ မောင်မျိုးဝင်းထွန်းတို့အား တာဝန်ရှိသူများက ငွေကျပ်တစ်သိန်းခွဲစီနှင့် ဂုဏ်ပြုလက်မှတ်များ ချီးမြှင့် ပေးအပ်ကြသည်။ **(အောက်ပုံ)**

**၁၀၁**



### အမည်မှန်

ဦးအုန်းခင်၏ သား လှိုင်းဘွဲ့မြို့နယ်၊ အထက(ရွှေဥဒန်း)၊ နဝမတန်း (D)မှ မောင်ချစ်သူ၏ အမည်မှန်မှာ စောအောင်ချစ်သူ ဖြစ်ပါသည်။

### အမည်မှန်

ပဲခူးတိုင်းဒေသကြီး၊ ကဝမြို့နယ်၊ ဖိုးရိုးစုကျေးရွာနေ ဦးလှသန်း ၇/ကဝန(နိုင်)၀၃၆၄၅၆၏ သမီး မကြည်ခိုင်၏ အမည်မှန်မှာ မကြည်ကြည်ခိုင် ၇/ကဝန(နိုင်)၁၃၅၈၈၂ ဖြစ်ပါကြောင်း။

**မကြည်ကြည်ခိုင်**

### ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 8D/8318 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးပါရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။**ကညန၊ ခရိုင်ရုံး (ရန်ကုန်တောင်ပိုင်း)၊ သန်လျင်မြို့**

### ကန့်ကွက်နိုင်ပါကြောင်း

ပုသိမ်မြို့၊ (၁၄)ရပ်ကွက်၊ ပန်းဆက်လမ်း၊ အကွက်အမှတ် (၁၄၄)၊ ပန်းဆက်အကွက်၊ ဦးပိုင်အမှတ်(C-၁၀)၊ ဧရိယာ ၀ဒသမ၀၆၉၈ဧကရှိ ဂရန်မြေကို ဦးဖြိုးသက်အောင် အမည်ဖြင့် စက်မှုစီးပွားမြေငှားဂရန် ဆက်သွယ်ရေးတာဝါတိုင် အသုံးပြုရန် လျှောက်ထားလာသည့်ကိစ္စနှင့် ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ကြော်ငြာပါသည့်ရက်မှစ၍ ၁၅ ရက်အတွင်း အထောက်အထားပြည့်စုံစွာဖြင့် ဤရုံးသို့ ကာယကံရှင်ကိုယ်တိုင် လာရောက် ဆက်သွယ်ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ပုသိမ်မြို့နယ်**

### ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့အသံနှင့်ရုပ်မြင်သံကြားအတွက် စက်ပစ္စည်းများ ဝယ်ယူရန် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ပြန်ကြားရေးဝန်ကြီးဌာန၊ မြန်မာ့အသံနှင့်ရုပ်မြင်သံကြားအတွက် လိုအပ်သော အောက်ဖော်ပြပါ စက်ပစ္စည်းများကို ပြည်တွင်းသုံးငွေ(ကျပ်)ဖြင့် ဝယ်ယူလိုပါသဖြင့် အိတ်ဖွင့်တင်ဒါများ တင်သွင်းကြရန် ဖိတ်ခေါ်အပ်ပါသည်-

| | | |
|---|---|---|
| (က) | ရုပ်မြင်သံကြားလုပ်ငန်းသုံးပစ္စည်းများ | 21 Items |
| (ခ) | အသံလွှင့်လုပ်ငန်းသုံးပစ္စည်းများ | 17 Items |
| (ဂ) | ရုံးလုပ်ငန်းသုံးပစ္စည်းများ | 6 Items |

၂။ အိတ်ဖွင့်တင်ဒါပုံစံများကို ၂၆-၃-၂၀၁၈ရက်မှ ၂၅-၄-၂၀၁၈ရက်ထိ နေ့စဉ် နံနက် ၉း၃၀နာရီမှ ညနေ ၄း၃၀နာရီအတွင်း မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၊ နေပြည် တော်(တပ်ကုန်း)တွင် လာရောက်ထုတ်ယူနိုင်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါများကို ၂၆-၄-၂၀၁၈ရက် နံနက် ၉း၃၀နာရီမှ ညနေ ၄း၃၀နာရီ အတွင်း မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၊ နေပြည်တော်(တပ်ကုန်း)ရှိ တင်ဒါအဖွဲ့ဝင် များရှေ့မှောက်တွင် လာရောက်ပေးသွင်းရန် ဖြစ်ပါသည်။ သတ်မှတ်ချိန်ကာလထက်ကျော်လွန်ပေးပို့လာသော တင်ဒါများကို ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။

၄။ အိတ်ဖွင့်တင်ဒါပုံစံ စည်းကမ်းချက်များနှင့် စက်ပစ္စည်းစာရင်း အသေးစိတ် အချက်အလက်များကို အောက်ပါလိပ်စာတွင် စုံစမ်းထုတ်ယူနိုင်ပါသည်။

**စက်ပစ္စည်းများ ဝယ်ယူရေးကော်မတီ**
**မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၊ နေပြည်တော်**
**ပြန်ကြားရေးဝန်ကြီးဌာန**
**ဖုန်း-၀၆၇-၇၉၄၈၃၊ ၀၆၇-၇၉၁၃၅၊ ၀၆၇-၇၉၄၁၁**

### ကန့်ကွက်နိုင်ပါကြောင်း

ပြည်မြို့၊ ခေတ္တရာရပ်ကွက်၊ အကွက်အမှတ်(၁၅-E)၊ ရှမ်းစုအကွက်၊ ဦးပိုင်အမှတ် ၂၂၈၊ မြေဧရိယာ ၀ဒသမ၀၅၅ဧကရှိမြေပေါ်တွင် ဒေါ်ဖြူဖြူဝင်းနှင့် ဦးအောင်မင်းသူတို့ မောင်နှမနှစ်ဦး အမည်ဖြင့် မြေငှားဂရန် လျှောက်ထားမည်ဖြစ်ပါ၍ ကန့်ကွက်လိုသူရှိပါက အထောက်အထားပြည့်စုံစွာဖြင့် ၁၄ ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**ဒေါ်ဖြူဖြူဝင်း ၇/ပမန(နိုင်)၀၈၈၄၇၈**
**ဦးအောင်မင်းသူ ၇/ပမန(နိုင်)၀၀၀၉၈၈**

### အိတ်ဖွင့်တင်ဒါ(Open Tender)ခေါ်ယူခြင်း

၁။ စစ်ကိုင်းတိုင်းဒေသကြီး၊ ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန ၂၀၁၈ခုနှစ် (ဧပြီလမှ စက်တင်ဘာလအထိ)ဘဏ္ဍာနှစ်၊ ပြည်ထောင်စုရန်ပုံငွေနှင့် တိုင်းဒေသကြီးအစိုးရအဖွဲ့ ရန်ပုံငွေဖြင့် မြို့နယ်(၃၇)မြို့နယ်တွင် ဆောင်ရွက်မည့် လမ်း၊ တံတားလုပ်ငန်းများအား ဘဏ္ဍာရေးနှစ်အတွင်း ပြီးစီးအောင်ဆောင်ရွက်ရန် အတွက် တိုင်းရင်းသားပုဂ္ဂလိက ဆောက်လုပ်ရေးလုပ်ငန်းရှင်များသို့ အိတ်ဖွင့်တင်ဒါပေးသွင်းရန်နှင့် ရုံးသုံးစက်ကိရိယာများဖြစ်သော ကွန်ပျူတာ(၄၈)စုံ၊ Printer(၄၈)လုံး၊ မိတ္တူကူးစက်(၄၇)လုံး၊ Faxဖုန်း(၄၈)လုံး၊ ရုံးသုံးပရိဘောဂပစ္စည်းများဖြစ်သော အရာရှိစားပွဲ(၄၉)လုံး၊ အမှုထမ်းစားပွဲ(၉၅)လုံး၊ လက်တင်ထိုင်ခုံ(၁)လုံး၊ ရိုးရိုးထိုင်ခုံ(၁၄၃)ခုံ၊ ဖိုင်တင်စင်(၂၃၅)စင်၊ ဗီရို(၁၄၃)လုံးတို့အတွက် ဝယ်ယူရန်ရှိသဖြင့် တိုင်းရင်းသားပုဂ္ဂလိကလုပ်ငန်းရှင်များသို့ အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန၊ ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၊ တယ်လီဖုန်းနံပါတ်-၀၇၁-၂၆၃၄၉သို့ (ရုံးချိန်အတွင်း)ဆက်သွယ်၍ လည်းကောင်း၊ လူကိုယ်တိုင် လာရောက်၍ လည်းကောင်း မေးမြန်းနိုင်ပါသည်။

၃။ တင်ဒါလျှောက်လွှာပုံစံများကို ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန၊ ညွှန်ကြားရေးမှူး(မြို့ပြ)ရုံးတွင် အောက်ပါအစီအစဉ်အတိုင်းဝယ်ယူနိုင်ကြောင်း အသိပေး ကြေညာအပ်ပါသည်။

| | | |
|---|---|---|
| (က) | တင်ဒါလျှောက်လွှာ စတင်ရောင်းချမည့်ရက် | ၁၁-၄-၂၀၁၈ရက် (ရုံးချိန်အတွင်း) |
| (ခ) | တင်ဒါလျှောက်လွှာ ရောင်းချမည့်နောက်ဆုံးရက် | ၁၀-၅-၂၀၁၈ရက် ညနေ ၁၆း၃၀နာရီအထိ |
| (ဂ) | တင်ဒါလျှောက်လွှာ တင်သွင်းရမည့်ရက် | ၁၁-၅-၂၀၁၈ရက် ညနေ ၁၆း၃၀နာရီအထိ |
| (ဃ) | တင်ဒါလျှောက်လွှာ တင်သွင်းရမည့်နေရာ | တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာမြို့ |

**တင်ဒါကော်မတီ**
**တယ်လီဖုန်း-၀၇၁-၂၆၃၄၉**

### ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 9F/4147 Toyota Hilux Surf KZN 185 S/W (4x4)R ယာဉ်လက်ဝယ်ရှိသူ ဦးကျော်ဝင်း ၁၂/ဗဟန(နိုင်)၀၅၀၈၅၅က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး(ရန်ကုန်အရှေ့ပိုင်း)၊ ရန်ကုန်မြို့**

### ပြည်ထောင်စုနယ်မြေ၊ နေပြည်တော် အင်ဂျင်နီယာချုပ်ရုံး၊ နေပြည်တော်လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်အတွင်း ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်၊ ဧပြီလမှစက်တင်ဘာလအထိ နေပြည်တော်ကောင်စီခွင့်ပြုရန်ပုံငွေဖြင့် ဆောင်ရွက်မည့် ဓာတ်အားလိုင်းနှင့် ဓာတ်အားခွဲရုံတည်ဆောက်ခြင်း လုပ်ငန်းများအား ဘဏ္ဍာရေးနှစ်အတွင်းပြီးစီးအောင် ဆောင်ရွက်နိုင်ရေးအတွက် မြန်မာနိုင်ငံသား လုပ်ငန်းရှင်များအား မြန်မာကျပ်ငွေဖြင့် အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

| | | |
|---|---|---|
| ၂။ | **တင်ဒါပုံစံစတင်ရောင်းချမည့် ရက်/အချိန်** | - ၁၁-၄-၂၀၁၈ ရက် နံနက် ၁၀နာရီ |
| ၃။ | **တင်ဒါပုံစံအရောင်းပိတ်မည့် ရက်/အချိန်** | - ၂၅-၄-၂၀၁၈ ရက် မွန်းလွဲ ၂နာရီ |
| ၄။ | **တင်ဒါတင်သွင်းရမည့်နောက်ဆုံး ရက်/အချိန်** | - ၁၁-၅-၂၀၁၈ ရက် မွန်းလွဲ ၂နာရီ |
| ၅။ | **တင်ဒါတင်သွင်းရမည့်နေရာ** | - အင်ဂျင်နီယာချုပ်ရုံး၊လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း၊ ပြည်ထောင်စုနယ်မြေ၊ နေပြည်တော် |

၆။ တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို ဖော်ပြပါဌာနတွင် ၁၁-၄-၂၀၁၈ ရက်မှစ၍ ရုံးချိန်အတွင်းလာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

**အင်ဂျင်နီယာချုပ်ရုံး၊ နေပြည်တော်လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးရေးလုပ်ငန်း**
**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**
**ဖုန်း-၀၆၇-၄၂၀၆၆၆**

### အိတ်ဖွင့်တင်ဒါဈေးနှုန်းလွှာတင်ဒါခေါ်ယူခြင်း

၁။ ရန်ကုန်တက္ကသိုလ်နှင့် ရန်ကုန်တက္ကသိုလ်(လှိုင်နယ်မြေ)ရှိ ဆိုင်ခန်းများအား ဖွင့်လှစ်ရောင်းချရေးအတွက် အိတ်ဖွင့်(တင်ဒါ)များပေးသွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ တင်ဒါပုံစံနှင့် တင်ဒါစည်းကမ်းသတ်မှတ်ချက်များကို ရန်ကုန်တက္ကသိုလ်စီမံရေးရာဌာနတွင် ၁၉-၄-၂၀၁၈ရက် နံနက် ၁၀နာရီမှ ၁၄-၅-၂၀၁၈ရက် မွန်းလွဲ ၁နာရီအထိ ရုံးချိန်အတွင်း ဝယ်ယူနိုင်ပါသည်။

၃။ တင်ဒါပိတ်ရက်မှာ ၁၅-၅-၂၀၁၈ရက် မွန်းလွဲ ၁နာရီတိတိ ဖြစ်ပါသည်။

၄။ တင်ဒါပုံစံနှင့်အသေးစိတ်အချက်အလက်များကို အောက်ဖော်ပြပါ လိပ်စာအတိုင်း ရုံးချိန်အတွင်း စုံစမ်းနိုင်ပါသည်။

**ဆိုင်ခန်းနေရာချထားရေးနှင့်ကြီးကြပ်ရေးကော်မတီ**
**ရန်ကုန်တက္ကသိုလ်**
**ဖုန်း-၅၃၅၇၅၁**

### မွေးသက္ကရာဇ် အမှန်

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်၊ ၃/၄ ရပ်ကွက်၊ အမှတ် ၁၁၂၊ နဝဒေးလမ်းနေ မောင်သူရအောင်၏ မွေးသက္ကရာဇ်အမှန်မှာ ၁၇-၆-၁၉၉၈ဖြစ်ပါကြောင်း။

# အရပ်သားများသေဆုံးမှုကြောင့် တန်ဖိုးကြီးကြီးပေးဆပ်ရမည်ဟု တူရကီသမ္မတပြော

**ဒမတ်စကတ် မေ ၁၀**

ခာတုလက်နက်တိုက်ခိုက်မှုကြောင့် လူပေါင်းအတော်များများသေဆုံးခဲ့သည်ဟု ပြောကြားမှုများ ရှိခဲ့ပြီးနောက် ဂူတာ အရှေ့ပိုင်း ဆီးရီးယားသူပုန်နယ်တွင် အရပ်သားများသေဆုံးမှုကြောင့် တန်ဖိုးကြီးကြီးပေးရမည်ဖြစ်ကြောင်း တူရကီသမ္မတ ရီဆက်ပ် တေရစ်အာဒိုဂန်က မေ ၁၀ ရက်တွင် အလေးအနက် ပြောကြားခဲ့သည်။



အစုလိုက်အပြုံလိုက် သေဆုံးအောင် ပြုလုပ်ခဲ့သူအား မဖြစ်မနေ ချေမှုန်းသွားမည်ဖြစ်ကြောင်း၊ အဆိုပါကိစ္စကို မည်သူပဲလုပ်လုပ်၊ အဆိုပါ လုပ်ကြံသူအား ထိရောက်စွာ နှိမ်နင်းသွားမည်ဖြစ်သလို တန်ဖိုးကြီးကြီး ပေးဆပ်ရမည်ဖြစ်ကြောင်း အာဒိုဂန်က ပြောကြားခဲ့သည်။

တူရကီနိုင်ငံခြားရေးဝန်ကြီးဌာနက အဆိုပါ တိုက်ခိုက်မှုနှင့် ပတ်သက်ပြီး ဆီးရီးယားသမ္မတ ဘတ်ရှာအယ်လ်အာဆတ်အစိုးရတွင် အပြည့်အဝတာဝန်ရှိသည်ဟု သံသယဖြစ်မိကြောင်း ပြောခဲ့သည်။

သို့သော်လည်း အာဒိုဂန်က ရုရှားသမ္မတ ဗလာဒီမာပူတင်နှင့် ဖုန်းဖြင့် ဆွေးနွေးပြီးနောက် မေ ၁၀ ရက်က အာဆတ်အပေါ်ပြစ်တင်ဝေဖန်ထားသော အဆိုပါသံသယကို ချေဖျက်လိုက်ကြောင်း သိရသည်။

အာဒိုဂန်က ၎င်းအနေဖြင့် ပူတင်နှင့် ဖုန်းဖြင့်ဆွေးနွေးခဲ့ကြောင်း ပြောခဲ့သည်။ တူရကီခေါင်းဆောင်အချို့က အရှေ့ဘက်ဂူတာတွင် ဖြစ်ပွားသော တိုက်ခိုက်မှုအပေါ် ပူတင်ကို သံသယမကင်းဖြစ်လျက် ရှိကြောင်း တူရကီသမ္မတရုံးကပြောခဲ့သည်။

အာဆတ်အစိုးရနှင့် ရုရှားက ၎င်းတို့ အပေါ်စွပ်စွဲမှုကို ငြင်းဆိုခဲ့ကြောင်း သိရသည်။

ကယ်ဆယ်ရေးအဖွဲ့ဝင်များက ဒိုမာတိုက်ခိုက်မှုတွင် အရပ်သားအတော်များများ ကလိုရင်းဓာတ်ငွေ့ဖြင့်တိုက်ခိုက်ခံရမှုကြောင့် သေဆုံးခဲ့ကြောင်း ပြောကြားခဲ့သည်။

အန်ကာရာနှင့် မော်စကိုတို့သည် ဆီးရီးယားအရေးနှင့် ပတ်သက်ပြီး ရပ်တည်ချက်ချင်းမတူညီကြောင်း သိရသည်။ သို့သော်လည်း ၎င်းတို့၏ မတူညီမှုများကို ဖယ်ထားပြီး ဆီးရီးယားအရေး ပိုင်းဝန်း အဖြေရှာနေကြောင်း အေအက်ဖ်ပီသတင်းတစ်ရပ်တွင် ဖော်ပြခဲ့သည်။

**အေအက်ဖ်ပီ**

## အင်အားပြင်းငလျင်တစ်ခု ချီလီတွင်လှုပ်ခတ်

**ဆန်တီယာဂို မေ ၁၀**

အင်အားပြင်းငလျင်တစ်ခု ချီလီနိုင်ငံတွင် မေ ၁၀ ရက်ကလှုပ်ခတ်ခဲ့ကြောင်း၊ သို့သော်လည်း မည်သည့် ဆူနာမီအချက်ပေးမှုမျှ ထုတ်ပြန်ကြေညာခြင်းမရှိကြောင်း၊ မည်သူတစ်ဦးတစ်ယောက်မျှ ငလျင်ကြောင့် ဒဏ်ရာရရှိခြင်းလည်းမရှိကြောင်း၊ သက်ဆိုင်ရာ အာဏာပိုင်များက ပြောကြားခဲ့ကြောင်း အေအက်ဖ်ပီသတင်းတစ်ရပ်တွင် ဖော်ပြခဲ့သည်။

ချီလီအမျိုးသား ငလျင်တိုင်းတာရေးစခန်းက အဆိုပါငလျင်သည် ဒေသစံတော်ချိန် ၁ နာရီ ၁၉ မိနစ်ခန့်တွင် အနောက်အလယ်ပိုင်းဒေသ၊ ပူနီတာ ကွီမြောက်ပိုင်း ၂၁ မိုင်အကွာ မြေအောက်အနက် ၇၅ ဒသမ ၈ ကီလိုမီတာကို ဗဟိုပြုလျက်လှုပ်ခတ်ခဲ့ခြင်းဖြစ်သည်။

အဆိုပါငလျင်မှာ ပြင်းအား ၆ ဒသမ ၂ အဆင့်ရှိကြောင်း အမေရိကန် ဘူမိဗေဒလေ့လာရေးက ပြောကြားခဲ့သည်။ ငလျင်လှုပ်ခတ်မှုကြောင့် အခြေခံအဆောက်အအုံများ ပြင်းထန်စွာ ထိခိုက်ပျက်စီးခြင်းမရှိခဲ့ကြောင်း ချီလီအမျိုးသား အရေးပေါ်ဌာနက ပြောခဲ့သည်။

**အေအက်ဖ်ပီ**

# အက်ဖ်ဘီအိုင်က ဒေါ်နယ်ထရန့်၏ ကိုယ်ရေးရှေ့နေဖြစ်သူ မိုက်ကယ်ကိုဟန်၏ ရုံးခန်းအား ဝင်ရောက်စီးနင်း

**ဝါရှင်တန် မေ ၁၀**

အမေရိကန်ပြည်ထောင်စုစုံစမ်းစစ်ဆေးရေးဗျူရို (အက်ဖ်ဘီအိုင်) က မေ ၉ ရက်တွင် သမ္မတဒေါ်နယ်ထရန့်၏ ကိုယ်ရေးရှေ့နေဖြစ်သူ မိုက်ကယ်ကိုဟန်၏ ရုံးခန်းကို ဝင်ရောက်စီးနင်းပြီး အပြာရုပ်ရှင်သရုပ်ဆောင် မင်းသမီးအား ငွေကြေးပေးခဲ့သော ဖြတ်ပိုင်းစာရွက်အပါအဝင် အခြား ဆက်စပ်စာရွက်စာတမ်းများစွာကို သိမ်းဆည်းခဲ့ကြောင်း အမေရိကန်သတင်းမီဒီယာများတွင် ရေးသားဖော်ပြခဲ့သည်။ မင်ဟက်တန်ရှိ ပြည်ထောင်စုအစိုးရရှေ့နေများက အထူးရှေ့နေရောဘတ်မူလာထံမှ ရှာဖွေရေးခွင့်ပြုမိန့် လွှဲစာတစ်စောင် လက်ခံရရှိခဲ့ပြီးနောက် စီးနင်းမှုကို လုပ်ဆောင်ခဲ့ခြင်းဖြစ်ကြောင်း နယူးယောက်တိုင်းမ် သတင်းစာက ရေးသားခဲ့သော်လည်း စီးနင်းမှုမှာ မူလာ၏ စုံစမ်းစစ်ဆေးရေးနှင့် တိုက်ရိုက်ဆက်စပ်မှုမရှိကြောင်း ဖော်ပြခဲ့သည်။



သိမ်းဆည်းရမိခဲ့သည့် စာရွက်စာတမ်းများထဲတွင် အီးမေးလ်၊ အခွန်ပြေစာ၊ စီးပွားရေးမှတ်တမ်းများနှင့် ထရန့်နှင့် ကိုဟန်ကြား အပြန်အလှန်ဆက်သွယ်မှုများ ပါဝင်ကြောင်း သိရသည်။

ကိုဟန်၏ ရှေ့နေဖြစ်သူ စတီဗင်ရန်က သည်တိုင်းမ်သတင်းစာသို့ ပြောကြားရာတွင် ရှာဖွေမှုမှာ လုံးဝမသင့်လျော်ကြောင်းနှင့် ထိုသို့ပြုလုပ်ရန် မလိုအပ်ကြောင်း ပြောခဲ့သည်။ ပြည်ထောင်စုစုံစမ်းစစ်ဆေးရေး ဗျူရိုမှ သိမ်းဆည်းရမိသော စာရွက်စာတမ်းများတွင် ၂၀၁၆ ခုနှစ်က ဒေါ်နယ်ထရန့်နှင့် လိင်ပိုင်းဆိုင်ရာ မဖွယ်မရာပြုလုပ်ခဲ့ကြောင်း စွပ်စွဲခံထားရသည့် အပြာရုပ်ရှင်သရုပ်ဆောင်မင်းသမီး စတောင်း မီဒယ်နီ ရယ်ထံ အမေရိကန်ဒေါ်လာ ၁၃၀၀၀၀ လွှဲပြောင်းပေးခဲ့သည့် ငွေလွှဲပြေစာလည်း ပါဝင်ခဲ့ကြောင်း သိရသည်။



အဆိုပါငွေလွှဲပြေစာမှာ ထရန့်နှင့် လိင်ပိုင်းဆိုင်ရာ မဖွယ်မရာပြုလုပ်ခဲ့သည့် ကိစ္စကိုနှုတ်ဆိတ်နေပေးရန် တရားဝင်အမည် စတီဖင်နီကလစ်ဖော့ဟု ခေါ်ဆိုသည့် ဒယ်နီရယ်ထံ ၂၀၁၆ခုနှစ် သမ္မတရွေးကောက်ပွဲမတိုင်မီ ရက်အနည်းငယ်အလိုက ပေးအပ်ခဲ့ခြင်းဖြစ်သည်။ ရွေးကောက်ပွဲကာလတွင် ဘဏ္ဍာရေး စည်းမျဉ်း ဥပဒေကို ချိုးဖောက်ခဲ့ခြင်းမရှိကြောင်း ကိုဟန်က ငြင်းဆိုထားသည်။

အဆိုပါငွေလွှဲပြေစာကိစ္စကိုလည်း ဒေါ်နယ်ထရန့်က ငြင်းဆိုခဲ့သည်။ ယင်းကိစ္စမှာ သမ္မတထရန့်၏ ပထမဆုံးအကြိမ် လူသိရှင်ကြားထုတ်ဖော်ပြောဆိုမှုဖြစ်သည်။ သမ္မတအိမ်ဖြူတော်က စတောင်း မီဒယ်နီရယ်နှင့် ပတ်သက်မှုရှိခဲ့သည်ဆိုသည့် စွပ်စွဲချက်ကို ထရန့်ကလည်း ငြင်းဆိုခဲ့ကြောင်း ပြောကြားခဲ့သည်။

ထရန့်၏ ကိုယ်ရေးရှေ့နေအဖြစ် နှစ်ပေါင်းများစွာ လုပ်ကိုင်ခဲ့သော ကိုဟန်သည် ၂၀၁၆ ခုနှစ်ရွေးကောက်ပွဲတွင် ရုရှားနိုင်ငံ၏ ကြားဝင်စွက်ဖက်မှုများရှိခဲ့သည့် စွပ်စွဲချက်နှင့် ထရန့်၏ ရွေးကောက်ပွဲမဲဆွယ်မှုနှင့် ရုရှားအစိုးရအကြား ချိတ်ဆက်မှုဖြစ်နိုင်ခြေရှိသည်ဆိုသည့် စွပ်စွဲချက်များတွင် အထူးကောင်စီ၏ စုံစမ်းခံရသူများထဲတွင် တစ်ဦးအပါအဝင်ဖြစ်ကြောင်း သိရသည်။

**အေအက်ဖ်ပီ၊ ဆင်ဟွာ**

## မြောက်ကိုရီးယား နိုင်ငံခြားရေးဝန်ကြီး ရုရှားနိုင်ငံခြားရေးဝန်ကြီးနှင့်တွေ့ဆုံ

**မော်စကို မေ ၁၀**

မြောက်ကိုရီးယားနိုင်ငံသည် ၎င်း၏အိမ်နီးချင်းနိုင်ငံများနှင့် ဆက်ဆံရေးတိုးတက်လာသည့်အချိန်တွင် ယင်းနိုင်ငံ၏ နိုင်ငံခြားရေးဝန်ကြီးအနေဖြင့် ရုရှားနိုင်ငံခြားရေးဝန်ကြီးနှင့် မေ ၁၀ ရက်က တွေ့ဆုံဆွေးနွေးခဲ့ကြောင်း အေအက်ဖ်ပီသတင်းတစ်ရပ်တွင်ဖော်ပြခဲ့သည်။

မြောက်ကိုရီးယားခေါင်းဆောင်ကင်ဂျုံအန်း၊ တောင်ကိုရီးယားသမ္မတနှင့် အမေရိကန်သမ္မတတို့ တွေ့ဆုံဆွေးနွေးမှုမပြုခင် ရီယွန်ဟို၏ ရုရှားခရီးစဉ်ထွက်ပေါ်လာခဲ့ခြင်းဖြစ်သည်။ ရုရှားနိုင်ငံခြားရေးဝန်ကြီး ဆာဂျီလက်ဗ်ရော့ဗ်နှင့် မြောက်ကိုရီးယားနိုင်ငံခြားရေးဝန်ကြီးဖြစ်သူ ရီကို မော်စကိုတွင် မေ ၁၀ ရက်က လက်ခံကြိုဆိုခဲ့ပြီး ရုရှားသည် မြောက်ကိုရီးယားနိုင်ငံနှင့် ကောင်းမွန်သော ဆက်ဆံရေးရှိသည်ကို ပြသခဲ့သည်။

မြောက်ကိုရီးယားနိုင်ငံခြားရေးဝန်ကြီးအနေဖြင့် နှစ်နိုင်ငံဆက်ဆံရေးပိုမိုတိုးတက်ရန်လိုလားကြောင်း ရုရှားနိုင်ငံခြားရေးဝန်ကြီးကပြောခဲ့သည်။ ရုရှားအနေဖြင့် ကိုရီးယားကျွန်းဆွယ် နျူကလီးယားအရေး ပုံမှန်အနေအထားရောက်အောင် ဆောင်ရွက်လျက်ရှိကြောင်း ရုရှားနိုင်ငံခြားရေးဝန်ကြီးက သတင်းထောက်များကို အစည်းအဝေးအပြီးပြောကြားခဲ့သည်။

**အေအက်ဖ်ပီ**

## နိုင်ငံတကာ သတင်းတိုထွာ

### ရွှေတူးဖော်နေစဉ် ရွှေတွင်းပြိုကျ၍ ခြောက်ဦးသေဆုံး

**အက်ရာ ဧပြီ ၁၀**

ဂါနာနိုင်ငံ နယူးမောင့်ကုမ္ပဏီ၏ ရွှေတူးဖော်ရေး လုပ်ကွက်များအနက် ရွှေတူးဖော်ရေး လုပ်ကွက်တစ်ခုတွင် ရွှေတွင်းဥမင်လိုဏ်ခေါင်း အမိုးပြိုကျမှုကြောင့် လူခြောက်ဦးသေဆုံးခဲ့ပြီး နှစ်ဦးဒဏ်ရာရရှိခဲ့ကြောင်း ကုမ္ပဏီက ဧပြီ ၈ ရက်တွင် ပြောခဲ့သည်။

ပြိုကျမှုဖြစ်ပွားခဲ့သည့် နေရာသည် အက်ရာမြို့အနောက်မြောက်ဘက် ၃၀၇ ကီလိုမီတာအကွာခန့်၌ တည်ရှိသော အဆိုပါ သတ္တုတူးဖော်ရေးကုမ္ပဏီ၏ Ahafo Mill Expansion စီမံကိန်းရှိ ရွှေတွင်းဥမင်လိုဏ်ခေါင်း အမိုးပြိုကျခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ ပြိုကျချိန်တွင် ဥမင်လိုဏ်ခေါင်းအတွင်း၌ အလုပ်သမားရှစ်ဦး အလုပ်လုပ်နေကြောင်း ကမ္ဘာပေါ်တွင် ဒုတိယမြောက်အကြီးဆုံး ရွှေတူးဖော်ရေး နယူးမောင့်ကုမ္ပဏီက ထုတ်ပြန်ဖော်ပြခဲ့သည်။ **အေအက်ဖ်ပီ**

### ဖေ့စ်ဘွတ်ခ်ဘာပဲဖြစ်ဖြစ် မိမိတွင် တာဝန်ရှိကြောင်း မက်ဇူကာဘတ်ပြော

**ဝါရှင်တန် ဧပြီ ၁၀**

ပုဂ္ဂိုလ်ရေးသတင်းအချက်အလက်များ ကာကွယ်ရန်နှင့် ဖေ့စ်ဘွတ်ခ်မူဝါဒကို ကိုယ်ကျိုးအတွက် အသုံးပြုခြင်းမှ ကာကွယ်ရန် ပျက်ကွက်ခဲ့သောကြောင့် ယင်း၏အကျိုးဆက်များကို မိမိလက်ခံကြောင်း ဖေ့စ်ဘွတ်ခ်အကြီးအကဲ မက်ဇူကာဘတ်က ပြောခဲ့သည်။

မိမိတို့၏ တာဝန်များအပေါ် သေသေချာချာ ကြပ်ကြပ်မတ်မတ် မဆောင်ရွက်နိုင်ခဲ့ကြောင်း၊ ယင်းမှာ အမှားကြီး တစ်ခုဖြစ်ကြောင်း၊ မိမိလွန်စွာ စိတ်မကောင်းဖြစ်ရပါကြောင်း အောက်လွှတ်တော် ဂျူရီအဖွဲ့က ထုတ်ပြန်သော ၎င်း၏သက်သေထွက်ဆိုချက်တွင် ဖော်ပြခဲ့သည်။

"ကျွန်တော်ဖေ့ဘွတ်ခ်ကို စတင်ခဲ့ပါတယ်၊ ပြီးတော့အဲဒါကို ဆက်လက်ပြီး လုပ်ကိုင်ခဲ့ပါတယ်၊ အဲဒီမှာ ဘာတွေဖြစ်ဖြစ် ကျွန်တော့်မှာ တာဝန်ရှိပါတယ်" ဟု မက်ဇူကာဘတ်က ပြောခဲ့သည်။ **အေအက်ဖ်ပီ**

### နျူကလီးယားအရေး ဆွေးနွေးမည်

**ဝါရှင်တန် ဧပြီ ၁၀**

အမေရိကန်သမ္မတ ဒေါ်နယ်ထရန့်သည် မြောက်ကိုရီးယား ခေါင်းဆောင် ကင်ဂျုံအန်းနှင့် မေလသို့မဟုတ် ဇွန်လအစောပိုင်းတွင် တွေ့ဆုံမည်ဖြစ်ကြောင်း ဧပြီ ၉ ရက်က အိမ်ဖြူတော်တွင် ပြောခဲ့သည်။

ဆယ်စုနှစ်အတော်များများ စစ်ပွဲအသွင်ဆောင်သော နှစ်နိုင်ငံဆက်ဆံရေးမှာ ယခုအခါ ပိုမိုရင်းနှီးဖော်ရွေသည့် အသွင်ဆောင်လာကြောင်း ၎င်းကပြောခဲ့သည်။ ကနဦးက နှစ်နိုင်ငံဆွေးနွေးပွဲကို မေလတွင် သတ်မှတ်ထားသော်လည်း ယခုအခါတွင် အချိန်အနည်းငယ် အပြောင်းအလဲ ရှိနိုင်သည်ကလွဲ၍ ကျိန်းသေကြောင်း သိရသည်။ **အေအက်ဖ်ပီ**

# ဆီးရီးယားရဲ့ ဓာတုလက်နက်တိုက်ခိုက်မှု အရှုပ်တော်ပုံ

**ကလျာမိုးမြင့်**



ဆီးရီးယားသမ္မတ ဘတ်ရှာအယ်လ် အာဆတ်နဲ့ မဟာမိတ်တွေဟာ သံသယဖြစ်ဖွယ် ဓာတုအဆိပ်လက်နက်နဲ့ တိုက်ခိုက်မှုလုပ်ဆောင်ခဲ့တယ်ဆိုပြီး အမေရိကန်သမ္မတ ဒေါ်နယ်ထရန့်က ပြင်းပြင်းထန်ထန် ဝေဖန်ထိုးနှက် ပြောဆိုနေပါတယ်။ ဒီကိစ္စနဲ့ပတ်သက်ပြီး အကြီးအကျယ် ပြန်ပေးဆပ်ရလိမ့်မယ်လို့ ထရန့်က ကြိမ်းဝါးခဲ့တာ ဖြစ်ပါတယ်။

ပြီးခဲ့တဲ့စနေနေ့က သူပုန်တွေ ထိန်းချုပ်ထားတဲ့ ဒူမာမြို့ပေါ်က ဖြစ်ပွားခဲ့တဲ့ တိုက်ခိုက်မှုတစ်ခုမှာ လူပေါင်းများစွာသေဆုံးခဲ့တယ်လို့ ဆေးဘက်ဆိုင်ရာ သတင်းရင်းမြစ်တွေက ဖော်ပြထားပါတယ်။ ကုလသမဂ္ဂ လုံခြုံရေးကောင်စီကလည်း ဒီကိစ္စနဲ့ပတ်သက်ပြီး အရေးကြီးတဲ့ အခြေအနေတွေကို ဒီရက်ပိုင်းအတွင်းမှာ ဆွေးနွေးသွားမယ့်ဟန်ရှိပါတယ်။ ဆီးရီးယားနဲ့ ရုရှား နှစ်နိုင်ငံလုံးကတော့ ဓာတုလက်နက်နဲ့ တိုက်ခိုက်မှုဖြစ်ပွားခဲ့တယ်ဆိုတာ မဟုတ်ကြောင်း ငြင်းဆန်ထားပြီး သူပုန်တွေနဲ့ ကယ်ဆယ်ရွှေ့ပြောင်းရေး သဘောတူညီမှု ပြုလုပ်ထားပါပြီ။

အကာအကွယ်မဲ့နေတဲ့ ပြည်သူတွေနဲ့ လူသားမျိုးနွယ်တွေကို ဒီလို လက်နက်မျိုးသုံးပြီး တိုက်ခိုက်တာကို ဘယ်အရာကမျှ တရားမျှတကြောင်း ဖော်ပြပေးနိုင်မှာမဟုတ်ဘူးလို့ ပုပ်ရဟန်းမင်းကြီး ဖရန်စစ်ဆိုခဲ့ဖူးတဲ့ စကားနဲ့အတူ ဓာတုလက်နက်တွေကို အသုံးပြုတယ်ဆိုတဲ့ စွပ်စွဲချက်တွေကလည်း ပျံ့နှံ့နေခဲ့ပါတယ်။ ဥရောပသမဂ္ဂက ဒီအရေးအတွက် နိုင်ငံတကာ အဖွဲ့အစည်းတွေက ချက်ချင်း တုံ့ပြန်ဆောင်ရွက်ကြဖို့ တောင်းဆိုထားပါတယ်။

**တိုက်ခိုက်မှုနှင့် စပ်လျဉ်း၍ သိရသမျှ**

White Helmets လို့ အမည်ရတဲ့ ကယ်ဆယ်ရေးလုပ်သားအဖွဲ့က မှတ်တမ်းရယူထားတဲ့ ဗွီဒီယိုဖိုင်တစ်ခုမှာ အမျိုးသားတွေ၊ အမျိုးသမီးတွေနဲ့ ကလေးငယ်အများအပြားဟာ အိမ်တစ်အိမ်ရဲ့အထဲမှာ အသက်ဝိညာဏ်ကင်းမဲ့စွာ လဲလျောင်းနေကြပြီး အများစုဟာ ပါးစပ်ကနေ အမြှုပ်တွေထွက်ပြီး သေဆုံးနေကြတဲ့ ပုံရိပ်ကို တွေ့မြင်ခဲ့ရပါတယ်။ နောက်ထပ် သက်သေတွေအရ ကလေးငယ်လေးတွေဟာ ခေတ္တယာယီ ဆေးယူနစ်အဖွဲ့မှာ ကုသမှုခံယူရလျက်ရှိပြီး ငိုကြွေးနေကြတယ်လို့ သိရပါတယ်။ သို့သော်လည်းပဲ အမှန်တကယ် ဘာတွေဖြစ်ပျက်ခဲ့တယ်ဆိုတာနဲ့ အမှန်တကယ် သေဆုံးရတဲ့သူအရေအတွက်ကို လွတ်လွတ်လပ်လပ်ဖော်ပြဖို့ အခြေအနေမပေးခဲ့တဲ့ ပုံစံပါပဲ။

ဂူတာအရှေ့ပိုင်းမှာ ဆေးဝါးကုသမှုဆိုင်ရာဝန်ဆောင်မှုတွေ ဆောင်ရွက်ပေးနေတဲ့ ဆေးဝါးစောင့်ရှောက်မှုနဲ့ သက်သာချောင်ချိရေးသမဂ္ဂက လူ ၇၀ လောက် သေတယ်ဆိုတာကို အတည်ပြုခဲ့တယ်လို့ ပြောကြားခဲ့ပါတယ်။ အမေရိကန်အခြေစိုက် ဆီးရီးယား အမေရိကန်ဆေးပညာအဖွဲ့အစည်းရဲ့ပြောကြားချက်အရ ၄၈ ဦးထက်မနည်း သေဆုံးပြီး သေဆုံးသူတွေဟာ ဓာတုအဆိပ်နဲ့ ထိတွေ့မှုရှိထားတယ်ဆိုတဲ့ လက္ခဏာရပ်တွေကို ပြသနေတယ်လို့ ဆိုပါတယ်။

အဆိပ်ငွေ့တွေ ထိတွေ့မိထားတဲ့ လက္ခဏာရှိတဲ့ လူပေါင်း ၅၀၀ ကျော်လောက်ကို ဆေးဝါးကုသရေးဌာနတွေဆီ ပို့ဆောင်ခဲ့တယ်လို့ ဒူမာအရေးပေါ်ဝန်ဆောင်မှုအဖွဲ့ရဲ့ ပြောဆိုချက်ကို ကိုးကားဖော်ပြခဲ့ပါတယ်။ ဆေးဘက်ဆိုင်ရာ ကျောင်းသားတစ်ဦးကလည်း သေအံ့ဆဲဆဲလူတစ်ဦးကို ဘယ်လိုကုသခဲ့တယ်ဆိုတာကို ကြောက်ကြောက်လန့်လန့် ဖော်ပြခဲ့ပါတယ်။

**ဓာတုလက်နက်တိုက်ခိုက်မှုကြောင့် ပေါ်ထွက်လာသည့် မေးခွန်းများ**

သူပုန်တွေထိန်းချုပ်ထားရာဖြစ်တဲ့ ဒူမာမှာ ဓာတုလက်နက်နဲ့ တိုက်ခိုက်ခံရကြောင်း သတင်းဖော်ပြမှုတွေက ခက်ခဲတဲ့ မေးခွန်းအချို့ကို ပေါ်ထွက်လာစေခဲ့ပါတယ်။ မေးခွန်းတွေကတော့

- အဲဒီမှာရှိနေကြတဲ့ အရပ်သားတွေ၊ မိသားစုတွေနဲ့ ကလေးငယ်တွေ အနေနဲ့ ကြမ်းတမ်းရက်စက်ပြီး သွေးထွက်သံယိုမှုတွေနဲ့ ပြည့်နှက်နေတဲ့အပြင် ၎င်းတို့အပေါ်မှာ ကျရောက်လာတဲ့ လူသားချင်းစာနာထောက်ထားမှု ကင်းမဲ့မှုတွေကို ဆက်လက်ပြီး ခံနိုင်ရည်ရှိပါဦးမလား။
- စစ်သွေးကြွ သူပုန်တိုက်ခိုက်ရေးသမားတွေအတွက်ကရော။ ၎င်းတို့ရဲ့ ကြိုးစားရုန်းကန်မှုနဲ့ ဆက်လက်တောင့်ခံနိုင်မှုတန်ဖိုးဟာ ဆီးရီးယားအစိုးရက ၎င်းတို့နဲ့ အရပ်သားတွေကို အတင်းပေးအပ်လာတဲ့ ဆုလဒ်နဲ့ ထိုက်တန်မှုရှိရဲ့လား။
- ရုရှားအနေနဲ့ကရော။ ဗြိတိန်မှာ အဆိပ်လက်နက် အသုံးပြုခဲ့တယ်ဆိုတဲ့ သံသယဟာ တစ်ကမ္ဘာလုံးရဲ့ ပြစ်တင်ဝေဖန် ထိုးနှက်မှုတွေကို ကျရောက်လာစေတဲ့ အချိန်မှာ ရုရှားအနေနဲ့ ၎င်းရဲ့ မဟာမိတ်တွေက ဓာတုလက်နက် အသုံးပြုခဲ့တယ်ဆိုတဲ့ အချက်ကို ခုခံကာကွယ်ဖို့ ဘယ်လောက်ထိ ပြင်ဆင်ထားရမှာလဲ။
- ဖြစ်ရိုးဖြစ်စဉ် အစဉ်အလာတစ်ခုလိုဖြစ်နေတဲ့ ဝေဖန်ပြစ်တင်မှုတွေဟာ စစ်ရေးအရ ဆောင်ရွက်မှုအားဖြင့် သမ္မတအာဆတ်ရဲ့အနာဂတ် ဓာတုလက်နက်သုံးစွဲမှုကို ဟန့်တားဖို့ ကြိုးစားရာမှာ အထောက်အကူပြုနိုင်ပါ့မလား။
- လူအများစုက အဆုံးသတ်သွားဖို့ လိုလားနေကြတဲ့ တင်းမာမှုတစ်ခုခု၊ ပဋိပက္ခတစ်ခုကို ပိုမိုကြာရှည်အောင် ဆွဲဆန့်နိုင်တယ်ဆိုတဲ့ အချက်ကို အနောက်နိုင်ငံတွေက ယုံကြည်နိုင်မလားဆိုတဲ့ မေးခွန်းတွေဟာ အဖြေရခက်စေနိုင်တဲ့ မေးခွန်းတွေပဲ ဖြစ်ပါတယ်။

၂၀၁၇ ခုနှစ် ဧပြီလတုန်းက အတိုက်အခံသူပုန်တွေ ထိန်းချုပ်ထားရာဖြစ်တဲ့ ခန်ရှိတ်ခွန်မြို့မှာ ဆာရင်းဓာတ်ငွေ့နဲ့ တိုက်ခိုက်မှုကြောင့် လူ ၈၀ ကျော် သေဆုံးခဲ့ရပြီး ကုလသမဂ္ဂနဲ့ ဓာတုလက်နက်တားဆီးရေးအဖွဲ့အစည်းရဲ့ ပူးတွဲစုံစမ်းစစ်ဆေးဖော်ထုတ်မှုတွေအရ ဒီကိစ္စဟာ ဆီးရီးယားအစိုးရမှာ တာဝန်ရှိတယ်လို့ တွေ့ရှိခဲ့ပါတယ်။ ဒီတော့ ဒါကို တုံ့ပြန်တဲ့အနေနဲ့ သမ္မတထရန့်ဟာ ဆီးရီးယားလေတပ်အခြေစိုက်စခန်းကို ခရုစ်ဒုံးကျည်နဲ့ ပစ်ခတ်တိုက်ခိုက်ဖို့ အမိန့်ချလိုက်ပါတယ်။

အကယ်၍ စနေနေ့က ဖြစ်ပွားခဲ့တဲ့ တိုက်ခိုက်မှုအပြီးမှာ အမေရိကန်က



နောက်ထပ် တိုက်ခိုက်ဦးမယ်ဆိုရင် စားပွဲပေါ်ကနေ ကျွန်တော့်အနေနဲ့ ဘာကိုမှ ဖယ်ရှားမပစ်နိုင်တော့ဘူးလို့ အိမ်ဖြူတော်ပြည်ထဲရေး လုံခြုံရေးအကြံပေး တွမ်ဘော့ဆတ်က အေဘီစီရုပ်သံကို ပြောကြားခဲ့ပါတယ်။ အမေရိကန်တင် မဟုတ်ပါဘူး။ ပြင်သစ်သမ္မတ အီမန်နျူရယ်လ်မက်ခရွန်ကလည်း အကယ်၍ အစိုးရဟာ အရပ်သားတွေကို ဓာတုလက်နက်သုံးပြီး တိုက်ခိုက်မယ်ဆိုရင် ပြင်သစ်နိုင်ငံကလည်း ဆီးရီးယားကို တိုက်ခိုက်မှာပဲလို့ သတိပေးခဲ့ဖူးပါတယ်။

တွစ်တာပေါ်မှာ ထရန့် ရေးသားပြောဆိုမှု မပြုမီ အမေရိကန်ပြည်တွင်းဌာနက အကယ်၍ ဓာတုလက်နက်နဲ့ တိုက်ခိုက်ကြောင်း အတည်ပြုနိုင်ပြီဆိုတာနဲ့ နိုင်ငံတကာအဖွဲ့အစည်းတွေကို အမြန်ဆုံးတုံ့ပြန်ဆောင်ရွက်ဖို့ တိုက်တွန်းတောင်းဆိုမယ်လို့ ပြောကြားခဲ့ပါတယ်။ ဗြိတိန်နိုင်ငံခြားရေးဝန်ကြီး ဘောရစ်ဂျွန်ဆန်က သံသယဖြစ်စရာကောင်းလှတဲ့ ဓာတုတိုက်ခိုက်မှုကို အမြန်ဆုံးစုံစမ်းစစ်ဆေးဖို့ လိုကိုလိုအပ်တယ်လို့ တနင်္ဂနွေနေ့က တိုက်တွန်းခဲ့ပါတယ်။

ဒီလို တိုက်ခိုက်ခံရတယ်ဆိုတဲ့ သတင်းတွေ ပလူပျံ့အောင် ထွက်ပေါ်လာပြီးတဲ့နောက်မှာ ကျွန်ုပ်တို့ဟာ မဟာမိတ်တွေနဲ့ အနီးကပ်ဆုံးထိတွေ့ပြီး ဝိုင်းဝန်းအဖြေရှာကြဖို့ လိုအပ်လာပြီ။ ဓာတုလက်နက်နဲ့ တိုက်ခိုက်တာကို လုပ်ဆောင်ခဲ့တဲ့သူတွေဟာ ဘယ်လိုရိုးသားဖြောင့်မတ်မှု ကိုယ်ကျင့်သိက္ခာမျှ မရှိတော့တဲ့အပြင် အပြစ်ပေးအရေးယူခံရလိမ့်မယ်လို့ ဘောရစ်ဂျွန်ဆန်က ပြောပါတယ်။

**ဆီးရီးယားနဲ့ ရုရှားထံမှ ခွန်းတုံ့ပြန်မှုများ**

စွပ်စွဲချက်တွေနဲ့ ပတ်သက်ပြီး ဆီးရီးယားနိုင်ငံပိုင် သတင်းမီဒီယာက ဘယ်လိုပြောသလဲဆိုတော့ အကြမ်းဖက်အုပ်စုမီဒီယာတွေဟာ အရှေ့ဂူတာ တစ်လျှောက်မှာ အစိုးရအင်အားစုတွေ တိုးချဲ့လာတာကို နောက်ကောက်ကျသွားစေဖို့ ဓာတုလက်နက်တိုက်ခိုက်မှုနဲ့ ပတ်သက်ပြီး မဟုတ်မမှန် လုပ်ကြံထားတဲ့ သတင်းတွေကို လိုက်ဖွနေတယ်လို့ တုံ့ပြန်လိုက်ပါတယ်။ ရုရှား နိုင်ငံခြားရေးဝန်ကြီးဌာနက ဒူမာမှာ ဆီးရီးယားအင်အားစုတွေက ဓာတုလက်နက်နဲ့ တိုက်ခိုက်ခဲ့တယ်ဆိုတဲ့ သတင်းတွေဟာ ဆီးရီးယားမှာ ဖြစ်လာနိုင်တဲ့ တပ်မတော်ရဲ့ ကြားဝင်စွက်ဖက်မှုတွေအတွက် မှုမမှန်တဲ့ အကြောင်းပြချက်တွေ ဖန်တီးဖို့ ကြိုတင်စီစဉ်ထားတဲ့ လုပ်ကြံသတင်းတွေဖြစ်တယ်လို့ ဆိုပါတယ်။

အစိုးရရဲ့ ထိုးစစ်ဆင်တိုက်ခိုက်မှုအပြီးမှာ ဒူမာဟာ ဒမတ်စကတ်မြို့တော် အပြင်ဘက် အရှေ့ဂူတာမှာရှိတဲ့ သူပုန်တွေ နောက်ဆုံးထိန်းချုပ်ထားတဲ့ ခံတပ်နေရာတစ်ခု ဖြစ်ပါတယ်။ ၂၀၁၅ ခုနှစ် စက်တင်ဘာလမှာ ရုရှားက ဆီးရီးယားကို စစ်ရေးအရ ကြားဝင်စွက်ဖက်တဲ့ စစ်ဆင်ရေး လုပ်ဆောင်ခဲ့ပါတယ်။ ခုနှစ်နှစ်အတွင်းမှာ စစ်ပွဲဟာ လူပေါင်း လေးသိန်းကျော်ကို အသက်ဆုံးရှုံးစေခဲ့ပါတယ်။ ။

**ကိုးကား- အေအက်ဖ်ပီ၊ ဝါရှင်တန်ပို့စ်**

## စာတိုက်မှ ချောထုပ်များပေးပို့ရာတွင် တားမြစ်ပစ္စည်းများထည့်သွင်းမပို့စေရေး ဖွင့်ဖောက်စစ်ဆေးနေ




**ဖျာပုံ ဧပြီ ၁၀**

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း လက်အောက်ရှိ စာတိုက်များ ဝင်ငွေတိုးမြင့်ရရှိရေးနှင့် ပြည်သူများ အဆင်ပြေစေရေးအတွက် ပြည်တွင်းပြည်ပချောထုပ်များ ပို့ဆောင်ခြင်းလုပ်ငန်းကို တိုးချဲ့လုပ်ကိုင်လျက်ရှိနေကြောင်း သိရသည်။

ထိုသို့ ဆောက်ရွက်ပေးနေသည်ကို အချို့စီးပွားရေးသမားများက အခွင့်ကောင်းယူပြီး ပြည်တွင်းမြို့များနှင့် ပြည်ပနိုင်ငံများသို့ ချောထုပ်များအတွင်း မူးယစ်ဆေးဝါးများနှင့် တားမြစ်ထားသည့် ဆေးပစ္စည်းများ ထည့်သွင်းပို့ဆောင်နေသည်ကို စစ်ဆေးတွေ့ရှိရကြောင်း ဧပြီ ၃ ရက်က သက်ဆိုင်ရာဌာနများရှိ ဝန်ထမ်းများထံမှ သိရသည်။

ဖျာပုံစာတိုက်မှူး ဒေါ်မိုးသီတာက "စာတိုက်ဝင်ငွေတိုးဖို့ ဆောင်ရွက်တဲ့နေရာမှာ တားမြစ်ပစ္စည်းတွေ ချောထုပ်အတွင်း ထည့်သွင်းထားခြင်း ရှိ မရှိ ဖွင့်ဖောက်စစ်ဆေးနေရပါတယ်၊ ချောထုပ်လာပို့တဲ့ ကာယကံရှင်တွေကို အကျိုးအကြောင်း ရှင်းပြနေရပါတယ်၊ ကာယကံရှင်တချို့ကလည်း မိမိတို့စနစ်တကျ ထုပ်ပိုးထားတာကို ပြန်ဖောက်တော့ မကြိုက်ချင်ကြဘူး၊ ပြည်ပပို့တဲ့ ချောထုပ်တွေကို အဓိက ဖွင့်ဖောက် စစ်ဆေးပါတယ်၊ ပြည်တွင်းချောထုပ်ဝန်ဆောင်ခ ငွေကျပ် ၂၀၀၀ သာရပြီး ပြည်ပချောထုပ် တစ်ထုပ်ဝန်ဆောင်ခကို ငွေကျပ် သိန်းချီရတာမို့ အထူးသဖြင့် ပြည်ပပို့မယ့် ကာယကံရှင်တွေ ကျေနပ်အောင် အလေးထားဆောင်ရွက်နေပါတယ်" ဟု ပြောသည်။

ပြည်တွင်း ပြည်ပ ချောထုပ်ပို့သူများအနေဖြင့် မလိုလားအပ်သည့် အငြင်းပွားမှုများ မဖြစ်ပေါ်စေရေးတို့အတွက် မိမိတို့ချောထုပ်ပို့မည့် စာတိုက်များတွင် တားမြစ်ကန့်သတ်ပစ္စည်းများ ကြိုတင်မေးမြန်းစုံစမ်းပြီးမှသာ ပို့ဆောင်ခြင်းဖြင့် အဆင်ပြေလွယ်ကူမည်ဖြစ်ကြောင်း သိရသည်။

**အောင်ဝင်း(ဖျာပုံ)**

## ကလေးများနှစ်သက်ဖွယ်ရာ ခံစားမှုရသပေါင်းစုံနှင့် သင်ခန်းစာများပေးစွမ်းနိုင်သော ရွှေရတုအကြိုအထိမ်းအမှတ် ရွှေသွေး အထူးထုတ် ၂၀၁၈ ထွက်ရှိ




စာပေဖွံ့ဖြိုးရေးလုပ်ငန်းများကို ခေတ်အဆက်ဆက်တွင် တာဝန်ကျေပွန်စွာ ထမ်းဆောင်လျက်ရှိသော စာပေဗိမာန်သည် ကလေးစာပေဖွံ့ဖြိုးတိုးတက်မှုကို ရှေးရှု၍ အပတ်စဉ်ထုတ်ရွှေသွေးဂျာနယ်အပြင် ယခုအခါ ရွှေရတုအကြိုအထိမ်းအမှတ် ရွှေသွေးအထူးထုတ် ၂၀၁၈ ကို ထုတ်လုပ်ဖြန့်ချိလိုက်ပြီ ဖြစ်သည်။

ရွှေရတုအကြို အထိမ်းအမှတ် ရွှေသွေးအထူးထုတ် ၂၀၁၈ တွင် ကဗျာ၊ ပုံပြင်၊ ဝတ္ထု၊ သုတဆောင်းပါး၊ ကာတွန်းဇာတ်လမ်း တို့ပါဝင်ပြီး ကလေးများအတွက် သုတရသစုံလင်စွာ တင်ဆက်ထားပါသည်။ ကဗျာနှစ်သက်သူ ကလေးသူငယ်များအတွက် အကြောင်းအရာမျိုးစုံကို ရေးဖွဲ့ထားသော ကဗျာအပုဒ်ပေါင်း ၂၀ ထည့်သွင်းပေးထားပါသည်။ ထို့ထက်ပို၍ ထူးခြားကောင်းမွန်သည်မှာ ရွှေသွေးဂျာနယ်တွင် ယခင်ကရေးဆွဲခဲ့သော ကာတွန်းဆရာကြီး ဦးဘကြည်၊ ဆရာကြီး ကဆ၊ ဆရာကြီးဦးသန်းကြွယ်၊ ဆရာကြီး ဦးဖေသိန်းနှင့်ဆရာကြီးဦးစိန်တို့၏ မြန်မာဆန်သော ဂန္ထဝင်လက်ရာမွန်များကို ပြန်လည်တင်ဆက်ထားခြင်းပင်ဖြစ်ပါသည်။

ရွှေရတုအကြိုအထိမ်းအမှတ် ရွှေသွေးအထူးထုတ် ၂၀၁၈ ကို တန်ဖိုး ငွေကျပ် ၂၅၀၀ ဖြင့် နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့ရှိ စာပေဗိမာန်အရောင်းဆိုင်များတွင် ဝယ်ယူဖတ်ရှုနိုင်ပြီဖြစ်ပါသည်။ လက်ကားမှာယူ ဖြန့်ချိလိုပါက ရန်ကုန်မြို့ရှိ စာပေဗိမာန်အရောင်းဌာန အမှတ် ၅၂၉-၅၃၁ ကုန်သည်လမ်းနှင့် ၃၇လမ်းထောင့် ဖုန်း - ၀၁-၂၄၉၀၃၁၊ ၃၈၁၄၄၈ တို့သို့ ဆက်သွယ်မှာယူနိုင်ကြောင်း သိရသည်။

**သတင်းစဉ်**

## မန္တလေးဘောလုံးသမားဟောင်းအသင်း၏ (၁၄) ကြိမ်မြောက် သက်ကြီးပူဇော်ပွဲကျင်းပ




**မန္တလေး ဧပြီ ၁၀**

မန္တလေးဘောလုံးသမားဟောင်းများ၏ ၁၄ ကြိမ်မြောက် သက်ကြီးပူဇော်ပွဲ အခမ်းအနားကို ဧပြီ ၇ ရက် ညနေ ၃ နာရီခွဲက ဗထူးအားကစားကွင်း အထူးတန်းတွင် ကျင်းပခဲ့ရာ မန္တလေးတိုင်းကိုယ်စားပြုနိုင်ငံ့လက်ရွေးစင်များနှင့် တိုင်းလက်ရွေးစင်ဟောင်းများ၊ အသက် ၆၅ နှစ် အထက် သက်ကြီးကန်တော့ခံ ဘောလုံးသမားများ၊ အသင်းဝင် ဘောလုံးသမားများ တက်ရောက်ကြသည်။ ရှေးဦးစွာ မန္တလေးတိုင်းဒေသကြီး ကိုယ်စားပြုခဲ့သော ကွယ်လွန်သွားသည့် ဘောလုံးသမားများအား ရည်စူး၍ ဝမ်းနည်းခြင်း အထိမ်းအမှတ်အဖြစ် ၃ မိနစ် ငြိမ်သက်ကာ မေတ္တာပို့သကြသည်။

ထို့နောက် အသင်းဥက္ကဋ္ဌ ဦးဇော်ဝင်းက သက်ကြီးပူဇော်ပွဲကျင်းပရခြင်းနှင့် ပတ်သက်၍ ပြောကြားပြီး သက်ကြီးကန်တော့ခံဆရာကြီး ဦးစိန်ဝင်းက သြဝါဒစကားပြောကြားသည်။ ဆက်လက်၍ ဂါရဝပြုပစ္စည်းအစုံနှင့် လှူဒါန်းငွေကျပ်တစ်သိန်းစီတို့ကို ပေးအပ်ကြရာ ဆရာကြီး ဦးစိန်ဝင်းနှင့် ဦးခင်မောင်အေး (လက်ရွေးစင်ဟောင်း) ပြင်ဦးလွင်တို့က ဆုပေးစကားနှင့် ဆုတောင်းမေတ္တာပို့သပေးခဲ့ကြကြောင်း သိရသည်။

**တင်မောင်(မန်းကိုယ်ပွား)**

## စာပေစကားဝိုင်းကျင်းပနိုင်ရန် စည်းဝေး

**မန္တလေး ဧပြီ ၁၀**

မန္တလေးခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် မန္တလေးခရိုင် ခုနစ်မြို့နယ်တို့ ပူးပေါင်းစီစဉ်ကျင်းပမည့် စာပေစကားဝိုင်းကို ၂၀၁၆ ခုနှစ် အမျိုးသားစာပေ ဝတ္ထုရှည်ဆုရ ဆရာညီပုလေး၏ "ထက်မြက်တဲ့ ဓားသွားပေါ်က ချိုမြမြပျားရည်စက်" စာအုပ်ကို ဖတ်ရှုဆွေးနွေးမည့် စာပေစကားဝိုင်းကျင်းပနိုင်ရေး အကြိုညှိနှိုင်းအစည်းအဝေးကို မတ် ၇ ရက်က မန္တလေးပြည်ကြီးတံခွန်မြို့နယ်ရှိ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ထို့နောက် စာပေစကားဝိုင်းကို ဧပြီ ၂၈ ရက် နံနက် ၉ နာရီတွင် မန္တလေးခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနတွင် ကျင်းပမည်ဖြစ်ကြောင်းနှင့် အမျိုးသားစာပေဆုရ ဆရာညီပုလေးကိုယ်တိုင် တက်ရောက်ပါဝင်ဆွေးနွေးမည်ဖြစ်ကြောင်း၊ စာအုပ်ပြပွဲများလည်း ထည့်သွင်းကျင်းပမည်ဖြစ်ကြောင်း ခရိုင်ဦးစီးအရာရှိ ဒေါ်မြင့်မြင့်သန်းက ပြောသည်။

**ခင်ခင်ဝင်း (ပညာရေး)**

## မုံရွာမြို့တွင် မော်တော်ဆိုင်ကယ်ဆူညံအိတ်ဇောများ လမ်းကြိတ်စက်ဖြင့် ဖျက်ဆီး

**မုံရွာ ဧပြီ ၁၀**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့ မြို့မရဲစခန်းဝင်းအတွင်းရှိ လမ်းမပေါ်တွင် မော်တော်ဆိုင်ကယ် ဆူညံအိတ်ဇောများအားလမ်းကြိတ်စက်ယာဉ်ဖြင့် ဖျက်ဆီးခြင်းကို ဧပြီလပထမပတ်က ကျင်းပရာ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးလှဦး၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဒေါ်အမာကြည်၊ ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး သန်းဝင်း၊



အမှတ်(၁၇)ယာဉ်ထိန်းရဲ ဒုတိယတပ်ဖွဲ့ခွဲ (စစ်ကိုင်း) တပ်ဖွဲ့ခွဲမှူးနှင့် တပ်ဖွဲ့ဝင်များ၊ ဖိတ်ကြားထားသူများ တက်ရောက်ခဲ့ကြောင်း သိရသည်။

"ခုဖျက်ဆီးပွဲမှာပါတဲ့ ဆူညံအိတ်ဇောတွေက မတ်လ ၃၁ ရက်အထိ ဖမ်းဆီးခဲ့တာတွေပါ၊ သင်္ကြန်ပြီးတဲ့အထိကို ဆက်ပြီးတော့ လုပ်ဆောင်မှာပါ၊ ဖမ်းဆီးမိတဲ့ ဆူညံ အိတ်ဇောတပ်ဆိုင်ကယ်တွေကို တရားရင်ဆိုင်ပြီးရင် ပုံမှန်အိတ်ဇောတစ်ခုယူလာပြီး ပြန်လည်ထုတ်ယူနိုင်ပါတယ်၊ သင်္ကြန်ကာလအတွင်းမှာ ဖမ်းဆီးမိတဲ့ ဆိုင်ကယ်တွေကတော့ သင်္ကြန်ပြီးလို့ ပုံမှန်ရုံးဖွင့်ရက်ရောက်ပြီး တရားရင်ဆိုင်ပြီးရင် ပြန်လည်ထုတ်ပေးသွားမှာပါ၊ အဲဒီက ဆူညံအိတ်ဇောတွေကို အခုလိုပဲ ဖျက်ဆီးပွဲထပ်လုပ်ဦးမှာပါ၊ အခုလို ဖမ်းဆီးလိုက်တဲ့အတွက် မုံရွာမြို့အတွင်းမှာ ဆူညံအိတ်ဇောမောင်းတဲ့ ဆိုင်ကယ်တွေနည်းသွားပါပြီ"ဟု အမှတ် ၁၁၁ ယာဉ်ထိန်းရဲတပ်ဖွဲ့စု (မုံရွာမြို့)မှ တပ်ဖွဲ့စုမှူး ဒုတိယရဲမှူး ဇော်ဝင်းနိုင်က ပြောသည်။

ယနေ့ကျင်းပသော ဆူညံအိတ်ဇောများဖျက်ဆီးပွဲတွင် ဖေဖော်ဝါရီ ၁၅ ရက်မှ မတ် ၃၁ ရက်အထိ ဖမ်းဆီးရမိခဲ့သော ဆူညံအိတ်ဇော ၂၂၅ ခုအား လမ်းကြိတ်စက်ဖြင့် နင်းချေ ဖျက်ဆီးခဲ့ကြောင်း သိရသည်။

**ဝင်းဦး(ဧယျာတိုင်း)**



**၂၀၁၈ ခုနှစ် မြန်မာ့ရိုးရာသင်္ကြန်ပွဲတော်တွင် ပြည်သူများ အန္တရာယ်ကင်းရှင်းစွာဖြင့် ပျော်ရွှင်စွာရေကစားနိုင်ရေး မှုခင်းများမဖြစ်ပွားစေရေး အသိပညာပေးဆွေးနွေးဟောပြောပွဲကို ကမာရွတ်မြို့နယ် အမှတ်(၅) ရပ်ကွက် ဘုရားလေးဓမ္မာရုံ၌ ဧပြီ ၆ ရက်က ကျင်းပရာ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူး သိန်းဟန် ဆွေးနွေးဟောပြောစဉ်။**

ခင်မောင်သော်(ကမာရွတ်)

## ပြည်တွင်းပြည်ပ ခရီးသွားများထံ ပိုက်ဆံတောင်းရမ်းနေသူများကြောင့် အနှောင့်အယှက်ဖြစ်

**ညောင်ဦး ဧပြီ ၁၀**

မန္တလေးတိုင်းဒေသကြီး ညောင်ဦးခရိုင် ညောင်ဦးမြို့နယ်နှင့် ကျောက်ပန်းတောင်းမြို့နယ် ပုပ္ပားကျေးရွာတို့ဆက်သွယ်ဖောက်လုပ်ထားသော ဗျတ္တပန်းဆက်လမ်းပေါ်တွင် နေ့စဉ်ခရီးသွားဘုရားဖူးကားများကို လက်ပြနှုတ်ဆက်ပိုက်ဆံတောင်းရမ်းနေသူများကြောင့် ဒေသခံများနှင့် ခရီးသည်တင်မော်တော်ယာဉ်မောင်းနှင်သူများ စိတ်အနှောင့်အယှက်ဖြစ်နေကြကြောင်း သိရသည်။

အဆိုပါ လက်ပြနှုတ်ဆက်တောင်းရမ်းနေသူများသည် ဗျတ္တပန်းဆက်လမ်း လမ်းဘေးကျေးရွာများမှဖြစ်ပြီး ချို့တဲ့ချင်ယောင်ဆောင်ကြကာ တောင်းရမ်းနေကြကြောင်း၊ ထိုသို့တောင်းရမ်းနေသူများအား ပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေပေးခြင်းနှင့် ပုပ္ပားအဆင်းနှင့် မန်ကျည်းစောက်ကျေးရွာ ဗျတ္တပန်းဆက်လမ်းအဝင်တို့တွင် ပညာပေးဗီနိုင်းများထောင်ထားစေပြီး တောင်းရမ်းသူများကို ပိုက်ဆံများကားပေါ်မှ ကြဲချပေးခြင်း၊ ကားရပ်၍ပေးခြင်းများ မပြုလုပ်စေရန် ပညာပေးစေလိုကြောင်း ဆင်လူအိုင်ကျေးရွာနေဦးရဲကျော်က ပြောပြသည်။

ပုပ္ပား ဗျတ္တပန်းဆက်လမ်းသည် နွေမိုးဆောင်းဘုရားဖူးခရီးသွားပြည်သူများပြားလွန်းပြီး နိုင်ငံခြားသားခရီးသွားဧည့်သည်များပါ လာရောက်ကြသည့်အတွက် တောင်းရမ်းနေသူများ မြင်တွေ့ရသည့်အခါ ဧည့်လမ်းညွှန်များ ဖြေဆိုရခက်သည့်အတွက် နိုင်ငံ့ပုံရိပ်ပါကျဆင်းစေကြောင်း ဧည့်လမ်းညွှန် ကိုမျိုးကျော်နိုင်က ပြောသည်။

ထိုသို့ လက်ပြတောင်းရမ်းနေသူများသည် စီးပွားရေးအဆင်မပြေ၍ မဟုတ်ဘဲ လွယ်လွယ်ရပြီး လွယ်လွယ်သုံးနေရကာ အရွယ်စုံတောင်းရမ်းနေရာ အချို့ကျောင်းသား ကျောင်းသူအရွယ်များပင် ပါနေသောကြောင့် စာရိတ္တပျက်စီးစေနိုင်ကြောင်း၊ ပုပ္ပား အဘထွက်ပွဲရောက်လျှင် အချို့ကျေးရွာများမှာ မြင်လို့မကောင်းအောင် တွေ့မြင်နေရကြောင်း၊ ကျောက်ပန်းတောင်း လူမှုရေးအဖွဲ့အစည်းများက ပညာပေးလက်ကမ်းစာစောင်များ ဝေငှပေးဖူးသော်လည်း ထိရောက်မှုမရှိကြောင်း၊ တာဝန်ရှိသူများက စနစ်တကျ ကြပ်မတ်ပေးစေလိုကြောင်း ဒေသခံများထံမှ သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# တစ်ခါတစ်ခေါက်တော့ လှမ်းလာဖို့ဖိတ်ခေါ်ပါသည် ရှမ်းအရှေ့ဖျားက နယ်စပ်ဒေသ မိုင်းယုမြို့လေးဆီ

**ကိုကိုနိုင်(ပြန်/ဆက်)**

**ရှမ်းရိုးမတောင်တန်းကြီးများ ပတ်လည်ဝိုင်းလျက် မြူနှင်းငွေ့တဝေဝေ၊ နမ့်လွေချောင်း ကမ်းနံဘေးတွင်တည်ရှိနေသော နယ်စပ်ဒေသမြို့ဖြစ်သည့် မိုင်းယုမြို့လေးသည် အေးချမ်းသာယာပြီး ရှေးဟောင်းသမိုင်းဝင် စေတီပုထိုးများ၊ ဘုန်းတော်ကြီးကျောင်းများ၊ ဆယ့်နှစ်လရာသီရှမ်းရိုးရာဓလေ့ အလှူပွဲတော်များ၊ မြို့၏ဂုဏ်ဆောင်သော နှစ်နိုင်ငံချစ်ကြည်ရေးနယ်စပ်တံတားတို့ကြောင့် ရှုတိုင်းလှနေသည်။**



မိုင်းယုမြို့ ဖြစ်ပေါ်လာပုံမှာ ဂေါတမမြတ်စွာဘုရား သက်တော်ထင်ရှားရှိစဉ်အခါက မိုင်းယုမြို့သည် သစ်တောများဖုံးလွှမ်းလျက်ရှိနေပါသည်။ ထိုစဉ်က မြတ်စွာဘုရားဒေသစာရီကြွရောက်လာပြီး ယခုလက်ရှိ ဟိုခိုဘုရားကျောင်းနေရာ၌ ခေတ္တရပ်နားတော်မူစဉ် ရှင်အာနန္ဒာမထေရ်မြတ်က ဆွမ်းဘုဉ်းပေးရန်အတွက် သစ်ကိုင်းသစ်ခက်များချိုး၍ တံမြက်စည်းလုပ်နေသည်ကို မြတ်စွာဘုရားမြင်တော်မူသော် ပြုံးတော်မူသည်။ မြတ်စွာဘုရားပြုံးတော်မူသည်ကို ရှင်အာနန္ဒာမထေရ်မြတ်က "ဘာကြောင့် ပြုံးတော်မူပါသလဲ"ဟု လျှောက်ထား မေးမြန်းရာတွင် မြတ်စွာဘုရားက နောက်နောင် ဤနေရာဒေသ၌ ဝမ်ယူးဆိုသည့် ရွာကလေး တည်လာလိမ့်မည်ဟု ဗျာဒိတ်တော်ထားတော်မူခဲ့ရာက စတင်ဖြစ်ပေါ်လာရခြင်းဖြစ်ပါသည်။ (ဝမ်=ရွာ၊ ယူး= တံမြက်စည်း)။

မိုင်းယုမြို့သည် လွန်ခဲ့သောနှစ်ပေါင်း ၅၀၀ ခန့်က မြို့၏အရှေ့ဘက်တွင် တည်ရှိသော ဆစ်ဆောင်ပန်းနား (ခေါ်) ကျင်းဟုန်းမြို့မှ ရှင်ဘုရင်၏ မိဖုရားတစ်ပါးသည် သားတော်တစ်ပါး ဖွားမြင်ပြီးနောက် ခုနစ်နှစ်အရွယ်သို့ ရောက်ရှိလာသောအခါတွင် ဘုရင်ကြီးက သားကောင်းရတနာဖြစ်၊ မဖြစ် ပုရောဟိတ်များကို ခေါ်ယူပြီး သားတော်လေး၏ ဇာတာကို စစ်ဆေးခိုင်းရာ ပုရောဟိတ်ကသားတော်လေး ကြီးပြင်းလာသောအခါတွင် လူဆိုးလူမိုက်ဖြစ်လိမ့်မည်ဟု တစ်ပြိုင်နက်တည်းလျှောက်တင်တော်မူလေသည်။

**တစ်စတစ်စ တိုးချဲ့လာ**

ထိုအခါ ဘုရင်ကြီးက သားတော်လေးအား မဲခေါင်မြစ်ထဲမျှောစေဟု မိန့်တော်မူသည်။ ဖောင်ဖွဲ့၍ ရှမ်းယောကျ်ားငါးဦးနှင့် လွယ်ယောကျ်ား ခုနစ်ဦးတို့က ဘုရင့်သားတော်လေး "ကျောက်စိတ်နွဲ့"ကို အဖော်ပြု၍ ကျင်းဟုန်းမှ မဲခေါင်မြစ်ထဲသို့စီးဝင်သည့် ချောင်းအတိုင်း စုန်ဆင်းလာခဲ့ပြီး ကျင်းခမုန်မှာ အခြေချပြီး ရွာထူထောင် နေထိုင်ခဲ့ကြသည်။ ယင်းရွာလေးမှ တစ်စတစ်စ တိုးချဲ့လာပြီးနောက် ရှမ်းမိသားစုတစ်စု၊ လွယ်မိသားစုတစ်စုတို့ကို မိုင်းယုကျေးရွာသို့ စေလွှတ်ကာ အခြေချရွာတည်၍ နေထိုင်ခဲ့ကြသည်။

နမ့်လွေချောင်း၏ အရှေ့ဘက်ကမ်း ကျဲင်းယဲန်းနေရာတွင် နေထိုင်ကြပြီး ဆစ်ဆောင်ပန်းနားဘုရင်နှင့် အဆင်မပြေ၍ မိုင်းယုဘက်ကမ်းသို့ ကူးပြောင်း နေထိုင်လာခဲ့ကြသည်။ ဘုရင့်တပ်သားများအား တိုက်ခိုက်ရန် ခေါ်ပြီး၊ တုတ်ပြီးသည့် လူစွမ်းကောင်း ၃၂ ဦးရွေးချယ်ကာ အရောင်ခုနစ်မျိုးရှိသော အလံခုနစ်မျိုးကို တစ်နေ့လျှင်တစ်မျိုးပြပြီး ရန်သူအားထွက်ခွာသွားစေရန် မောင်းထု၍ ကြေညာခဲ့သည်။ ထိုအချိန်တွင် ဘုရင့်တပ်သားများသည် နမ့်လွေချောင်းနှင့် နမ့်ဖွန်ချောင်းဆုံရာအနီးတွင် စခန်းချနေကြသည်။ ၎င်းတို့ အိပ်ပျော်နေစဉ်တွင် အိပ်ငွေ့ချပညာဖြင့် အိပ်ငွေ့ချပြီး လည်ပင်းများကို ထုံးဖြူးထားခဲ့သည်။ မင်းတို့နေရာက ထွက်မသွားလျှင် မင်းတို့ကို ထုံးတားထားခဲ့တဲ့နေရာကို ဖြတ်ပစ်မည်ဟု ကြေညာခဲ့သည်။ ထို့နောက် လူစွမ်းကောင်း ၃၂ ယောက်တို့မှာ ဝင်ရောက်တိုက်ခိုက်ကြရာ ရန်သူများကျဆုံး ထွက်ပြေးပြီး ရန်သူခေါင်းဆောင် ကျောက်လုံးခိုးပုံ ကျဆုံးခဲ့လေသည်။

**နတ်ပူဇော်ပသပွဲ**

၎င်းရန်သူခေါင်းဆောင် ကျောက်လုံးခိုးပုံသည် မိုင်းယုမြို့၏ မြို့စောင့်နတ်ဖြစ်သွားသည်ဟု ယူဆကာ ယနေ့ထိတိုင် မိုင်းယုမြို့သူ မြို့သားများမှာ မြို့လုံခြုံရေး၊ အေးချမ်းသာယာရေးအတွက် ယင်းလူကြီးအား နတ်ရိုးရာပွဲများ စီရင်၍ နှစ်စဉ် ဒေသခံတိုင်းရင်းသားများက နတ်ပူဇော်ပသပွဲအဖြစ် ကျင်းပပေးလေ့ရှိပါသည်။

ထို့နောက် အင်္ဂလိပ်ခေတ် ကာလသို့ရောက်သောအခါ (ယခုစာတိုက်ရုံးနေရာ)မြို့ပိုင်ရုံးတစ်ရုံး တည်ဆောက်၍ နေထိုင် အုပ်ချုပ်ခဲ့သည်။ ထိုစဉ်က မိုင်းယုစော်ဘွား ကျောက်အင်သာအွန်းက အုပ်ချုပ်ခဲ့သည်။ ၎င်း၏ ချွေးမ ဒေါ်နန်းကောင်နှင့် မြေးဖြစ်သူ ဦးကျောက်အင်ထလျဲန်းတို့မှာ ယနေ့တိုင်အောင် သက်ရှိထင်ရှားရှိနေပါသည်။

စစ်ပြီးကာလနှောင်းပိုင်းတွင် နမ့်လွေချောင်း၏ အရှေ့ဘက်ကမ်း၌ တရုတ်ဖြူစစ်သားများ စခန်းချနေထိုင်လျက်ရှိနေပါသည်။ နမ့်လွေချောင်း၏ အနောက်ဘက်အခြမ်းမိုင်းယုတွင် ယိုးဒယားစစ်သားများ စခန်းချနေထိုင်သည်။ မိုင်းလွေ-မိုင်းယု- မိုင်းဝအထိကားလမ်းကိုလည်း ယိုးဒယားစစ်သားများကပင် ဖောက်လုပ်ထားခဲ့ခြင်းဖြစ်ပြီး ယိုးဒယားစစ်သားများသည် ဒေသခံပြည်သူများ၏ ကျွဲ၊ နွား၊ ဝက်၊ ကြက်တို့ကို မကြာခဏခိုးယူနေကြသည်ကိုမခံနိုင်တော့သဖြင့် တရုတ်ဖြူများကသိရှိပြီး စတင်ပစ်ခတ်တိုက်ခိုက်ခဲ့၍ ယိုးဒယားများ ကစဉ့်ကလျားနှင့် ထွက်ပြေးသွားခဲ့ပါသည်။

ယင်းနောက်ပိုင်းတွင် မိုင်းယုဒေသကို တရုတ်ဖြူများက လေးနှစ်ခန့်ကြာ အုပ်ချုပ်ခဲ့ကြသည်။ ထိုစဉ်ကမိုင်းယောင်းတွင်သာ မြန်မာ့တပ်မတော်ရှိပါသည်။ မြန်မာ့တပ်မတော်သည် မိုင်းယုဒေသ၌ ခိုအောင်းကြွင်း ကျန်နေသော တရုတ်ဖြူများကို ဝင်ရောက်တိုက်ခိုက် မောင်းထုတ်နိုင်ခဲ့ပါသည်။ ထိုနောက်ပိုင်းမှသာ မြန်မာ့တပ်မတော်က မိုင်းယုမြို့အနီးတစ်ဝိုက်ရှိ ယခုလက်ရှိ (ရုပ်သံထပ်ဆင့်လွှင့် ဌာနရုံး)နေရာ၊ ကော်ဟိုလွယ်နှင့် ထင်းရှူးတောင်တို့တွင် စခန်းချဝင်ရောက်လာခဲ့ပါသည်။

**တွန်းလှန်တိုက်ခိုက်**

မြန်မာ့သက္ကရာဇ် ၁၃၃၄ ခုနှစ် တပို့တွဲလဆန်း ၁၄ ရက် နံနက်ပိုင်းအချိန်က စတင်၍ မိုင်းယုသို့ ဗကပများဝင်ရောက်လာပြီး မြန်မာ့တပ်မတော်နှင့် တိုက်ပွဲများ ဖြစ်ပွားနေချိန် မိုင်းယုဒေသသည် အေးချမ်းငြိမ်သက်မှုမရှိဘဲ ဒေသခံတိုင်းရင်းသားများမှာ ပြေးလွှားရှောင်တိမ်းနေရပြီး ကျီးလန့်စာစားနေရချိန်ဖြစ်ခဲ့သည်။ ၁၉၈၈ ခုနှစ်တွင် မြန်မာ့တပ်မတော်အစိုးရမှ တာဝန်ယူသည့် ကာလတိုင် တိုက်ပွဲများအကြီးအကျယ် ဖြစ်ပွားလျက်ရှိပြီး ကျေးရွာပြည်သူများကိုလည်း ဗကပများက အကြိမ်ကြိမ် စည်းရုံးသော်လည်း ပြည်သူများက လက်မခံဘဲ ပြည်သူ့စစ်အဖွဲ့ အနည်းငယ်နှင့် တပ်မတော်တို့ဘက်မှ ရဲရဲဝံ့ဝံ့ရပ်တည်ကာ အတူလက်တွဲ တွန်းလှန်တိုက်ခိုက်လေတော့သည်။ ဒေသခံပြည်သူများမှာလည်း ကောင်းမွန်စွာ ပညာရေးကိုသင်ကြားခွင့်မရခဲ့၍ အသိအမြင်ဖွံ့ဖြိုးတိုးတက်မှု နည်းပါးခဲ့သောကြောင့် ဒေသ၏ ဖွံ့ဖြိုးတိုးတက်မှုမှာ နှောင့်နှေးခဲ့ရလေသည်။

**ငြိမ်းချမ်းရေး အောင်ပွဲ**

ထို့နောက် လက်နက်နှင့် ငြိမ်းချမ်းရေး လဲလှယ်မှု ပြုလုပ်နိုင်ရေးအတွက် ၁၉၈၉ ခုနှစ် ဧပြီလ ၁၉ ရက်နေ့က မိုင်းယုနှင့် ကျိန်းယဲန်းအကြား နမ့်လွေချောင်းအလယ် သဲသောင်ပြင်၌ ငြိမ်းချမ်းရေးအောင်ပွဲကို ကျင်းပခဲ့သည်။

ထို့နောက် နယ်မြေအေးချမ်းသာယာလာပြီး နယ်စပ်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို စတင်အကောင်အထည်ဖော် လာခဲ့တော့သည်။ ယခင်က စော်ဘွားများနေထိုင်ခဲ့ကြသည့် မိုင်းယုမြို့အား ပတ်လည်ဝန်းရံထားသော အုတ်မြို့ရိုးဟောင်းကြီးသာ မိုင်းယုမြို့လေး၏ ယခု သမိုင်းသက်သေတည်အဖြစ် ကျန်ရစ်နေလေတော့သည်။ မိုင်းယုမြို့သည် အရှေ့လောင်ဂျီတွဒ် ၁၀၀ဒီဂရီ ၃၂ မိနစ်မှ ၁၀၀ ဒီဂရီ ၃၃ မိနစ်၊ မြောက်လတ္တီတွဒ် ၂၁ဒီဂရီ ၂၉ မိနစ်မှ ၂၁ ဒီဂရီ ၃၀ မိနစ်အတွင်း တည်ရှိပြီး အကျယ်အဝန်းမှာ ၁၁.၂၀ ဒသမ ၉၃၈ စတုရန်းမိုင် ကျယ်ဝန်းပါသည်။ အရှေ့မှအနောက်သို့ ၄၆ မိုင်ကျယ်ဝန်းပြီး တောင်မှမြောက်သို့ ၁၉ မိုင် ကျယ်ဝန်းပါသည်။

**ညီညာပြန့်ပြူးသောလွင်ပြင်**

မိုင်းယုမြို့သည် အရှေ့ဘက်တွင် လာအိုနိုင်ငံ၊ အနောက်ဘက်တွင် ကျိုင်းတုံမြို့နယ်၊ တောင်ဘက်တွင် မိုင်းယောင်းမြို့နယ်နှင့် တာချီလိတ်မြို့နယ်၊ မြောက်ဘက်တွင် တရုတ်နိုင်ငံတို့ တည်ရှိပါသည်။ မိုင်းယုမြို့သည် တောင်ကုန်းတောင်တန်းများ ပေါ်များပြီး ညီညာပြန့်ပြူးသောလွင်ပြင် အနည်းငယ်သာရှိပြီး အလျားရှည်၍ အနံကျဉ်းမြောင်းလျက်ရှိသည်။

မိုင်းယုမြို့၌ မြောက်မှတောင်သို့ စီးဆင်းသောနမ့်လွေချောင်းနှင့် အနောက်မှအရှေ့သို့ စီးဆင်းနေသော နမ့်ဖွန်ချောင်းတို့ တည်ရှိသည်။ ထင်ရှားသောချောင်းမှာ နမ့်လွေချောင်းဖြစ်ပြီး မြို့ဘေးမှမြောက်မှတောင်သို့ ဖြတ်သန်းစီးဆင်းနေလျက်ရှိသည်။

မိုင်းယုမြို့သည် ပင်လယ်ရေမျက်နှာပြင်အထက် ပျမ်းမျှအမြင့် ၁၈၇၅ ပေ အထက်တွင် တည်ရှိပါသည်။ အမြင့်ဆုံးတောင်မှာ ဒွန်းခရာတောင်ဖြစ်၍ ပင်လယ်ရေမျက်နှာပြင်အထက် ၅၃၈၅ ပေဖြစ်ကာ မြို့၏အနိမ့်ဆုံးအရပ်ဒေသမှာ မိုင်းလွေကျေးရွာ ဖြစ်သည်။

မိုင်းယုမြို့သည် အပူအအေးမျှတစိုစွတ်ပြီး အေးသမပိုင်းရာသီဥတုဖြစ်၍ တောင်ပေါ်နှင့် မြေပြန့်များတွင် အလေ့ကျပေါက်ရောက်သော အပင်များမှာ ဒေသအခေါ်အဝေါ် မိုက်ကော်၊ စကားဝါပင်၊ ဆိတ်နံကြီး၊ အုံတုံ၊ သစ်ချပင်၊ သစ်တည်၊ သစ်အယ်ပင်နှင့် ထင်းရှူးပင်များဖြစ်ပြီး ကျေးရွာများမှ မိမိတို့ အိမ်သုံးလောင်စာအဖြစ် အသုံးပြုသည့် မဲဇလီပင်များကိုလည်း တွေ့ရပေမည်။

**ဆောင်ရွက်လျက်ရှိ**

မိုင်းယောင်းမှ မိုင်းယုကားလမ်းမအရှည် ၁၈ မိုင်ရှိပြီး ယခင်က မြေသားလမ်းဖြစ်၍ မိုးတွင်းအခါ လမ်းများပျက်စီးပြီး အများပြည်သူ သွားလာရန် ခက်ခက်ခဲခဲ ညအိပ်သွားခဲ့ရသည်။ ယခုအခါ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ စက်များဖြင့် လမ်းများချဲ့ထွင်ခြင်း၊ ကျောက်များခင်းခြင်း၊ ကွန်ကရစ်တံတား တည်ဆောက်ခြင်းတို့ကြောင့် နေ့ချင်းပြန် သွားလာနိုင်ပြီး ယင်းထက် ပိုမိုသွားလာမှု မြန်ဆန်စေရန်လည်း ကတ္တရာလမ်းအား ခင်းပေးခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည်။

မိုင်းယုမြို့ပေါ်နှင့် ကျေးရွာများမှာ ယခင်က ဆန်စပါးကိုသာ အဓိကအားထား စိုက်ပျိုးပြီး ဆောင်းသီးနှံအဖြစ် အစေ့ထုတ်ပြောင်း၊ ပဲမျိုးစုံ၊ နှမ်း၊ မြေပဲ၊ ကြံ၊ ရော်ဘာ၊ လက်ဖက်၊ ကော်ဖီ၊ အုန်း၊ ငှက်ပျော၊ အခြားဟင်းသီးဟင်းရွက်နှင့် သစ်သီး ဝလံများကိုပါ အနည်းငယ် စိုက်ပျိုးလေ့ရှိပြီး ယခုအခါ ငှက်ပျောနှင့် ရော်ဘာကိုသာ အဓိကစီးပွားဖြစ် စိုက်ပျိုးကြသည်။

မိုင်းယုတွင် ယခင်က ကျွဲ၊ နွား၊ဝက်၊ ဘဲ၊ ငါးတို့ကို တစ်ပိုင်တစ်နိုင် မွေးမြူကြပြီး စီးပွားဖြစ်မွေးမြူခြင်း မရှိပေ။ ကျွဲ၊ နွားများကို လယ်ယာသုံးလုပ်ငန်းခွင်၌ အသုံးပြုကြကာ ယခုအခါ အလှူပွဲနှင့် စားသောက်ရန်အတွက်သာ မွေးမြူထားကြတော့သည်။

**အသက်မွေးဝမ်းကျောင်းပြု**

မိုင်းယုဒေသသည် ရှမ်း၊ ဗမာနှင့် အာခါလူမျိုး အများစုနေထိုင်ကြပြီး မွန်၊ ချင်း၊ အနည်းငယ်နှင့် ၂၀၁၄ ခုနှစ်ကစ၍ ရခိုင်လူမျိုးများလည်း ပြောင်းရွှေ့နေထိုင်လာခဲ့ကြကာ ၂၀၁၇ ခုနှစ်တွင် ဒေသခံလူဦးရေမှာပျမ်းမျှ ၃၄၃၉၈ ဦးထိ တိုးပွားလာခဲ့ပါသည်။ မိုင်းယုဒေသခံ ရှမ်းတိုင်းရင်းသားများသည် တောင်ယာ၊ လယ်နှင့် ကိုယ့်အားကိုယ်ကိုး ကုန်စုံဆိုင်လေးများကို မိမိတို့အိမ်၌ တည်ခင်းရောင်းချခြင်းများ လုပ်ကိုင်ပြီး ရိုးသားစွာ အသက်မွေးဝမ်းကျောင်းပြုကြသည့် တိုင်းရင်းသားများ ဖြစ်ပါသည်။

မိုင်းယုမြို့သည် အိမ်နီးချင်းနိုင်ငံဖြစ်သော တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် အနီးဆုံးမြို့ဖြစ်ပြီး နယ်စပ်ကုန်သွယ်မှု အကောင်းဆုံးမြို့ဖြစ်သည်။ စီးပွားကူးသန်းရောင်းဝယ်ရေးနှင့် စိုက်ပျိုးရေးလုပ်ငန်းများ တွင်ကျယ်စွာ လုပ်ကိုင်နိုင်ခြင်းတို့ကြောင့် ယခုအခါ မိုင်းယုကျေးရွာလေးမှာ နယ်မြေအေးချမ်းသာယာလာပြီး တစ်စတစ်စ ခေတ်မီ တိုးတက်ပြောင်းလဲကာ ရှမ်းပြည်နယ်အရှေ့တွင် ထင်ပေါ်ကျော်ကြားကာ မိုင်းယုမြို့အဖြစ် အသက်ဝင်လာခဲ့ရပါတော့သည်။

ရှမ်းရိုးမ တောင်တန်းကြီးများအကြားနှင့် နမ့်လွေချောင်း ကမ်းစပ်တွင် အေးချမ်းမှုကို ပေးစွမ်းနေသော ရှမ်းပြည်နယ်အရှေ့ပိုင်း တာချီလိတ်ခရိုင်အတွင်းရှိ မိုင်းယုမြေသို့ ရပ်ဝေးမှ ပြည်သူများကို အလည် တစ်ခါတစ်ခေါက် လာရောက်လှည့်ဖို့ ဖိတ်ခေါ်လိုက်ပါရစေ။ ။

**" မိုင်းယုမြို့သည် အိမ်နီးချင်းနိုင်ငံဖြစ်သော တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် အနီးဆုံးမြို့ဖြစ်ပြီး နယ်စပ်ကုန်သွယ်မှု အကောင်းဆုံးမြို့ဖြစ်သည်။ စီးပွားကူးသန်းရောင်းဝယ်ရေးနှင့် စိုက်ပျိုးရေးလုပ်ငန်းများ တွင်ကျယ်စွာ လုပ်ကိုင်နိုင်ခြင်းတို့ကြောင့် ယခုအခါ မိုင်းယုကျေးရွာလေးမှာ နယ်မြေအေးချမ်းသာယာလာပြီး တစ်စတစ်စ ခေတ်မီတိုးတက်ပြောင်းလဲကာ ရှမ်းပြည်နယ်အရှေ့တွင် ထင်ပေါ်ကျော်ကြားလာသော မိုင်းယုမြို့မှာ အသက်ဝင်လာခဲ့ရ"**

**ဝက်ပါစံအိမ် ၊ ဝိညာဉ်ရှိုက်သံ ၊ ရတနာထဲကရတနာ စသည့် ရုပ်သံဇာတ်လမ်းတွဲများနှင့် MRTV-4 ကြည့်ရှုသူ ပရိသတ်များကို ဗီလိန်ဇာတ်ကောင်စရိုက်နှင့် ဆွဲဆောင်နိုင်ခဲ့သူ သရုပ်ဆောင် မြတ်သူသူဇင်သည် ပထမဆုံး ရုပ်ရှင်ဇာတ်ကားကြီးဖြစ်သည့် 'ယတြာ' ဇာတ်ကားတွင် ပါဝင်သရုပ်ဆောင်ခဲ့ပြီး ဗီလိန်ဇာတ်ကောင်စရိုက်များထက် အခြားပြောင်းလဲသရုပ်ဆောင်မှုအပေါ် သူ၏ သဘောထားများနှင့် အနုပညာခံစားမှုအကြောင်းများကို ယခုလ ၈ ရက် နံနက် ၁၀ နာရီက ရန်ကုန်မြို့ သယ်န်းကျွန်းမြို့နယ်ရှိ သုမင်္ဂလာလမ်းနှင့် ရတနာလမ်းထောင့်ရှိ ရတနာပုံရိပ်ငြိမ် မိဘမဲ့ပရဟိတကျောင်းတွင် မွေးနေ့အလှူပြုလုပ်ခဲ့စဉ်အတွင်း မေးမြန်းကြည့်ဖြစ်ခဲ့သည်။**

# အများငြင်းပယ်ခဲ့သည့် ဗီလိန်ဇာတ်ကောင်စရိုက်ဖြင့် ပရိသတ်တိုးခဲ့သူ မြတ်သူသူဇင်

**ကိုလင်း**



**မေး ။ ။ပထမဆုံးအနုပညာလောကကို စပြီး ဝင်ရောက်ခဲ့ပုံကိုပြောပြပါဦး။**

ဖြေ ။ ။ပထမဆုံးကတော့ 'ပန်းနုသွေး'တို့ 'ထာဝရ မန္တလေး' စတဲ့ ဇာတ်လမ်းတွဲတွေမှာတော့ ညီမ ထိုက်သင့်သလောက်ပဲ လုပ်ခွင့်ရခဲ့ပါတယ်၊ ပိုပြီး လုပ်ခွင့်ရခဲ့တဲ့ ဇာတ်လမ်းတွဲလေးကတော့ 'ဝိညာဉ်ရှိုက်သံ'ပါ၊ အဲဒီကားမှာ အခွင့်အရေးတွေအများကြီးရရှိခဲ့ပါတယ်၊ ရှေ့မှာရိုက်ခဲ့တဲ့ ကားတွေကတော့ အခွင့်အရေးတစ်ခုအဖြစ် ဖန်တီးပေးခဲ့တဲ့ ကားလေးတွေပါ၊ ဝိညာဉ်ရှိုက်သံ ဇာတ်ကားကတော့ ပရိသတ်ပိုသတိထားမိသွားစေတာမို့ အနုပညာခြေလှမ်းအစဆိုလည်း မမှားပါဘူး၊ ဒီကားလေးကို သိပ်ကြိုက်တယ်၊ ကိုယ့်အတွက် အမှတ်တရလည်းဖြစ်စေပါတယ်။ နောက်ပြီး ဒီဇာတ်လမ်းတွဲလေးက ညီမကို အားလုံးမုန်းချင်လည်းမုန်းကြမှာပဲပေါ့နော်၊ အဲ့အတွက် စိတ်ပူပေမယ့် ကျေနပ်ပါတယ်၊ ဘာဖြစ်လို့လဲဆိုရင် ဒီကားလေးကြောင့် အားလုံးက မှတ်လည်းမှတ်မိသွားကြတယ်။

**မေး။ ။ ဝက်ပါစံအိမ်မှာတော့ ဇာတ်ကောင်စရိုက်ပြောင်းလဲသွားတယ်နော်၊ အဲဒီဇာတ်ကားလေးကိုရော ဘယ်လိုရိုက်ဖြစ်သွားတာလဲ။**


ဖြေ ။ ။ရိုးသားပြီး တစ်ဖက်သက်ချစ်ရတဲ့ ကောင်မလေးတစ်ယောက်ပုံစံရိုက်ကူးထားတာပါ၊ ဝိညာဉ်ရှိုက်သံမှာ ညီမက အိဖြူစင်ကို မုန်းပြီးလိုက်ပြီး ပြိုင်ဆိုင်တဲ့သူပေါ့နော်၊ ဝက်ပါစံအိမ်နဲ့ဆိုရင် သရုပ်ဆောင်ပုံခြားနားသွားတာပေါ့၊ နောက်တစ်ကားက ရတနာထဲကရတနာ ဇာတ်လမ်းတွဲဆိုလည်း ဒီလိုပါပဲ၊ ဇာတ်ကောင်စရိုက်က လုံးဝခြားနားသွားတယ်၊ ဇာတ်လမ်းတစ်ခုကို သရုပ်ဆောင်မယ်ဆိုရင် ပထမဆုံးအနေနဲ့ ကိုယ်အရင်ဆုံး လုပ်ခဲ့တဲ့ ဇာတ်ကောင်စရိုက်ကို ပထမဆုံးသတိထားရတယ်၊ လုပ်ဖြစ်ခဲ့တာက သူများတွေ မလုပ်ချင်တော့ ကိုယ့်ဆီရောက်လာတာတွေများတယ်၊ သူများတွေက ဗီလိန်ဇာတ်ကောင်စရိုက်မို့ မုန်းမှာ ကြောက်ကြတယ်၊ ကျွန်မကတော့ ကိုယ့်အတွက် အခွင့်အရေးတစ်ခု၊ ငါရအောင်ကြိုးစားပြီးလုပ်မယ်ဆိုတဲ့ စိတ်နဲ့ လုပ်ဖြစ်ခဲ့တယ်၊ အနုပညာစလုပ်တာနဲ့ ဗီလိန်ဇာတ်ကောင်စရိုက်ကို စလုပ်ရတာဆိုတော့ ကိုယ့်အတွက် မလွယ်ကူခဲ့ဘူး၊ ဝိညာဉ်ရှိုက်သံဆိုရင် ညီမက ဇာတ်ပို့နေရာကနေ သရုပ်ဆောင်ဖို့ ရွေးချယ်ခံထားတာပါ ၊ မူရင်းဇာတ်လမ်းက ထိုင်းကပါ၊ သူတို့ ဘက်မှာကျတော့ ဆင်ဆာအနေနဲ့ ကန့်သတ်ထားတာမရှိသလောက်ပဲ။

**မေး ။ ။ ဇာတ်လမ်းတွဲအပြင် ထပ်ပြီး အနုပညာလှုပ်ရှားမှုတွေရော ရှိသေးလား။**

ဖြေ ။ ။ ရုံကြီးကားအနေနဲ့တော့ 'ယတြာ'ရုပ်ရှင်ကားကြီးမှာ သရုပ်ဆောင်ထားပါတယ် ၊ ကိုထွန်းထွန်းနဲ့ 'ကဲ မယုံချင်နေ'ဆိုတဲ့ ဇာတ်ကားရိုက်ထားတယ်၊ ဆင်ဆာတွေ ရုံတင်ရက်တွေချိတ်နေတယ်လို့ သိရပါတယ် ၊ ပွင့်ပွင့်လင်းလင်းပြောရရင် အပြင်လောကနဲ့ ဆက်ဆံမှုရချင်ပါတယ်၊ အချို့က ကျွန်မကို ဇာတ်လမ်းတွဲတွေ ရိုက်နေတာများပြီး အပြင်ထုတ်လုပ်ရေးနဲ့ ရိုက်မရဘူးလို့ ထင်နေကြတယ် ၊ ကျွန်မကတော့ အပြင်ဇာတ်ကားတွေကိုလည်း ရိုက်ချင်ပါတယ်။

# ထိခိုက်ဒဏ်ရာရရှိသည်အထိ ကြိုးစားရိုက်ကူးထားသည့် နိုင်းနိုင်း၏ ဇာတ်ကား

**●ကိုလင်း**




မေလတွင် ရုံတင်ပြသမည့် 'ဒုဋ္ဌဝတီကို လွန်၍' ဇာတ်ကားကြီးတွင် သရုပ်ဆောင် နိုင်းနိုင်းက အဓိကဇာတ်ဆောင်အဖြစ် အဆိုတော်အမွန်းနှင့်အတူ တွဲဖက်သရုပ်ဆောင်ထားသည်ကို မြင်တွေ့ရသည်။ ယင်းဇာတ်ကားနှင့်ပတ်သက်ပြီး သူ၏ အနုပညာအပေါ် ခံစားမှုများကို မြန်မာ့အလင်းသို့ ပြောကြားခဲ့သည်။

"ကျွန်တော်ရိုက်ခဲ့သမျှ ဇာတ်ကားတွေအထဲမှာ ပင်ပန်းခဲ့တဲ့ ကားတစ်ကားဆိုရင်လည်း မမှားပါဘူး၊ ဇာတ်ကားတစ်ကားလုံး ကြည့်လိုက်လို့ရှိရင် အေးအေးဆေးဆေးရိုက်ရတဲ့အခန်းက တော်တော်ကို နည်းပါတယ်၊ ဒီဇာတ်လမ်းဟာ တစ်ကားလုံး ဆုံးသွားတဲ့အထိ ပျင်းဖို့သိပ်မရှိတဲ့ ကားတစ်ကားဆိုတော့ ပရိသတ်တွေနဲ့လည်း ဘယ်လိုပြီးလို့ပြီးသွားမလဲမသိတဲ့ ကားတစ်ကားလို့ ပြောပြချင်ပါတယ်၊ ရုံပေါ်ရောက်တဲ့ အခါကျရင်တော့ ပရိသတ်တွေ ဆုံးဖြတ်လို့ရမှာပါ၊ အက်ရှင်ကားရိုက်တဲ့အခါမှာ အခက်အခဲတွေကတော့ အများကြီးရှိပါတယ်၊ ဒါပေမယ့် ကိုယ့်ဒါရိုက်တာနဲ့ ပါဝင်တဲ့ သရုပ်ဆောင်တွေ လက်တွဲညီညီလုပ်ကိုင်ခဲ့ကြတဲ့အတွက် အဆင်ပြေခဲ့ပါတယ်၊ အခက်အခဲက အဓိကတော့ ကားထဲမှာပါတဲ့လူတွေ အကုန်လုံး တက်ညီလက်ညီနဲ့ အားသွန်လုပ်ကိုင်ကြမှ ဇာတ်ကားက ကောင်းမွန်မှာပါ၊ ဒီကားက ဖျော်ဖြေရေးကားပါ၊ ကြည့်လိုက်တဲ့သူတိုင်းကို ဖျော်ဖြေထားတာပါ၊ ဇာတ်လမ်းက အပြင်မှာလည်း ဟုတ်ချင်ဟုတ်မယ်ပေါ့နော်၊ စပြီး မရိုက်ခင် တစ်ပတ်၊ ၁၀ ရက်လောက်မှာ လေ့ကျင့်မှုတွေနဲ့ ဇာတ်တိုက်ရတာတွေ လုပ်တယ်၊ အဲဒီမှာကတည်းက ခြေထောက် ခေါက်သွားပြီး အရွတ်ထိခိုက်သွားတယ်၊ ဒါပေမယ့် ဒဏ်ရာရတဲ့ ခြေထောက်နဲ့ပဲ ဇာတ်ကားကို ပြီးအောင် ရိုက်ခဲ့ပါတယ်၊ ထုံဆေးတွေနဲ့ ဖျန်းဆေးတွေလူးပြီး၊ ပတ်တီးတွေစီးပြီးတော့ ရိုက်ခဲ့ရတယ်၊ Indoor ဆက်တင်တွေနဲ့ ရိုက်တဲ့အခါမှာလည်း ကြိုးတံတားတွေ ဖန်တီးပြီး ရိုက်တဲ့အခါမှာ မရိုက်ခင်မှာကတည်းက ကြိုးတံတားက ပျက်ကျခဲ့သေးတယ်၊ အဲဒီကြိုးတံတားက အမြင့် ၁၀ ပေလောက်ရှိပြီး အောက်ကို ပြုတ်ကျတော့ တော်တော်ကို ခံရတယ်၊ အက်ရှင်ကားရိုက်တဲ့သူတိုင်း မတော်တဆမှုကတော့ ရှိတာပါပဲ၊ ကျွန်တော်လည်း တော်တော်ကို အပင်ပန်းခံပြီး ရိုက်ကူးထားတာပါ"ဟု နိုင်းနိုင်းက ပြောသည်။

ထို့အပြင် ဇာတ်ကားအောင်မြင်မှုအတွက် ဇာတ်လမ်းဇာတ်အိမ်ပေါ်တွင်လည်း မူတည်ကြောင်း၊ ယခု ဇာတ်ကားမှာ ရိုက်ကူးရန် အချိန်ယူရပြီး နေရာအတော်များများ မတူညီမှုများ ရှိနေခြင်းကြောင့် ပရိသတ်များ အားရကျေနပ်မည်ဖြစ်ကြောင်း၊ ခရီးသွားရသည့် အချိန်များနှင့် ဆက်တင်လုပ်ရသည့်အရာများကို အချိန်ယူဆောင်ရွက်ခဲ့ရကြောင်း သိရှိရသည်။

"ဒီဇာတ်ကားကို ရိုက်ကူးဖြစ်တာက ဘုဏ်းသိုက်နဲ့ ကျွန်တော်နဲ့က ခရီးသွားအစီအစဉ်တစ်ခုမှာ ဆုံဖူးတယ်၊ သူ့ရဲ့ ကြိုးစားအားထုတ်မှုကိုလည်း သဘောကျမိတယ်၊ ပြီးတော့ ဒီဇာတ်ကားလေးကို ပြီးခဲ့တဲ့ နှစ်မကုန်ခင်ကတည်းက ကျွန်တော့်ကို ကမ်းလှမ်းထားတာ၊ သူ့ဇာတ်လမ်းလေးကိုလည်း စိတ်ဝင်စားတဲ့အတွက် လက်ခံဖြစ်ခဲ့တာပါ၊ သက်မွန်နဲ့ကတော့ ပန်းကြာဝတ်မှုန် ဇာတ်ကားပြီးကတည်းက မဆုံတာကြာပြီလေ၊ အခုဒီကားလေးမှာ ပြန်ဆုံရပြီ"ဟု နိုင်းနိုင်းက ရုံတင်ပြသတော့မည့် ဇာတ်ကားအတွေ့အကြုံအား ပြောကြားသည်။

# ကျပ်သိန်းထောင်ချီ ကုန်ကျသည့် ရောင်ပြန် ပရိသတ်များအတွက် ရသစုံပေးစွမ်းမည်



သုဒြာ ရုပ်ရှင်ထုတ်လုပ်ရေးမှ ထုတ်လုပ်ရိုက်ကူးပြီး ဒါရိုက်တာ လူမင်း ဖန်တီးတင်ဆက်ကာ နိုင်ငံကျော် အမျိုးသမီး သရုပ်ဆောင်လေးဦး ပါဝင်သရုပ်ဆောင်ထားသည့် Reflection (ရောင်ပြန်) အမည်ရှိ ရုပ်ရှင်ဇာတ်ကားကို ယခုလ ၁၇ ရက်တွင် ရုံတင်ပြသသွားမည်ဖြစ်ကြောင်းသိရသည်။

ကုန်ကျစရိတ်စုစုပေါင်း ကျပ်သိန်းပေါင်း နှစ်ထောင်ကျော် သုံးစွဲထားသည့် ယင်းဇာတ်ကားနှင့် ပတ်သက်၍ သုဒြာထုတ်လုပ်ရေးပိုင်ရှင် အိန္ဒြာကျော်ဇင်က "ဒီဇာတ်ကားအတွက် ပရိသတ်အားပေးမှုကို အူဝဲ အများကြီးမျှော်လင့်ထားပါတယ်၊ ဒီဇာတ်ကားက မင်းသမီး အသားပေး ရိုက်ထားတဲ့ ဇာတ်ကားဖြစ်တဲ့အတွက် ပရိသတ်ဆီက ပြန်ကြားရမယ့်အသံကို အူဝဲ အများကြီးလည်း ရင်ခုန်ပါတယ်၊ အဓိကတော့ ဖက်ရှင်အသားပေး အက်ရှင်ဇာတ်ကားပုံစံဆိုတော့ ဒီဇာတ်ကားထဲမှာပါတဲ့ မင်းသမီးတွေ အကုန်လုံးရဲ့ ဖက်ရှင်တွေဆိုလည်း ဖက်ရှင်ဒီဇိုင်နာ တစ်ယောက်စီထားပြီး သေချာပြင်ဆင်တယ်၊ ပြီးတော့ဒီကားမှာ အမှတ်တရဖြစ်တဲ့ ဇာတ်ဝင်ခန်းဆိုရင် အူဝဲ ကွန်တိန်နာကားကို တက်မောင်းပြီးတိုက်ပစ်တဲ့အခန်း ဖြစ်ပါတယ်၊ အော်တိုဂီယာနဲ့ပဲမောင်းတတ်တာ၊ အဲဒီကားက manual ဆိုတော့ အခက်အခဲဖြစ်ခဲ့ရတယ်၊ အဲဒါကတော့ မှတ်မှတ်ရရပါပဲ"ဟုပြောသည်။

အဆိုပါဇာတ်ကားတွင် ပါဝင်သည့် သရုပ်ဆောင်များမှာ သရုပ်ဆောင် ထွန်းအိန္ဒြာဗိုလ်၊ အိန္ဒြာကျော်ဇင်၊ ဝတ်မှုန်ရွှေရည်နှင့် ပက်ထရစ်ရှာတို့အပြင် အခြားသရုပ်ဆောင်များစွာ ပါဝင်အားဖြည့်သရုပ်ဆောင်ထားကြောင်း သိရသည်။

အဆိုပါ ဇာတ်ကားသည် မင်းသမီးလေးဦး ၏ ဖက်ရှင်နှင့် အက်ရှင်ကို အသားပေးပေါင်းစပ်ထားသောဇာတ်ကားကြီးဖြစ်ပြီး "အကွက်မြင် ထက်မြက်ပြီး လိင်တူစိတ်ဝင်စားတဲ့ မှောင်ခိုဒုစရိုက်လုပ်ငန်းရှင် 'မေနက္ခတ်'၊ ငယ်ရွယ်စဉ်ကတည်းက မိဘတွေ သေဆုံးသွားပြီး ဘဝကို ကြမ်းတမ်းစွာဖြတ်ကျော်ခဲ့ရသူ ဘဝတူမိန်းကလေးများကို ငဲ့ညှာသူ 'မေနိုင်း'၊ အသတ်အပုတ်ကျွမ်းကျင်ပြီး လမ်းသရဲလူမိုက်များပင် လက်ဖျားခါရအောင် လက်ရဲဇက်ရဲနိုင်သူ 'အရိပ်'နဲ့ သခင်ကို အသက်ပေးကာကွယ်ချင်တဲ့အထိ သစ္စာရှိမယ့် 'ကိုကိုး'တို့ရဲ့ ပတ်သက်ဆက်နွှယ်မှုတွေက ဘာလဲဆိုတာကို ဖက်ရှင်နဲ့ အက်ရှင်များ ပေါင်းစပ်ပြီး ရိုက်ကူးထားပါတယ်"ဟု ဒါရိုက်တာ လူမင်းက ပြောသည်။

**ကိုလင်း**

# သင်္ကြန်အကြို Infinity Indoor Music Festival ကျင်းပမည်

သင်္ကြန်အကြို ဧပြီ ၁၃ ရက် မွန်းတည့် ၁၂ နာရီ မှ ည ၁၂ နာရီအထိ ကျင်းပမည့် Infinity Indoor Music Festival ပွဲတော်ကို ရန်ကုန်မြို့ သုဝဏ္ဏရှိ One Entertainment Park ၌ ပြုလုပ်မည်ဖြစ်ကြောင်း သိရသည်။

"သင်္ကြန်အကြိုနေ့ဆိုရင် မဏ္ဍပ်တွေက ဖွင့်ပွဲတွေလောက်ပဲရှိတာမို့ ကျန်တဲ့ အချိန်လေးတွေမှာ ပျော်စရာလေးဖြစ်အောင် ဒီပွဲကို စီစဉ်ဖြစ်တာပါ၊ ဒီ ဖျော်ဖြေပွဲမှာတော့ မြန်မာ့ရိုးရာသင်္ကြန် အငွေ့အသက်လေးတွေ ခံစားလို့ရအောင် မြန်မာစားစရာတွေလည်း ရှိမယ်၊ မြန်မာဝတ်စုံတွေလည်း ထားပေးထားမယ်၊ ရေစိုအဝတ်အစားတွေကို လဲလှယ်လို့ရအောင်လည်း လုပ်ပေးထားမှာပါ၊ သင်္ကြန်အကြိုနေ့ဖြစ်တဲ့အတွက် မဏ္ဍပ်တွေကလည်း ဖွင့်ပွဲလောက်ပဲ လုပ်ကြတာဆိုတော့ ကျွန်တော်တို့က ၂ နာရီမှာ စဖွင့်မှာပါ၊ ည ၁၂ နာရီအထိ ပျော်ရွှင်စွာ ဖြတ်သန်းနိုင်မှာပါ၊ စတုဒိသာတွေလည်း ကျွေးမှာပါ"ဟု ကိုစိုးလှိုင်က ပြောကြားသည်။

အဆိုပါ ဖျော်ဖြေပွဲတွင် အီဂျစ်နိုင်ငံအပြင် နိုင်ငံအသီးသီးမှ အောင်မြင်ကျော်ကြားသည့် Aly & Fila ၊ Genix ၊ Mark Sherry ၊ DJ Wyne (Double U) စသည့်တို့က သင်္ကြန်အငွေ့အသက်များကို အကောင်းဆုံး ခံစားနိုင်ရန်အတွက် စီစဉ်တင်ဆက်သွားမည်ဖြစ်ကြောင်း သိရသည်။ **ကိုလင်း**



# မြန်မာနိုင်ငံ စာရင်းကောင်စီဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း

**ပြည်သူများ သိရှိလေ့လာအကြံပြုနိုင်ရန် ဖော်ပြခြင်းဖြစ်ပါသည်။ အကြံပြုစာများကို ပြည်ထောင်စုလွှတ်တော်ရုံးသို့ လိပ်မူပေးပို့နိုင်ပါသည်။**

**မြန်မာနိုင်ငံစာရင်းကောင်စီဥပဒေကိုပြင်ဆင်သည့်ဥပဒေကြမ်း**
**(၂၀၁၈ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ××။)**

၁၃×× ခုနှစ်၊ လ ရက်
(၂၀၁၈ ခုနှစ်၊ လ ရက်)

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကိုပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို **မြန်မာနိုင်ငံစာရင်းကောင်စီ ဥပဒေကို ပြင်ဆင်သည့် ဥပဒေ**ဟု ခေါ်တွင်စေရမည်။

၂။ မြန်မာနိုင်ငံစာရင်းကောင်စီဥပဒေပုဒ်မ ၂ တွင်-

(က) ပုဒ်မခွဲ(ဃ)ပါ "အများနှင့်ဆိုင်သော စာရင်းလုပ်ငန်းနယ်ပယ်၊ ပုဂ္ဂလိကကဏ္ဍစာရင်း လုပ်ငန်းနယ်ပယ်"ဆိုသည့် စကားရပ်ကို "အများပြည်သူသို့ စာရင်းဝန်ဆောင်မှုပေးသည့် လုပ်ငန်းနယ်ပယ်၊ စီးပွားရေးနှင့် အခြားအဖွဲ့အစည်းများတွင် ပုဂ္ဂိုလ်အနေဖြင့် လုပ်ကိုင်သည့် စာရင်းဝန်ဆောင်မှုလုပ်ငန်းနယ်ပယ်"ဆိုသည့်စကားရပ်ဖြင့် အစားထိုးရမည်။

(ခ) ပုဒ်မခွဲ (ဌ) ပါ"ကောင်စီတွင် မှတ်ပုံတင်ထားသူ"ဆိုသည့် စကားရပ်ကို ကောင်စီတွင် မှတ်ပုံတင်ထားသည့် အများပြည်သူသို့ စာရင်းဝန်ဆောင်မှုပေးသည့် စာရင်းပညာရှင် သို့မဟုတ် စီးပွားရေးနှင့်အခြားအဖွဲ့အစည်းများတွင် ပုဂ္ဂိုလ်အနေဖြင့် စာရင်းဝန်ဆောင်မှုပေးသည့် စာရင်းပညာရှင်"ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

(ဂ) ပုဒ်မခွဲ (ဍ) ကို အောက်ပါအတိုင်းအစားထိုးရမည်-

(ဍ) အများပြည်သူသို့ စာရင်းဝန်ဆောင်မှုပေးသည့်လုပ်ငန်း ဆိုသည်မှာ လုပ်ငန်းအဖွဲ့အစည်းများတွင် ဝန်ထမ်းအဖြစ်မဟုတ်ဘဲ စာရင်းလုပ်ငန်းလုပ်ကိုင်သူအဖြစ် ဆောင်ရွက်သည့် အောက်ပါလုပ်ငန်းများကို ဆိုသည်-

(၁) လက်အောက်ခံကုမ္ပဏီအား စာရင်းစစ်ဆေးခြင်း အပါအဝင် ဥပဒေပြဋ္ဌာန်းချက်အရ စာရင်းစစ်ဆေးခြင်းလုပ်ငန်း

(၂) ဘဏ္ဍာရေးဆိုင်ရာ(မှုခင်းအပါအဝင်)စုံစမ်းစစ်ဆေးခြင်းလုပ်ငန်း

(၃) ဘဏ္ဍာရေးအခြေအနေ သုံးသပ်ခြင်းလုပ်ငန်း

(၄) စာရင်းရှင်းတမ်း သို့မဟုတ် စာရင်းတင်ပြချက် သို့မဟုတ် စာရင်းဖော်ပြချက်အပေါ် ခိုင်လုံမှုစိစစ်သုံးသပ်ခြင်းလုပ်ငန်း

(၅) လွတ်လပ်သည့် ဌာနတွင်းစာရင်းစစ်ဆေးခြင်း အပါအဝင် သဘောတူညီထားသည့် အစီအစဉ်အတိုင်း စစ်ဆေးခြင်းလုပ်ငန်း

(၆) စာရင်းဖော်ပြချက်၊ ကြေညာချက်၊ လုပ်ငန်းအလားအလာ ညွှန်းတမ်း၊ ရှင်းတမ်း၊ အစီရင်ခံစာ၊ ငွေစာရင်းစာအုပ်၊ လက်မှတ် သို့မဟုတ် ပုံစံတွင် ပြင်ပစာရင်းစစ်အဖြစ် ထောက်ခံလက်မှတ်ရေးထိုးခြင်းလုပ်ငန်း

(ဃ) ပုဒ်မခွဲ (ပ)ပါ "**ပုဂ္ဂလိကကဏ္ဍစာရင်းလုပ်ငန်း**"ဆိုသည့် စကားရပ်ကို "စီးပွားရေးနှင့်အခြားအဖွဲ့အစည်းများတွင် ပုဂ္ဂိုလ်အနေဖြင့် လုပ်ကိုင်သည့်စာရင်းဝန်ဆောင်မှု လုပ်ငန်း"ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

(င) ပုဒ်မခွဲ (တ) ကို အောက်ပါအတိုင်းအစားထိုးရမည်-

(တ) **စာရင်းပညာသင်ကြားမှုလုပ်ငန်းနယ်ပယ်** ဆိုသည်မှာ ဤဥပဒေပြဋ္ဌာန်းချက်နှင့်အညီ ကောင်စီက ဖွင့်လှစ်လုပ်ကိုင်ခွင့်ပြုသည့် စာရင်းပညာ၊ စာရင်းပညာနှင့်ဆက်စပ်သည့် ပညာရပ်များ သင်ကြားသည့် သင်တန်းကျောင်းကို ဆိုသည်။

(စ) ပုဒ်မခွဲ (ဖ) နောက်တွင် ပုဒ်မခွဲ (ဗ) အဖြစ် အောက်ပါအတိုင်း ဖြည့်စွက်ရမည်-

(ဗ) **ပြည်ထောင်စုအဆင့်အဖွဲ့အစည်း**ဆိုသည်မှာ ဖွဲ့စည်းပုံအခြေခံဥပဒေအရ ဖွဲ့စည်းသောနိုင်ငံတော်သမ္မတရုံး၊ ပြည်ထောင်စုအစိုးရအဖွဲ့၊ အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ၊ ဘဏ္ဍာရေးကော်မရှင်၊ ပြည်ထောင်စု တရားလွှတ်တော်ချုပ်၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၊ ပြည်ထောင်စုစာရင်းစစ်ချုပ်နှင့် ပြည်ထောင်စုရာထူးဝန်အဖွဲ့တို့ကို လည်းကောင်း၊ ပြည်ထောင်စုလွှတ်တော်၊ ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်တို့က ဖွဲ့စည်းသည့် ကော်မတီ၊ ကော်မရှင်နှင့်အဖွဲ့တို့ကို လည်းကောင်း ဆိုသည်။

၃။ မြန်မာနိုင်ငံစာရင်းကောင်စီဥပဒေပုဒ်မ ၁၈ တွင်-

(က) ပုဒ်မခွဲ (ဂ) တွင် "ပြည်ထောင်စုအစိုးရအဖွဲ့၏ ခွင့်ပြုချက်ဖြင့် အပြည်ပြည်ဆိုင်ရာ စာရင်းပညာအဖွဲ့အစည်းများနှင့် အပြန်အလှန် အသိအမှတ်ပြုရေး နှင့် ပူးပေါင်းဆောင်ရွက်ရေး သဘောတူညီချက်များ ချုပ်ဆိုခြင်း၊"ဆိုသည့် စကားရပ်ကို ဖြည့်စွက်ရမည်။

(ခ) ပုဒ်မခွဲ (င) ပါ "ကောင်စီသို့ထောက်ခံတင်ပြခြင်း၊"ဆိုသည့် စကားရပ်အစား "ကောင်စီသို့ထောက်ခံတင်ပြခြင်းနှင့် အသင်းသားများ လိုက်နာရမည့် ကျင့်ဝတ်သိက္ခာဆိုင်ရာစည်းမျဉ်းစည်းကမ်းများကို သတ်မှတ်ပြဋ္ဌာန်းခြင်း၊"ဆိုသည့် စကားရပ်ကို ဖြည့်စွက်ရမည်။

(ဂ) ပုဒ်မခွဲ (စ) ပါ "ပြည်ထောင်စုဝန်ကြီးဌာန"ဆိုသည့်စကားရပ်ရှေ့တွင် "ပြည်ထောင်စုအဆင့်အဖွဲ့အစည်း" ဆိုသည့် စကားရပ်ကို ဖြည့်စွက်ရမည်။

၄။ မြန်မာနိုင်ငံစာရင်းကောင်စီဥပဒေ၊ အခန်း ၈ ၏ အခန်းခေါင်းစဉ်ကို အောက်ပါအတိုင်း အစားထိုးရမည်-

**"ကောင်စီကဖွင့်လှစ်ခွင့်ပြုသည့်သင်တန်းများ"**

၅။ မြန်မာနိုင်ငံစာရင်းကောင်စီဥပဒေပုဒ်မ ၂၃ ကို အောက်ပါအတိုင်း အစားထိုးရမည်-

၂၃။ ဒီပလိုမာစာရင်းကိုင်သင်တန်း၊ လက်မှတ်ရပြည်သူ့စာရင်းကိုင် သင်တန်းနှင့် ကောင်စီက အခါအားလျော်စွာ သတ်မှတ်ဖွင့်လှစ်ခွင့်ပြုသည့် စာရင်းသင်တန်းများကို ကောင်စီကဖွင့်လှစ်သည့် သင်တန်းကျောင်း သို့မဟုတ် ဤဥပဒေပုဒ်မ ၂၉ အရ ကောင်စီ သို့မဟုတ် ကောင်စီကတာဝန်ပေးအပ်သည့် ကော်မတီက ဖွင့်လှစ်ခွင့်ပြုသည့် ကိုယ်ပိုင်စာရင်းကိုင် သင်တန်းကျောင်းများတွင် သင်ကြားပို့ချရမည်။

၆။ မြန်မာနိုင်ငံစာရင်းကောင်စီဥပဒေပုဒ်မ ၂၆၊ ၂၇၊ ၃၀၊ ၃၄၊ ၃၅ နှင့် ၃၆ တို့တွင် ပါရှိသော"ကောင်စီ"ဆိုသည့်စကားရပ်ကို "ကောင်စီ သို့မဟုတ် ကောင်စီက တာဝန်ပေးအပ်သည့်ကော်မတီ"ဆိုသည့်စကားရပ်ဖြင့် အစားထိုးရမည်။

၇။ မြန်မာနိုင်ငံ စာရင်းကောင်စီ ဥပဒေပုဒ်မ ၂၈ ၏ ခြေဆင်းစာသားဖြစ်သည့် "လက်မှတ်ရပြည်သူ့စာရင်းကိုင်(အောင်)နှင့် လက်မှတ်ရပြည်သူ့စာရင်းကိုင် (ပြည့်မီ) အဖြစ် ကောင်စီက အသိအမှတ်ပြုထားသည့် လက်မှတ်ရပြည်သူ့စာရင်းကိုင်သည်" ဆိုသည့်စကားရပ်ကို "ပုဒ်မ ၂၇ နှင့်အညီ ကောင်စီက အသိအမှတ်ပြုထားသည့် ဒီပလိုမာစာရင်းကိုင်နှင့် လက်မှတ်ရပြည်သူ့စာရင်းကိုင်သည်"ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၈။ မြန်မာနိုင်ငံစာရင်းကောင်စီဥပဒေပုဒ်မ ၂၉ ကို အောက်ပါအတိုင်းအစားထိုးရမည်-

၂၉။ ကောင်စီ သို့မဟုတ် ကောင်စီက တာဝန်ပေးအပ်သည့်ကော်မတီသည် ဒီပလိုမာ စာရင်းကိုင်သင်တန်း၊ လက်မှတ်ရပြည်သူ့စာရင်းကိုင် သင်တန်းနှင့် ကောင်စီက အခါအားလျော်စွာ သတ်မှတ်ဖွင့်လှစ်ခွင့်ပြုသည့် စာရင်းသင်တန်းများအတွက် ကိုယ်ပိုင်စာရင်းကိုင်သင်တန်းကျောင်း ဖွင့်လှစ်လုပ်ကိုင်ခွင့် လျှောက်ထားခြင်းကို စိစစ်၍ ခွင့်ပြုနိုင်သည်။

၉။ မြန်မာနိုင်ငံစာရင်းကောင်စီဥပဒေပုဒ်မ ၂၉ နောက်တွင် ဥပဒေပုဒ်မ ၂၉-က ကို အောက်ပါအတိုင်း ဖြည့်စွက်ရမည်-

၂၉-က။ ကိုယ်ပိုင်စာရင်းကိုင်သင်တန်းကျောင်း ဖွင့်လှစ်လုပ်ကိုင်ခွင့်ကို နိုင်ငံသားများသာ လျှောက်ထားနိုင်သည်။

၁၀။ မြန်မာနိုင်ငံစာရင်းကောင်စီဥပဒေပုဒ်မ ၃၂ ကို အောက်ပါအတိုင်း အစားထိုးရမည်-

၃၂။ ကိုယ်ပိုင်စာရင်းကိုင်သင်တန်းကျောင်းတွင်ဖြစ်စေ၊ တစ်ဦးချင်း ကိုယ်တိုင်သင်တန်းဆရာအနေဖြင့်ဖြစ်စေ သင်တန်းဆရာအဖြစ် လုပ်ကိုင်သူသည် ကောင်စီတွင် မှတ်ပုံတင်ရမည်။

၁၁။ မြန်မာနိုင်ငံစာရင်းကောင်စီဥပဒေပုဒ်မ ၄၅ ကို အောက်ပါအတိုင်း အစားထိုးရမည်-

၄၅။ ကောင်စီသည် အစိုးရကဏ္ဍစာရင်းလုပ်ငန်းနှင့် စီးပွားရေးနှင့် အခြားအဖွဲ့အစည်းများတွင် ပုဂ္ဂိုလ်အနေဖြင့် လုပ်ကိုင်သည့် စာရင်းဝန်ဆောင်မှုလုပ်ငန်းနယ်ပယ်တွင် လုပ်ကိုင်ဆောင်ရွက်နေသည့် စာရင်းပညာရှင်နှင့် စာရင်းကျွမ်းကျင်သူများ၏ အင်အားအခြေအနေနှင့် အချက်အလက်တို့ကို စာရင်းပြုစုနိုင်ရေးအတွက် အစိုးရနှင့် ပုဂ္ဂလိကဌာန အဖွဲ့အစည်းအသီးသီးနှင့် နှစ်စဉ် ညှိနှိုင်းဆောင်ရွက်ရမည်။

၁၂။ မြန်မာနိုင်ငံစာရင်းကောင်စီဥပဒေပုဒ်မ ၄၅ နောက်တွင် ဥပဒေပုဒ်မ ၄၅-က ကို အောက်ပါအတိုင်း ဖြည့်စွက်ရမည်-

၄၅-က။ ပုဒ်မ ၅၁ အရ မှတ်ပုံတင်ထားသည့် အများပြည်သူသို့ စာရင်းဝန်ဆောင်မှုပေးသည့် လုပ်ငန်းလုပ်ကိုင်သူများသည် ပြည်ထောင်စုစာရင်းစစ်ချုပ်၏ ခွင့်ပြုချက်ဖြင့် သက်ဆိုင်ရာ ဥပဒေပြဋ္ဌာန်းချက်နှင့် လိုအပ်ချက်များအရ အစိုးရဌာနအဖွဲ့အစည်းများ၏ လုပ်ငန်းနှင့် စာရင်းများကို စစ်ဆေးနိုင်သည်။

၁၃။ မြန်မာနိုင်ငံစာရင်းကောင်စီဥပဒေပုဒ်မ ၄၆ ကို အောက်ပါအတိုင်း အစားထိုးရမည်-

၄၆။ ဒီပလိုမာစာရင်းကိုင်၊ လက်မှတ်ရ ပြည်သူ့စာရင်းကိုင် (အောင်)၊ လက်မှတ်ရပြည်သူ့စာရင်းကိုင် (ပြည့်မီ) လက်မှတ်ရသူနှင့် ကောင်စီက သတ်မှတ်ထားသော အရည်အချင်းနှင့် ပြည့်စုံသူသည် ကိုယ်ပိုင်စာရင်းကိုင် သင်တန်းကျောင်းကို လုပ်ကိုင်ခွင့်ရှိသည်။ ကိုယ်ပိုင်စာရင်းကိုင်သင်တန်းကျောင်း လုပ်ကိုင်ခွင့်မှတ်ပုံတင်ရန် သို့မဟုတ် လုပ်ငန်းလုပ်ကိုင်ခွင့် မှတ်ပုံတင်အား သက်တမ်းတိုးရန် သတ်မှတ်သည့် နည်းလမ်းများနှင့်အညီ ကောင်စီသို့ လျှောက်ထားရမည်။

၁၄။ မြန်မာနိုင်ငံစာရင်းကောင်စီဥပဒေပုဒ်မ ၄၇ နှင့် ၅၀ တို့တွင် ပါရှိသော "အများနှင့်ဆိုင်သော စာရင်းလုပ်ငန်း"ဆိုသည့်စကားရပ်ကို "အများပြည်သူသို့ စာရင်းဝန်ဆောင်မှုပေးသည့်လုပ်ငန်း"ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၁၅။ မြန်မာနိုင်ငံစာရင်းကောင်စီဥပဒေ ပုဒ်မ ၆၈ ခြေဆင်းနှင့် ပုဒ်မ ၈၂ တို့တွင် ပါရှိသော "မြန်မာနိုင်ငံစာရင်းစစ်စံပြဋ္ဌာန်းချက်များပါ"ဆိုသည့် စကားရပ်ကို ပယ်ဖျက်ရမည်။

၁၆။ မြန်မာနိုင်ငံစာရင်းကောင်စီဥပဒေ ပုဒ်မ ၆၈၊ ပုဒ်မခွဲ (ဎ) နောက်တွင် ပုဒ်မခွဲ (ဏ) အဖြစ် အောက်ပါအတိုင်း ဖြည့်စွက်ရမည်-

(ဏ) နိုင်ငံသားများသာ လုပ်ခွင့်ရှိသည့် အများပြည်သူသို့ စာရင်းဝန်ဆောင်မှုပေးသည့် လုပ်ငန်းအမည်ကို နိုင်ငံခြားအဖွဲ့အစည်း၏ အမည် သို့မဟုတ် အမှတ်တံဆိပ်ဖြင့် တိုက်ရိုက်သော်လည်းကောင်း၊ သွယ်ဝိုက်၍သော်လည်းကောင်း၊ ဆင်တူယိုးမှား သော်လည်းကောင်း၊ တစ်စိတ်တစ်ဒေသသော်လည်းကောင်း အသုံးပြုခြင်း။

၁၇။ မြန်မာနိုင်ငံစာရင်းကောင်စီဥပဒေပုဒ်မ ၈၃ ကို အောက်ပါအတိုင်း အစားထိုးရမည်-

၈၃။ မည်သူမျှ ဤဥပဒေအရ မှတ်ပုံတင်ခြင်းမရှိဘဲ ပုဒ်မ ၂၊ ပုဒ်မခွဲ (ဍ) ပါ လုပ်ငန်းများနှင့် ကောင်စီက အခါအားလျော်စွာ သတ်မှတ်သည့် စာရင်းလုပ်ငန်းများကို လုပ်ကိုင်ခြင်းမပြုရ။

၁၈။ မြန်မာနိုင်ငံစာရင်းကောင်စီဥပဒေပုဒ်မ ၈၇ နောက်တွင် ပုဒ်မ ၈၇-က အဖြစ် အောက်ပါအတိုင်းဖြည့်စွက်ရမည်-

၈၇-က။ မည်သူမျှ ပုဒ်မ ၃၂ ပါ ပြဋ္ဌာန်းချက်အတိုင်း မှတ်ပုံတင်ခြင်းမရှိဘဲ သင်တန်းဆရာအဖြစ် ဆောင်ရွက်ခြင်းမပြုရ။

၁၉။ မြန်မာနိုင်ငံစာရင်းကောင်စီ ဥပဒေပုဒ်မ ၈၈ နောက်တွင် ပုဒ်မ ၈၈-က နှင့် ပုဒ်မ ၈၈-ခ တို့အဖြစ် အောက်ပါအတိုင်း ဖြည့်စွက်ရမည်-

၈၈-က။ မည်သည့်စာရင်းလုပ်ငန်း လုပ်ကိုင်သူမျှ မမှန်ကန်သည့် ဘွဲ့သို့မဟုတ် လက်မှတ်ကို မိမိ၏ အမည်နှင့်ယှဉ်တွဲ၍ သုံးစွဲခြင်းမပြုရ။

၈၈-ခ။ မည်သူမျှ ပြည်ထောင်စုစာရင်းစစ်ချုပ်၏ ခွင့်ပြုချက်ရယူခြင်းမရှိဘဲ အစိုးရဌာနအဖွဲ့အစည်းများ၏ လုပ်ငန်းနှင့် စာရင်းများကို စစ်ဆေးခြင်းမပြုရ။

၂၀။ မြန်မာနိုင်ငံစာရင်းကောင်စီဥပဒေပုဒ်မ ၉၄ နောက်တွင် ပုဒ်မ ၉၄-က အဖြစ် အောက်ပါအတိုင်း ဖြည့်စွက်ရမည်-

၉၄-က။ မည်သူမဆို ပုဒ်မ ၈၇-က ပါ ပြဋ္ဌာန်းချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို တစ်နှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ် တစ်ဆယ်သိန်းထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

၂၁။ မြန်မာနိုင်ငံစာရင်းကောင်စီဥပဒေပုဒ်မ ၉၅ ပါ "ပုဒ်မ ၈၈"ဆိုသည့်စကားရပ်ကို "ပုဒ်မ ၈၈၊ ၈၈-က သို့မဟုတ် ၈၈-ခ"ဆိုသည့်စကားရပ်ဖြင့် အစားထိုးရမည်။

၂၂။ မြန်မာနိုင်ငံစာရင်းကောင်စီဥပဒေပုဒ်မ ၉၆၊ ပုဒ်မခွဲ (ခ)၏နောက်တွင် ပုဒ်မခွဲ (ဂ) အဖြစ် အောက်ပါအတိုင်း ဖြည့်စွက်ရမည်-

(ဂ) ကောင်စီသည် ပြည်တွင်းပြည်ပရှိ အဖွဲ့အစည်းနှင့် အလှူရှင်များထံမှ လှူဒါန်းပစ္စည်းများ၊ နည်းပညာဆိုင်ရာနှင့် အခြားအကူအညီများကို တည်ဆဲဥပဒေများနှင့်အညီ လက်ခံ၍ လိုအပ်သလို စီမံဆောင်ရွက်နိုင်သည်။

၂၃။ မြန်မာနိုင်ငံစာရင်းကောင်စီဥပဒေပုဒ်မ ၁၀၀ ၏ နောက်တွင် ပုဒ်မ ၁၀၀-က နှင့် ပုဒ်မ ၁၀၀-ခ တို့အဖြစ် အောက်ပါအတိုင်း ဖြည့်စွက်ရမည်-

၁၀၀-က။ ဤဥပဒေအရ လုပ်ငန်းတာဝန်တစ်ရပ်ရပ်ကို သဘောရိုးဖြင့် ဆောင်ရွက်ကြောင်း သက်သေအထောက်အထားခိုင်လုံသည့် ကိစ္စတစ်ရပ်ရပ်အတွက် ကောင်စီဝင် သို့မဟုတ် ကောင်စီက ဖွဲ့စည်းသည့်ကော်မတီနှင့် အဖွဲ့များ၏ အဖွဲ့ဝင်တစ်ဦးဦးအား တရားမကြောင်းဖြင့်သော်လည်းကောင်း၊ ပြစ်မှုကြောင်းဖြင့် သော်လည်းကောင်း အရေးယူခြင်းမပြုရ။

၁၀၀-ခ။ ဤဥပဒေအရ ပြစ်မှုတစ်ခုခုဖြင့် တရားစွဲဆိုရာတွင် ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး၏ ကြိုတင်ခွင့်ပြုချက်ကို ရယူရမည်။

## ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး ပြန်လည်တည်ထားကိုးကွယ်ရန် မြေနေရာ ပန္နက်တော်ရိုက်မင်္ဂလာပြုလုပ်

**ဒလ ဧပြီ ၁၀**
ကိုရီးယား-မြန်မာ ချစ်ကြည်ရေး (ဒလ) တံတားဆောက်လုပ်ရာတွင် လုပ်ငန်းခွင်စီမံကိန်းဧရိယာအတွင်း ကျရောက်နေသည့် ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး ပြန်လည်တည်ထားကိုးကွယ်ရန်အတွက် လျာထားမြေနေရာ ပန္နက်တော်ရိုက်မင်္ဂလာအခမ်းအနားကို ဧပြီလ ပထမပတ်က ဒလမြို့နယ် ကျန်စစ်သားရပ်ကွက် ဒလ-တွံတေးကားလမ်းနှင့် မြဝတီမင်းကြီးလမ်းထောင့်၌ ပြုလုပ်ခဲ့သည်။

အခမ်းအနားသို့ ကမာကဆစ်အနောက်ကျောင်းတိုက် ဆရာတော် ဦးတေဇ (မြို့နယ်သံဃနာယက စည်းကမ်းထိန်းသိမ်းရေးဆရာတော်) နှင့် သံဃာတော်များ၊ လွှတ်တော်ကိုယ်စားလှယ် ဦးထွန်းရင်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးယဉ်ထွေးနှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။ ပြောင်းရွှေ့မည့် ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးမှာ ဉာဏ်တော် ၁၅ ပေရှိပြီး ထိုင်တော်မူရုပ်ပွားတော်ဖြစ်ကြောင်း၊ ကမာကဆစ်ရပ်ကွက် ဗိုလ်မင်းရောင်လမ်း ကမာကဆစ်အနောက်ကျောင်းတိုက်ရှေ့၌ တည်ထားကိုးကွယ်ထားခြင်းဖြစ်ပြီး ရွှေ့ပြောင်းတည်ထားမည့်မြေနေရာမှာ မြေကွက်အမှတ် ၃၃၈၆ မြေအမျိုးအစားဖြစ်၍ နှစ် ၆၀ မြေငှားဂရန်ဖြစ်ကြောင်း သိရသည်။

မြေကွက်အလျားမှာ ၂၈၀/၂၇၇ ပေ၊ အနံပေ ၃၂၀/၂၅၄၊ ဧရိယာ ၁ ဒသမ ၈ ဧကရှိသည်။ လောလောဆယ်တွင် တံတားစီမံကိန်းနှင့် လွတ်ကင်းသည့် ကမာကဆစ်အနောက်ကျောင်းတိုက်အတွင်းသို့ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား ခေတ္တပြောင်းရွှေ့တည်ထားကိုးကွယ်ရန် စီမံဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**မောင်ယဉ်ဦး (ဒလ)**



အမှတ် ၁၈ လုံခြုံရေးရဲတပ်ဖွဲ့ခွဲမှ ဧပြီ ၇ ရက်က တပ်ဖွဲ့ခွဲမှူး ဒုတိယရဲမှူးကြီး ပေါ်ထွန်းဦးစီး၍ နေပြည်တော်ကောင်စီနယ်မြေ ဥတ္တရသီရိမြို့နယ် အရိုးရောဂါအထူးကုဆေးရုံကြီးရှိ သွေးလှူဘဏ်သို့ သွားရောက်၍ တပ်ဖွဲ့ဝင်နှင့် မိသားစုဝင် ၃၃ ဦးတို့က စုပေါင်းသွေးလှူဒါန်းနေစဉ်။

ကိုရဲ

## မဲဆောက်မြို့၌ မြန်မာ-ထိုင်းချစ်ကြည်ရေး ဈေးရောင်းပွဲတော် ကျင်းပ



**မဲဆောက် ဧပြီ ၁၀**
မြန်မာ-ထိုင်း နယ်စပ်မြို့ဖြစ်သည့် ထိုင်းနိုင်ငံ တာ့ခ်ခရိုင် မဲဆောက်မြို့ စည်ပင်သာယာရေးရုံး၌ မြန်မာ-ထိုင်း ချစ်ကြည်ရေး O TOP ဈေးရောင်းပွဲတော် ဖွင့်ပွဲအခမ်းအနားကို ဧပြီ ၇ ရက်က ကျင်းပသည်။

ထို့နောက် ထိုင်းနိုင်ငံ တာ့ခ်ခရိုင် အုပ်ချုပ်ရေးမှူး မစ္စတာ နိုင်းကျလိန်း လစ်စင့်နစ်ကက အမှာစကားပြောကြားပြီး တာ့ခ်ခရိုင်အုပ်ချုပ်ရေးမှူးနှင့် မြဝတီခရိုင် အုပ်ချုပ်ရေးမှူးတို့က ဈေးရောင်းပွဲတော်အား ဖွင့်လှစ်ပေးခဲ့သည်။

"နှစ်နိုင်ငံ ချစ်ကြည်ရင်းနှီးမှုလို့ ဆိုပေမယ့် ရောင်းသူ ဝယ်သူက မြန်မာဘက်ကလည်း ထိုင်းပစ္စည်းကို ဝယ်သလို ထိုင်းဘက်ကလည်း မြန်မာပစ္စည်းကို အားပေးဖို့ လိုပါတယ်၊ နောက်တစ်ခုကလည်း ကျွန်မတို့နိုင်ငံဘက်ကလည်း ပို့ကုန်ပေါ်မှာ အခွန်နှုန်းလျှော့ပြီး သွင်းကုန်ပေါ်မှာ အခွန်တိုးမြှင့်လိုက်မယ်ဆိုရင် ပို့ကုန်တွေ တိုးမြှင့်လာမှာဖြစ်ပါတယ်" ဟု ကုန်သည်ကြီးများအသင်း ဥက္ကဋ္ဌ ဒေါ်သင်းသင်းမြတ်က ပြောသည်။

အဆိုပါ ဈေးရောင်းပွဲတော်ကို O TOP ကုန်ပစ္စည်းများအား စီးပွားရေးဈေးကွက်ဝင်ရန် အခွင့်အလမ်းဖွင့်ပေးခြင်း၊ ကုန်ပစ္စည်းအရည်အသွေး အဆင့်မြှင့်တင် တိုးတက်ကောင်းမွန်စေရန်နှင့် အသုံးပြုသူပြည်သူလူထုနှင့် အိမ်နီးချင်းနိုင်ငံများမှ ယုံကြည်လက်ခံလာစေရန်၊ အိမ်နီးချင်းနိုင်ငံများနှင့် ချစ်ကြည်ရင်းနှီးမှုရရှိပြီး ကုန်သွယ်မှုနှင့် ဆက်သွယ်ရေးပူးပေါင်း ဆောင်ရွက်နိုင်ရေးအတွက် ရည်ရွယ်ကျင်းပခြင်းဖြစ်ပြီး ဧပြီ ၇ ရက်မှ ၁၁ ရက်အထိ ကျင်းပခဲ့ကြောင်း သိရသည်။

**ထိန်လင်းအောင် (မြန်/ဆက်)**

## မင်းစုံတောင် ဘေးမဲ့တောမှ ကြယ်လိပ်များကို လာရောက်လေ့လာမှုများလာ

**နွားထိုးကြီး ဧပြီ ၁၀**
မန္တလေးတိုင်းဒေသကြီး မြင်းခြံခရိုင် နွားထိုးကြီးမြို့နယ် မင်းစုံတောင် ဘေးမဲ့တောရှိ ကြယ်လိပ်များကို ပြည်တွင်းရော ပြည်ပမှပါ လေ့လာခွင့်ပြုလိုက်၍ ကြယ်လိပ်ခြံတွင် နိုင်ငံခြားသား အဝင်၊ အထွက် ၂၀၁၇ ခုနှစ်ထက် ပိုမိုများပြားလာကြောင်း မင်းစုံတောင် ဘေးမဲ့တော ကြယ်လိပ်ခြံမှ သိရသည်။

ကြယ်လိပ်ခြံကို ၁၉၉၉ ခုနှစ်က အထီး၊ အမ ၁၂ ကောင်နှင့်စ၍ မွေးမြူခဲ့ရာ ၂၀၁၇ ခုနှစ်တွင် ကြယ်လိပ် ၃၅၀၀ ထိ တိုးတက်မွေးမြူနိုင်ကြောင်း သိရသည်။

၁၉၆၀ ပြည့်နှစ်က မင်းစုံတောင် ကာကွယ်တောစတင်ခဲ့ကာ ၂၀၀၁ ခုနှစ်တွင် ဘေးမဲ့ တောအဖြစ် သတ်မှတ်ခဲ့ပြီး ၅၅၇၅ ဧက ကျယ်ဝန်းသည်။ ယခုအခါ ကြယ်လိပ် ၁၀၀၀ ကျော်ကို ၂၀၁၃ ခုနှစ်မှစ၍ ၂၀၁၅၊ ၂၀၁၇၊၂၀၁၈ တို့တွင် သဘာဝအတိုင်း မွေးမြူကျက်စားရန် စက်တပ်ဆင် လွှတ်မွေးမြူခဲ့ရာ အောင်မြင်နေကြောင်း သိရသည်။

ကမ္ဘာပေါ်၌ လိပ်မျိုးစိတ် ၄၀၀ တွင် ၂၅ မျိုးမှာ ရှားပါးရာ ကြယ်လိပ်မှာလည်း တစ်မျိုးအပါအဝင်ဖြစ်သည်။ မြန်မာနိုင်ငံတွင် လိပ် ၃၁ မျိုးရှိရာ ပင်လယ်လိပ် ငါးမျိုး၊ ရေချိုလိပ် ၂၂ မျိုးနှင့် ကုန်းလိပ် လေးမျိုးရှိနေသည်။

နွားထိုးကြီးမြို့နယ် မင်းစုံတောင်ဘေးမဲ့တော ကြယ်လိပ်ခြံအပါအဝင် မင်းဘူး ရွှေစက်တော်၊ ညောင်ဦး မဟာနန္ဒာ၊ ပြင်ဦးလွင်၊ ကျွဲနဖားတောင်တို့၌ ကမ္ဘာ့ရှားပါး ကြယ်လိပ်များကို မွေးမြူတွေ့ရှိနိုင်သည်။




ရွှေစက်တော်၊ ညောင်ဦး မဟာနန္ဒာ၊ ပြင်ဦးလွင်၊ ကျွဲနဖားတောင်တို့၌ ကမ္ဘာ့ရှားပါး ကြယ်လိပ်များကို မွေးမြူတွေ့ရှိနိုင်သည်။

**ဌေးမြင့်မောင်**

## ခွေးရူးပြန်ရောဂါ ဖြစ်ပွားမှုနှင့် ခွေးရူးပြန်ရောဂါကာကွယ်ဆေး ပင့်ပစ္စည်း ဖြန့်ဖြူးထားရှိမှုအခြေအနေ


**နေပြည်တော် ဧပြီ ၁၀**
ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်သူ့ကျန်းမာရေးဦးစီးဌာနသည် ကူးစက်ရောဂါ စောင့်ကြပ်ကြည့်ရှုရေးနှင့် ကာကွယ်နှိမ်နင်းရေးလုပ်ငန်းများကို နီးနွယ်ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ပြည်တွင်း၊ ပြည်ပအဖွဲ့အစည်းများ၊ ပြည်သူလူထုတို့နှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိပါသည်။ ထိုသို့ ဆောင်ရွက်ရာတွင် ခွေးရူးပြန်ရောဂါ ကာကွယ်နှိမ်နင်းရေးလုပ်ငန်းများကို အမျိုးသားရေးအသွင်ဖြင့် ဆောင်ရွက်လျက်ရှိပြီး ခွေးရူးပြန်ရောဂါဖြစ်ပွားမှု စောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်းအား ၁၉၉၇ ခုနှစ်မှ စတင်၍ စောင့်ကြပ်ကြည့်ရှုရသော ရောဂါ ၁၇ မျိုးတွင် ထည့်သွင်း၍ လစဉ် ကျေးလက်ကျန်းမာရေးဌာနခွဲအဆင့်မှ ဗဟိုအထိ အဆင့်ဆင့်သတင်းပို့စနစ်ဖြင့် ဆောင်ရွက်လျက်ရှိပါသည်။




### ခွေးရူးပြန်ရောဂါ ဖြစ်ပွားသေဆုံးသူဦးရေ


ခွေးရူးပြန်ရောဂါကာကွယ်ရေးအတွက် ကျန်းမာရေးပညာပေးခြင်း၊ ခွေးရူးပြန်ရောဂါကာကွယ်ဆေးထိုးနှံပေးခြင်း၊ အသိပေးဆွေးနွေးပွဲများ ကျင်းပခြင်းလုပ်ငန်းများကို မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန၊ မြို့တော်စည်ပင်သာယာရေးကော်မတီ၊ စည်ပင်သာယာရေးဦးစီးဌာနများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိပါသည်။

၂၀၁၂ ခုနှစ် ဇူလိုင်လမှစတင်၍ ခွေးကိုက်ခံရသူလူနာများအား ခွေးရူးပြန်ရောဂါ မဖြစ်ပွားစေရေးအတွက် ခွေးရူးပြန်ရောဂါကာကွယ်ဆေးများ ထိုးနှံနိုင်ရေးအတွက် နိုင်ငံတော်အစိုးရဘဏ္ဍာငွေဖြင့် ဖြည့်တင်းပေးခဲ့ပြီး ဗဟိုအဆင့်ဆေးရုံကြီးများ၊ တိုင်းဒေသကြီး/ပြည်နယ်အဆင့်ဆေးရုံကြီးများ၊ ခရိုင်၊ မြို့နယ်၊ တိုက်နယ်အဆင့်ဆေးရုံများအထိ ဖြန့်ဖြူး၍ ခွေးကိုက်ခံရသော လူနာများအား ခွေးရူးပြန်ရောဂါ မဖြစ်စေရေးအတွက် ခွေးရူးပြန်ရောဂါကာကွယ်ဆေးများ ထိုးနှံပေးလျက်ရှိပါသည်။ ထိုသို့ ထိုးနှံရာတွင် မြို့နယ်၊ တိုင်းဒေသကြီး/ပြည်နယ်အသီးသီးတို့၏ လိုအပ်ချက်ပေါ်မူတည်၍ ဆေးပြတ်လပ်မှုမရှိစေရန် ဖြည့်တင်းပေးလျက်ရှိပါသည်။










ခွေးကိုက်ခံရသူတစ်ဦးလျှင် ပျမ်းမျှကုန်ကျငွေမှာ Categories III လူနာများ (ခွေးရူးပြန်ရောဂါကာကွယ်ဆေးနှင့် Rabies Immunoglobulin (RIG) အသုံးပြုသည့် လူနာများ) အတွက် မြန်မာကျပ်ငွေ ၅၀၅၀၀ - ၁၀၀၀၀၀ ခန့်နှင့် Categories II လူနာများ (ခွေးရူးပြန်ရောဂါ ကာကွယ်ဆေး တစ်မျိုးတည်းသာ အသုံးပြုသည့် လူနာများ) အတွက် မြန်မာကျပ်ငွေ ၃၄၀၀၀ ခန့် ကုန်ကျခံ၍ ထိုးနှံပေးလျက်ရှိပါသည်။

၂၀၁၂ ခုနှစ်မှစ၍ ခွေးရူးပြန်ရောဂါကာကွယ်ဆေးများ ထိုးနှံပေးနိုင်မှုကြောင့် ဖြစ်ပွားမှုလျော့နည်းလာကြောင်း တွေ့ရှိရပါသည်။ ၂၀၁၇ ခုနှစ် ဒီဇင်ဘာလကုန်အထိ သတင်းပို့မှုများအရ မြန်မာတစ်နိုင်ငံလုံးတွင် ခွေးကိုက်ခံရသူ ၆၁၄၇၂ ဦးအနက် ခွေးရူးပြန်ရောဂါဖြစ်ပွားသူ ၇၂ ဦးရှိခဲ့ပါသည်။

**ပြည်သူ့ကျန်းမာရေးဦးစီးဌာန**

## ချင်းတွင်းမြစ်ရေနည်း၍ ရေစကြိုမြို့အဝင်တွင် မော်တော်များသွားလာရခက်နေ

**ရေစကြို ဧပြီ ၁၀**

ပခုက္ကူခရိုင် ရေစကြိုမြို့သည် ချင်းတွင်းမြစ်၏အနောက်ဘက်တွင် ကပ်လျက်တည်ရှိကာ ရေစကြိုမြို့၏ မြစ်တစ်ဖက်ကမ်းရှိ ကျေးရွာများမှ ပြည်သူများသည် နေ့စဉ် မော်တော်များဖြင့် ရေစကြိုမြို့ရှိ မြို့မဈေးကြီးနှင့် ပွဲရုံများသို့ လာရောက်လျက်ရှိရာ ယခုလများအတွင်း ရေစကြိုမြို့အဝင် မြစ်ကြောင်းမှာ ရေနည်းပါးပြီး သောင်ခုံများဖြစ်ထွန်းနေသဖြင့် မော်တော်များ သွားလာရေးခက်ခဲလျက်ရှိကြောင်း သိရသည်။



"ရေစကြိုမြို့အဝင် မြစ်ကြောင်းက ရေနည်းနေတာ၊ သောင်လည်းထွန်းနေပြီး မြို့အဝင် အမှတ်(၁)ရပ်ကွက် ထင်းထန်းရေကာတာ အောက်ဘက်နားမှာ မြစ်ကြောင်းကျဉ်းနေတော့ မော်တော်ဝင်ရတာခက်နေတယ်၊ ကျွန်တော်တို့ မော်တော်က ရေစကြိုမြို့ကို နေ့တိုင်းလာတာ၊ နေ့တိုင်းပဲ အဲဒီနေရာရောက်ရင် တစ်နာရီလောက်ကြာအောင် မောင်းနေရတယ်၊ လူလည်းဆင်းတွန်းရတယ်၊ စက်အားနဲ့လည်း မောင်းရတယ်၊ ရေကဒူးလောက် ပေါင်လယ်လောက်ပဲရှိတာ၊ ရေကြောင်းကျဉ်းတဲ့နေရာက ကိုက် ၁၅၀ လောက်ရှည်တယ်၊ အခုတောင်မှ မော်တော်ပေါ်ပါလာတဲ့ ပြောင်းအိတ် ၁၅၀ ကို လှေအသေးလေးနဲ့ ခွဲသယ်ယူရတယ် ရေကနည်းတော့ မော်တော်က ပြောင်းအိတ်အလေးချိန်နဲ့ မောင်းမရဖြစ်လို့ မော်တော်ဝန်ပေါ့အောင် ပြောင်းအိတ်တွေကို လှေအသေးနဲ့ ကဲ့သယ်ရတာ၊ ရေကြောင်းကောင်းရင်တော့ ဆိပ်ကမ်းတန်းမောင်းရုံပဲပေါ့၊ အခုရေနည်းနေတော့ မော်တော်ဝန်ပေါ့အောင် လှေလေးတွေကို သယ်ခပေးပြီး ကဲ့ခိုင်းရတာပေါ့၊ အရင်နှစ်တွေကတော့ အခုလို မဖြစ်ဖူးဘူး၊ ဒီနှစ်မှ အခုလို မော်တော်ဝင်မရဖြစ်နေတာ တစ်လကျော်ပြီ"ဟု မိဖုရားကျေးရွာမှ မော်တော်မောင်းသူတစ်ဦးက ပြောသည်။

ရေစကြိုမြို့သို့ ချင်းတွင်းမြစ်၏တစ်ဖက်ကမ်းရှိ ကျေးရွာများဖြစ်သော ချင်းယား၊ မီးလောင်ကျွန်း၊ မိဖုရား၊ ပေါက်တောကျွန်း၊ ဖြုံဖူး၊ ကျောက်ဖူး၊ ကျွဲကုန်းစသည့် ကျေးရွာများမှ ဈေးမော်တော်များ နေ့စဉ်လာရောက်ကြလျက်ရှိသည်။ အဆိုပါကျေးရွာများမှ မော်တော်ပိုင်ရှင်များ၏ စုပေါင်းငွေဖြင့် ရေကြောင်းကျဉ်းသည့်နေရာများတွင် ကျောက်စုပ်စက်များဖြင့် စုပ်ထုတ်ကြသော်လည်း ရေနည်းပါးကာ ရေကျများနေပြီး သဲများပြန်ဖို့သွားခြင်းကြောင့် သွားလာရခက်ခဲနေဆဲဖြစ်နေသည်ဟု သိရသည်။

**အိမွန်ဆွေ(ရေစကြို)**

## ချောင်းဆုံဆေးရုံတွင် တိုးချဲ့လူနာဆောင်သစ် ဖွင့်လှစ်

**ချောင်းဆုံ ဧပြီ ၁၀**

မွန်ပြည်နယ် ချောင်းဆုံမြို့နယ် ပြည်သူ့ဆေးရုံတွင် ခုတင် ၅၀ ဆံ့ တိုးချဲ့လူနာဆောင်သစ်ဖွင့်ပွဲကို ဧပြီ ၇ ရက်က ကျင်းပခဲ့ရာ မြို့နယ်ကျန်းမာရေးမှူး ဒေါက်တာမင်းညွှန့်ဝင်းက အမှာစကားပြောကြားပြီး မြို့နယ်ဆေးရုံကြီးကြပ်ရေးကော်မတီဝင် ဦးခင်မောင်ဦးက တိုးချဲ့လူနာဆောင်သစ် ဆောက်လုပ်ခဲ့မှုနှင့်ပတ်သက်ပြီး ရှင်းလင်းပြောကြားသည်။

အဆိုပါ တိုးချဲ့လူနာဆောင် အဆောက်အအုံကို ပြည်နယ်အစိုးရနှင့် ပြည်နယ်ကျန်းမာရေးဦးစီးဌာနတို့၏ ၂၀၁၄ ခုနှစ်မှ ၂၀၁၈ ခုနှစ်ထိ ဘဏ္ဍာရေးနှစ် ခွင့်ပြုရန်ပုံငွေကျပ်သိန်းပေါင်း ၄၅၀၀ ဖြင့် ၂၀၁၅ ခုနှစ် စတင်၍ Lucky New World ကုမ္ပဏီက အကောင်အထည်ဖော် ဆောက်လုပ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ ခုတင် ၅၀ ဆံ့ တိုးချဲ့လူနာဆောင်သစ်သည် အလျား ၁၄၃ ပေ၊ အနံ ၆၆ ပေ ရှိပြီး ခွဲစိတ်ခန်း နှစ်ခန်း၊ သားဖွားခန်း နှစ်ခန်း၊ အထူးကြပ်မတ်ခန်း တစ်ခန်း ပါဝင်ကြောင်း သိရသည်။

တိုးချဲ့လူနာဆောင်သစ်တွင် ခွဲစိတ်လူနာ၊ မွေးလူနာ၊ ကလေးလူနာ၊ အဖျားလူနာများကို ထားရှိသွားမည်ဖြစ်ပြီး ယခင် လူနာဆောင်ဟောင်းတွင် ကူးစက်ရောဂါလူနာ၊ ထိခိုက်ဒဏ်ရာလူနာ၊ ပြင်ပလူနာဌာန၊ သွားရောဂါကုဌာနနှင့် အရေးပေါ်လူနာများ ထားရှိသွားမည်ဖြစ်ကြောင်း မြို့နယ်ဆရာဝန်ကြီး၏ ပြောကြားချက်အရ သိရသည်။

**မြို့နယ်(ပြန်/ဆက်)**



## ချီဖွေနှင့် ဝိုင်းမော်မြို့နယ်တို့တွင် ဆက်သွယ်ရေးတာဝါတိုင်စိုက်ထူမှု ၃၅ ရာခိုင်နှုန်းခန့် ပြီးစီး

**ချီဖွေ ဧပြီ ၁၀**

ကချင်ပြည်နယ်အတွင်း ကချင်အထူးဒေသ(၁)တွင် ပါဝင်သော ချီဖွေမြို့နယ်နှင့် ဝိုင်းမော်မြို့နယ်များအတွက် ဆက်သွယ်ရေးတာဝါတိုင်များ စိုက်ထူလျက်ရှိရာ ဧပြီ ၈ ရက်တွင် လုပ်ငန်းဆောင်ရွက်မှုများ ၃၅ ရာခိုင်နှုန်းခန့် ပြီးစီးနေပြီဖြစ်ကြောင်း မနောမြေဂရင်းလန်း ကုမ္ပဏီလီမိတက် တာဝန်ရှိသူထံမှ သိရသည်။

အဆိုပါ မနောမြေဂရင်းလန်း ကုမ္ပဏီလီမိတက်မှာ ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ လိုင်စင်ရ ခွင့်ပြုထားသောဆက်သွယ်ရေးတာဝါတိုင်ထူထောင်သည့် ကုမ္ပဏီတစ်ခုဖြစ်ပြီး ကချင်ပြည်နယ်အတွင်းရှိ ကချင်အထူးဒေသ(၁)တွင် ပါဝင်သော ချီဖွေမြို့နယ်နှင့် ဝိုင်းမော်မြို့နယ်များအတွက် ဆက်သွယ်ရေးတာဝါတိုင် စုစုပေါင်း ၁၆ တိုင် စိုက်ထူပေးသွားမည်ဖြစ်ကြောင်း ကုမ္ပဏီတာဝန်ခံ ဦးလင်းကျော်ငြိမ်းက ပြောကြားသည်။

"ကျွန်တော်တို့ ကချင်အထူးဒေသ(၁)အတွက် တာဝါတိုင်ကို ဝိုင်းမော်မြို့နယ်မှာ ကိုးတိုင်နဲ့ ချီဖွေမြို့နယ်မှာ ခုနစ်တိုင် အရင်ဆောင်ရွက်ပေးသွားမှာဖြစ်ပါတယ်၊ အခုဆိုရင် လုပ်ငန်းရဲ့ ၃၅ ရာခိုင်နှုန်း ပြီးစီးနေပါပြီ"ဟု ၎င်းက ဆိုသည်။



အဆိုပါ ဆက်သွယ်ရေးတာဝါတိုင်များ စိုက်ထူပြီးပါက ယင်းဆက်သွယ်ရေး တာဝါတိုင်များတွင် မြန်မာ့ဆက်သွယ်ရေး အော်ပရေတာများဖြစ်သော MPT, အူရီဒူး၊ တယ်လီနောနှင့် Mytel တို့၏ ဆက်သွယ်ရေးကိရိယာများကို တပ်ဆင်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ယခုကဲ့သို့ မနောမြေဂရင်းလန်းကုမ္ပဏီလီမိတက်က ဆက်သွယ်ရေးတာဝါတိုင်များ စိုက်ထူနေခြင်းအပေါ် ယင်းဒေသခံများမှလည်း ကြိုဆိုလျက်ရှိကြောင်းသိရသည်။ "ကျွန်တော်တို့ဒေသမှာ မနောမြေဂရင်းလန်း ကုမ္ပဏီလီမိတက်က ဆက်သွယ်ရေးတာဝါတိုင်တွေ စိုက်ထူနေလို့ အလွန်ဝမ်းသာပါတယ်၊ မကြာခင်မှာ ကျွန်တော်တို့ဒေသ ဆက်သွယ်ရေးကောင်းသွားပြီဆိုရင် လူနေမှုအဆင့်တန်းလည်း မြင့်မားလာမှာဖြစ်လို့ အတိုင်းမသိ ဝမ်းသာပါတယ်"ဟု ဒေသခံတစ်ဦးဖြစ်သူ ဦးငါးဟောင်းက ပြောသည်။

အဆိုပါကုမ္ပဏီအနေဖြင့် ကချင်ပြည်နယ်အတွင်းရှိ ကချင်အထူးဒေသ(၁)တွင် ပါဝင်သော ဒေသများအတွက် ဆက်သွယ်ရေးတာဝါတိုင် ၃၀ ကို စိုက်ထူသွားမည်ဖြစ်ရာ ဝိုင်းမော်မြို့နယ်နှင့် ချီဖွေမြို့နယ်အတွက် ၁၆ တိုင်ကို ယခုနှစ်အပြီး စိုက်ထူပေးသွားမည်ဖြစ်ပြီး ကျန်ရှိသောတိုင်များကို လာမည့်နှစ်စီမံကိန်းတွင် အပြီးဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**မင်းမင်းဦး**

## ပလောက်မြို့၌ ခြင်နှိမ်နင်းရေး အဘိတ်ဆေးများခတ်ပေး

**ပလောက် ဧပြီ ၁၀**

တနင်္သာရီတိုင်းဒေသကြီး မြိတ်ခရိုင် ပလောက်မြို့ပြည်သူ့ဆေးရုံမှ တာဝန်ရှိသူများက မြို့နေပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှု ကဏ္ဍတစ်ရပ်အနေဖြင့် သွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ရေးအတွက် ပိုးလောက်လမ်းမှအစ ခြင်ပေါက်ဖွားမှုမရှိစေရန် အဘိတ်ဆေးခတ်ပေးခြင်းလုပ်ငန်းများကို ဧပြီ ၈ ရက် နံနက်ပိုင်းက မြို့ပေါ်ရပ်ကွက်များတွင် ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ပလောက်မြို့ အမှတ်(၁)ရပ်ကွက်မှ သားဖွားဆရာမ ဒေါ်သန်းငွေနှင့်အဖွဲ့က ပလောက်မြို့ မြို့ပေါ်ရပ်ကွက်များသို့ လှည့်လည်၍ နေအိမ်များတွင် ရေကန်များ၊ ရေတိုင်ကီများ၊ ပန်းအိုးများကိုပါ အဘိတ်ဆေးခတ်ပေးပြီး နေအိမ်များ၏ ပတ်ဝန်းကျင်ရှိ ရေမြောင်းများကို စစ်ဆေး၍ ပညာပေးဟောပြောမှုများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**နိုင်ဦး(ပြန်/ဆက်)**

## ချောက်မြို့၌ ရှေးဦးပြုစုခြင်း သင်တန်းဆင်း

**ချောက် ဧပြီ ၁၀**

မကွေးတိုင်းဒေသကြီး ချောက်မြို့နယ် ကြက်ခြေနီအသင်းက ဖွင့်လှစ်ခဲ့သည့် အခြေခံရှေးဦးပြုစုခြင်းသင်တန်း အမှတ်စဉ်(၁/၂၀၁၈) သင်တန်းဆင်းပွဲကို မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ခန်းမ၌ ဧပြီ ၈ ရက် ညနေပိုင်းက ကျင်းပခဲ့သည်။

သင်တန်းဆင်းပွဲတွင် မြို့နယ်ကြက်ခြေနီတပ်ဖွဲ့မှူး ဦးမိုးဟိန်းက သင်တန်းဖွင့်လှစ်ခဲ့သည့် ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားပြီး သင်တန်းသား သင်တန်းသူများအား အောင်လက်မှတ်များနှင့် ထူးချွန်စွာအောင်မြင်သူများအား ဆုတံဆိပ်များကို မြို့နယ်ကြက်ခြေနီတပ်ဖွဲ့မှူးနှင့် တာဝန်ရှိသူများက ပေးအပ်ခဲ့သည်။ အဆိုပါသင်တန်းကို ဧပြီ ၁ ရက်မှ ၅ ရက်အထိ သင်ကြားပို့ချခဲ့ပြီး သင်တန်းသား သင်တန်းသူ ၃၀ တက်ရောက်ခဲ့ကြောင်း သိရသည်။

**ကျော်မိုး(ပြန်/ဆက်)**

## သုံးခွမြို့နယ်တွင် လုံခြုံရေးအတွက် ယာဉ်များကို စစ်ဆေး

**သုံးခွ ဧပြီ ၁၀**

ရန်ကုန်တိုင်းဒေသကြီး သုံးခွမြို့နယ်တွင် နယ်မြေလုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် မှုခင်းကြိုတင်ကာကွယ်ရေးအတွက် အမှတ်(၉)ရပ်ကွက်နှင့် အမှတ်(၅) ရပ်ကွက်ရှိ ပြည်သူ့အခြေပြုအဖွဲ့ရုံးရှေ့တို့တွင် ယာဉ်များအား ပိတ်ဆို့ရှာဖွေစစ်ဆေးခြင်းနှင့် ခိုးဆိုးနှိုက်လုယက်မှုများ လျော့နည်းစေရေးအတွက် ကင်းလှည့်စစ်ဆေးခြင်းများကို ကင်းလှည့်အဖွဲ့များက နေ့စဉ်ညစဉ် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးလှဦး ဦးဆောင်သည့် ရဲတပ်ဖွဲ့ဝင်များ၊ အမှတ်(၆၁) ယာဉ်ထိန်းတပ်ဖွဲ့မှ ခေတ္တတပ်ဖွဲ့စုမှူး ရဲအုပ်စန်းလွင်နှင့် ရပ်ကွက်အုပ်ချုပ်ရေးမှူး၊ ရာအိမ်မှူးများပါဝင်သော ပူးပေါင်းအဖွဲ့သည် ဧပြီ ၇ ရက် ညပိုင်းက အမှတ်(၉)ရပ်ကွက်ရှိ ပြည်သူ့အခြေပြုအဖွဲ့ရုံးရှေ့တွင် အခြေပြု၍ ခရီးသည်တင်ယာဉ်များ၊ ကုန်တင်မော်တော်ယာဉ်များ၊ မော်တော်ဆိုင်ကယ်များကို ရပ်တန့်၍ တုတ်၊ ဓား၊ လက်နက်များ သိုဝှက်သယ်ဆောင်လာခြင်းရှိ၊ မရှိ ရှာဖွေစစ်ဆေးခြင်းနှင့် လိုင်စင်မဲ့ကားများ ဝင်ရောက်မှုမရှိစေရန် စစ်ဆေးခြင်းကို ဆောင်ရွက်ခဲ့သည်။

**ကိုကျော်(သုံးခွ)**

## ဆိပ်ဖြူမြို့နယ်မှ ပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုများ ဆောင်ရွက်ပေး

**ဆိပ်ဖြူ ဧပြီ ၁၀**

မကွေးတိုင်းဒေသကြီး ဆိပ်ဖြူမြို့နယ် ရွာသစ်ရပ်ကွက်နှင့် ဒေါသာကျေးရွာနေ ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုများကို ရန်ကုန်မြို့မှ အသောက ဇီဝိတဒါန ပရဟိတအဖွဲ့က ဧပြီ ၇ ရက်နှင့် ၈ ရက်က ကွင်းဆင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့နယ် အနန္တမေတ္တာကျောင်းတိုက်နေ ဆရာတော် ဦးဇောတိကက မွေးရပ်မြေဖြစ်သည့်ဆိပ်ဖြူမြို့နယ်မှ ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုပေးခြင်းနှင့် အသိပညာများပေးခြင်း လုပ်ငန်းများ ဆောင်ရွက်ပေးနိုင်ရန် ရည်ရွယ်ချက်အရ အသောက ဇီဝိတဒါန ပရဟိတအဖွဲ့မှ ဆရာလေးဒေါ်သုနန္ဒ ဦးဆောင်၍ ခွဲစိတ်အထူးကုဆရာဝန်ကြီး ဒေါက်တာဇော်ဇော်အောင်နှင့်အတူ အထူးကုဆရာဝန်ကြီးများ၊ လက်ထောက်ဆရာဝန်များ၊ ဆေးတက္ကသိုလ်မှ ကျောင်းသားကျောင်းသူများ၊ ပရဟိတအဖွဲ့ဝင်များ ပါဝင်သောအဖွဲ့က ကျန်းမာရေးစောင့်ရှောက်မှုများ ဆောင်ရွက်ပေးခြင်းဖြစ်ကာ နှစ်ရက်အတွင်း ရွာသစ်ရပ်ကွက်နှင့် ဒေါသာကျေးရွာနေ ဒေသခံပြည်သူ ၆၂၀ ခန့်အား အခမဲ့ ကျန်းမာရေးစောင့်ရှောက်မှုပေးခြင်း၊ ကျန်းမာရေးအသိပညာများဆွေးနွေးပေးခြင်းအပြင် အဆီအကျိတ်၊ အသားအကျိတ်များ အသေးစားခွဲစိတ်မှုများကိုလည်း ဆောင်ရွက်ပေးနိုင်ခဲ့ကြောင်း သိရသည်။

ကျန်းမာရေးစောင့်ရှောက်မှုအတွက် ဆေးဝါးနှင့် သွားလာနေထိုင်ခြင်း စရိတ်များကို ပင်တိုင်အလှူရှင်ဖြစ်သည့် ရန်ကုန်မြို့ ဗိုလ်ချုပ်ဈေးမှ မြတ်နိုးခိုင်ပိုးထည်တိုက် မိသားစုက လှူဒါန်းခဲ့ပြီး ၎င်းတို့မိသားစုအနေဖြင့် အသောက ဇီဝိတဒါန ပရဟိတအဖွဲ့နှင့်အတူ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများတွင် ဆေးဝါးနှင့် လိုအပ်သောပံ့ပိုးကူညီမှုများကို ၂၄ ကြိမ် ပေးထားခဲ့ပြီးဖြစ်ကြောင်း သိရသည်။



အသောက ဇီဝိတဒါန ပရဟိတအဖွဲ့တွင် ပါဝင်သော ခွဲစိတ်အထူးကုဆရာဝန်ကြီး ဒေါက်တာဇော်ဇော်အောင်နှင့် အထူးကုဆရာဝန်များမှာ လက်ရှိတာဝန်ထမ်းဆောင်နေသော ဆရာဝန်ကြီးများဖြစ်ပြီး ကျန်းမာရေးမြှင့်တင်ပေးရန် လိုအပ်သည့် နေရာများနှင့် ဒေသခံတို့၏ ချိတ်ဆက်အကူအညီတောင်းမှုအပေါ် မူတည်၍ လုပ်ငန်းအားလပ်ရက်များတွင် သုံးလလျှင်တစ်ကြိမ် လိုက်လံ ကွင်းဆင်းကုသပေးခြင်းများကို ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**စိုးလင်းနိုင်**

# သီလဝါ အထူးစီးပွားရေးဇုန် ရေရရှိရေးအတွက် အားထားရသည့် ဇာမဏီအင်းရေလှောင်တမံ

ရန်ကုန်တောင်ပိုင်းခရိုင် ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာနသည် သန်လျင်မြို့နယ်အတွင်း သီလဝါ အထူးစီးပွားရေးဇုန်ရှိ စက်ရုံများနှင့် အနီးပတ်ဝန်းကျင်ရှိ အစိုးရပိုင်စက်ရုံများအတွက် စက်မှုလုပ်ငန်းသုံး ရေရရှိရေးနှင့် တပ်ရင်းတပ်ဖွဲ့များ၊ ဒေသခံပြည်သူများ သောက်သုံးရေပြတ်လပ်မှု မရှိစေရေးအတွက် ဇာမဏီအင်းရေလှောင်တမံမှ ရေချိုများ ဖြန့်ဖြူးပေးဝေလျက်ရှိကြောင်း သိရသည်။

အဆိုပါ ဇာမဏီအင်းရေလှောင်တမံကို ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာနက ၁၉၉၄ - ၁၉၉၅ ခုနှစ်က ဇာမဏီအင်းဟောင်းပေါ်၌ အခြေပြုတည်ဆောက်ခဲ့ခြင်းဖြစ်ပြီး အလျား ပေ ၇၆၀၀ ရှိ မြေသားတမံအမျိုးအစားဖြစ်ကြောင်း၊ ကန်ရေပြည့်ပမာဏမှာ ၅၃၆၄ ဧကပေ(၁၄၅၈ ဂါလန်သန်း) သိုလှောင်ထားနိုင်ကြောင်း သိရသည်။

”ယခင်က မြယာရိုးပေါ်မှာရှိတဲ့ ဇာမဏီအင်းခြောက်ကြီးပါ၊ ဒီဒေသက ရေငန်ဖုံးလွှမ်းပြီး ရေချိုရှားပါးတဲ့ဒေသဖြစ်တယ်၊ မိုးရေချိန်က ၁၀၀ လက်မ ကျော်တဲ့အတွက် တိုက်ရိုက်ရွာသွန်းတဲ့ မိုးရေကိုပဲ သိုလှောင်ပေးထားတဲ့ ရေလှောင်တမံတစ်ခုအနေနဲ့ တည်ဆောက်ခဲ့ပါတယ်၊ တမံထဲကသိုလှောင်ထားတဲ့ ရေတွေကို ဒီဒေသမှာရှိတဲ့ ပြည်သူတွေ သောက်သုံးရေရအောင်နဲ့ သန်လျင်နဲ့ ကျောက်တန်းမြို့နယ်တွေမှာ ဖွံ့ဖြိုးရေးဇုန်တွေ တည်ဆောက်တဲ့အခါမှာ စက်မှုလုပ်ငန်းသုံးရေရရှိဖို့ ရည်ရွယ်ပြီး ရေလှောင်တမံကို တည်ဆောက်ခဲ့တာပါ” ဟု ရန်ကုန်တောင်ပိုင်းခရိုင် ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးကျော်ကျော်အောင်က ပြောသည်။

သီလဝါ အထူးစီးပွားရေးဇုန်၏ ရေလိုအပ်ချက်ကို လုံလောက်စွာ ဖြည့်ဆည်းပေးနိုင်ရေးအတွက် ၂၀၁၄ - ၂၀၁၅ ခုနှစ်တွင် တာတမံကို တောင့်တင်းခိုင်မာအောင် စစ်ဆေးပြုပြင်ပြီး ရေလှောင်တမံအတွင်း သတ်မှတ်ရေအမြင့်သို့ ရောက်ရှိပါက ရေပိုလွှဲ၌ အလိုအလျောက်လဲကျကာ ရေထုတ်နုတ်ပေးစေနိုင်သည့် ရေတံခါးချပ်များ(falling-shutter) ကို တပ်ဆင်၍ ရေအမြင့် နှစ်ပေ မြှင့်တင်သိုလှောင်ပေးခြင်းဖြင့် သိုလှောင်ရေပမာဏကို ၁၄၄၀ ဧကပေ (၃၉၁ ဂါလန်သန်း)ပိုမိုသိုလှောင်ပေးထားနိုင်ခဲ့ကြောင်း သိရသည်။

ရေပိုမိုသိုလှောင်နိုင်သည်နှင့်အမျှ ယမန်နှစ်က သီလဝါ အထူးစီးပွားရေးဇုန်သို့ ရေဂါလန် ၅၅ ဒသမ ၈၆ သန်း၊ ဖန်ချက်စက်ရုံသို့ ရေဂါလန် ၃ ဒသမ ၆ သန်း၊ ဆောက်လုပ်ရေးအင်ဂျင်နီယာတပ်ရင်းသို့ ရေဂါလန် ၁၁၆ ဒသမ ၈ သန်းကို ပေးဝေခဲ့ကြောင်းနှင့် တမံအတွင်းကျန်ရှိသော သိုလှောင်ရေများအားလုံးကို သီလဝါ အထူးစီးပွားရေးဇုန်သို့သာ ပံ့ပိုးပေးဝေသွားရန် စီစဉ်ထားရှိကြောင်း သိရသည်။



ဇာမဏီအင်း ရေလှောင်တမံသည် နိုင်ငံတော်၏ အောင်မြင်လျက်ရှိသော သီလဝါအထူးစီးပွားရေးဇုန်အတွက် သောက်သုံးရေနှင့် စက်မှုလုပ်ငန်းသုံးရေရရှိရေးတွင် အဓိက အားကိုးအားထားပြုနေရသည့် ရေလှောင်တမံ ဖြစ်သည်နှင့်အညီ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန ဝန်ထမ်းများက တာတမံကြံ့ခိုင်ရေးအတွက် ပုံမှန် ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်းလည်း သိရသည်။

**သတင်းဆောင်းပါးနှင့်ဓာတ်ပုံ - အေကေလင်း**

# မြောင်းမြမြို့၌ ဖုန်းလိုင်းများ ပြန်လည်ကောင်းမွန်ရေး ဖိုက်ဘာမြစ်ကူးကြိုးတပ်ဆင်

**မြောင်းမြ ဧပြီ ၁၀**

မြောင်းမြကြိုးတံတား ပြတ်ကျမှုဖြစ်စဉ်နှင့်အတူ ဖုန်းဆက်သွယ်ရေး ကေဘယ်ကြိုးများပါဝင်သွားသည့်အတွက် မြောင်းမြမြို့နယ်အတွင်း အမ်ပီတီ ဆက်သွယ်ရေးလိုင်းများယာယီ ပြတ်တောက်သွားမှုဖြစ်ပေါ်ခဲ့သော်လည်း မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းအနေဖြင့် ဆက်သွယ်ရေးဖုန်းလိုင်းများ လိုင်းပြတ်တောက်မှု မရှိစေရေးအတွက် အချိန်နှင့်တစ်ပြေးညီဆောင်ရွက်ခဲ့ကြောင်း သိရသည်။

“ကျွန်မတို့ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းက ဒီမြောင်းမြကြိုးတံတားအပေါ်မှာ 96 Fiber core နှစ်ချောင်း၊ 48 Fiber core နှစ်ချောင်း ပါသွားခဲ့ပါတယ်၊ ဖြစ်ဖြစ်ချင်း ဒီ ကေဘယ်ကြိုးတွေကို ရှင်းလင်းဆောင်ရွက်မှု မပြုနိုင်တဲ့အတွက် ဆက်သွယ်မှုမပြတ်တောက်ရေးအတွက် မိုက္ကရိုဝေ့ တာဝါတိုင်ပေါ်မှာ Backup တင်ပြီး ဆောင်ရွက်ခဲ့ပါတယ် ”ဟု ဧရာဝတီတိုင်းဒေသကြီး ဆက်သွယ်ရေးမန်နေဂျာ ဒေါ်ဆွေမာက တံတားပြုတ်ကျမှု ဖြစ်ပွားခဲ့ပြီးနောက် ဆောင်ရွက်ထားရှိမှု အခြေအနေကို ရှင်းပြသည်။



မြစ်ကူး ဖိုက်ဘာကြိုးတပ်ဆင်ရန် ဆောင်ရွက်နေသော ဆက်သွယ်ရေးဝန်ထမ်းများ။

ထို့အပြင် ဆက်သွယ်မှု အမြန်ဆုံး ပြန်လည်ကောင်းမွန်ရေးအတွက် လက်ရှိဇက်ဆိပ်နေရာ ကွယ်လွယ်ကျေးရွာဘက်ခြမ်းနှင့် မြောင်းမြဘက်ကမ်းသို့ ဖိုက်ဘာကြိုးဆွဲခြင်းလုပ်ငန်းကို တိုင်းဒေသကြီးနှင့် ခရိုင် ဆက်သွယ်ရေးဝန်ထမ်းများက ဧပြီ ၈ ရက်မှစ၍ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

“ပြတ်သွားတဲ့ ဖိုက်ဘာကို အမြန်ဆုံးပြုပြင်နိုင်ဖို့ နည်းလမ်းရှာကြည့်တဲ့အခါမှာ EPC က အသုံးပြုထားဖူးတဲ့ မြစ်ကူးတိုင်ကို အသုံးပြုပြီး ကျွန်မတို့ ဖိုက်ဘာကိုပြန်ဆွဲမှာဖြစ်ပါတယ်၊ မူလတိုင်က အသုံးပြုထားပြီးဖြစ်လို့ ပိုမိုတောင့်တင်းအောင် ဘေးက ကပ်ပိုးတိုင်တစ်ခု ထပ်မံစိုက်ထူပြီး မြစ်ကူးဖိုက်ဘာကေဘယ်ကို တပ်ဆင်သွားမှာဖြစ်ပါတယ်၊ လုပ်ငန်းဆောင်ရွက်ပြီးသွားရင် Fiber Transmiss-ion ပြန်လည်ရရှိမှာဖြစ်ပြီး ဖုန်းလိုင်းတွေ အရင်အတိုင်း ကောင်းမွန်စွာ ပြန်လည်အသုံးပြုနိုင်မှာ ဖြစ်ပါတယ်”ဟုလည်း ၎င်းက ဆက်လက်ပြောကြားသည်။

**အောင်မင်း (မြောင်းမြ)**

# မွန်စာပေနှင့် စကားပြောသင်တန်းဆင်းပွဲ ရန်ကုန်မြို့၌ ကျင်းပ

**ရန်ကုန် ဧပြီ ၁၀**

မွန်စာပေနှင့် ယဉ်ကျေးမှုကော်မတီက ကြီးမှူးဖွင့်လှစ်ခဲ့သော ၂၀၁၈ ခုနှစ် မွန်စာပေနှင့် စကားပြောသင်တန်း ဆင်းပွဲနှင့် ထူးချွန်ကျောင်းသားများအား ဂုဏ်ပြုပွဲကို ရန်ကုန်မြို့ ရွှေတိဂုံဘုရားလမ်းရှိ မွန်ပိဋကတ်ဓမ္မာရုံ၌ ဧပြီ ၈ ရက်က ကျင်းပခဲ့သည်။

သင်တန်းဆင်းပွဲတွင် မွန်စာပေနှင့် ယဉ်ကျေးမှုကော်မတီ ဥက္ကဋ္ဌ နိုင်အောင်စိုးက ပြောင်းလဲလာသော နိုင်ငံရေးစနစ်သစ်နှင့်အညီ တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာနနှင့် ပညာရေးဝန်ကြီးဌာန လက်အောက်တွင် တိုင်းရင်းသားဘာသာစကားမြှင့်တင်ရေးဦးစီးဌာနများ ဖွင့်လှစ်ထားပြီဖြစ်၍ တိုင်းရင်းသားစာပေယဉ်ကျေးမှုနှင့် ဘာသာစကားဖွံ့ဖြိုးရေးအတွက် နွေရာသီမွန်စာပေနှင့် စကားပြောသင်တန်းများ ဖွင့်လှစ်ပေးခြင်းဖြစ်ကြောင်း အမှာစကားပြောကြားသည်။



ထို့နောက် မွန်စာပေသင်တန်းတာဝန်ခံ မိဒ္ဒေးရီက သင်တန်းဆိုင်ရာ လှုပ်ရှားဆောင်ရွက်မှုများကိုရှင်းလင်းကာ နယ်မြေတာဝန်ခံနှင့် သင်တန်းဆရာတစ်ဦးက မုဒိတာစကားများပြောကြားပြီး ရန်ကုန်တိုင်းဒေသကြီးအဆင့် သူငယ်တန်း၊ ပထမတန်း၊ ဒုတိယတန်း၊ တတိယတန်း စာမေးပွဲတွင် ထူးချွန်ကျောင်းသား ကျောင်းသူများအား ကော်မတီဥက္ကဋ္ဌနှင့် နာယကများက ဂုဏ်ပြုဆုများချီးမြှင့်ပေးသည်။ မွန်စာပေနှင့် စကားပြော သင်တန်းကို တိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၁၈ မြို့နယ်၌ စခန်း ၁၈ ခု ဖွင့်လှစ်ကာ သူငယ်တန်း၊ ပထမတန်း၊ ဒုတိယတန်းနှင့် တတိယတန်း အတန်းလေးတန်းမှ ကျောင်းသား ကျောင်းသူ ၈၇၇ ဦးတို့အား မွန်ပြည်နယ်မှ ဆရာ ဆရာမနှင့် မွန်လူငယ်ဆရာများ အပါအဝင် ဆရာ ၃၁ ဦးတို့က အချိန်တစ်လကြာသင်ကြားပို့ချပေးခဲ့ကြကြောင်း သိရသည်။

**အောင်သန်း(မင်္ဂလာတောင်ညွန့်)**

# ရပ်ကွက်သောက်ရေကန်ဘေးမှ ပုံကျစျေးကြောင့် ဘေးအန္တရာယ်ကင်းသောသောက်သုံးရေ ရရှိရန်လိုအပ်နေ

**ရန်ကုန် ဧပြီ ၁၀**

လမ်းပေါ်ပုံကျစျေးများ တစ်နှစ်ထက်တစ်နှစ် တိုးပွားလာလျက်ရှိသော လှိုင်သာယာမြို့နယ်တွင် ထိုစျေးများကြောင့် အများပြည်သူ သွားလာရေး ခက်ခဲလာခြင်းနှင့် လူနှင့် ပတ်ဝန်းကျင် ထိခိုက်မှုတို့ ဖြစ်ပေါ်လျက်ရှိကာ အမှတ်(၇)ရပ်ကွက် တိုးချဲ့ကွက်သစ် စိန်ပန်းမြိုင် ၁၅ လမ်းတွင်လည်း ရပ်ကွက်သောက်သုံးရေကန်ဘေး၌ ပုံကျစျေးနှင့် ကျူးကျော်တဲများ ရှိလာခြင်းကြောင့် ရေသန့်ရှင်းမှုကို ထိခိုက်လာပြီး သန့်ရှင်းဘေးကင်းသော ရေရရှိရန် လိုအပ်လာကြောင်း သိရသည်။



အများပြည်သူသောက်သုံးသော သောက်ရေကန်နံဘေးတွင် ပုံကျစျေးရောင်းချနေခြင်းက ရေကိုညစ်ညမ်းစေပြီး ရေသုံးစွဲသူများအား ကျန်းမာရေးထိခိုက်လာစေသဖြင့် ကြိုတင်ကာကွယ်သည့်အနေဖြင့် ဘေးအန္တရာယ်ကင်းသော သောက်သုံးရေရရှိရန် လိုအပ်နေပြီဖြစ်ကြောင်း အဆိုပါရပ်ကွက်နေ ပြည်သူအချို့က ပြောသည်။

“ဒီရေကန်က လှိုင်သာယာမြို့သစ်မတည်မီ သောင်ကြီးကျေးရွာရှိကတည်းက သုံးခဲ့တဲ့ သောက်ရေကန်ပါ၊ သောက်ရေအသုံးပြုလို့ရတဲ့ ကန်တွေထဲမှာ ဒီတစ်ကန်ပဲကျန်တော့တာပါ၊ ကန်ပေါင်ဘေး လမ်းဘေးမှာ ဟင်းသီးဟင်းရွက်၊ အသား၊ ငါးဆိုင်လေးတွေ ဖွင့်ရာကနေ အခု ပုံကျစျေးကြီး ဖြစ်သွားပြီ၊ အကျိုးဆက်က မိုးရာသီမှာ စျေးကစွန့်ပစ်ရေတွေက သောက်ရေကန်ထဲစီးတယ်၊ ရေတွေ သောက်လို့မရအောင် ဖြစ်ခဲ့တယ်၊ စည်ပင်က ရေကန်ထပ်တူးပေးခဲ့ပေမယ့် စျေးသည်ပိုများလာတော့ စွန့်ပစ်တဲ့ရေတွေက ကန်ထဲစိမ့်ဝင်ကုန်တာများတယ်၊ သုံးရင်တောင် အသားအရေတွေယားတာဖြစ်ခဲ့ဖူးတယ်၊ သောက်ရေကန်ဘေးမှာ စျေးမရှိတာတော့ အကောင်းဆုံးပါပဲ”ဟု စိန်ပန်းမြိုင် ၁၅ လမ်းမှ ရပ်မိရပ်ဖတစ်ဦးက ပြောသည်။

အဆိုပါ အမှတ်(၇)ရပ်ကွက် တိုးချဲ့ကွက်သစ်ရှိ သောက်ရေကန်သည် ဘေးသုံးဘက်တွင် ကျူးကျော်တဲများ ဝိုင်းနေပြီး ထိုတဲများတွင်နေသူ အများစုမှာ သောက်ရေနှင့် ချက်ပြုတ်ရာတွင် ယခင်က ကန်ရေကို အသုံးပြုခဲ့သော်လည်း နောက်ပိုင်းတွင် ရေချိုကို ဝယ်ယူသုံးစွဲနေရကြောင်း သိရသည်။ အခြေခံ လူတန်းစားများ အများဆုံးနေထိုင်သော ထိုရပ်ကွက်မှ ပြည်သူများအနေဖြင့် ထိုသောက်ရေကန်ကို အားကိုး သုံးစွဲနေရသောကြောင့် ရေသန့်ရှင်းပြီး ဘေးအန္တရာယ်ကင်းစွာ အသုံးပြုနိုင်ရန်အတွက် ကန်ရေအခြေအနေပို၍ဆိုးရွားမလာမီ ကြိုတင်ကာကွယ်ရေးလုပ်ငန်းများ လုပ်ဆောင်ပေးရန် အထူးလိုအပ်နေကြောင်း ရပ်ကွက်နေပြည်သူအချို့၏ ပြောကြားချက်များအရ သိရသည်။

**၁၆၄၊ ဓာတ်ပုံ-သစ္စာ**



ပဲခူးတိုင်းဒေသကြီး သာယာဝတီမြို့နယ် သုံးဆယ်မြို့တွင် သင်္ကြန်ကာလအတွင်း မှုခင်းဖြစ်ပွားမှု လျော့နည်းစေရေးအတွက် ပြည်သူများထံသို့ အသိပညာပေး လက်ကမ်းစာစောင်များကို စံရွှေးရဲကင်းစခန်းမှ ရဲအုပ်တင်မောင်ဝင်း ဦးစီးသည့် ရဲတပ်ဖွဲ့ဝင်များက ဇရပ်ကြီးကျေးရွာ၌ ဧပြီ ၈ ရက်က ဖြန့်ဝေပေးစဉ်။

သန့်ဇော်

# ညောင်တုန်းမြစ်ကမ်း စိတ်ချရရေးအတွက် ကာကွယ်ထိန်းသိမ်းရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်

**ညောင်တုန်း ဧပြီ ၁၀**
ဧရာဝတီမြစ်နှင့် ပန်းလှိုင်မြစ်ဆုံတွင် တည်ရှိသော ညောင်တုန်းမြို့မှ ပြည်သူတို့၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးလျက်ရှိသော ညောင်တုန်းရေကာတာ မကျိုးပေါက်စေရေးနှင့် မြစ်ကမ်းပါးပြိုကျမှု ကာကွယ်ရေးတို့အတွက် နိုင်ငံတော်က ငွေကြေးမြောက်မြားစွာ အကုန်အကျခံ၍ ကာကွယ်ထိန်းသိမ်းတည်ဆောက်ပြုပြင်ခြင်းလုပ်ငန်းများကို နှစ်စဉ် ဆောင်ရွက်လျက်ရှိရာ ယခုနှစ်တွင်လည်း လိုအပ်သောနေရာများတွင် မြစ်ကမ်းကာကွယ်ထိန်းသိမ်းရေး လုပ်ငန်းများကို ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့၏ ခွင့်ပြုရန်ပုံငွေများဖြင့် အချိန်မီ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေဖြင့် ယခုနှစ်တွင် ညောင်တုန်းမြို့ ၁၉ လမ်းနှင့် လမ်း ၂၀ ရှိ မြစ်ကမ်းတွင် အလျား ပေ ၃၂၀ ရှိ ဘိုးပိုင်အခြေပြု ကျောက်စီနံရံကို ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့၏ခွင့်ပြုရန်ပုံငွေများဖြင့် အချိန်မီ တည်ဆောက်လျက်ရှိရာ သံကူကွန်ကရစ်ဘိုးပိုင်များ တည်ဆောက်ပြီးစီးနေပြီး ကျောက်စီနံရံများကို ဆက်လက်တည်ဆောက်နေကြောင်းနှင့် မိုးမကျမီ၊ မြစ်ရေမတက်မီ မကြာမီအချိန်အတွင်း ပြီးစီးတော့မည်ဖြစ်ကြောင်း သိရသည်။

ထို့အပြင် ဧရာဝတီမြစ်မှခွဲထွက်လာသော ပန်းလှိုင်မြစ်ထိပ် ၈ လမ်းမှ ၁၂ လမ်းအထိ ပန်းလှိုင်မြစ်လယ်တွင် သောင်ထွန်းနေမှုကြောင့် ညောင်တုန်းမြို့မှ ပြည်သူများက ညောင်တုန်းမြစ်ကမ်းအတွက် စိုးရိမ်ပူပန်မှုများရှိခဲ့ရာ ရေလမ်းကြောင်းကောင်းမွန်ရေးနှင့် ညောင်တုန်းမြစ်ကမ်း ကာကွယ်ထိန်းသိမ်းနိုင်ရေးအတွက်လည်း ၇ လမ်းနှင့် ၈ လမ်း သောင်စပ်တစ်လျှောက်တွင် ပေ ၂၀၀၀ ရှည်လျားသော အုန်းတိုင်အခြေပြု အုန်းတိုင်စိုက် ရေကာတန်းကာ ကမ်းထိန်းရေကြောင်းလွှဲ လုပ်ငန်းများကိုလည်း ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက တိုင်းဒေသကြီး ခွင့်ပြုရန်ပုံငွေဖြင့်ပင် အချိန်မီ တည်ဆောက်လျက်ရှိကြောင်းလည်း သိရသည်။

၁၉၈၅ ခုနှစ်က ညောင်တုန်းမြို့တစ်ဖက်ကမ်း ရန်ကင်းစံရာကမ်းခြေတွင် သောင်ထွန်းနေပြီး ညောင်တုန်းမြို့ဘက်ကမ်းကျွန်းထိပ်ပိုင်းတွင် ကမ်းပြိုမှုကြောင့် ထိုစဉ်က တာဝန်ရှိသူများ၏ စီစဉ်ဆောင်ရွက်မှုအရ ၁၉၈၆-၁၉၈၇ ခုနှစ်တွင် မြစ်ဖြတ်ရေခေါ်တူးမြောင်း ဖောက်ခဲ့ရာမှ ညောင်တုန်းမြို့တည့်တည့်သို့ ရေကြောင်းထိုးမှုကြောင့် ၁၉၈၈ ခုနှစ်မှစတင်၍ မြစ်ကမ်းပါးပြိုမှု အန္တရာယ်ကို ညောင်တုန်းမြို့တွင် ဆိုးဆိုးရွားရွား ခံခဲ့ရသည်။

ရေကြောင်းထိုး၍ ကမ်းပြိုမှုကြောင့် ထိုစဉ်က ညောင်တုန်းမြို့ဘက်ကမ်း သောင်ခုံကျယ်ကြီးပေါ်တွင် အခိုင်အမာတည်ဆောက်ထားသော အဆောက်အအုံများနှင့် လွတ်လပ်ရေးကျောက်တိုင်တို့ကို ဆုံးရှုံးခဲ့ရသည့်အပြင် လူနေအိမ်ခြေ ၈၀၀ ကျော်ကိုလည်း ပြောင်းရွှေ့ပေးခဲ့ရသည်။ ထိုအချိန်မှစတင်၍ ညောင်တုန်းမြို့ရေကာတာနှင့် မြစ်ကမ်းတစ်လျှောက်၌ ကမ်းပြိုကျမှုအန္တရာယ် ကာကွယ်ထိန်းသိမ်းရေး လုပ်ငန်းများကို နှစ်စဉ် ဆောင်ရွက်ခဲ့ရကြောင်း သိရသည်။ **နေလင်း(ညောင်တုန်း)**



# ကွမ်းလုံ၌ ၂၃ နှစ်အောက် အမျိုးသားဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲကျင်းပ

**ကွမ်းလုံ ဧပြီ ၁၀**
ရှမ်းပြည်နယ် အားကစားနှင့် ကာယပညာကော်မတီဥက္ကဋ္ဌ၏ ပံ့ပိုးမှုဖြင့် ကျင်းပနေသော ကွမ်းလုံမြို့နယ် အုပ်ချုပ်ရေးမှူးဖလား အသက် ၂၃ နှစ်အောက် အမျိုးသားဘောလုံးအားကစားပြိုင်ပွဲ၏ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲကို ဧပြီ ၈ ရက်က မြို့နယ်အားကစားကွင်း၌ ကျင်းပခဲ့သည်။

ဗိုလ်လုပွဲကို မီးသတ်လူငယ်အသင်းနှင့် New Generation အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ မီးသတ်လူငယ်အသင်းက အနိုင်ရရှိခဲ့သည်။ ပြိုင်ပွဲအပြီးတွင် ဆုချီးမြှင့်ပွဲကို ဆက်လက်ကျင်းပပြီး အကောင်းဆုံးအားကစားသမားဆုများကို မြို့နယ်နည်းပြနည်းစနစ်မှူးကလည်းကောင်း၊ ပထမ၊ ဒုတိယ၊ တတိယဆု ရရှိသော အသင်းများကို မြို့နယ်ဒုတိယအုပ်ချုပ်ရေးမှူးကလည်းကောင်း ဆုများပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**မိုင်းခိုင်ဇော်(ပြန်/ဆက်)**

# မှုခင်းကျဆင်းရေး ပြခန်းယာဉ်ဖြင့် ပညာပေး

**ရန်ကုန် ဧပြီ ၁၀**
ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့၏ မှုခင်းပညာပေးပြခန်းယာဉ်ဖြင့် မှုခင်းကျဆင်းရေးအတွက် ပြည်သူများအား အသိပညာပေး အစီအစဉ်များကို ရန်ကုန်မြို့ စမ်းချောင်းမြို့နယ် ရဲစခန်းရှေ့ ပြည်သူ့ရင်ပြင်နှင့် ရှင်စောပုရပ်ကွက်တို့တွင် ဧပြီ ၉ ရက် နံနက်က ဆောင်ရွက်ခဲ့သည်။

စမ်းချောင်းမြို့မရဲစခန်းမှူး ဒုရဲမှူးဝင်းနိုင် ဦးဆောင်ပြီး စမ်းချောင်းမြို့နယ် ယာဉ်ထိန်းတပ်ဖွဲ့စု ၄၂၊ မူးယစ်တပ်ဖွဲ့စု ၄၂ နှင့် လူကုန်ကူးမှု တားဆီးနှိမ်နင်းရေး တပ်ဖွဲ့စု ၆ တို့မှ တပ်ဖွဲ့ဝင်များ ပါဝင်သောအဖွဲ့က ပြည်သူများအား မှုခင်းကျဆင်းရေး ဟောပြောပြီး ယာဉ်ပေါ်တွင် ပိုစတာများ ပြသ၍ အသိပညာပေးခြင်းနှင့် လက်ကမ်းစာစောင်များလည်း ဝေငှပေးခြင်းတို့လည်း ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**၁၆၄**

**မြစ်ကြီးနားမြို့၌ သင်္ကြန်ကာလအတွင်း စည်းကမ်းပျက်ယာဉ်များ မရှိစေရေးအတွက် ဆွမ်ပရာဘွမ်လမ်းမကြီးနှင့် သခင်နက်ဖေလမ်းပေါ်၌ သွားလာနေသော ယာဉ်များအား ရပ်တန့်စေ၍ အသိပညာပေး ဟောပြောခြင်းနှင့် လက်ကမ်းစာစောင်များ ဝေခြင်းကို မြစ်ကြီးနားမြို့အမှတ် (၉၈) ယာဉ်ထိန်းရဲတပ်ဖွဲ့မှူးရုံးမှ ဒုရဲမှူးကျော်စိုးဦးနှင့် တပ်ဖွဲ့ဝင်များက ဧပြီ ၈ ရက် နံနက်ပိုင်းတွင် ဆောင်ရွက်စဉ်။**

ခရိုင်(ပြန်/ဆက်)



# မရင်းကုန်းကျေးရွာရှိ ဖရဲစိုက်တောင်သူများ ယမန်နှစ်ဖရဲစိုက်ရာသီထက် အကျိုးအမြတ်ဖြစ်ထွန်း

**မိုးညှင်း ဧပြီ ၁၀**
ကချင်ပြည်နယ် မိုးညှင်းခရိုင် မိုးညှင်းမြို့နယ် အင်းကြင်းကုန်းအုပ်စု မရင်းကုန်းကျေးရွာရှိ ဖရဲစိုက်ပျိုးသူတောင်သူများ အထွက်နှုန်းကောင်းပြီး ယမန်နှစ်ကထက် စိုက်ပျိုးသူဦးရေ နည်းပါးသည့်အတွက် အကျိုးအမြတ်ဖြစ်ထွန်းလျက်ရှိကြောင်း သိရသည်။

မရင်းကုန်းကျေးရွာသည် မန္တလေး-မြစ်ကြီးနား ပြည်ထောင်စုကားလမ်းမဘေးရှိ ကျေးရွာတစ်ရွာဖြစ်ပြီး တစ်ရွာလုံးနီးပါး တစ်နှစ်ပတ်လုံးစိုက်ပျိုးရေး အခြေခံလုပ်ငန်းဖြင့် အသက်မွေးဝမ်းကျောင်းပြုကြသည့် ကျေးရွာလေးဖြစ်ပြီး ယခုလို ပူပြင်းသော နွေရာသီကာလတွင် ကားလမ်းမဘေး ဝဲယာရှိ အရိပ်ကောင်းသော သစ်ပင်ကြီးများအောက်တွင် ဒေသထွက်ဖရဲသီးများ စုပုံထားသော ဖရဲသီးရောင်းဆိုင်တန်းငယ်များ စီတန်းလျက်မြင်တွေ့နိုင်သည်။



ဒေသထွက်ဖရဲသီးများကို တစ်လုံး ၅၀၀ မှ ၃၅၀၀ အထိ အရွယ်အစားအလိုက် ရောင်းချလျက်ရှိပြီး ယမန်နှစ်ဖရဲစိုက်ရာသီကထက် အထွက်နှုန်းကောင်းမွန်ပြီး စိုက်ပျိုးသူနည်းပါးသည့်အကြောင်းကို မရင်းကုန်းကျေးရွာရှိ ဖရဲစိုက်ပျိုးရောင်းချသူ မမြနှင်းရီက "မနှစ်က ဒီအချိန်ဆို ဖရဲသီးရောင်းတဲ့ဆိုင်တွေ အများကြီးပဲ၊ ဒီနှစ်တော့ ရွာက တောင်သူ ငါးဆယ်လောက်ပဲ စိုက်တယ်၊ ဒါကြောင့် ရောင်းတဲ့ဆိုင်တွေ နည်းသွားတယ်၊ ရောင်းကောင်းတဲ့နေ့ဆို ငွေတစ်သိန်းကျော်ဖိုး လောက်အထိ ရောင်းရတယ်၊ အထွက်နှုန်းကတော့ မနှစ်ကထက် နည်းနည်းလေး ပိုထွက်တယ်"ဟု ပြောကြားသည်။

**ခရိုင် (ပြန်/ဆက်)**

# သင်္ကြန်ကာလအတွင်း နွားနို့ဈေး ကျဆင်းမည်

**ရန်ကုန် ဧပြီ ၁၀**
ရန်ကုန်မြို့အပါအဝင် မြို့နယ်ပေါင်း ၄၀ သို့ နွားနို့ဖြန့်ချိလျက်ရှိသော အင်းစိန်ဘူတာ မီးပွိုင့်အနီးရှိ ဗဟိုလမ်းပေါ်မှ နွားနို့ဒိုင်တွင် ဧပြီ ၈ ရက် နံနက်ပိုင်းက နွားနို့တစ်ပိဿာလျှင် ငွေကျပ် ၁၂၀၀ ဈေးနှုန်းရှိကာ ကျွဲနို့တစ်ပိဿာလျှင် ငွေကျပ် ၁၆၀၀ ဖြစ်ကြောင်းနှင့် သင်္ကြန်ကာလတွင် နွားနို့ဝင်ရောက်မှုနည်းခြင်းနှင့် ဒိန်ချဉ်နှင့် အအေးဆိုင်များ ရပ်နားလေ့ရှိခြင်းကြောင့် လက်ရှိဈေးနှုန်းထက် နွားနို့ဈေးများ ကျဆင်းမည်ဖြစ်ကြောင်း သိရ သည်။

ရန်ကုန်တစ်မြို့လုံးမှ ပြည်သူများ သောက်သုံးရန်နှင့် ဒိန်ချဉ်လုပ်ငန်းများအတွက် နွားနို့များကို အင်းစိန်နွားနို့ဒိုင်နှင့် တာမွေဈေးလေးရှိ နွားနို့ဒိုင်တို့မှ နေ့စဉ်ဖြန့်ချိလျက်ရှိပြီး တိုက်ကြီး၊ မှော်ဘီနှင့် ညောင်တုန်းမြို့အပါအဝင် အခြား နို့စားနွားမွေးမြူသော မြို့နယ်များမှ နွားနို့များကို တင်ပို့လျက်ရှိရာ နှစ်စဉ် နွားနို့ဈေးအမြင့်ဆုံးကာလသည် ဇန်နဝါရီလမှ ဧပြီလ ပထမပတ်အထိဖြစ်ပြီး ယခုနှစ်တွင် ထိုကာလအတွင်း နွားနို့တစ်ပိဿာလျှင် ငွေကျပ် ၂၀၀၀ အထိ ဈေးရကာ ကျွဲနို့မှာ တစ်ပိဿာလျှင် ငွေကျပ် ၃၅၀၀ မှ ၄၀၀၀ အထိ ဈေးကောင်းခဲ့ကြောင်း သိရသည်။

နွားနို့ဈေးကွက်သည် သောက်သုံးသူများအပေါ်မူတည်သကဲ့သို့ အစာဈေးနှင့် နို့ထွက်နှုန်းအပေါ်တွင်လည်း မူတည်သောကြောင့် အရည်အသွေးပြည့်မီသော ကျွဲနို့၊ နွားနို့များ ဖြန့်သည့် တာမွေဈေးလေးမှထွက်သော နွားနို့မှာ အင်းစိန်ထက် ဈေးမြင့်လေ့ရှိကြောင်းလည်း သိရသည်။

"သင်္ကြန်မှာက ဆိုင်တွေပိတ်တော့ ဈေးကျတယ်၊ နှစ်ဆန်းတစ်ရက်နေ့နောက်ပိုင်း မိုးမရွာဘူးဆိုရင် ငွေကျပ် ၈၀၀၊ ငွေကျပ် ၉၀၀ ကနေ ဈေးပြန်တက်မှာပါ၊ နွားနို့က လူသားတစ်ယောက်အတွက် ကျန်းမာရေးနဲ့အကိုက်ညီဆုံး စားသောက်ကုန်တစ်ခုပါပဲ၊ ဒိုင်ကို တစ်နေ့ အချိန်တစ်ထောင် ပုံမှန်ဝင်တယ်"ဟု အင်းစိန်နွားနို့ဒိုင်မှ ကိုလှအေးက ပြောသည်။

အင်းစိန်နွားနို့ဒိုင်သို့ သနပ်ချောင်း၊ မှော်ဘီ၊ တိုက်ကြီး၊ ထောက်ကြံ့၊ ရွှေပြည်သာ၊ တည်င်းကုန်း၊ မင်္ဂလာဒုံ၊ သမိုင်း၊ မြောင်းတကာနှင့် ညောင်တုန်း၊ ထန်းတပင်တို့မှ နွားနို့များ ဝင်ရောက်လျက်ရှိပြီး တာမွေဈေးလေး နွားနို့ဒိုင်သို့ ထားဝယ်ချောင်၊ ရွာသာကြီးမှ အဓိက ဝင်ရောက်လျက်ရှိကြောင်းနှင့် တိုင်းဒေသကြီးတွင် နို့စားနွား ကောင်ရေ ငါးသောင်းကျော်ရှိကြောင်း သိရသည်။

**သန်းထိုက်(လှိုင်သာယာ)၊ ဓာတ်ပုံ-သန်းစိုး**



# တိုးချဲ့နေသော ရန်ကုန်-မန္တလေး လမ်းတစ်လျှောက်မှ ဓာတ်တိုင်များ အမြန်ဆုံးရွှေ့ပေးသင့်



**တောင်ငူ ဧပြီ ၁၀**

နေ့စဉ် ကုန်စည်စီးဆင်းမှုနှင့် ခရီးသွားလာမှုအများဆုံး လမ်းများထဲတွင် တစ်ခုအပါအဝင်ဖြစ်သော ရန်ကုန်-မန္တလေး ကားလမ်းဟောင်းကို နှစ်လမ်းသွားမှ လေးလမ်းသွားအဖြစ် တိုးချဲ့ဖောက်လုပ်လျက်ရှိရာ တိုးချဲ့ပြီးသော တောင်ငူမြို့နယ် နတ်စင်ကုန်းကျေးရွာဝန်းကျင်မှ လမ်းပေါ်တွင် ယခင်ကစိုက်ထူခဲ့သော ဓာတ်တိုင်ဟောင်းများကို အချိန်မီ ရွှေ့ပြောင်းနိုင်ခြင်းမရှိသည့်အတွက် ယာဉ်မောင်းနှင်သူများအနေဖြင့် ညပိုင်းရောက်လျှင် သတိထားကာ မောင်းနှင်သွားလာကြရသည်ကို တွေ့ရသည်။

"လမ်းကုမ္ပဏီတွေက လေးလမ်းသွားလုပ်ငန်းကို သတ်မှတ်ကာလအမီ ဆောင်ရွက်နေကြတယ်၊ ဒါပေမယ့် ဒီဓာတ်တိုင်တွေရွှေ့ပြောင်းမှုမှာ ဘယ်လိုတွေအခက်အခဲဖြစ်နေလို့ မရွှေ့နိုင်သေးတာလဲ မသိဘူး၊ ဆိုင်ကယ်တွေ ကားတွေအတွက် အန္တရာယ်ရှိပါတယ်"ဟု အဆိုပါလမ်းမအနီးရှိ နှစ်ဆောင်ပြိုင်ကျေးရွာနေ ဒေသခံတစ်ဦးက ပြောသည်။

လမ်းပိုင်းတိုးချဲ့လျက်ရှိသော ရေတာရှည်မြို့နယ်အတွင်းရှိ ရန်ကုန်-မန္တလေး ကားလမ်းတစ်လျှောက်တွင် လမ်းမီးတိုင်များကို အချိန်မီ ဖယ်ရှားရွှေ့ပြောင်းမှုများ ပြုလုပ်ပေးလျက်ရှိရာ တောင်ငူမြို့နယ်အတွင်းရှိ နတ်စင်ကုန်းကျေးရွာနှင့် ကျွန်းကုန်းကျေးရွာများအနီးရှိ မီးတိုင်များကိုလည်း အချိန်မီ ရွှေ့ပြောင်းပေးနိုင်ရန် ဒေသခံများက လိုလားနေကြခြင်းဖြစ်သည်။ **ကိုလွင်(ဆွာ)**

# နိုင်ငံခြားသား ကမ္ဘာလှည့်ခရီးသွားများ တာချီလိတ်နယ်စပ်မှ ဝင်ရောက်လည်ပတ်လျက်ရှိ

**နေပြည်တော် ဧပြီ ၁၀**

နိုင်ငံခြားသား ကမ္ဘာလှည့် ခရီးသွားဧည့်သည်များသည် မြန်မာနိုင်ငံ၏ ရေမြေတောတောင် သဘာဝအလှများ၊ ခရီးသွားဆွဲဆောင်သည့်နေရာများ၊ တိုင်းရင်းသားတို့၏ မတူကွဲပြားသည့် ရိုးရာယဉ်ကျေးမှု ဓလေ့စရိုက်များ၊ လူနေမှုဘဝပုံစံများကို ကြည့်ရှုလေ့လာ သိမြင်ခံစားနိုင်ရန်အတွက် အပြည်ပြည်ဆိုင်ရာ လေဆိပ်ဝင်ပေါက်များနှင့် နယ်စပ်ဝင်ပေါက်များမှတစ်ဆင့် မြန်မာနိုင်ငံအတွင်းသို့ အဆက်မပြတ် ဝင်ထွက်သွားလာ လည်ပတ်လျက်ရှိသည်။

ဧပြီ ၁ ရက်မှ ၅ ရက်အထိအတွင်း တာချီလိတ်နယ်စပ် ဝင်ထွက်ပေါက်မှတစ်ဆင့် နေ့ချင်းပြန်ခရီးစဉ် လာရောက်လည်ပတ်ခဲ့ကြသည့် နိုင်ငံခြားသားခရီးသွားဧည့်သည် ပေါင်း ၁၀၇ ဦး ရှိခဲ့သလို မိုင်းဖြတ်-ကျိုင်းတုံ ခရီးစဉ်အနေဖြင့် ထိုင်းနိုင်ငံသားနှင့် တတိယနိုင်ငံသားအများစု ပါဝင်သော နိုင်ငံခြားသား ခရီးသွားဧည့်သည် ၁၄၀၊ ဗီဇာဖြင့် လာရောက်လည်ပတ်ကြသည့် ထိုင်းနိုင်ငံသားနှင့် တတိယနိုင်ငံသား အများစု ပါဝင်သော နိုင်ငံခြားသား ခရီးသွားဧည့်သည် ၁၂၁ ဦးရှိခဲ့ကြောင်း သိရသည်။

နေ့ချင်းပြန်ခရီးစဉ် လာရောက်လည်ပတ်ကြသော ခရီးသွားဧည့်သည်အများစုသည် တာချီလိတ်မြို့ရှိ အထင်ကရနေရာများဖြစ်သော တာလေ့ဈေး၊ ဘုရင့်နောင်ရုပ်တု၊ မဟာမြတ်မုနိဘုရားကြီး၊ ရွှေတိဂုံစေတီတော်၊ တိုင်းရင်းသားကျေးရွာ၊ အာခါဈေး၊ တရုတ်ဘုံကျောင်းများသို့ သွားရောက်လည်ပတ်ကြကာ ညအိပ်ခရီးစဉ် လာရောက်လည်ပတ်ကြသည့် ခရီးသွားဧည့်သည်များမှာ မိုင်းဖြတ်မြို့ရှိ မြတ်စွာဘုရားခြေတော်ရာစေတီ၊ ကျိုင်းတုံမြို့ရှိ မဟာမြတ်မုနိ၊ ဟိုခိုကျောင်း၊ ဝတ်အင်းကျောင်း၊ စွန်တောင်စေတီ၊ ကျော့မ်ဆရီစေတီ၊ ပါလျန်ကျောင်း၊ ရပ်တော်မူ၊ သစ်တစ်ပင်တောင်၊ ကမ္ဘာအေးစေတီ စသည့် အထင်ကရနေရာများသို့ သွားရောက်လည်ပတ်လေ့ရှိကြကြောင်း သိရသည်။ **သတင်းစဉ်**

# ဖရူဆိုမြို့နယ် ဖွံ့ဖြိုးရေးလုပ်ငန်းများကို ပြည်နယ်ဝန်ကြီးချုပ် ကြည့်ရှုစစ်ဆေး



**ဖရူဆို ဧပြီ ၁၀**

ကယားပြည်နယ်ဝန်ကြီးချုပ် ဦးအယ်လ်ဖောင်းရှိုသည် ဖရူဆိုမြို့နယ်အတွင်း ဆောင်ရွက်လျက်ရှိသော လမ်းလုပ်ငန်းများ၊ တည်ဆောက်ရေးလုပ်ငန်းများ စသည့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို ဧပြီ ၈ ရက်က ကြည့်ရှုစစ်ဆေးခဲ့ပြီး မြို့နယ်အတွင်းရှိ ပရယ်တော်ကျေးရွာနှင့် ပတ်ဝန်းကျင်ရှိ ကျေးရွာများမှ ပြည်သူများနှင့်လည်း တွေ့ဆုံခဲ့ကြောင်း သိရသည်။

ပြည်နယ်ဝန်ကြီးချုပ်နှင့်အတူ ပြည်နယ်လမ်းပန်းဆက်သွယ်ရေးနှင့် လျှပ်စစ်ဝန်ကြီး၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများပါဝင်သော အဖွဲ့သည် ဖရူဆိုမြို့နယ် ထီးကူးဆိုရပ်ကွက်တွင် ရပ်ကွက်ခန်းမဆောင် ဆောက်လုပ်မည့်နေရာကို ကြည့်ရှုစစ်ဆေးပြီး ခန်းမဆောင်ဆောက်လုပ်ရန်အတွက် လိုအပ်သည့် ငွေကျပ် သိန်း ၆၀ ကို ပေးအပ်ကာ ခန်းမဆောင်သွားလမ်းကို အဆင့်မြှင့်တင်နိုင်ရန် သက်ဆိုင်ရာဌာနသို့ လမ်းညွှန်မှာကြားခဲ့သည်။

ဆက်လက်ပြီး ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ထီးကူးဆိုကျေးရွာရှိ သောက်သုံးရေကန်ကို ပြည်သူများ ရေရရှိသုံးစွဲနိုင်ရေးအတွက် ပြင်ဆင်ဆောင်ရွက်နေမှု အခြေအနေကို သွားရောက်ကြည့်ရှုပြီး ကန်ပြုပြင်ခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးပါက ကော်မတီစနစ်ဖြင့် ထိန်းသိမ်းဆောင်ရွက်နိုင်ရေးကို မှာကြားသည်။ ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် လွိုင်ကော်-ဘော်လခဲ လမ်းမကြီးမှ ဒေါ်ခုခူကျေးရွာသို့ မြေသားလမ်းဖောက်လုပ်မှုကိုလည်းကောင်း၊ မာခရော်ရှေ့ကျေးရွာ ကျေးလက်ကျန်းမာရေးဌာနဆောက်လုပ်ပြီးစီးမှုကိုလည်းကောင်း၊ ကေးလျား-မာခရော်ရှေ့မြေသားလမ်း၊ ခိုးရာခူ-တနောကလော မြေသားလမ်းနှင့် လွိုင်ကော်-ဘော်လခဲလမ်းမှ ဒေါ်ပိုရှေ့ကျေးရွာသို့ သွားသည့် မြေသားလမ်း ဖောက်လုပ်ပြီးစီးမှုများကိုလည်းကောင်း စစ်ဆေးခဲ့သည်။

ထို့နောက် ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ပရယ်တော်ကျေးရွာနှင့် ပတ်ဝန်းကျင်ကျေးရွာများရှိ ဒေသခံပြည်သူများနှင့် ပရယ်တော်ကျေးရွာခန်းမဆောင်၌ တွေ့ဆုံကာ ဝန်ကြီးချုပ်က ပြည်နယ်အစိုးရအနေဖြင့် လမ်း၊ မီး၊ ရေ စသည့် ကဏ္ဍအလိုက် ဘက်စုံတိုးတက်လာစေရေး ဘတ်ဂျက်များ လျာထားဆောင်ရွက်ပေးလျက်ရှိကြောင်း၊ လမ်းမပေါက်သေးသည့် ကျေးရွာများ လမ်းပေါက်အောင်၊ မီးမရရှိသေးသည့် ကျေးရွာများ မီးရရှိအောင်၊ ရေအခက်အခဲရှိသည့် ကျေးရွာများ ရေရရှိအောင် ကြိုးပမ်းဖော်ဆောင်လျက်ရှိကြောင်းနှင့် ယနေ့တက်ရောက်လာသည့် ကျေးရွာနေပြည်သူများကလည်း မိမိတို့ဒေသ လိုအပ်ချက်များကို တင်ပြဆွေးနွေးသွားရန် အမှာစကားပြောကြားသည်။

ထို့နောက် ကျေးရွာနေပြည်သူများက မိမိတို့ဒေသအလိုက် ပညာရေး၊ ကျန်းမာရေးနှင့် လမ်းပန်းဆက်သွယ်ရေး စသည်တို့ကို ကဏ္ဍအလိုက် တင်ပြကြပြီး ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ဆောင်ရွက်ပေးနိုင်မည့် အခြေအနေများနှင့် ဆောင်ရွက်ပေးနိုင်ခြင်းမရှိသေးသော အခြေအနေများကို ပြန်လည်ရှင်းလင်းပြောကြားကာ ကျေးရွာမြေသားလမ်း နှစ်မိုင်ကို ကျောက်ချောလမ်းအဖြစ် အဆင့်မြှင့်တင်ရန် ငွေကျပ် သိန်း ၅၅၀၊ ပလိုဒေခိုကျေးရွာ ခန်းမဆောင် ဆောက်လုပ်ရာတွင် အသုံးပြုရန် ငွေကျပ်ရှစ်သိန်းနှင့် ပရယ်တော်တိုက်နယ် တံခွန်တိုင်ပွဲ ကျင်းပရန်အတွက် ငွေကျပ်ငါးသိန်းတို့ကို တာဝန်ရှိသူများထံ ပေးအပ်ခဲ့သည်။ **ပြည်နယ်(ပြန်/ဆက်)**

# ခရီးသည်တင်ယာဉ်လိုင်းများ ပြိုင်မောင်းမှု ခရီးသည်များအတွက် အန္တရာယ်ရှိနေ

**ရေတာရှည် ဧပြီ ၁၀**

နေပြည်တော်ကို ဗဟိုပြု၍ ပြေးဆွဲလျက်ရှိသော ခရီးသည်တင်ယာဉ်လိုင်းများအနေဖြင့် ခရီးသည်လုတင်ကြခြင်းနှင့် ရှုပ်ထွေးလှသော မြို့တွင်းလမ်းများ၌ အပြိုင်အဆိုင်မောင်းနှင်မှုများ ရှိနေရာ ယာဉ်ပေါ်တွင် လိုက်ပါလာကြသည့်ခရီးသည်များအနေဖြင့် ရင်တမမဖြင့်စီးနင်းနေကြရကြောင်း ကိုယ်တိုင်ကြုံတွေ့ရသူ ဆွာမြို့ခံတစ်ဦးက ပြောသည်။



"မြို့အဝင်မှာဆင်းမယ်လို့ပြောတာ ကားချင်း လုံးလာလို့ မြို့ထဲကျမှဆင်းဆိုပြီး စပယ်ယာက မာရေကျောရေနဲ့ပြောတယ်၊ ပြန်မပြောရဲတာနဲ့ ကားဂိတ်ကျမှ ဆိုက်ကားငှားစီးပြီး ပြန်လာရတယ်၊ တစ်လမ်းလုံး ဘုရားတရားတနေရတယ်၊ တစ်စီးနဲ့တစ်စီး သူတစ်ပြန်ကိုယ်တစ်ပြန် ကျော်တက်နေကြတာ ကားပေါ်မှာပါလာတဲ့ ခရီးသည်တွေကို ရှိတယ်လို့တောင်မထင်ဘူး"ဟု ဆွာမြို့ခံ အမျိုးသမီးတစ်ဦးက ကိုယ်တွေ့ကြုံရသည့် အဖြစ်အပျက်ကို ပြောပြသည်။

လက်ရှိအချိန်သည် သင်္ကြန်ကာလ နီးလာပြီးဖြစ်သည့်အလျောက် နေရပ်သို့ပြန်ကြသော ခရီးသွားများ အများအပြားရှိရာ ခရီးသွားပြည်သူများ ဘေးအန္တရာယ်ကင်းရှင်းစွာ သွားလာနိုင်ရေးအတွက် ယခုကဲ့သို့ ခရီးသည်တင်ယာဉ်မောင်းများ၏ မဆင်မခြင်မောင်းနှင်နေမှုများကို တာဝန်ရှိသူများက ထိရောက်စွာ ကိုင်တွယ်ဖြေရှင်းပေးရန်လည်း ခရီးသွားပြည်သူများက လိုလားနေကြသည်။ **ကိုလွင်(ဆွာ)**

# မိုးကောင်းမြို့တွင် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေ

**မိုးကောင်း ဧပြီ ၁၀**

ကချင်ပြည်နယ် မိုးကောင်းမြို့နယ်တွင် မဟာသင်္ကြန်ပွဲတော်ကာလအတွင်း ယာဉ်မတော်တဆမှုနှင့် မှုခင်းများလျော့နည်းကျဆင်းရေးအတွက် မော်တော်ယာဉ်မောင်းနှင်သူများနှင့် မော်တော်ဆိုင်ကယ်စီးနင်းသူများ သိရှိလိုက်နာရန် ယာဉ်စည်းကမ်း လမ်းစည်းကမ်းဆိုင်ရာ သိကောင်းစရာများ အသိပညာပေးဟောပြောခြင်းနှင့် လက်ကမ်းစာစောင်များ ဖြန့်ဝေခြင်းကို ဧပြီ ၉ ရက်က မိုးကောင်းမြို့ ကျွန်းတောတံတားထိပ် မြစ်ကြီးနား-ရွှေဘိုပြည်ထောင်စုကားလမ်းမကြီးပေါ်တွင် ပြုလုပ်ခဲ့ကြောင်း သိရသည်။

ပညာပေးမှုများကို အမှတ်(၁၀၁) ယာဉ်ထိန်းရဲတပ်ဖွဲ့စု မိုးညှင်း(မိုးကောင်းတပ်ဖွဲ့စိတ်)မှ ရဲအုပ်ဇော်ခိုင်ထွန်းဦးဆောင်၍ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြို့နယ်ကြက်ခြေနီတပ်ဖွဲ့၊ မြို့နယ်မီးသတ်တပ်ဖွဲ့၊ ရပ်၊ ကျေး အုပ်ချုပ်ရေးမှူးများ ပူးပေါင်း၍ ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။ မဟာသင်္ကြန်ပွဲတော် ကာလအတွင်း မော်တော်ယာဉ်မောင်းနှင်သူများ အရက်သေစာသောက်စား၍ မောင်းနှင်ခြင်းမပြုရန် Alcohol Tester ဖြင့် တိုင်းတာစစ်ဆေးမည်ဖြစ်ကြောင်းနှင့် ဆိုင်ကယ်စီးနင်းသူများအနေဖြင့် ဆိုင်ကယ်စီးဦးထုပ်ဆောင်းရန်၊ မေးသိုင်းကြိုးတပ်ဆင်ရန်၊ တစ်စီးလျှင် နှစ်ဦးထက်ပိုမိုတင်ဆောင်ခြင်းမပြုရန်နှင့် အသံဆူညံသော ပါဝါအိတ်ဇောများ တပ်ဆင်မောင်းနှင်ခြင်းမပြုရန်တို့ကို အသိပေးခဲ့ရာ ဆိုင်ကယ်မောင်းနှင်သူ ၅၀ နှင့် ကားမောင်းသူ ၁၀ ဦးတို့အား အသိပညာပေး ဟောပြောနိုင်ခဲ့ကြောင်း မိုးကောင်းယာဉ်ထိန်းရဲတပ်ဖွဲ့စိတ်မှ သိရသည်။ **ဝင်းနိုင်(ကချင်မြေ)**



# ပေါင်မြို့နယ်အဆင့် အခြေခံစာတတ်မြောက်ရေး လုပ်ငန်းများကို ရက် ၄၀ ကြာ ဆောင်ရွက်မည်

**ပေါင် ဧပြီ ၁၀**

မွန်ပြည်နယ် ပေါင်မြို့နယ်(မြို့နယ်အဆင့်) အခြေခံစာတတ်မြောက်ရေးလုပ်ငန်းဖွင့်ပွဲအခမ်းအနားကို ဧပြီ ၈ ရက်က ပေါင်မြို့ အထက(ရွှေရတုခန်းမ)၌ ကျင်းပရာ ဖွင့်ပွဲတွင် ပေါင်မြို့နယ်အခြေခံစာတတ်မြောက်ရေးလုပ်ငန်းအကောင်အထည်ဖော်ရေးကော်မတီဥက္ကဋ္ဌ၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဇော်မိုးအောင်က ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားပြီး လုပ်ငန်းအကောင်အထည်ဖော်ရေးကော်မတီအတွင်းရေးမှူး ဒေါ်စန်းစန်းဝင်းက ပေါင်မြို့နယ်အတွင်း ပြည်သူလူထုအခြေခံစာတတ်မြောက်ရေးအတွက် စာသင်ဝိုင်းများ ဖွဲ့စည်းထားရှိမှုအခြေအနေများကို ရှင်းလင်းတင်ပြခဲ့သည်။

ပေါင်မြို့နယ်တွင် ရပ်ကွက်ကျေးရွာအုပ်စု ၅၇ အုပ်စု ရှိသည့်အနက် ပြည်သူလူထုစာတတ်မြောက်ရေးနယ်မြေ ၁၃ ခုကို ဖွင့်လှစ်ထားရှိမည်ဖြစ်ပြီး မော်လမြိုင်မြို့ပညာရေးကောလိပ်မှ နည်းပြ လုပ်အားပေး ဆရာ ဆရာမ ၂၆၈ ဦးတို့က ရက်ပေါင်း ၄၀ ကြာ အခြေခံစာတတ်မြောက်ရေးလုပ်ငန်းများကို ပေါင်မြို့နယ်အတွင်း ကွင်းဆင်းဆောင်ရွက်သွားကြမည်ဖြစ်ကြောင်း သိရသည်။

**ခင်မောင်ဝေ (ပေါင်)**

# ဝါးဈေးများ ယခင်ထက် မြင့်တက်လာ၍ ဝါးကုန်ကြမ်းရှားပါး

**ရေး ဧပြီ ၁၀**

မွန်ပြည်နယ် ရေးမြို့နယ်၌ ဝါးဈေးများ ယခင်နှစ်ထက် မြင့်တက်လာပြီး ဝါးကုန်ကြမ်း ရှားပါးပြတ်လပ်မှုလည်း ကြုံရသည့်အခါ ဝါးသုံးစွဲသူများမှာ အခက်ခဲများဖြစ်နေကြောင်း သိရသည်။

ဝါးအဝယ်ဒိုင်တွေက "ဝါးတွေ တစ်နှစ် ထက်တစ်နှစ် ရှားပါးလာတယ်၊ ဈေးလည်း မြင့်လာတယ်၊ ဝါးတွေကို အရင်လူတွေက တောင်ယာခုတ်ပြီး ဝါးပြန်ထွက်လာနေပေမယ့် အခုခေတ် လူတွေက ခြံစိုက်တဲ့အခါ တောင်ယာမီးရှို့ ဝါးပင်တွေကို ဆေးဖျန်းပြီး သတ်လိုက်တဲ့အခါ ပြန်လည်မထွက်လာဘဲ ဝါးမျိုးတွေ မျိုးသုဉ်းရှားပါးလာပါတယ်"ဟု ပြောသည်။



"အရင်နှစ်တွေထက် ဝါးကုန်ကြမ်း ဝါးဈေး ထက်ဝက်နီးပါးတက်တဲ့အခါ မနှစ်က ဝါးကုန်ကြမ်းတွေ အဝင်များပေမယ့် ဝါးဈေးမှာ တစ်လုံးကို ၂၀၀ ကနေ ၇၀၀ အထိပေးဝယ်ရပြီး အခုနှစ်က ဝါးကုန်ကြမ်းလည်း မရှိဘူး၊ ဈေးကလည်း တစ်လုံး ငွေကျပ် ၅၀၀ ကနေ ၁၀၀၀ အထိ အရွယ် သုံးစား ပေးဝယ်ရတဲ့အခါ ရက်လုပ်တဲ့နေရာမှာ ဝါးဝယ်ယူဖို့ အခက်ခဲလည်းရှိနေတယ်"ဟု ဝါးကပ် ရက်လုပ်သူတစ်ဦးက ပြောသည်။

လူနေအိမ်မှာလည်း ဝါးထရံကာအစား တခြားအိမ်သုံးပစ္စည်းများ ပြောင်းလဲသုံးလာကြသဖြင့် ဝါးကာရံထုတ်လုပ်သူများ မနှစ်ကထက် ဒီနှစ်က ထက်ဝက်နီးပါးလောက် ဝင်ငွေကျဆင်းလာနေကြောင်း သိရသည်။ ဝါးကုန်ကြမ်းများကို ရေးချောင်း ဖျာဒေသမှ အဓိကထွက်ရှိပြီး ဝါးကုန်ကြမ်း များကို လူနေအိမ်များမှာလည်း သုံးစွဲကြကြောင်း သိရသည်။

**နေမျိုးထွန်း(ရေး)**

# ဒေသဖွံ့ဖြိုးရေးစီမံကိန်းအဆောက်အအုံများ လွှဲပြောင်းပေးအပ်

**ဟုမ္မလင်း ဧပြီ ၁၀**

ဟုမ္မလင်းမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ အကောင်အထည်ဖော်ဆောင်ရွက်ခဲ့သော ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း (VDP) လုပ်ငန်းဖြစ်သည့်ကျေးလက်ဆေးပေးခန်း၊ ကျေးလက်စာကြည့်တိုက် လွှဲပြောင်းပေးအပ်ပွဲနှင့် အသက်မွေးဝမ်းကျောင်းအထောက်အကူပြု အမျိုးသမီးစက်ချုပ်သင်တန်းဆင်းပွဲကို ဧပြီ ၈ ရက်က ဟုမ္မလင်းမြို့နယ် မြင်သာကျေးရွာအုပ်စု မြသာယာကျေးရွာ ကျေးလက်ဆေးပေးခန်းရှေ့၌ ကျင်းပခဲ့ရာ မြို့နယ်ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမျိုးညွန့်၊ စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ ဦးအောင်ကျော်တို့က အမှာစကားပြောကြားသည်။

ဆက်လက်၍ ကျေးလက်ဆေးပေးခန်းနှင့် ကျေးလက်စာကြည့်တိုက်ဆိုင်ရာ စာရွက်စာတမ်းအချက်အလက်များကို သက်ဆိုင်ရာဌာနမှ လက်ခံခဲ့ပြီး အသက်မွေးဝမ်းကျောင်း အထောက်အကူပြု အမျိုးသမီးစက်ချုပ်သင်တန်းဆင်း လက်မှတ်များကို မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနဦးစီးမှူး ဦးကျော်ကျော်ခိုင်က ပေးအပ်ခဲ့သည်။ စက်ချုပ်သင်တန်းတွင် သင်တန်းသူ ၂၀ တက်ရောက်ကြပြီး သင်တန်းကာလမှာ တစ်လကြာမြင့်ခဲ့ကြောင်း သိရသည်။

**လင်းလင်း(ပြန်/ဆက်)**

# ကံမမြို့နယ်မှ နွေစပါးစိုက်ခင်းများတွင် ကပ်ပါးနကျယ်လွှတ်ပွဲ ကျင်းပ

**ကံမ ဧပြီ ၁၀**

မကွေးတိုင်းဒေသကြီး သရက်ခရိုင် ကံမမြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ စပယ်ခြံ ကျေးရွာအုပ်စုနှင့် ကဒူးပြင်ကျေးရွာအုပ်စုများရှိ နွေစပါးစိုက်ခင်းများတွင် စပါးဆစ်ပိုးကျရောက်မှု ကြိုတင်ကာကွယ်ရေးအတွက် ဇီဝသက်ရှိ ကပ်ပါးနကျယ်ကောင်များ စုပေါင်းလွှတ်ပေးခြင်းကို ဧပြီ ၇ ရက်က ကျင်းပခဲ့သည်။

မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသောင်းဟိန်းက အမှာစကားပြောကြားပြီး ခရိုင်စိုက်ပျိုးရေးဦးစီးမှူး ဒေါ်ခင်မာအေးက လုပ်ငန်းဆောင်ရွက်ရခြင်း၏ ရည်ရွယ်ချက်ကိုဆွေးနွေး၍ မြို့နယ်စိုက်ပျိုးရေးဦးစီးမှူး ဦးဇော်မင်းနိုင်က နည်းပညာဆိုင်ရာ အချက်အလက်များကို ဆွေးနွေးပြီး ပိုးမွှားကာကွယ်ရေးအတွက် တောင်သူများနှင့်အတူ ဇီဝသက်ရှိကပ်ပါးနကျယ်ကောင်များ စုပေါင်းလွှတ်ပေးခဲ့ကြောင်း သိရသည်။

**မောင်ရွှေဝင်း(ပြည်)**



# ပြင်ဦးလွင်ဒေသရှိ နောက်ကျဂျုံစိုက်ခင်းများ အချိန်အခါမဟုတ်မိုးကြောင့် အနည်းငယ်ပျက်စီး

**ပြင်ဦးလွင် ဧပြီ ၁၀**

ပြင်ဦးလွင်ဒေသသည် ဂျုံအထူးအထွက်တိုးနယ်မြေတစ်ခုဖြစ်ပြီး ယခုအခါ ရွာသွန်းလျက်ရှိနေသော မိုးကြောင့် နောက် ကျဂျုံစိုက်ခင်းများအနည်းငယ် ထိခိုက်ပျက်စီးစေနိုင်ကြောင်း သိရသည်။

"ဒီဒေသမှာတော့ ဂျုံကို အဓိက သီးနှံတစ်ခုအဖြစ် နှစ်စဉ်စိုက်ပျိုးပါတယ်၊ ဂျုံစိုက်တောင်သူတွေက သီတင်းကျွတ်၊ တန်ဆောင်မုန်းလတွေမှာ စတင်စိုက်ပျိုးကြပြီး တပေါင်း၊ တန်ခူးလတွေမှာ ရိတ်သိမ်းလေ့ရှိတယ်၊ ဒီနှစ်က နေရာယူပေါက်ဈေးအနေနဲ့ အချိန် ၁၀၀ ကို ငွေကျပ် ၇၃၀၀၀ ရှိနေလို့ ဈေးကောင်းတယ်လို့ ပြောရမှာပါ၊ အရင်နှစ်တွေကဆိုရင် ငါးသောင်းကျော်၊ ခြောက်သောင်း ပတ်ဝန်းကျင်လောက်ပဲရှိတယ်။ အခုအချိန်မှာ ရိတ်သိမ်းပြီးတဲ့ ဂျုံစိုက်ခင်းတွေရှိသလို ရိတ်ဖို့ကျန်တဲ့စိုက်ခင်းတွေလည်း ရှိနေသေးတယ်၊ ဒီအချိန်မှာ စိုက်ခင်းတိုင်းမှာရှိတဲ့ ဂျုံတွေက ရင့်မှည့်နေပါပြီ၊ အကြောင်းအမျိုးမျိုးကြောင့် မရိတ်သိမ်းနိုင်သေးတဲ့ ဂျုံစိုက်ခင်းတွေ မိုးအနည်းငယ် မိရုံလောက်နဲ့ မပျက်စီးနိုင်ပေမယ့် မိုးများလာရင် ပျက်စီးနိုင်ပါတယ်၊ ဂျုံတွေက ရင့်မှည့်နေပြီဖြစ်လို့ မိုးများများမိရင် အညှောက်တွေပေါက်လာပြီး ပျက်စီးသွားတော့တာပါ"ဟု ဝက်ဝံကျေးရွာမှ ဂျုံစိုက်တောင်သူတစ်ဦးက ပြောသည်။



ပြင်ဦးလွင်မြို့နယ်အတွက် ဂျုံသီးနှံများကို ဒေသတွင်း စားသုံးကြရုံမျှမက မြန်မာပြည်တွင်း ဈေးကွက်များနှင့် တရုတ်နိုင်ငံအထိ နှစ်စဉ် တင်ပို့ရောင်းချလျက်ရှိနေကြောင်း သိရသည်။

**သက်နိုင်(ပြင်ဦးလွင်)**

# မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ သင်္ကြန်ပွဲတော်ကာလအတွင်း ပြည်သူများ သတိပြုရှောင်ကြဉ်ရမည့် အသိပေးနှိုးဆော်ချက်များ

၁။ ရေပက်ခံကား ယာဉ်မောင်းသူများ အရက်သေစာ သောက်စားထားမှုနှင့် မူးယစ်ဆေးဝါး သုံးစွဲမှု မရှိစေရေး တားမြစ်ကြပါရန်၊

၂။ မူးယစ်ဆေးဝါးများ၊ စိတ်ပြောင်းဆေးဝါးများ၊ ထိန်းချုပ်ဆေးဝါးများနှင့် တံဆိပ်အမျိုးမျိုး၊ ပုံသဏ္ဌာန်အမျိုးမျိုးတို့ဖြင့် တရားမဝင်ရောက်ရှိလာသည့် ကာမဆန္ဒနှိုးဆွစေသော ဆေးဝါးများအား မိမိကိုယ်တိုင် သောက်သုံးခြင်းမှ ရှောင်ကြဉ်ကြပါရန်နှင့် မြူဆွယ်တိုက်ကျွေး၍ အန္တရာယ်ပေးနိုင်သည်ကိုလည်း သတိပြုဆင်ခြင်ကြပါရန်၊

၃။ တာဝန်သိ ပြည်သူတစ်ယောက်ချင်းအနေဖြင့် မိမိတို့နိုင်ငံ၊ လူမျိုးတို့ အမြတ်တနိုးတန်ဖိုးထားသည့်အတာသင်္ကြန်ပွဲတော် မညစ်နွမ်းစေရန် မိမိပတ်ဝန်းကျင်တွင် မူးယစ်ဆေးဝါးနှင့် အခြားအန္တရာယ်ရှိသော ဆေးဝါးများ၊ ကာမဆိုင်ရာဆေးဝါးသုံးစွဲရောင်းဝယ်မှုများတွေ့ရှိပါက အနီးဆုံးလုံခြုံရေးအဖွဲ့အစည်းများထံ သတင်းပေးပို့တိုင်ကြားကြပါရန်၊

၄။ အတာသင်္ကြန်ကာလအတွင်း လူငယ်များသည် ရိုးရာသင်္ကြန်ကို အရိုးရှင်းဆုံးပုံစံဖြင့် ပျော်ရွှင်စွာဆင်နွှဲကြပါရန်၊ အရက်မှအစပြု၍ မူးယစ်ဆေးဝါးအပါအဝင် အဆန်းထွင်သုံးစွဲ အပျော်လွန်ကျူးလျှင် ဘေးအန္တရာယ်များနှင့် ကြုံတွေ့ရမည်ကို သတိပြုကြပါရန်၊

၅။ မြန်မာ့ရိုးရာအတာသင်္ကြန်ကာလအတွင်း လူသစ်စိတ်သစ်ဖြင့် နှစ်သစ်ကူးကာလကို ဘေးကင်းစွာနှင့် ပျော်ရွှင်စွာ ဖြတ်သန်းနိုင်ကြစေရန်အတွက်ရပ်မိရပ်ဖများ၊ မိဘအုပ်ထိန်းသူများနှင့် မဏ္ဍပ်တာဝန်ခံများ ဝိုင်းဝန်းထိန်းသိမ်း၍ ပူးပေါင်းဆောင်ရွက်ပေးနိုင်ကြပါရန် မေတ္တာရပ်ခံအပ်ပါသည်။

**မြန်မာနိုင်ငံရဲတပ်ဖွဲ့**

# သင်္ကြန်ကာလ မှုခင်းကျဆင်းရေး အသိပညာပေး

**မော်လမြိုင် ဧပြီ ၁၀**

မွန်ပြည်နယ် မုဒုံမြို့နယ်အတွင်း သင်္ကြန်ကာလ မှုခင်းကျဆင်းရေး၊ မူးယစ်ဆေးဝါးသုံးစွဲမှုလျှော့ချရေး ရည်ရွယ်ကာ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးမြအောင် ဦးဆောင်သော ရဲတပ်ဖွဲ့ဝင်များသည် ကမာဝက်မြို့ ရပ်ကွက် ၂ သို့ ဧပြီ ၈ ရက်က ရောက်ရှိခဲ့ပြီး ရပ်ကွက်နေပြည်သူများကို အသိပညာပေးဟောပြောခဲ့ကြသည်။

ဟောပြောပွဲသို့ ရပ်ကွက်အုပ်ချုပ်ရေးမှူးနှင့် ပြည်သူအများတက်ရောက်လာကြပြီး မြို့နယ်ရဲတပ်ဖွဲ့ဝင်များက သင်္ကြန်ကာလတွင်း မှုခင်းကျဆင်းရေးဆိုင်ရာ ဆောင်ရွက်ချက်များ၊ သတိပြုရမည့်ဆောင်ရန်ရှောင်ရန်များ၊ ယာဉ်မောင်းသူများလိုက်နာရမည့် စည်းကမ်းချက်များ၊ မူးယစ်ဆေးဝါးနှင့်ဆက်စပ်သောမှုခင်းများ၊ လူကုန်ကူးမှုဖြစ်ပွားနိုင်သော အခြေအနေများ၊ ပြစ်မှု၊ ပြစ်ဒဏ်များ ဆောင်ရန်၊ ရှောင်ရန် ညွှန်ကြားချက်များကို အသိပညာပေးခဲ့ကြပြီး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

**မော်လမြိုင်(ကိုယ်ပွား)**

# နတ်မောက်ယင်းချောင်း၌ ရေကစားရန် အပန်းဖြေရန်နှင့် ဈေးရောင်းမည့်ဆိုင်ခန်းများ များပြားလာ



**နတ်မောက် ဧပြီ ၁၀**

မကွေးတိုင်းဒေသကြီး နတ်မောက်မြို့၌ နတ်မောက်-တောင်တွင်းလမ်းရှိ နတ်မောက်ယင်းချောင်းတွင် မဟာသင်္ကြန်ရက်များအတွင်း ရေကစားရန်၊ အပန်းဖြေရန်နေရာများနှင့် ဈေးရောင်းမည့်ဆိုင်ခန်းများ များပြားလာကြောင်း သိရသည်။

အဆိုပါ မဟာသင်္ကြန်ကာလအတွင်း နတ်မောက်ယင်းချောင်းတွင် ဒေသခံပြည်သူများနှင့် ရပ်နီးရပ်ဝေးမှပြည်သူများလာရောက် ရေကစားခြင်း၊ အပန်းဖြေခြင်းနှင့် ဒေသခံပြည်သူများက ဈေးရောင်းမည့် ဆိုင်ခန်းများဖြင့် နတ်မောက် ယင်းချောင်းတွင် စည်ကားလျက်ရှိရာ အုန်းစိမ်းရည်သောက်ရင်း အပန်းဖြေခြင်းနှင့် အမှတ်တရဓာတ်ပုံများ ရိုက်ကြကာ ယခု သင်္ကြန်မတိုင်မီကတည်းက စည်ကားနေပြီး ရပ်ဝေးရပ်နီးမှ ပြည်သူများ လာရောက်ရေကစားနိုင်ကြောင်း သိရသည်။

**လှဝင်း(နတ်မောက်)**

# သင်္ကြန်အကြိုမှုခင်းပညာပေး ဟောပြောခြင်းများ ဆောင်ရွက်လျက်ရှိ

**စဉ့်ကိုင် ဧပြီ ၁၀**

သင်္ကြန်ကာလနီးကပ်လာပြီဖြစ်သောကြောင့် သင်္ကြန်ရက်များအတွင်း မှုခင်းများမဖြစ်ပေါ်စေရေးအတွက် မန္တလေးတိုင်းဒေသကြီးရဲတပ်ဖွဲ့ မှုခင်းကျဆင်းရေးပညာပေးပြခန်းယာဉ်သည် စဉ့်ကိုင်မြို့မရဲစခန်းနှင့် ပူးပေါင်းပြီး ဧပြီ ၈ ရက်က မြို့မရပ်ကွက်ဈေးအနီးတွင် မှုခင်းပညာပေးဟောပြောခြင်းများ ဆောင်ရွက်ခဲ့သည်။

ဟောပြောပွဲတွင် တိုင်းဒေသကြီး အမှတ် ၁၁ လူကုန်တားဆီးနှိမ်နင်းရေးအဖွဲ့မှ ရဲအုပ်တင်အောင်ရဲမြင့်က လူကုန်ကူးမှုဆိုင်ရာအကြောင်းများကိုလည်းကောင်း၊ ကျောက်ဆည်ခရိုင် အမှတ် ၉၂ ယာဉ်ထိန်းရဲတပ်ဖွဲ့မှူး ဒုရဲအုပ် ကျော်ညီညီထက်က ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများကို လည်းကောင်း၊ စဉ့်ကိုင်မြို့မစခန်းမှူး ဒုရဲမှူး မျိုးဝင်းက သက်ငယ်မုဒိမ်းမှုများနှင့် သင်္ကြန်ကာလအတွင်း ဖြစ်ပွားတတ်သော မှုခင်းအကြောင်းအရာများကို လည်းကောင်း ဟောပြောခဲ့ကြကြောင်း သိရသည်။

**သက်မောင်**

## (၁၄)နှစ်ပြည့် လွမ်းဆွတ်သတိရ အမှျပေးဝေခြင်း

# ဦးကြည်ညွန့်(ချစ်ကြည်ရေး-ကြည်ညွန့်)

**အယ်ဒီတာချုပ်(ငြိမ်း)၊ မြန်မာ့အလင်းသတင်းစာတိုက်**

**သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း၊ ပြန်ကြားရေးဝန်ကြီးဌာန**

* အနန္တကျေးဇူးရှင် ဖေဖေ၏ အေးမြသော မေတ္တာအရိပ် ကွယ်ပျောက်ခဲ့သည်မှာ (၁၁-၄-၂၀၁၈)ရက်တွင် (၁၄)နှစ်တင်းတင်း ပြည့်မြောက်ခဲ့ပြီ ဖြစ်ပါသည်။

* ဖေဖေ၏ မိသားစုအပေါ်ထားရှိခဲ့သော မေတ္တာ၊ စေတနာ၊ မုဒိတာတရားများကို ကျန်ရစ်သူ မေမေနှင့်တကွ မိသားစုက လွမ်းဆွတ်သတိရ အောက်မေ့တသလျက်ရှိပါသည်။

* ဖေဖေ့အတွက်ရည်စူး၍ ပြုလုပ်လျက်ရှိသော နေ့စဉ်၊ လစဉ်နှင့် ယနေ့(၁၁-၄-၂၀၁၈)ရက်တွင် နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်၌ ထာဝရဆွမ်းပဒေသာပင်နှင့် ထာဝရဆေးပဒေသာပင် အလှူငွေတို့အတွက် ဖေဖေ ရောက်လေရာ ဘုံဘဝ၊ ဘုံဌာနမှ သာဓုအနုမောဒနာ ခေါ်ဆိုနိုင်ပါစေသတည်း။

* မေမေနှင့်တကွ ကျန်ရစ်သူမိသားစုက ဖေဖေ့အတွက်ရည်စူး၍ အစဉ်အမြဲ ပြုလုပ်လှူဒါန်းနေသော ကုသိုလ်ကောင်းမှုအစုစုတို့ကို ဖေဖေရရှိလျက်၊ မဂ်ဖိုလ်နိဗ္ဗာန်ကို အချိန်တိုတိုနှင့် လျှောက်လှမ်းနိုင်ပါစေကြောင်း ဆုမွန်ကောင်း တောင်းအပ်ပါသည်။

ဖေဖေရေ - အမျှ-အမျှ-အမျှ ယူတော်မူပါ။

(သာဓု-သာဓု-သာဓု)

**ကျန်ရစ်သူ မိခင်ကြီး ဒေါ်ခင်ခင်နုနှင့် သား၊ သမီး၊ မြေးတစ်စု**

## ကျေးဇူးတင်လွှာ

ဒေါ်ဘက်တီလင်ဘူး(ILBC) ကွယ်လွန်သွားသည့် တစ်နှစ်ပြည့် အထိမ်းအမှတ်အဖြစ် ၂၈-၃-၂၀၁၈ရက်တွင် ILBC Managing Director ဦးတင်မောင်ဝင်းနှင့်ဇနီး ဒေါ်ရူပါမြင့် မိသားစုမှ ကွယ်လွန်သူ ဒေါ်ဘက်တီလင်ဘူးအတွက် ရည်စူး၍ သံဃာတော်များအား ဆွမ်းကပ်ခြင်း၊ ကျိုက္ကဆံ ILBC ကျောင်း ဆရာ/ဆရာမများနှင့် ဝန်ထမ်းများအား နံနက်စာ ကျွေးမွေးလှူဒါန်း၍ မိသားစုအရင်းသဖွယ် သတိတရ ဂရုစိုက် ကောင်းမှုကုသိုလ်ပြုလုပ်ပေးသည့်အတွက် MD မိသားစုတို့၏ ကြီးမားသော မေတ္တာ၊ စိတ်ကောင်းစေတနာကို အထူးလေးစား တန်ဖိုးထားရပါကြောင်း ကျန်ရစ်သူမိသားစုမှ လှိုက်လှိုက်လှဲလှဲ မှတ်တမ်းတင်ဖော်ပြအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**
**ရန်ကုန်မြို့/မြစ်ကြီးနားမြို့**

## ဒေါ်ခင်ခင် (B.A, B.L)

**ဗဟိုတရားရုံးရှေ့နေနှင့်နိုတာရီပဗ္ဗလစ်**

**အသက်(၈၂)နှစ်**

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ (၁၆)ရပ်ကွက်၊ ပြည်တော်အေးလမ်း၊ အမှတ်(၇)နေ(ဦးဘသန်းမောင်-ဒေါ်ဒေါ်နှင်း)တို့၏သမီး၊ဦးအောင်မြင့်၏အစ်မ/မွေးစားမိခင်သည် ၁၀-၄-၂၀၁၈ရက် နံနက် ၇း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ကွယ်လွန်သူ၏ဆန္ဒအရ ယင်းနေ့ မွန်းတည့် ၁၂နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

## ဦးစိုးမြင့်

**စစ်တောင်းစက္ကူစက်(ငြိမ်း)**

**အသက်(၇၉)နှစ်**

ရန်ကုန်မြို့၊ သဃ်ာန်းကျွန်းမြို့နယ်၊ ကြီးပွားရေးအိမ်ရာ၊ တိုက် ၁၀၊ အခန်း ၁၁နေ (ဦးထွန်းရှိန်-ဒေါ်နှင်းခင်)တို့၏သား၊ ဒေါ်ခင်နွဲ့၏ခင်ပွန်း၊ ဦးဇော်မင်းဦး[ခေတ္တ-တရုတ်(တိုင်ပေ)]-ဒေါ်သစ်သစ်အောင်၊ ဦးထွန်းထွန်းလင်း-ဒေါ်မိုးသန္တာ(ယုဇနဆီအုန်း၊ ကော့သောင်း)၊ ဦးကျော်ထက်-ဒေါ်ဆောင်းမာလာ(ခေတ္တ-စင်ကာပူ)တို့၏ဖခင်၊ မစောယုရတနာ၊ မောင်သီဟဇော်တို့၏ အဘိုးသည် ၉-၄-၂၀၁၈ရက် (တနင်္လာနေ့) နံနက် ၉း၄၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၁-၄-၂၀၁၈ရက် (ဗုဒ္ဓဟူးနေ့) ညနေ ၃နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၁း၃၀နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၅-၄-၂၀၁၈ရက် (တနင်္ဂနွေနေ့) နံနက် ၇နာရီမှ ၁၀နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

## ဖောင်းကြွနံပါတ်ပြား ပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် CC/9854 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊**
**ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)**

## အင်္ဂလိပ်ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 6G/7348 ၏ အင်္ဂလိပ်ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးပါရန် လျှောက်ထားလာပါသဖြင့် ယခင်ထုတ်ပေးခဲ့သည့် ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊**
**ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ပန်းဘဲတန်းမြို့နယ်၊ ၉ရပ်ကွက်၊ ၃၁လမ်း၊ အမှတ်(၅၄/၅၆)၊ တည်ရှိရာမြေတိုင်းရပ်ကွက်အမှတ်-၁၅ဒီ၊ မြေကွက်အမှတ် V Class 48၊ အမည်ပေါက် Mariam Bi Bi နှင့် မြေကွက်အမှတ် V Class 49၊ အမည်ပေါက် H.C Patail၊ မြေပိုင်မြေ အမျိုးအစားမြေကွက်နှစ်ကွက်ဖြစ်ပါသည်။ ယင်းမြေနှစ်ကွက်အား ခွဲဝေစာချုပ်အမှတ် ၅၃၆/၁၉၄၇(မိတ္တူမှန်)၊ စွန့်လွှတ်စာချုပ်အမှတ် ၁၈၉/၁၉၆၇(မိတ္တူမှန်)၊ အိတ်ဖွင့်သေတမ်းစာမှတ်ပုံတင်စာချုပ်အမှတ်-၁၁/၉၃(မိတ္တူမှန်)၊ ရန်ကုန်တိုင်းတရားရုံးတရားမကြီးမှုအမှတ်-၂၃၄၁/၂၀၀၅၏ ၂၆-၉-၂၀၀၆ သေတမ်းစာအတည်ပြုလက်မှတ် ထုတ်ပေးမည်ဖြစ်ကြောင်းအမိန့်၊ ၁၃-၂-၂၀၀၇ရက်စွဲပါ သေတမ်းစာအတည်ပြုလက်မှတ်၊ ၁၁-၇-၂၀၀၇ရက်စွဲပါ စီမံခန့်ခွဲခွင့်အမိန့်နှင့် ဒေါ်ဖာတမာဘီဘီ၊ ဒေါ်ဆာဒါဘီဘီ၊ ဒေါ်အမီနာဘီဘီ၊ ဒေါ်ဇိန်နတ်ဘီဘီတို့၏ သေဆုံးကြောင်းအထောက်အထားတို့ကိုတင်ပြ၍ သေတမ်းစာအတည်ပြုလက်မှတ်ရရှိသူ ဦးကိုကိုနိုင် ၁၂/ပဘတ(နိုင်)၀၂၇၉၄၉မှ အပိုင်ပေးစာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာရာ တရားဝင်ခိုင်လုံသောအထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့်ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေး ကြေညာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ဒေါ်သိန်းသိန်းနု

**(B.Sc Zoology)**

**စစ်တွေမြို့၊ အိုးတန်းရပ်ကွက်**

**အသက်(၄၇)နှစ်**

စစ်တွေမြို့၊ ကျေးပင်ကြီးရပ်ကွက်၊ သာဇံလှလမ်းနေ [ဦးမောင်စောသာ(ခ) ဦးချင်းချေ - ဒေါ်နုစိန်ဖြူ]တို့၏သမီး၊ ဒေါ်ဦးသိန်းနု-ဦးသန်းထွန်း၊ ဒေါ်ခင်ခင်နု၊ ဒေါ်သန်းမေ - ဦးဝင်းသိန်း၊ ဦးမောင်အေးကျော် - ဒေါ်ခင်မိုးအေးတို့၏အစ်မ/ညီမ၊ စစ်တွေမြို့၊ အိုးတန်းရပ်ကွက်၊ သာဇံလှလမ်းနေ ဦးဝင်းဇံ၏ ချစ်လှစွာသောဇနီး၊ မခိုင်ဇံလင်းလက်၊ မစုထက်မြတ်နိုးတို့၏ ချစ်လှစွာသောမိခင်၊တူ/တူမ ကိုးယောက်တို့၏အဒေါ်သည် ၉-၄-၂၀၁၈ရက် (တနင်္လာနေ့) နံနက် ၂း၃၀နာရီတွင် ဘန်ကောက် SUKUMVIT ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၁၃-၄-၂၀၁၈ရက်(သောကြာနေ့)ညနေ ၃နာရီတွင်ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟ အပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။(အမှတ် ၄၁၊ ပုသိမ်ညွန့် ၅လမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်နေအိမ်မှကားများ မွန်းလွဲ ၁၂း၃၀နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

## ဒေါ်သိန်းသိန်းနု

**(B.Sc Zoology)**

**စစ်တွေမြို့၊ အိုးတန်းရပ်ကွက်**

**အသက်(၄၇)နှစ်**

စစ်တွေမြို့၊ ရူပတောင်ရပ်ကွက်၊ ဦးဥတ္တမလမ်းနေ ဦးဝေပုလ္လ(ခ)ဦးစံကျော်-ဒေါ်မအုံး (မော်ကွန်း သင်္ကန်းတိုက်၊ စစ်တွေ)တို့၏သမီးချွေးမ၊ ဒေါ်သီသီဦး-ဦးမောင်စံသိန်း၊ (မောင်ကျော်ဇံ)-ဒေါ်စန်းစန်းမြင့်၊ ဒေါ်ခင်အေးမူ(ခ) ဒေါ်ဘိုမ-ဦးကျော်ကျော်မိုး၊ ဦးကျော်လှဇံ-ဒေါ်ခင်သီတာထွန်း၊ ဒေါ်ခင်ထွေးဇံ(ခ)လုံးလုံး-ဦးခိုင်ဇော်လင်းတို့၏ မရီး/ယောက်မ၊ စစ်တွေမြို့၊ အိုးတန်းရပ်ကွက်၊ သာဇံလှလမ်းနေ ဦးဝင်းဇံ၏ ချစ်လှစွာသောဇနီး၊ မခိုင်ဇံလင်းလက်၊ မစုထက်မြတ်နိုးတို့၏ ချစ်လှစွာသောမိခင်သည် ၉-၄-၂၀၁၈ရက် (တနင်္လာနေ့)နံနက် ၂း၃၀နာရီတွင် ဘန်ကောက် SUKUMVIT ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၁၃-၄-၂၀၁၈ရက်(သောကြာနေ့)ညနေ ၃နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟ အပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။(အမှတ် ၄၁၊ ပုသိမ်ညွန့် ၅လမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်နေအိမ်မှကားများ မွန်းလွဲ ၁၂း၃၀နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

## ဒေါ်အေးကြည်

**(စမ်းချောင်း)**

**အသက်(၈၉)နှစ်**

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ ဝါးခယ်မလမ်းနေ (ဦးဘိုးငြိမ်း-ဒေါ်ထားရွှေ)တို့၏သမီး၊ (ဒေါ်သိန်းရီ)၊ (ဦးအောင်ဖေခင်)တို့၏ညီမ၊ (ဗိုလ်မှူးကြည်ဇင်)၊ (ဦးလှကြည်)တို့၏အစ်မ၊ စစ်ကိုင်းမြို့၊ မင်းလမ်း၊ ပွဲဆိပ်ရပ်နေ (ဒေါက်တာဇော်ဖေခင်)-ဒေါ်မြမြစန်း(ညွှန်မှူး-ငြိမ်း၊ စီမံကိန်း)တို့၏အဒေါ်၊ ဒေါက်တာခင်ခင်ကြီး(လ/ထ ကထိက၊ မန္တလေး-ဆေး)၊ မောင်ချမ်းမြေ့ဇော်(စတုတ္ထနှစ်၊ သမိုင်း၊ ရတနာပုံ)တို့၏ အဘွားသည် ၁၀-၄-၂၀၁၈ရက် (အင်္ဂါနေ့)နံနက် ၄း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၁-၄-၂၀၁၈ရက် ညနေ ၃နာရီတွင် စစ်ကိုင်းမြို့ မြို့မသုသာန်၌ ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး**

## ဒေါ်မြင့်မြင့်သိန်း အသက်(၈၆)နှစ်

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ မင်္ဂလာလမ်း၊ အမှတ် ၇၅(လေးလွှာ-A)နေ (ဦးဘိုးရွှေ-ဒေါ်မြရီ)တို့၏သမီး၊ (ဦးထွန်းဝင်း) (လဝကဦးစီးမှူး၊ ငြိမ်း)၏ဇနီး၊ (ဦးအုန်းမြင့်-ဒေါ်တင်လှိုင်)တို့၏အစ်မ၊ ဦးဇော်မျိုးထွန်း-ဒေါ်ငွေငွေဝင်း၊ ဦးကြည်ဝင်း-ဒေါ်ဝင်းပပမျိုး၊ ဦးမင်းနိုင်-ဒေါ်အိအိဝင်း(မြို့တော်စည်ပင်၊ ပန်းဥယျာဉ်နှင့် အားကစားကွင်းများဌာန)၊ ဦးသိုက်ထွန်း၊ ဦးသောင်းဝင်း-ဒေါ်စန်းစန်းဝင်းတို့၏မိခင်၊ ဦးဝင်းလှိုင်-ဒေါ်မွန်မွန်ဝင်း၊ မထက်ထက်ဦး(အထက်တန်းရှေ့နေ)၊ မယဉ်ယဉ်ဝင်း(Exotic Myanmar Travels & Tours)၊မောင်မင်းဟိန်း၊ မသဒ္ဒါနွေး၊ မောင်ခေတ်ဟိန်းတို့၏အဘွား၊ မြစ်သုံးယောက်တို့၏အဘွားသည် ၁၀-၄-၂၀၁၈ရက် (အင်္ဂါနေ့) နံနက် ၃း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၂-၄-၂၀၁၈ရက် (ကြာသပတေးနေ့) ညနေ ၄နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်းဆွေမျိုးမိတ်သင်္ဂဟအပေါင်းအားအသိပေးအပ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၂နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

**ဘုရား၊ ရဟန်း၊ ကျောင်း ဒါယိကာမကြီး**

## ဒေါ်ခင်လှ အသက်(၈၄)နှစ်

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ ၃(ခ)ရပ်ကွက်၊ ရှုခင်းသာလမ်း၊ အမှတ် ၁၉နေ (ဦးတင်-ဒေါ်စောကြည်)တို့၏သမီး၊ (ဦးမောင်ကြီး-ဒေါ်ညို)တို့၏သမီးချွေးမ၊ (ဦးပု-မြန်မာ့မီးရထား၊ ငြိမ်း)၏ဇနီး၊ ဦးအောင်မြတ်(IBTC)-ဒေါ်သန်းသန်းအေး၊ ဒေါ်ညွန့်ညွန့်ဝေ(မြန်မာ့မီးရထား၊ ငြိမ်း)၊ ဒေါ်မြင့်မြင့်ခိုင်(မြန်မာ့သစ်လုပ်ငန်း)၊ ဦးသိန်းဝင်း(IBTC)-ဒေါ်သူဇာထွန်း၊ ဦးအောင်မြင့်(မြန်မာ့မီးရထား)-ဒေါ်အေးသောင်း၊ ဦးစိုးမြင့်(Bermhard Schulte.,Co)-ဒေါ်သီတာအေး၊ (ဦးစိုးညွန့်)-ဒေါ်သက်သက်မွန်၊ ဒေါ်သီတာ(မြန်မာ့သစ်လုပ်ငန်း)၊ ဦးထွန်းမင်း(လင်းဝင်းကုမ္ပဏီ)၊ ဦးညီညီထွေး(KCK-Shipping)-ဒေါ်ဝေမွန်နိုင်တို့၏မိခင်၊ မြေး ၁၁ယောက်တို့၏အဘွား၊ မြစ်တစ်ယောက်တို့၏ ဘွားဘွားကြီးသည် ၉-၄-၂၀၁၈ရက်(တနင်္လာနေ့)ညနေ ၄း၁၅နာရီတွင်ကွယ်လွန်သွားပါသဖြင့် ၁၁-၄-၂၀၁၈ရက် (ဗုဒ္ဓဟူးနေ့) မွန်းတည့် ၁၂နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (အထက်ပါနေအိမ်မှကားများ နံနက် ၁၀း၃၀နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၅-၄-၂၀၁၈ရက်(တနင်္ဂနွေနေ့) နံနက်၇နာရီတွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

**အလ္လာဟ်သျှင်မြတ်အမိန့်တော်ခံယူခြင်း**

## ရဲအုပ်လှထွန်း

**အပတ်စဉ်(၁၀)**

**လ-၁၂၀၀၃၀**

**အသက်(၅၈)နှစ်**

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရေတွင်းကုန်းရပ်ကွက်၊ လမ်း ၁၂၀၊ အမှတ် ၆၈ (လေးလွှာ)နေ (ဦးစံညိမ်း-ဒေါ်သိန်းယဉ်)တို့၏သား၊ ဒေါ်စန်းစန်းရွှေ၏ ချစ်လှစွာသောခင်ပွန်း၊ မောင်ကျော်မင်းငွေ(Dip in Computer)-မနန်းဧပြီထွန်း(B.Sc, Physics)(စုမြတ်အထည်ဆိုင်၊ ယုဇနပလာဇာ)၊ မနန်းငြိမ်းအိထွန်း(BE Electronic) (ငြိမ်းအထည်ဆိုင်၊ ယုဇနပလာဇာ)၊ မောင်ပိုင်မင်းထွန်း (နဝမတန်း)တို့၏ ချစ်လှစွာသောဖခင်သည် ၉-၄-၂၀၁၈ရက် (တနင်္လာနေ့) နံနက် ၀၀း၁၂နာရီတွင် အောင်ရတနာဆေးရုံ၌ အလ္လာဟ်သျှင်မြတ်အမိန့်တော် ခံယူသွားပါသဖြင့် ယင်းနေ့တွင်ပင် ရေဝေးကဘာရ်စတန်သုသာန်၌ ဒါဖနာပြီးဖြစ်ပါကြောင်း။

ကျန်ရစ်သူမိသားစု

## မောင်ထွန်းလင်း

**Earth Tamura Electronic (Myanmar)Co.,Ltd.(ETEC)**

**အသက်(၂၄)နှစ်**

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၃၅)ရပ်ကွက်၊ ကန်သာယာ ၁လမ်း၊ အမှတ် ၁၂၁၅နေ (ဦးမြင့်စိုး-ဒေါ်ခင်စိုးဝင်း)၊ (ဦးကြီးငွေ-ဒေါ်လှမြိုင်)တို့၏မြေး၊ ဦးဇော်ဝင်းမြင့် (2nd Mate FG)-ဒေါ်ခင်ခင်မိုး (MPT.Call Center)တို့၏သား၊ မမြတ်နိုး၏အစ်ကို၊ ဦးဇော်မျိုးသက်၊ဒေါ်တင်တင်ခိုင်၊ဦးဇော်မျိုးသိမ်း၊ ဒေါ်လှလှမိုး၊ ဦးကျော်လွင်၊ ဦးမင်းသိန်းတို့၏တူ/သားသည်၁၀-၄-၂၀၁၈ရက် (အင်္ဂါနေ့)တွင် ကွယ်လွန်သွားပါ၍ ၁၂-၄-၂၀၁၈ရက် (ကြာသပတေးနေ့) ညနေ ၃နာရီတွင် ရေဝေးအအေးတိုက်မှရေဝေးသုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၁နာရီတွင်ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၆-၄-၂၀၁၈ရက် (တနင်္လာနေ့) နံနက် ၇နာရီမှ ၁၁နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဦးတင်ဝင်း (မန်နေဂျာ၊ ငြိမ်း)

**မြန်မာ့သစ်လုပ်ငန်း၊ပြည်တွင်းပြည်ပ**

**အသက်(၇၈)နှစ်**

ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ (ဋ)ရပ်ကွက်၊ ဥဒ္ဒနာ ၉လမ်း၊ အမှတ် (၆၃/၆၄)နေ (ဦးအုန်းမြိုင်-ဒေါ်သန်းကြည်)တို့၏သား၊ မဝင်းပပ(Myanmar Kipling Tours)၊ မတင်ဇာဝင်းတို့၏ဖခင်၊ မောင်ဥက္ကာနေစိုး၏အဘိုး၊ ဒေါ်ခင်ရွှေ (ငွေစာရင်းဌာန၊ မြန်မာ့သစ်လုပ်ငန်း၊ အငြိမ်းစား)၏ ခင်ပွန်းသည် ၁၀-၄-၂၀၁၈ရက် နံနက် ၉နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၂-၄-၂၀၁၈ရက် ညနေ ၃နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၂နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအား ရည်စူး၍ ၁၆-၄-၂၀၁၈ရက်တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

## ဦးအောင်အောင်ဇော်(ခ) ဦးဇော်မင်းဦး(ခ)ကဏန်း

**အသက်(၄၀)**

ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်နေ (ဦးငြိမ်းမောင်-ဒေါ်ခင်ကြည်)တို့၏မြေး၊ ဦးဝင်းထွန်း-ဒေါ်ခင်သန်းဝင်း၊ ဒေါ်မြင့်မြင့်ရီ၊ ဒေါ်ခင်မာရီ(အမက-၁၂)၊ (ဒေါ်သန်းသန်းဝင်း)၊ ဒေါ်လှလှထွေး(ဦးစီးအရာရှိ၊ စီးပွား/ကူးသန်း)၊ ဒေါ်ငွေငွေနွယ် (လယ်/ဆည်၊ ငြိမ်း)တို့၏တူ၊ ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ (ခ)ရပ်ကွက်၊ မရွှေလမ်း၊ အမှတ် ၇၄နေ(ဦးမြင့်မောင်)-ဒေါ်နွဲ့နွဲ့ရီတို့၏သား၊ ဦးသက်ဝင်းထွန်း(စခန်းမှူး)၊ ဗိုလ်ကြီးတင်ကိုကိုဝင်း(ခိုလန်)၊ဒေါ်စုစုထွေး (စမ်းငွေရောင်ကုမ္ပဏီလီမိတက်)၊ ဒေါ်မိုးမိုးထွန်းတို့၏ညီ/မောင်၊ ဦးစိုးလှိုင်ဝင်း-ဒေါ်မေပပအောင်တို့၏အစ်ကို၊ မရွှေစင်ဝင်း၏ ဘကြီးသည် ၇-၄-၂၀၁၈ရက်(စနေနေ့)နံနက် ၁၁း၁၅နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၉-၄-၂၀၁၈ရက် (တနင်္လာနေ့) မွန်းလွဲ ၁နာရီတွင် ရေဝေးအအေးတိုက်မှရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၁း၄၅နာရီတွင်ထွက်ခွာပါမည်။)[ကွယ်လွန်သူအား ရည်စူး၍ ၁၃-၄-၂၀၁၈ရက်(သောကြာနေ့)နံနက်တွင် မြောက်ဥက္ကလာပမြို့နယ်နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

**ရဟန်းဒါယိကာမကြီး**

## ဒေါ်တင်ကြည် အသက်(၈၅)နှစ်

ရန်ကုန်မြို့၊ ပုဇွန်တောင်မြို့နယ်၊ (၂)ရပ်ကွက်၊ ၅၆လမ်း၊ အမှတ် ၁၉၊ အခန်း(စီ-၁)နေ (ဦးဆိုင်-ဒေါ်ရှမ်း)တို့၏သမီး၊ (ဦးပျော့ကြီး-ဒေါ်ပုလေး)တို့၏သမီးချွေးမ၊(ဦးကြည်)၏ဇနီး၊ ဦးဉာဏဓဇ(စိန်ရောင်ခြည်ဆရာတော်)၏ရဟန်းမယ်တော်၊ ဒေါက်တာတင်နွယ်ကြည်(ဆေးရုံအုပ်ကြီး၊ ငြိမ်း)၊ ဒေါ်တင်အုန်းကြည်(ကထိက-ငြိမ်း၊ ရူပဗေဒဌာန၊ ရန်ကုန်အရှေ့ပိုင်းတက္ကသိုလ်)၊ ဒေါက်တာသန်းသန်းဇင်(ပညာရေးစီမံကိန်း၊ ငြိမ်း)၊ ဦးမင်းကြည်(လ/ထအထွေထွေမန်နေဂျာ၊ ရောင်း/မှူး၊ မြန်မာ့သစ်လုပ်ငန်း၊ မကွေးတိုင်းဒေသကြီး)-ဒေါ်သန်းသန်းအေး၊ ဦးမင်းအောင်(အထွေထွေမန်နေဂျာ၊ စက်မှုနှင့်လျှပ်စစ်၊ မြန်မာ့မီးရထား)-ဒေါ်နီလာအေး၊ ပေါမောက္ခ ဒေါက်တာရွှေတိုး(ပါမောက္ခချုပ်၊ သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်၊ ရန်ကုန်)-ဒေါက်တာမြတ်လေးကို(ကထိက၊ သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်၊ ရန်ကုန်)၊ (ဦးဟန်စိုး၊ BE.EP)၊ ဒေါ်ချိုထွေးကြည်(လယ်/ပြ၊ အမက-၂၊ ပုဇွန်တောင်)၊ ဒေါက်တာသိန်းမြင့်စိုး(သန့်သုခ/ရွှေပုပ္ပား သွားဆေးခန်း)-ဒေါ်စန္ဒာကျော်တို့၏မိခင်၊ မြေးခြောက်ယောက်တို့၏ အဘွားသည် ၁၀-၄-၂၀၁၈ရက် မွန်းလွဲ ၂း၃၈နာရီတွင်ကွယ်လွန်သွားပါသဖြင့် ၁၂-၄-၂၀၁၈ရက်(ကြာသပတေးနေ့)နံနက် ၁၁နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။(နေအိမ်မှကားများ နံနက် ၉နာရီတွင်ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

**ဘုရား၊ ရဟန်း၊ ကျောင်း ဒါယကာကြီး**

## ဦးတိုး (သန်လျင်)

**အသက်(၈၉)နှစ်**

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့၊ မြို့မတောင်ရပ်ကွက်၊ သတိပဋ္ဌာန်လမ်း၊ အမှတ် ၉၈နေ (ဦးချန်ထွန်း-ဒေါ်ငွေဉ)တို့၏သား၊ (ဒေါ်နှင်းရီ)၏ခင်ပွန်း၊ ဦးတင်မြင့်အောင်-ဒေါ်ခင်အုန်းမြင့်၊ ဦးမြင့်သိန်း-ဒေါ်ဘေဘီဝင်း၊ ဦးမြင့်စိုး-ဒေါ်မြင့်မြင့်စန်း၊ (ဦးငွေဝင်း)-ဒေါ်မြင့်မြင့်မိုး၊ (ဦးစိုးသိန်း)-ဒေါ်အုန်းမြင့်၊ ဒေါ်ခင်မာခိုင်၊ ဦးသန်းထွန်း-ဒေါ်သန္တာလှိုင်၊ ဦးနေမျိုးလွင်-ဒေါ်ခင်ပြုံးကြည်တို့၏ဖခင်၊ မြေး ၁၇ယောက်၊ မြစ်လေးယောက်တို့၏ဘိုးဘိုးကြီးသည် ၉-၄-၂၀၁၈ရက်(တနင်္လာနေ့) ည ၈း၄၇နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၁-၄-၂၀၁၈ရက်(ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁နာရီတွင် သန်လျင်အမိုးနီသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းတည့် ၁၂နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

## ဗိုလ်မှူးသိန်းမောင်(အငြိမ်းစား) (ကသာ)

**ကြည်း/၇၉၃၅၊ ဗိုလ်သင်တန်းအမှတ်စဉ်(၂၁)**

**အသက်(၈၄)နှစ်**

ကသာမြို့နေ (ဦးလေးမောင်-ဒေါ်အိမ်)တို့၏သား၊ မန္တလေးမြို့နေ (ဦးစံရှိန်-ဒေါ်သိန်းတင်)တို့၏သားသမက်၊ မန္တလေးမြို့နေ ဒေါ်မြင့်မြင့်သိန်း၏ခင်ပွန်း၊ ဒေါ်တင်အေး (မော်ကွန်းတိုက်မှူး၊ တပ်မတော်မော်ကွန်းတိုက်၊ အငြိမ်းစား)၊ (ပါမောက္ခ ဒေါက်တာဦးသိန်းညွန့်-ဒေါ်ဝေဝေလွင်)တို့၏မောင်၊ (ဦးသိန်းမြင့်)၊ (ဦးအောင်သင်း၊ အထွေထွေမန်နေဂျာ၊ ငြိမ်း၊ မြန်မာ့သစ်လုပ်ငန်း)- ဒေါ်ခင်ထွေး (SAT- ငြိမ်း)၊ (ဒေါက်တာလှမြင့်လွင်-ဒေါ်စန်းစန်းရီ)တို့၏အစ်ကို၊ ဒေါ်သက်သက် (အလက-၇၊ မန္တလေး)၊ ဒေါက်တာထွဋ်မောင်မောင် (အထူးကုဆရာဝန်ကြီး၊ တွဲဖက်ပါမောက္ခ၊ အလုပ်သမားဆေးရုံ၊ ရန်ကုန်)-ဒေါ်အိအိပန်းအောင်တို့၏ဖခင်၊ မပန်းအင်ကြင်း($1^{st}$ Year UIT)၊ မပန်းဖြူဖွေး(TTC)တို့၏အဘိုးသည် ၅-၄-၂၀၁၈ရက်တွင် ကွယ်လွန်သွားပါသဖြင့် ၆-၄-၂၀၁၈ရက်တွင် သင်္ဂြိုဟ်ပြီးစီးပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်ဆွေများအား အသိပေးအကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

## အထူးဝမ်းနည်းကြေကွဲခြင်း

### ရဲအုပ် ဦးမှတ်ကျော်(ငြိမ်း)

**အသက်(၈၁)နှစ်**

ရန်ကုန်တိုင်းဒေသကြီး၊ မှော်ဘီမြို့နယ်၊ တပ်မတော်ဘီစကွတ်စက်ရုံနေ ဒေါ်ညွန့်ညွန့်၏ခင်ပွန်း ဦးမှတ်ကျော်(ရဲအုပ်-ငြိမ်း)သည် ၉-၄-၂၀၁၈ရက် (တနင်္လာနေ့)တွင် ကွယ်လွန်သွားပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**နယ်ဖြစ်ဒုရဲအုပ်လောင်းသင်တန်း(၉/၈၄)**
**သင်တန်းဆင်းသူငယ်ချင်းများ**

## ဝမ်းနည်းကြေကွဲခြင်း

### ဦးသာဒိုး

**အသက်(၆၅)နှစ်**

ရခိုင်ပြည်နယ် သမဝါယမအသင်းစုချုပ် (လီမိတက်)ရုံး ဝန်ထမ်း ဒေါ်ခင်မေသန်း(အကြီးတန်းစာရေး)၏ဖခင် ဦးသာဒိုးသည် ၉-၄-၂၀၁၈ရက် နံနက် ၅း၃၀နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ရခိုင်ပြည်နယ်သမဝါယမအသင်းစုချုပ်(လီမိတက်)**
**ဒါရိုက်တာနှင့်ဝန်ထမ်းများ**

## ဝမ်းနည်းကြေကွဲခြင်း

စစ်ကိုင်းတိုင်းဒေသကြီး လွှတ်တော်ရုံး(မုံရွာမြို့)မှ ဒုတိယဦးစီးမှူး ဦးရဲစိုး အသက်(၃၉)နှစ်သည် ၈-၄-၂၀၁၈ရက် မွန်းလွဲ ၁း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော်**
**ဥက္ကဋ္ဌ၊ ဒုဥက္ကဋ္ဌနှင့်**
**လွှတ်တော်ရုံးဝန်ထမ်းများ**

## ဒေါ်စိန်တင်

**အသက်(၆၀)**

ရန်ကုန်မြို့၊ သဃ်ာန်းကျွန်းမြို့နယ်၊ သုဝဏ္ဏ၊ ကောက်လျှင် ၂လမ်း၊ အမှတ်(၁၅၈/၇)နေ ဦးကျော်တင့်၏ဇနီး၊ မမေသက်မွန်-မောင်ရဲဝင်း၊ မခင်သက်ထားတို့၏မိခင်၊ မောင်မင်းသက်ကျော်၏အဘွား၊ ဦးဘုန်းအောင်-ဒေါ်စန်းနွဲ့၊ ဦးနေလင်း-ဒေါ်ခင်စန်းဝေ၊ ဒေါ်စန်းစန်းဝင်း၊ ဦးစိုး-ဒေါ်စန်းစန်းအေး၊ ဦးသက်ငွေ-ဒေါ်သန်းသန်းသော်တို့၏အစ်မသည် ၁၀-၄-၂၀၁၈ရက် (အင်္ဂါနေ့) နံနက် ၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၂-၄-၂၀၁၈ရက် (ကြာသပတေးနေ့) မွန်းတည့် ၁၂နာရီတွင် ရေဝေးသုသာန်၌ သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၁၀း၃၀နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

# ရန်ကုန်သင်္ကြန်စည်ကားရေး မြို့နယ်များ အားထည့်ဆောင်ရွက်နေ

**ရန်ကုန် မေ ၁၀**

ရန်ကုန်သင်္ကြန်ကို ယခင်နှစ်များထက် ပိုမိုစည်ကားစေရန်အတွက် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့မှ အထူးကြိုးပမ်း ဆောင်ရွက်နေသကဲ့သို့ ကိုကိုးကျွန်းမှအပ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြို့နယ်များတွင် ရေကစားမဏ္ဍပ်များနှင့် ညှော့ခံဖျော်ဖြေရေးမဏ္ဍပ်များ အပြိုင်အဆိုင် တည်ဆောက်နေကြပြီဖြစ်သည်။ မြို့တွင်းအနော်ရထာလမ်းမကြီးပေါ်၌ ၁၉ လမ်းထိပ်တွင် ကုမ္ပဏီမဏ္ဍပ်ကြီးတစ်ခုဖြစ်သည့် Sky Net မဏ္ဍပ်တစ်ခုတည်းသာရှိရာမှ လမ်း ၃၀ နှင့် ဗိုလ်ဆွန်ပက်လမ်းအကြားတွင် ကုမ္ပဏီတစ်ခုက ပြည့်မဏ္ဍပ် မဏ္ဍပ်ကြီးတစ်ခုထိုးနေပြီကိုလည်း တွေ့လာရပြီဖြစ်သည်။

မြို့နယ်တိုင်းတွင် သင်္ကြန်မဏ္ဍပ်များဖြစ်မြောက်ရေးအတွက် သက်ဆိုင်ရာ ပြည်သူ့လွှတ်တော်၊ တိုင်းဒေသကြီးလွှတ်တော်အမတ်များက ဦးဆောင်၍ အစည်းအဝေးများ ကျင်းပနေကြပြီဖြစ်သည်။ ရန်ပုံငွေပေါ် မူတည်၍ မဏ္ဍပ်များတွင် နာမည်ကြီးအဆိုတော်များအား ဖိတ်ကြား၍ ညှော့ခံဖျော်ဖြေကြ

စာမျက်နှာ ၈ ကော်လံ ၃ ❏



အနော်ရထာလမ်းမ၊ လမ်း ၃၀ နှင့် ဗိုလ်ဆွန်ပက်လမ်းအကြား၌ ဆောက်လက်စ မဏ္ဍပ်တစ်ခုကို တွေ့ရစဉ်။



# မန္တလေးမြို့တော်မဟာသင်္ကြန် စည်ကားစွာကျင်းပနိုင်ရေး စီစဉ်နေ

**မန္တလေး မေ ၁၀**

၁၃၇၉ ခုနှစ် မန္တလေးမြို့တော် မဟာသင်္ကြန် စည်ကားစွာ ကျင်းပနိုင်ရေး စီစဉ်နေပြီဖြစ်ရာ မန္တလေးမြို့တော်ယဉ်ကျေးမှုမဟာသင်္ကြန် ဖွင့်ပွဲ၊ ပိတ်ပွဲများ၌ ပါဝင်ဖျော်ဖြေကြမည့် ကျောင်းသူလေးများ စုပေါင်း အကတိုက်ခြင်းကို နေ့စဉ်နံနက်ပိုင်း၌ မန္တလေးမြို့တော်ခန်းမတွင် လေ့ကျင့်ခြင်း ပြုလုပ်ပေးလျက်ရှိကြောင်း သိရသည်။

ထိုသို့ စုပေါင်းအကတိုက်ရာ၌ ချမ်းအေးသာစံမြို့နယ် အမှတ် ၁၄ အခြေခံပညာအထက်တန်းကျောင်းမှ ဆရာမများနှင့် ကျောင်းသူ ၅၀ တို့ ပါဝင်၍ အကတိုက်ခြင်းများ ဆောင်ရွက်ခဲ့သည်။ စုပေါင်းအကတိုက်ရာတွင် မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ ပြည်သူ့ဆက်ဆံရေးနှင့် ပြန်ကြားရေးဌာနမှ အကနည်းပြများဖြစ်သည့် ဒေါ်ထိပ်တင်နှင်း၊ ဒေါ်သန္တာချို၊ ဒေါ်မိုးသီတာစမ်းအေးတို့ ဦးဆောင်သည့် အကနည်းပြများက မန္တလေးမြို့ပေါ်ရှိ အခြေခံပညာကျောင်းများမှ ကျောင်းသူလေးများနှင့်အတူ ဖွင့်ပွဲ၊ ပိတ်ပွဲများအစီအစဉ်များတွင် ပါဝင်သည့် သင်္ကြန်တေးသီချင်းကကွက်များနှင့် မန္တလေးမြို့ဂုဏ်ဆောင် မြို့မတေးသီချင်း

စာမျက်နှာ ၈ ကော်လံ ၅ ✪

# မြန်မာအမျိုးသမီးအသင်း ပြည်တွင်း၊ ပြည်ပခြေစမ်းပွဲများ ယှဉ်ပြိုင်ကစားမည်

**ရန်ကုန် မေ ၁၀**

၂၀၁၈ အာဆီယံအမျိုးသမီးပြိုင်ပွဲအတွက် လေ့ကျင့်ပြင်ဆင်မှုများ ပြုလုပ်နေသည့် မြန်မာ့လက်ရွေးစင်အမျိုးသမီးအသင်းသည် ပြိုင်ပွဲမတိုင်မီ ပြည်တွင်း၊ ပြည်ပခြေစမ်းပွဲများ ဆက်တိုက်ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

မြန်မာအမျိုးသမီးအသင်းသည် ပဏာမကစားသမား ၂၆ ဦးဖြင့် လေ့ကျင့်မှုများပြုလုပ်လျက်ရှိပြီး သင်္ကြန်ကာလလေ့ကျင့်မှုမရပ်နားခင် ကစားသမားတစ်ဦး အပြောင်းအလဲ

စာမျက်နှာ ၁၃ ကော်လံ ၃ ❍



# AFC Cup ပြိုင်ပွဲ ရန်ကုန်နှင့် ဘာလီပွဲအတွက် ပွဲကြိုသတင်းစာရှင်းလင်း

**ရန်ကုန် မေ ၁၀**

၂၀၁၈ AFC Cup ပြိုင်ပွဲအုပ်စု (G) ပွဲစဉ် ၅ အဖြစ် ယှဉ်ပြိုင်ကစားမည့် ရန်ကုန်(မြန်မာ)နှင့် ဘာလီယူနိုက်တက်(အင်ဒိုနီးရှား)တို့၏ ပွဲကြိုသတင်းစာရှင်းလင်းပွဲကို ယနေ့မွန်းတည့် ၁၂ နာရီက သုဝဏ္ဏကွင်း သတင်းစာရှင်းလင်းပွဲခန်းမ၌ ကျင်းပသည်။

ရန်ကုန်အသင်းနည်းပြချုပ် ဦးမျိုးမင်းထွန်းက "ဘာလီအသင်းက လေးပွဲမှာ ငါးမှတ်ပဲရသေးပေမယ့် အုပ်စုမှာ အကောင်းဆုံးအသင်းပါ၊ သူတို့ကို ပထမအကျော့ အဝေးကွင်းမှာ အနိုင်ရခဲ့ပေမယ့် သူတို့ရဲ့ ခြေစွမ်းက အဲဒီပွဲထက်ပိုကောင်းလာပါတယ်၊ ဒါကြောင့် ပထမအကျော့ထက်ပိုပြီး ခက်ခဲမှာပါ၊ အသင်းမှာ ဒဏ်ရာရကစားသမား များပြားနေသလို အမာခံကစားသမားအချို့ကလည်း ကြံ့ခိုင်မှုအနေအထားကြောင့် ပွဲထွက်လူစာရင်းမှာ ပါဝင်မှာမဟုတ်ပါဘူး၊ ဂိုးသမားကျော်ဇင်ထက်ဆိုရင် ဒဏ်ရာပြင်းထန်စွာရပြီးနောက်ပိုင်း ယုံကြည်မှုအားနည်းနေပါတယ်၊ ဒါ့ကြောင့် ဘာလီနဲ့ပွဲမှာ သူ့ကို အနားပေးပြီး ဆန်းဆက်နိုင်ကို အသုံးပြုမှာပါ၊ ကျွန်တော်တို့ အတွက် ဒီပွဲက အလွန်ကို အရေးကြီးပါတယ်၊ အုပ်စု ပထမနဲ့ အာဆီယံဇုန် ဆီမီးဖိုင်နယ်တက်ရောက်နိုင်ဖို့ ဒီပွဲကို အနိုင်ကစားမှာပါ၊ ပွဲထွက်လူစာရင်း အပြောင်းအလဲရှိနိုင်ပေမယ့် အနိုင်ရလဒ်အတွက် အကောင်းဆုံး ကြိုးစားမှာပါ"ဟု ပြောကြားသည်၊ ရန်ကုန်အသင်း၏ ဒဏ်ရာရစာရင်းတွင် ဒေးဗစ်ဒန်း၊ ကျော်မင်းဦးနှင့် ငြိမ်းချမ်းအောင်တို့အပြင် ဇာနည်ထက်လည်း ထပ်တိုးလာခဲ့သည်။

ဘာလီယူနိုက်တက်အသင်းနည်းပြချုပ် ဝီဒိုဒိုက "နောက်တစ်ဆင့်တက်ဖို့ မျှော်လင့်ချက်အတွက် ဒီပွဲက အလွန်ကို အရေးကြီးပါတယ်၊ ကျွန်တော်တို့ အနိုင်ရမှဖြစ်မှာပါ၊ ရန်ကုန်အသင်းခြေစွမ်းက အလွန်ကိုကောင်းမွန်ပါတယ်၊ တိုက်စစ်ကစားပုံကောင်းမွန်ပါတယ်၊ ကျွန်တော်တို့လည်း ဒီပွဲအတွက် အကောင်းဆုံးပြင်ဆင်ထားပါတယ်၊ ဒီပွဲမှာ အနိုင်သုံးမှတ်ရရှိဖို့ ကြိုးစားမှာပါ၊ အင်ဒိုနီးရှားက

စာမျက်နှာ ၁၃ ကော်လံ ၁ ❖



ပွဲကြိုသတင်းစာရှင်းလင်းပွဲတွင် ရန်ကုန်နှင့် ဘာလီအသင်းတို့မှ နည်းပြချုပ်နှင့် ကစားသမားများအား တွေ့ရစဉ်။

ဓာတ်ပုံ-ဖိုးသော်ဇင်

## ထောက်ကြန့် အဝင်လမ်းဆုံတွင် ယာဉ်နှစ်စီးတိုက် အမျိုးသားငါးဦးနှင့် ကလေးငယ်တစ်ဦးသေဆုံး

စာမျက်နှာ - ၁၂

## အက်ဖ်ဘီအိုင်က ဒေါ်နယ်ထရန့်၏ ကိုယ်ရေးရှေ့နေဖြစ်သူ မိုက်ကယ်ကိုဟန်၏ ရုံးခန်းအား ဝင်ရောက်စီးနင်း

စာမျက်နှာ - ၁၄





မြန်မာ့အလင်း
ဗုဒ္ဓဟူး၊ မေ ၁၁၊ ၂၀၁၈

# နိုင်ငံတော်အစိုးရ၏ ပြည်သူ့အတွက် ဒုတိယ(၁)နှစ်တာ

ပြည်သူက တစ်ခဲနက်ရွေးချယ်တင်မြှောက်ခဲ့သော ပြည်သူ့အစိုးရ၏ သက်တမ်းမှာ နှစ်နှစ်ပြည့်မြောက်ခဲ့ပြီဖြစ်သည်။ နှစ်နှစ်တာကာလအတွင်း နိုင်ငံ၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးနယ်ပယ်အသီးသီးတွင် ဖွံ့ဖြိုးတိုးတက်မှုရရှိစေရန် ပြုပြင်ပြောင်းလဲမှုများပြုလုပ်ကာ နိုင်ငံတည်ဆောက်ရေးလုပ်ငန်းများကို အားကြိုးမာန်တက် ဆောင်ရွက်ခဲ့သည့် ပြည်သူ့အစိုးရ၏ ပြည်သူ့အတွက် ကြိုးပမ်းဆောင်ရွက်မှုများမှာ အားလုံးကောင်းမွန်အောင်မြင်ပါသည်ဟူ၍ မဆိုနိုင်သေးသည့်တိုင် သိသာထင်ရှားစွာ မြင်တွေ့နိုင်သည့် အောင်မြင်မှုများ၊ မမြင်တွေ့နိုင်သည့် အောင်မြင်မှုများ၊ စိန်ခေါ်မှုများနှင့် ရုန်းကန်နေရဆဲလုပ်ငန်းစဉ်များဟူ၍ တွေ့ရမည်ဖြစ်သည်။ နိုင်ငံတော်အစိုးရ၏ ဒုတိယ (၁)နှစ်တာကာလအတွင်း ပြည်သူများအတွက် ကြိုးပမ်းဆောင်ရွက်မှုများကို ဝန်ကြီးဌာနများ၊ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် မှတ်တမ်းပြုတင်ပြအပ်ပါကြောင်း။



၁-၁-၂၀၁၈ ရက်က ကျင်းပသည့် ရွှေတိဂုံစေတီတော်မြတ်ကြီး ဗုဒ္ဓါဘိသေကအနေကဇာတင်မဟာမင်္ဂလာနှင့် သံဃာတော်အပါး ၁၈၀၀၀ အား ဆွမ်းဆန်စိမ်းလောင်းလှူပွဲ အခမ်းအနားမြင်ကွင်းကို တွေ့ရစဉ်။ ဓာတ်ပုံ-ရွှေအင်းသားခင်မောင်ဝင်း

## ရည်မှန်းချက် (၁၃)ရပ် ချမှတ်ဆောင်ရွက်နေသည့် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန

== နိုင်လင်းကြည် ==

**သာသနာရေး**နှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၏ ဒုတိယ(၁)နှစ်တာကာလအတွင်း ဆောင်ရွက်ချက်များနှင့် ပတ်သက်ပြီး ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကို အား တွေ့ဆုံမေးမြန်းထားပါသည်။

**သူရဦးအောင်ကို**
**ပြည်ထောင်စုဝန်ကြီး**
**သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန**

**မေး ။ ။ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနက ဆောင်ရွက်နေတဲ့ ရည်မှန်း ချက်တွေနဲ့ ပတ်သက်ပြီး ပြောပြပေးပါခင်ဗျာ။**

ဖြေ ။ ။ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနအနေနဲ့ ရည်မှန်းချက် ၁၃ ရပ် ချမှတ်ပြီး နိုင်ငံတော်ကပေးအပ်တဲ့တာဝန်များကို အကောင်အထည်ဖော်လျက် ရှိပါတယ်။ သာသနာရေးနဲ့ သက်ဆိုင်တဲ့ ရည်မှန်းချက်ခြောက်ရပ်၊ ယဉ်ကျေးမှုနဲ့ သက်ဆိုင်တဲ့ ရည်မှန်းချက်ငါးရပ်၊ သာသနာရေးနဲ့ ယဉ်ကျေးမှု နှစ်ခုပေါင်းပြီး သက်ဆိုင်တဲ့ ရည်မှန်းချက်တစ်ရပ်ဆိုပြီး ရည်မှန်းချက် ၁၃ ရပ်ဖြစ်ပါတယ်။ နောက်တစ်ခုက ဝန်ကြီးဌာနက ရည်မှန်းဆောင်ရွက်တဲ့ e-Government အကောင်အထည်ဖော်ရေးကိစ္စ ဖြစ်ပါတယ်။

**မေး ။ ။ ဒီလုပ်ငန်းစဉ်တွေကို ဘယ်လိုရည်ရွယ်ချက်နဲ့ ချမှတ်ဆောင်ရွက်ရတယ်ဆိုတာကိုလည်း ရှင်းပြပေးစေလိုပါတယ်ခင်ဗျာ။**

ဖြေ ။ ။ အားလုံးသိကြတဲ့အတိုင်း မြတ်ဗုဒ္ဓသာသနာက လွန်ခဲ့တဲ့ နှစ်ပေါင်း ၂၀၀၀ ကျော်ကာလကတည်းက မြန်မာနိုင်ငံကို ရောက်ခဲ့တာပါ။ မြတ်ဗုဒ္ဓသာသနာရဲ့ အဆုံးအမတွေက မြန်မာနိုင်ငံသားအများစုအတွက် ယဉ်ကျေးမှုဖြစ်လာပါတယ်။ မြန်မာတို့ရဲ့ ယဉ်ကျေးမှုဟာ မြတ်ဗုဒ္ဓသာသနာကနေ ဆင်းသက်လာတယ်လို့ ပြောနိုင်ပါတယ်။ လွန်ခဲ့တဲ့ နှစ်ပေါင်း ၂၆၀၀ ဗုဒ္ဓဘုရားရှင်ပွင့်တဲ့အခါတုန်းက ကမ္ဘာပေါ်မှာ ပေါ်ထွန်းပြီးသားအနေနဲ့ ဟိန္ဒူဘာသာရှိပါတယ်။ ဗုဒ္ဓဘုရားရှင် ပရိနိဗ္ဗာန်စံလွန်ပြီးလို့ နှစ်ပေါင်း ၆၀၀ ခန့်အကြာမှာ ခရစ်တော်ပေါ် ထွန်းလာပြီး ခရစ်ယာန်သာသနာ ပေါ်ထွန်းလာခဲ့ပါတယ်။ ခရစ်တော်ပေါ်ထွန်းပြီး နှစ်ပေါင်း ၅၀၀ လောက်အကြာမှ ဆော်ဒီအာရေဗျနိုင်ငံမှာ တမန်တော်မိုဟာမက် ပေါ်ထွန်းခဲ့ပါတယ်။



ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကို

ဗုဒ္ဓဘုရားရှင် ပရိနိဗ္ဗာန်စံပြီးတဲ့နောက်ပိုင်းကစပြီး နှစ်ပေါင်း ၂၀၀၀ နီးပါးလောက်အထိ မြတ်ဗုဒ္ဓသာသနာဟာ အနောက်ဘက်ဆို ဘင်္ဂလားဒေ့ရှ်၊ အိန္ဒိယ၊ ပါကစ္စတန်၊ အာဖဂန်နစ္စတန်၊ အီရန်ကနေ အရှေ့အလယ်ပိုင်းဒေသတွေကို မြတ်ဗုဒ္ဓသာသနာ ပျံ့နှံ့ခဲ့ပါတယ်။ မြောက်ဘက်ဆိုရင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ မွန်ဂိုလီးယား၊ ရုရှားတောင်ဘက်ဖျားပြည်နယ်တွေအထိ ပျံ့နှံ့ခဲ့တာ ရှိပါတယ်။ အရှေ့မြောက်ဘက်မှာဆိုရင် ဂျပန်၊ ကိုရီးယား၊ ထိုင်ဝမ်၊ အဲဒီကနေ ဗီယက်နမ်၊ မလေးရှား၊ အင်ဒိုနီးရှားတွေအထိလည်း ပျံ့နှံ့ခဲ့ပါတယ်။ အထူးသဖြင့် အာရှတိုက်ကြီးတစ်ခုလုံး နီးပါး ပြန့်ပွားခဲ့တဲ့ ဘာသာဖြစ်ပါတယ်။

ဟိန္ဒူဘာသာလည်း အာရှတိုက်မှာ ပေါ်ထွန်းတယ်၊ ဗုဒ္ဓဘာသာ၊ ခရစ်ယာန်ဘာသာ၊ အစ္စလာမ် ဘာသာ အဲဒီကမ္ဘာ့ဘာသာကြီးအားလုံးတို့က အာရှတိုက်မှာပဲ စတင်ပေါ်ထွန်းခဲ့တာဖြစ်လို့ အာရှတိုက်ကြီးကို အဲဒီခေတ်ကာလက မြင့်မြတ်တဲ့တိုက်ကြီးလို့ တင်စားကြပါတယ်။ သို့သော်လည်း နောက်ပိုင်းမှာ တဖြည်းဖြည်းနဲ့ ဗုဒ္ဓသာသနာက ဆုတ်ယုတ်ကျဆင်းလာခဲ့ပါတယ်။ အထူးသဖြင့် ဗြိတိသျှကိုလိုနီလက်အောက် ရောက်သွားတဲ့ အချိန်မှာ ဗုဒ္ဓဘာသာနဲ့ပတ်သက်ပြီး အားပေးအား မြှောက်ထောက်ပံ့မှုတွေ လျော့နည်းသွားတဲ့အပြင် အနောက်ဘက်ကခေါ်လာတဲ့ အခြားဘာသာဝင်တွေ ဝင်လာတာလည်း ပါပါတယ်။ ဗြိတိသျှအစိုးရနဲ့အတူ ခရစ်ယာန်သာသနာလည်း ဝင်ရောက်လာခဲ့ပါတယ်။ အဲဒီကစပြီး မြန်မာနိုင်ငံမှာ ဗုဒ္ဓဘာသာဝင်၊ ခရစ်ယာန်ဘာသာဝင်၊ ဟိန္ဒူဘာသာဝင်၊ အစ္စလာမ် ဘာသာဝင်ဆိုပြီး ဘာသာမျိုးစုံဖြစ်လာခဲ့တယ်ဆိုရင် မမှားပါဘူး။

ဖြစ်ခဲ့ပြီ၊ ရှိခဲ့ပြီ၊ ဒါက အရှိတရားဖြစ်လာပါတယ်။ အခုဆို နှစ်ပေါင်း ရာချီကြာခဲ့ပါပြီ။ မျိုးဆက်သစ်တွေအနေနဲ့ သမိုင်းဆိုတာ အမွေဆက်ခံရမှာပါ။ အမွေမှာ ကောင်းမွေ၊ ဆိုးမွေဆိုပြီး ရှိပါတယ်။ ကောင်းမွေကိုတော့ လက်ခံတယ်။ ဆိုးမွေကို လက်မခံချင်ဘူးဆိုလည်း မရပါဘူး။ သဘာဝတရားက လက်မခံပါဘူး။ ဘာသာပေါင်းစုံဖြစ်လာတာကိုက ဆိုးမွေလို့ပြောရမှာပါ။ ကိုလိုနီဘဝရောက်ခဲ့တဲ့ အကျိုးဆက်တွေလို့ ပြောရမှာဖြစ်ပါတယ်။ အခုမှ ပြန်ပြီး ဘာသာတစ်ခုတည်းရှိမယ်။ လူမျိုးတစ်မျိုးတည်းရှိမယ်ဆိုတဲ့ သဘောမျိုး ပြန်သွားလို့လည်း မရနိုင်တော့ပါဘူး။ အဲဒီတော့ ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီးအတွင်းမှာ နေထိုင်ကြတဲ့

*အချပ်ပို(ခ)သို့*

# နိုင်ငံတော်အစိုးရ၏ ပြည်သူ့အတွက် ဒုတိယ(၁)နှစ်တာ

*အချပ်ပို(က)မှ*

နိုင်ငံသားတွေ၊ တိုင်းရင်းသားတွေ၊ ဧည့်နိုင်ငံသားတွေကြားမှာ ဘာသာရေးအရ၊ လူမှုရေးအရ သဟဇာတဖြစ်အောင် ပညာပေးစည်းရုံး တည်ဆောက်ဖို့လိုပါတယ်။

ဒီလိုတည်ဆောက်နိုင်မှသာ လူမှုပတ်ဝန်းကျင်မှာ တရားဥပဒေစိုးမိုးပြီး ဘာသာရေးကို အခြေခံတဲ့ ပဋိပက္ခတွေ၊ လူမှုရေးကိုအခြေခံတဲ့ ပဋိပက္ခတွေ ကင်းဝေးလာမယ့်အပြင် ဒီနိုင်ငံတော်ကြီး အေးချမ်းသာယာဖွံ့ဖြိုးတိုးတက်လာမှာ ဖြစ်ပါတယ်။ ဖွဲ့စည်းပုံအခြေခံ ဥပဒေပုဒ်မ ၃၄ အရရော၊ ပုဒ်မ ၃၆၁ ၊ ပုဒ်မ ၃၆၂၊ ပုဒ်မ ၃၆၃ တို့အရရော ဗုဒ္ဓသာသနာသည် နိုင်ငံသား ၈၀ ရာခိုင်နှုန်းကျော် ကိုးကွယ်တဲ့ ဂုဏ်ထူးဝိသေသလက္ခဏာ ဘာသာသာသနာဖြစ်ပါတယ်။ ဒါကို ကာကွယ်စောင့်ရှောက်ရမယ်။ အလားတူပဲ ကျန်တဲ့ တိုင်းရင်းသားတွေကိုးကွယ်တဲ့ ခရစ်ယာန်ဘာသာ၊ အစ္စလာမ်ဘာသာ၊ ဟိန္ဒူဘာသာတွေလည်း ရှိပါတယ်။ အဲဒါတွေကိုလည်း လိုအပ်တဲ့ စောင့်ရှောက်မှုပေးရမယ်လို့ အခြေခံဥပဒေအရ ပြဋ္ဌာန်းထားတဲ့အတွက် အကောင်အထည်ဖော်ဖို့က ဝန်ကြီးဌာနအားလုံး၊ နိုင်ငံသား အားလုံးမှာ တာဝန်ရှိတယ်လို့ ခံယူပါတယ်။

**မေး ။ ။ မတူကွဲပြားတဲ့ ဘာသာပေါင်းစုံချစ်ကြည်ပူးပေါင်းဆောင်ရွက်ရေး တည်ဆောက်နိုင်ဖို့အတွက် လုပ်ဆောင်ခဲ့တာတွေနဲ့ ပတ်သက်ပြီး ရှင်းပြပေးစေလိုပါ တယ်။**

ဖြေ ။ ။ ဘာသာရေးဘက်ကနေ မတူကွဲပြားတဲ့ ဘာသာပေါင်းစုံ ချစ်ကြည်ပူးပေါင်းဆောင်ရွက်ရေး တည်ဆောက်နိုင်ဖို့အတွက် ကျွန်တော်တို့ တာဝန်ထမ်းဆောင်တဲ့ အချိန်မှာ စတင်လုပ်တဲ့ လုပ်ငန်းဖြစ်ပါတယ်။ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် အပါအဝင် သမ္မတကြီးတို့ကလည်း ဒီမစ်ရှင်ကို ပေးပါတယ်။ ၂၀၁၆ ခုနှစ် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ဖွဲ့စည်းစဉ်ကတည်းက သာသနာရေးနဲ့ ပတ်သက်ရင် ဘာသာပေါင်းစုံချစ်ကြည်ရေး၊ အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ကို ပြန်လည်အသက်သွင်းပြီး တက်ကြွရှင်သန်လာအောင် လုပ်ခဲ့ပါတယ်။

ဒီအဖွဲ့ကို ဖွဲ့ခဲ့တာ ၂၀၀၈-၂၀၀၉ ခုနှစ်ကတည်းကပါ။ အတိုင်းအတာအလျောက် အသက်ဝင်သော်လည်း တစ်နိုင်ငံလုံးပမာဏနဲ့ ဆိုရင်တော့ သက်ဝင်လှုပ်ရှားနိုင်မှု မရှိခဲ့ပါဘူး။ ဒါကြောင့် ဘာသာ ပေါင်းစုံချစ်ကြည်မှု ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ကို ရန်ကုန်မှာ ပြန်လည်ဖွဲ့စည်းပါတယ်။ ဗဟိုအဖွဲ့ခွဲ မန္တလေးကိုလည်း ပြင်ဆင်ဖွဲ့စည်းပါတယ်။ တိုင်းဒေသကြီးနဲ့ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဖွဲ့တွေလည်း ပြင်ဆင်ဖွဲ့စည်းခဲ့ပါတယ်။ အခုဆိုအဖွဲ့ပေါင်း ၁၀၀ ကျော်ပြီလို့ ပြောလို့ရပါတယ်။ ဒီအဖွဲ့တွေက ဘာသာရေးကို အခြေခံတဲ့၊ လူမျိုးရေးကိုအခြေခံတဲ့ ပဋိပက္ခတွေ မြန်မာ့လူ့ဘောင်အတွင်းမှာ မပေါ်ထွန်းစေဖို့ ဝိုင်းဝန်းညှိနှိုင်း ထိန်းကျောင်းဆောင်ရွက်သွားဖို့ဖြစ်ပါတယ်။

အစိုးရသက်တမ်း နှစ်နှစ်တာကာလအတွင်းမှာ ဘာသာရေးကို အခြေခံတဲ့၊ လူမျိုးရေးကို အခြေခံတဲ့ ပဋိပက္ခတွေမဖြစ်အောင် အစွမ်းကုန် ထိန်းသိမ်း ကာကွယ်နိုင်ခဲ့တယ်လို့ ပြောရမှာဖြစ်ပါတယ်။ ဒါက ဝန်ကြီးဌာနမှာပေးထားတဲ့ လုပ်ငန်းရည်မှန်းချက် ၁၃ ရပ်ထဲက အဓိကအချက်ဖြစ်ပါတယ်။ ဒီလိုဖွဲ့စည်းမှုကိုလည်း သံတမန်တွေကရော နိုင်ငံတကာအဖွဲ့အစည်းတွေကပါ စိတ်ဝင်စားကြပါတယ်။ ဒါနဲ့ပတ်သက်ပြီး အကြံပြုချက်အရ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနကနေ သက်ဆိုင်ရာ ဘာသာရေးအဖွဲ့ကြီးတွေနဲ့ ပူးပေါင်းပြီး ဘာသာပေါင်းစုံချစ်ကြည် ပူးပေါင်းဆောင်ရွက်နိုင်ရေးအတွက် အမုန်းစကား တားဆီးကာကွယ်ရေး ဥပဒေကြမ်း ပထမမူကြမ်းကို စတင်ရေးဆွဲခဲ့ပါတယ်။ နောက်ပြီး ပြည်ထောင်စုရှေ့နေချုပ်ရုံးရဲ့ သဘောထားအကြံပြုချက်တွေကို ရယူခဲ့ပါတယ်။

အပြန်အလှန် သုံးကြိမ်လောက်လုပ်ပြီးတဲ့ အခါမှာ လေးကြိမ်မြောက်မှာ နိုင်ငံတော်အတိုင်ပင်ခံရုံးကို တင်ပြခဲ့ပါတယ်။ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနအနေနဲ့ကတော့ အဓိက ဘာသာ၊ သာသနာနဲ့ပဲ သက်ဆိုင်တဲ့အခါကျတော့ ဘာသာ၊ သာသနာအပြင် လူမျိုးရေး၊ နိုင်ငံရေး၊ မူဝါဒရေးရာတို့နဲ့ ပတ်သက်ပြီး ပြောလာတဲ့ အမုန်းစကားတွေပါ အကျုံးဝင်ဖို့အတွက် နိုင်ငံတော် အတိုင်ပင်ခံရုံးကနေ ကမ္ဘာ့ဒီမိုကရေစီနိုင်ငံတွေနဲ့ ဒီဥပဒေပြဋ္ဌာန်း ကျင့်သုံးခဲ့တဲ့ နိုင်ငံတွေမှာ အကြံဉာဏ်တောင်းပါတယ်။ အကြံပြုချက်တွေ ရယူပြီးမှ ပဉ္စမမူကြမ်းရေးပြီးတဲ့အဆင့်ရောက်ပါပြီ။

သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာနကတော့ ဘာသာ၊ သာသနာနဲ့ပဲ သက်ဆိုင်နေတယ်။ လူမျိုးရေး၊ နိုင်ငံရေး၊ ပါတီရေးရာတို့ကတော့ ကျန်တဲ့ဝန်ကြီးဌာနတွေနဲ့ပဲ သက်ဆိုင်ပါတယ်။ ဒီဥပဒေကို လက်တွေ့ အကောင်အထည်ဖော်ဖို့ အကြံပြုချက်တောင်းခံတဲ့အခါ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနကို တာဝန်ပေးတာဖြစ်ပြီး ပြည်ထောင်စုလွှတ်တော်ကို တင်ပြအတည်ပြုပြဋ္ဌာန်းနိုင်မယ့် အခြေအနေရှိပါတယ်။ ဒီဆောင်ရွက်ချက်ကို စတင်ဆောင်ရွက်တာလည်း သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနဖြစ်ပါတယ်။ ပေးထားတဲ့ မစ်ရှင်တွေထဲက အဓိကအချက်ကို အကောင်အထည်ဖော်နိုင်ခြင်း ဖြစ်ပါတယ်။

နိုင်ငံအတွင်းမှာ လူဦးရေ ၈၀ ရာခိုင်နှုန်းကျော်က ထေရဝါဒဗုဒ္ဓဘာသာ ကိုးကွယ်ပါတယ်။ လူအများစုကိုးကွယ်တဲ့ ဝိသေသလက္ခဏာ ဂုဏ်ထူးနဲ့ ပြည့်စုံတဲ့ မြတ်ဗုဒ္ဓသာသနာကြီး ဘုရားရှင် ဗျာဒိတ်တော်ချမှတ်ခဲ့တဲ့ နှစ်ပေါင်း ၅၀၀၀ မကအောင် အရှည်တည်တံ့ဖို့အတွက် ကျွန်တော်တို့ ဝန်ကြီးဌာနမှာ အများကြီး တာဝန်ရှိပါတယ်။ မြန်မာပြည်သူအားလုံးမှာလည်း တာဝန်ရှိတယ်လို့ ခံယူပါတယ်။ သာသနာတော်ကြီးက သန့်သန့်ရှင်းရှင်းနဲ့ တည်တံ့တာ အကောင်းဆုံးပါ။ မသန့်မရှင်းနဲ့ အုတ်ရောရောရော ကျောက်ရောရော တည်တံ့မယ်ဆိုရင် သာသနာတော်ရဲ့ဂုဏ်သတင်း ညှိုးနွမ်းသွားနိုင်ပါတယ်။ ပြီးခဲ့တဲ့ နှစ်နှစ်တာကာလအတွင်းမှာ မြတ်ဗုဒ္ဓရဲ့ သာသနာတော်မြတ်ကြီး သန့်ရှင်းရေးနဲ့ ပတ်သက်ပြီး စိန်ခေါ်မှုမျိုးစုံ ကြုံတွေ့ခဲ့ရပါတယ်။ ဒီစိန်ခေါ်မှုတွေကိုလည်း စီမံခန့်ခွဲမှုနဲ့ မေတ္တာတရားနဲ့ ဝန်ကြီးဌာနက နိုင်ငံတော် အကြီးအကဲများ၊ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့တို့ရဲ့ ဩဝါဒကို ခံယူပြီး အောင်မြင်စွာဖြတ်ကျော်နိုင်ခဲ့ပါတယ်။

ဒီကာလအတွင်းမှာ ရခိုင်ပြည်နယ် မောင်တောဒေသက ပြဿနာ ပေါ်ပေါက်လာပါတယ်။ ကုလသမဂ္ဂမှာ ဖိအားတွေပေးတဲ့အခါ မြန်မာနိုင်ငံကို ဒီပြဿနာနဲ့ပတ်သက်ပြီး ပြစ်တင်ရှုတ်ချမှုတွေ၊ ဖိအားပေးမှုတွေ ကြုံတွေ့ဘာ အားလုံးသိကြမှာပါ။ အခုထိလည်း ဖိအားပေးဆဲဖြစ်ပါတယ်။ ကုလသမဂ္ဂလုံခြုံရေးကောင်စီမှာရော အထွေထွေညီလာခံမှာပါ မဲခွဲဆုံးဖြတ်လိုက်တဲ့အခါ အများစု မဲရသွားလို့ နိုင်ငံရေးအရ မြန်မာနိုင်ငံက အောင်မြင်မှုမရဘူးလို့ ပြောနိုင်ပါတယ်။ ကာလကြာမြင့်စွာကတည်းကချမှတ်ထားတဲ့ မဟာဗျူဟာလို့ ကမ္ဘာ့သတင်းမီဒီယာတွေက သုံးသပ်ကြပါတယ်။ မြန်မာနိုင်ငံအပေါ် အဆက်မပြတ် ဖိအားပေးဖို့ အရေးယူဖို့ ဒီနေ့ထိ တောင်းဆိုနေဆဲဖြစ်ပါတယ်။ ဒါဟာ ဘာသာ၊ သာသနာအတွက်ရော မြန်မာတစ်မျိုးသားလုံးအတွက်ပါ အင်မတန်မှကြီးမားတဲ့ စိန်ခေါ်မှုကြီးဖြစ်ပါတယ်။

**မေး ။ ။ ဘာသာ၊ သာသနာကို ဝိုင်းဝန်းကာကွယ်ကြဖို့ဆိုရင် အဓိက ရည်မှန်းချက်က ဘာဖြစ်မလဲခင်ဗျ။ လက်ရှိရော ဘာတွေဆောင်ရွက်နေလဲ သိပါရစေ။**

ဖြေ ။ ။ အနောက်ဘက် နယ်စပ်ပြဿနာပေါ်လာတဲ့အခါ တစ်ကမ္ဘာလုံးက ကုလသမဂ္ဂမှာ မြန်မာနိုင်ငံအပေါ် ပြစ်တင်ရှုတ်ချနေတဲ့အချိန် မြန်မာနိုင်ငံဘက်က တရုတ်ပြည်သူ့သမ္မတနိုင်ငံနဲ့ ရုရှားနိုင်ငံတို့က ဗီတိုအာဏာနဲ့ ကာကွယ်ပေးခဲ့တာမှန်ပါတယ်။ အိန္ဒိယနိုင်ငံနဲ့ အာဆီယံနိုင်ငံအချို့ကပါ ထောက်ပံ့ပေးတာလည်း မှန်ပါတယ်။ သို့သော် တစ်ဖက်က စဉ်ဆက်မပြတ်မဟာဗျူဟာ တစ်ရပ်ချမှတ်ပြီးတော့ ဖိအားပေးနေမှာ ဖြစ်ပါတယ်။ ဒါဟာ ရေတိုကာလနဲ့ ပြီးသွားမယ့်ကိစ္စမဟုတ်ပါဘူး။ နှစ်ကာလပေါင်းများစွာ ကြာသွားနိုင်ပါတယ်။ R2P အဆင့်လောက်အထိ ရောက်အောင် ဆွဲခေါ်သွားမယ့်သဘောရှိပါတယ်။

တစ်သက်လုံး ဒီနိုင်ငံတွေက ကာကွယ်ပေးနိုင်မှာလားဆိုတာ စဉ်းစားရပါတယ်။ ကိုယ်ကျိုးစီးပွားနဲ့ အခြေခံလာတဲ့အခါ ကိုယ်ကျိုးစီးပွားက အဓိကဖြစ်ပါတယ်။ အဲဒီအခါမှာ မြန်မာနိုင်ငံက တစ်နိုင်ငံတည်းနဲ့ ရပ်တည်ခုခံနေရမယ်။ ဟိုဘက်က နိုင်ငံပေါင်း ၅၇ နိုင်ငံမက အီးယူနဲ့ ပေါင်းလိုက်ရင် နိုင်ငံပေါင်း ၁၀၀ လောက် ပါနေပါတယ်။ မဟာယာနဗုဒ္ဓဘာသာနိုင်ငံတွေရှိတယ်၊ ထေရဝါဒဗုဒ္ဓဘာသာနိုင်ငံတွေရှိတယ်။ အဲဒီနိုင်ငံတွေ ပေါင်းလိုက်ရင် နိုင်ငံပေါင်း ၁၁ နိုင်ငံရှိပါတယ်။ ဒီမှာလည်း လူဦးရေ အများကြီးရှိပါတယ်။

တခြားဘာသာတွေလိုပဲ ကိုယ့်ဗုဒ္ဓဘာသာလည်း ဘေးအန္တရာယ်တစ်ရပ်နဲ့ ကြုံတွေ့လာရင် ဝိုင်းဝန်းကူညီစောင့်ရှောက်တဲ့ သံတမန်ရေးအရ၊ စိတ်ဓာတ်ရေးအရ၊ ဘာသာရေးအရ ဝိုင်းဝန်းထောက်ပံ့တဲ့ပုံစံမျိုး လိုလာပြီ။ ဒီလိုမတည်ဆောက်နိုင်ဘူးဆိုရင် ဗုဒ္ဓသာသနာဟာ နှစ်ပေါင်း ၅၀၀၀ မပြောနဲ့ နှစ်ပေါင်း ၅၀၀ တောင်မခံဘဲ ကွယ်ပျောက်သွားနိုင်တယ်လို့ သုံးသပ်ကြပါတယ်။ အဲဒီအခါမှာ တရုတ်ပြည်သူ့သမ္မတနိုင်ငံကနေ မြန်မာ-တရုတ် ပူးပေါင်း ဗုဒ္ဓဘာသာအဖွဲ့ချုပ်ကို တည်ထောင်လိုပါတယ်လို့ စတင်ဆွေးနွေးပါတယ်။ ဒါနဲ့ပတ်သက်ပြီး တရားဝင်ဖို့ တောင်းပန်လျှောက်ထားခဲ့ပါတယ်။

တစ်ဖက်ကလည်း သီတဂူဆရာတော်ကြီးတို့နဲ့ ကျန်တဲ့ ဆရာတော်ကြီးတွေ ဦးဆောင်ပြီး ထေရဝါဒ ငါးနိုင်ငံအပြင် နီပေါ၊ အိန္ဒိယ၊ ဗီယက်နမ်တို့ပါတဲ့ ဗုဒ္ဓဘာသာ ကွန်ဖရင့်တွေကို ပြီးခဲ့တဲ့ ၂၀၁၆၊ ၂၀၁၇ နှစ်နှစ်တာ ကာလအတွင်းမှာ အနည်းဆုံး သုံးကြိမ်မက ကျင်းပနိုင်ခဲ့ပါတယ်။ အဲဒါကလည်း မြတ်ဗုဒ္ဓသာသနာကို ဝိုင်းဝန်းကာကွယ်ကြဖို့ဆိုတဲ့ ရည်မှန်းချက်က အဓိကဖြစ်ပါတယ်။ မြန်မာ-တရုတ်ဗုဒ္ဓဘာသာ ပူးပေါင်းအဖွဲ့ချုပ်ကနေပြီး သီတဂူဆရာတော်ကြီးတို့လုပ်နေတဲ့ ဆောင်ရွက်ချက်ရလဒ်တွေနဲ့ ချိတ်ဆက်ပြီးတော့

*အချပ်ပို(ဂ)သို့*



၂၀-၁-၂၀၁၈ ရက်က နေပြည်တော်၌ သံဃာတော်အပါး ၁၀၀၀၀ တို့အား မဟာသံဃာ့ဒါန ဆွမ်းဆန်စိမ်းလောင်းလှူပွဲမင်္ဂလာ ကျင်းပစဉ်။ သတင်းစဉ်



ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကိုနှင့် မြန်မာနိုင်ငံဆိုင်ရာ စင်ကာပူသံအမတ်ကြီးတို့ ၂၄-၁-၂၀၁၈ ရက်က တွေ့ဆုံဆွေးနွေးစဉ်။



ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကို မြန်မာနိုင်ငံ ဧဝံဂေလိခရစ်ယာန်မဟာမိတ်အဖွဲ့ချုပ်အား အလှူငွေကျပ် သိန်း ၅၀ လှူဒါန်းစဉ်။

# နိုင်ငံတော်အစိုးရ၏ ပြည်သူ့အတွက် ဒုတိယ(၁)နှစ်တာ



*အချပ်ပို(ခ)မှ*

အာရှဗုဒ္ဓဘာသာအဖွဲ့ချုပ်တစ်ခု ပေါ်ထွန်းဖို့အတွက် မျှော်မှန်းနေကြပါတယ်။ ဒီအစိုးရသက်တမ်းအတွင်းမှာ အခြေခံအုတ်မြစ်လောက်တော့ စတင်ချမှတ်နိုင်မယ်လို့ မျှော်လင့်ထားပါတယ်။

ဒါဟာ ဗုဒ္ဓသာသနာနဲ့ပတ်သက်လို့ နံပါတ်တစ်ပါ။ တခြားဘာသာဝင်တွေကိုလည်း အတင်းအကျပ် စည်းရုံးမှာ မဟုတ်ပါဘူး။ ကာလာမသုတ်မှာ ဘုရားရှင်ဟောခဲ့သလို လေ့လာကြည့်ပါ။ ကျင့်ကြံ ကြည့်ပါ၊ အားထုတ်ကြည့်ပါ၊ ယုံကြည်မှ ကိုးကွယ်ပါဆိုတဲ့မူ အတိုင်းပဲဖြစ်ပါတယ်။ သို့သော်ရှိပြီးသား ဗုဒ္ဓသာသနာကို ကွယ်ပျောက်မခံနိုင်ပါဘူး။ နိုင်ငံတော်အစိုးရအနေနဲ့ရော ဝန်ကြီးဌာနအနေနဲ့ပါ ဆက်လက်ကြိုးပမ်းမှာဖြစ်ပါတယ်။

**မေး ။ ။ ယဉ်ကျေးမှုအပိုင်းနဲ့ ပတ်သက်ပြီးလည်း ပြောကြားပေးစေလိုပါတယ် ခင်ဗျာ။**

ဖြေ ။ ။ မြန်မာနိုင်ငံသား တိုင်းရင်းသားအများစုရဲ့ ယဉ်ကျေးမှု အမွေအနှစ်တွေကလည်း ဗုဒ္ဓသာသနာက ဆင်းသက်လာတာဖြစ်တယ်။ ဗုဒ္ဓသာသနာကို အခြေခံထားတဲ့ တစ်နိုင်ငံလုံးအနှံ့ အင်မတန်မှ ခန့်ညားထည်ဝါလှပါတယ်။ ဗုဒ္ဓသာသနိက အဆောက်အအုံတွေ၊ ရှေးဟောင်းဗုဒ္ဓယဉ်ကျေးမှုအမွေအနှစ်တွေ၊ ရုပ်ပွားဆင်းတုတော်တွေ စသဖြင့် ရှိနေပါတယ်။ ဒီယဉ်ကျေးမှုတွေကို ကမ္ဘာကလည်း အင်မတန် အလေးထားပါတယ်။ ဒီယဉ်ကျေးမှုအမွေအနှစ်တွေကို ကြည့်ရင် နှစ်ပိုင်းတွေ့ရပါတယ်။ စေတီပုထိုးတွေ၊ သာသနိကအဆောက်အအုံတွေ၊ ရုပ်ပွားဆင်းတုတော်တွေ၊ ဗုဒ္ဓအမွေအနှစ်တွေကို ထိတွေ့လို့ရတဲ့ ဒြပ်ရှိယဉ်ကျေးမှု ဖြစ်ပါတယ်။ နောက်ပြီး ထိတွေ့လို့မရတဲ့ ဒြပ်မဲ့ယဉ်ကျေးမှုတွေလည်း ရှိပါတယ်။



၂၁-၁-၂၀၁၈ ရက်က ကျင်းပသည့် မြန်မာ-ထိုင်း နှစ်နိုင်ငံချစ်ကြည်ရေး သံဃာအပါးနှစ်သောင်းဆွမ်းဆန်စိမ်းလောင်းလှူပွဲအခမ်းအနားကို ဆရာတော်များနှင့် ပရိသတ်များက နမောတဿသုံးကြိမ်ရွတ်ဆိုဖွင့်လှစ်စဉ်။

သတင်းစဉ်

ဗုဒ္ဓဟောကြားခဲ့တဲ့ တရားဒေသနာတော်များ၊ ဗုဒ္ဓပူဇနိယပွဲတော်များ၊ ဗုဒ္ဓသာသနာက ဆင်းသက်လာတဲ့ အခြားယဉ်ကျေးမှုပွဲတော်များ၊ ကိုးကွယ်ရာများ အဲဒါတွေဟာ ဒြပ်မဲ့ယဉ်ကျေးမှုတွေ ဖြစ်ပါတယ်။ မြန်မာနိုင်ငံဟာ ဒြပ်ရှိရော၊ ဒြပ်မဲ့ရော ယဉ်ကျေးမှုနှစ်ရပ်လုံးနဲ့ လွှမ်းစွာပြည့်စုံတဲ့ နိုင်ငံဖြစ်ပါတယ်။ ဒါကိုလည်း ကမ္ဘာက တန်ဖိုးထားပါတယ်။ ဒီအစိုးရသက်တမ်းကာလအတွင်း မစ်ရှင်ထဲမှာပါတဲ့ ပုဂံဒေသမှာရှိတဲ့ ရှေးဟောင်းယဉ်ကျေးမှု အမွေအနှစ်ပစ္စည်းတွေ(World Heritage List) ကမ္ဘာ့ယဉ်ကျေးမှု အမွေအနှစ်စာရင်းဝင်ဖြစ်ဖို့အတွက် ၂၀၁၈ ခုနှစ် ဇန်နဝါရီလမှာ ယူနက်စကိုလို့ခေါ်တဲ့ ကမ္ဘာ့အဖွဲ့အစည်းကြီးကို အဆိုပြုလွှာ တင်နိုင်ခဲ့ပါပြီ။ ရခိုင်ဒေသနဲ့ပတ်သက်လို့ မစ္စတာ ကိုဖီအာနန် ဦးဆောင်တဲ့ အကြံပေးကော်မရှင်ရဲ့အကြံပြုချက်ထဲမှာလည်း မြောက်ဦးဒေသမှာရှိတဲ့ ယဉ်ကျေးမှုအမွေအနှစ်တွေကို ကမ္ဘာ့အမွေအနှစ် စာရင်းဝင်အောင် လုပ်ပေးခြင်းအားဖြင့် ပုဂံဒေသ၊ မြောက်ဦးဒေသနဲ့ ကျန်တဲ့ဒေသတွေပါ ကမ္ဘာ့အမွေအနှစ်စာရင်းဝင်ဖြစ်သွားရင် ယူနက်စကိုလို့ခေါ်တဲ့ ကုလသမဂ္ဂပညာရေး၊ သိပ္ပံနှင့်ယဉ်ကျေးမှု အဖွဲ့ကြီးရဲ့အမြင့်ဆုံးသော နည်းပညာအကူအညီရပါမယ်။ ငွေကြေးအကူအညီရပါမယ်။

ယူနက်စကိုရဲ့အခြားသော အလှူရှင်နိုင်ငံတွေရဲ့ နည်းပညာနဲ့ ငွေကြေးပံ့ပိုးမှုတွေရမယ်ဆိုရင် ဒီသာသနိက အဆောက်အအုံအမွေအနှစ်တွေဟာ နောင်နှစ်ပေါင်းထောင်ချီတဲ့အထိ တည်တံ့ခိုင်မြဲအောင် ထိန်းသိမ်းနိုင်မှာဖြစ်ပါတယ်။ ဒါကြောင့် မြောက်ဦးဒေသကိုလည်း ကမ္ဘာ့ယဉ်ကျေးမှု အမွေအနှစ်စာရင်းဝင်ဖြစ်ဖို့အတွက် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ရှေးဟောင်းသုတေသနနဲ့ အမျိုးသားပြတိုက်ဦးစီးဌာနက ကြိုးပမ်းဆောင်ရွက်နေပါတယ်။ မြန်မာနိုင်ငံမှာရှိတဲ့ ယူနက်စကိုအဖွဲ့အစည်း၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီးနဲ့အဖွဲ့၊ အီတလီသံအမတ်ကြီးနဲ့ အဖွဲ့အပါအဝင် ကမ္ဘာ့ပညာရှင်တွေနဲ့ ပူးပေါင်းပြီး ဆောင်ရွက်နေပါတယ်။ ရခိုင်ပြည်နယ် မြောက်ဦးဒေသမှာ ပြဿနာတချို့ရှိခဲ့သော်လည်း ကမ္ဘာ့အမွေအနှစ်စာရင်းဝင်ဖို့ အမျိုးသားရေး တာဝန်တစ်ရပ်အဖြစ် ရည်မှန်းချက်ထား ဆက်လက်အကောင်အထည်ဖော်နေပါတယ်။ ၂၀၁၉ ခုနှစ်ထဲမှာ အဆိုပြုလွှာ တင်သွင်းနိုင်ဖို့အတွက် ကြိုးပမ်းနေတယ်လို့ ပြောကြားလိုပါတယ်။

၂၀၁၄ ခုနှစ်က ကမ္ဘာ့ယဉ်ကျေးမှုအမွေအနှစ်စာရင်းဝင်ဖြစ်ခဲ့တဲ့ ပျူမြို့သုံးမြို့ရှိပါတယ်။ သရေခေတ္တရာ၊ ဗိဿနိုး၊ ဟန်လင်းရှိပါတယ်။ သို့သော်လည်း တည်နေရာပေါ်မူတည်ပြီးတော့ ကမ္ဘာ့ယဉ်ကျေးမှု အမွေအနှစ်စာရင်းဝင် ဖြစ်ခဲ့သော်လည်း အဲဒီဒေသရဲ့ စီးပွားဖွံ့ဖြိုးတိုးတက်မှု၊ ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်မှုတွေဟာ မျှော်မှန်းသလောက် တိုးတက်မလာတာ တွေ့ရပါတယ်။ သူတို့ရဲ့ တည်နေရာကြောင့်ဖြစ်ပါတယ်။ ဒီသုံးမြို့ကိုလည်း ယူနက်စကိုသို့ ဆက်လက်တင်ပြရမယ့် ကိန်းဂဏန်းအချက်အလက်တွေ ကျန်ပါသေးတယ်။ ဒါကိုလည်း သက်ဆိုင်ရာ ရှေးဟောင်းသုတေသနက လုပ်နေပါတယ်။ ဝန်ကြီးဌာနအနေနဲ့ အဲဒီဒေသသုံးခုမှာ ကမ္ဘာလှည့်ခရီးသွားလုပ်ငန်း (Eco-Tourism)အပါအဝင် စီးပွားရေးဖွံ့ဖြိုးတိုးတက်ဖို့ ဆက်လက်ကြိုးပမ်းလျက်ရှိပါတယ်။ ဒါကယဉ်ကျေးမှုအပိုင်း ဖြစ်ပါတယ်။

ယဉ်ကျေးမှုအပိုင်းမှာ နောက်တစ်ခုက မြန်မာ့အကအလှရှိပါတယ်။ နိုင်ငံတကာ ဧည့်သည်လာတဲ့အခါတိုင်း ဖျော်ဖြေတင်ဆက်ပေးပါတယ်။ အဲဒီလိုတင်ဆက်နိုင်ဖို့ အမျိုးသားယဉ်ကျေးမှုတက္ကသိုလ် (ရန်ကုန်)၊ အမျိုးသားယဉ်ကျေးမှုတက္ကသိုလ် (မန္တလေး)၊ အနုပညာအထက်တန်းကျောင်း (ရန်ကုန်၊ မန္တလေး)ဆိုပြီး ကျောင်းလေးကျောင်း ဖွဲ့စည်းထားတာရှိပါတယ်။

အဲဒီကျောင်းဆင်းလူငယ်တွေကိုပဲ အနုပညာဈေးကွက်တစ်ခုရအောင် ဖန်တီးပေးထားပါတယ်။ ဌာနမှာလည်း ဝန်ထမ်းတွေပြန်ခန့်ပါတယ်။ နောင်မျိုးဆက်သစ်တွေကိုလည်း အနုပညာဖြန့်ဝေတာရှိပါတယ်။ ၂၀၁၇ ခုနှစ်မှာကျင်းပခဲ့တဲ့ အာဆီယံပါလီမန်များ ညီလာခံ၊ ပြီးခဲ့တဲ့ သုံးလလောက်က ကျင်းပပြီးခဲ့တဲ့ အေဆမ်မှာဆိုရင် နိုင်ငံပေါင်း ၅၀ တက်ရောက်ပါတယ်။ အဲဒီမှာ မြန်မာ့ယဉ်ကျေးမှု အကအလှနဲ့ ဖျော်ဖြေတဲ့အခါ ဥရောပနိုင်ငံတွေကရော နိုင်ငံအားလုံးက တစ်ခဲနက် ချီးကျူးအသိအမှတ်ပြုခဲ့ပါတယ်။ ဒါကြောင့် မြန်မာနိုင်ငံနဲ့ ယဉ်ကျေးမှုအကအလှ ပူးပေါင်းဆောင်ရွက်ရေး ဆောင်ရွက်လိုပါတယ်လို့ ကမ်းလှမ်းတဲ့ နိုင်ငံပေါင်းများစွာရှိနေပါပြီ။ တစ်ဖက်ကလည်း ကျန်တဲ့ ဆောင်ပုဒ်တွေ၊ ရည်မှန်းချက်တွေ၊ အတိတ်ကာလမှာ မအောင်မြင်ခဲ့တာတွေ ရှိပါတယ်။

သို့သော်လည်း မြန်မာ့ယဉ်ကျေးမှု အကအလှကမ္ဘာသို့ ပျံ့နှံ့စေရမယ်ဆိုတဲ့ ဆောင်ပုဒ်များပေးခဲ့ရင်တော့ အောင်မြင်မယ့် အလားအလာရှိပါ တယ်။ အခြားအိမ်နီးနားချင်း နိုင်ငံတချို့ကလည်း ယဉ်ကျေးမှုတက္ကသိုလ်တွေမှာ အက၊ မြန်မာဆိုင်းဝိုင်းကြီးအတီးတို့ လာသင်နေတာ ရှိပါတယ်။ စောင်းဆိုလည်း လာသင်တာရှိပါတယ်။ ယဉ်ကျေးမှုအပိုင်းမှာ နိုင်ငံတကာက လက်ခံလာအောင် ဆက်ပြီးကြိုးစားသွားဖို့ ရှိပါတယ်လို့ ပြောချင်ပါတယ်။

တစ်ဖက်ကလည်း ယဉ်ကျေးမှု၊ တစ်ဖက်ကလည်း သာသနာရေး၊ ဒီနှစ်ခုက ဒွန်တွဲနေပါတယ်။ ဒါကိုဟန်ချက်ညီအောင် ဆက်လက်ကြိုးပမ်းသွားမှာဖြစ်ပါတယ်။ ဒီကာလအတွင်းမှာလည်း ၂၀၁၈ ခုနှစ် နှစ်ဆန်းပြီဆိုကတည်းက သံဃာတော်အပါး ၁၈၀၀၀ ရွှေတိဂုံစေတီတော်မှာ ဗုဒ္ဓါဘိသေက ဆွမ်းဆန်စိမ်းလောင်းလှူပါတယ်။ မန္တလေးမှာလည်းသံဃာအပါး ၂၀၀၀၀ ကို ဆွမ်းဆန်စိမ်းလောင်းလှူပွဲ ကျင်းပခဲ့ပါတယ်။ နောက် ပဲခူးမှာလည်း သံဃာအပါး ၉၀၀၀ ကို ဆွမ်းဆန်စိမ်းလောင်းလှူပွဲ ကျင်းပခဲ့ပါတယ်။ မကြာခင်မှာလည်း မော်လမြိုင်မှာ သံဃာအပါး ၉၀၀၀ ကို ဆွမ်းဆန်စိမ်းလောင်းလှူပွဲ ကျင်းပဖို့ရှိပါတယ်။ ဒီလိုအခမ်းအနားတွေက နိုင်ငံတော်ဘဏ္ဍာငွေ မဟုတ်ပါဘူး။ ပြည်သူတွေရဲ့ သဒ္ဓါတရားနဲ့ လှူဒါန်းငွေ ဖြစ်ပါတယ်။ အကြီးဆုံးစိန်ခေါ်မှုက ၂၀၁၆ ခုနှစ် ဩဂုတ် ၂၄ ရက်က ပုဂံဒေသမှာ အင်အားပြင်း ငလျင်လှုပ်ခဲ့ပါတယ်။ အဲဒီမှာ စေတီပုထိုး သာသနိကအဆောက်အအုံ ၃၈၉ ဆူ ပျက်စီးခဲ့ပါတယ်။

ဒီစေတီပုထိုးတွေ၊ သာသနိကအဆောက်အအုံတွေကို ပြန်လည်ပြုပြင်မွမ်းမံဖို့ ကော်မတီတွေကို နိုင်ငံတော်အကြီးအကဲတွေက ဖွဲ့စည်းပေးပါတယ်။ အဲဒီကော်မတီတွေနဲ့ နောက်ထပ်နှစ်ပေါင်းရာထောင် တည်တံ့ခိုင်မြဲအောင် ရှေးမူမပျက် မွမ်းမံတည်ဆောက်ဖို့ အမျိုးသားရေး တာဝန်တစ်ရပ်

*အချပ်ပို(ဃ)သို့*



ပြည်ထောင်စုဝန်ကြီးသူရဦးအောင်ကို သနန္တနဓမ္မပါလကဟိန္ဒူအဖွဲ့ချုပ်အား အလှူငွေကျပ်သိန်း ၅၀ လှူဒါန်းစဉ်။



ပြည်ထောင်စုဝန်ကြီးသူရဦးအောင်ကို အစ္စလာမ်ဘိုးဘွားရိပ်သာအတွက် အလှူငွေကျပ် သိန်း ၅၀ လှူဒါန်းစဉ်။

*အချပ်ပို (ဂ)မှ*

အနေနဲ့ တာဝန်ပေးခဲ့တာရှိပါတယ်။ ဒီအခါမှာ ပြည်တွင်း ပြည်ပ အလှူရှင်တွေရဲ့ အလှူငွေကို လက်ခံခဲ့ပါတယ်။ အလှူငွေက ခြောက်လ၊ တစ်နှစ်အတွင်းမှာပဲ ပြည့်စုံလုံလောက်တဲ့ ပမာဏရခဲ့လို့ အလှူဆက်ခံခြင်း မပြုတော့ပါဘူး။ ကော်မတီဖွဲ့ပြီး ထိန်းသိမ်းထားပါတယ်။ အဲဒီငွေတွေနဲ့ ၂၀၂၀ ပြည့်နှစ်မှာ စေတီပုထိုးသာသနိက အဆောက်အအုံတွေရဲ့ ၉၅ ရာခိုင်နှုန်း ပြုပြင်ပြီးမှာဖြစ်ပါတယ်။

ဒါ့အပြင် အင်မတန်ခက်ခဲတဲ့ဟာတွေ ရှိပါသေးတယ်။ ဥပမာ - သဗ္ဗညုပုထိုးတော်ကြီးဆိုရင် ဉာဏ်တော်ကလည်းမြင့်ပါတယ်။ ထုထည်ကလည်းကြီးမားပါတယ်။ ငလျင်လှုပ်ပြီးတဲ့အချိန်ကနေ အခုထိ ပြိုကျခြင်း၊ ပဲ့ကျခြင်း တစ်စုံတစ်ရာမရှိသော်လည်း ပုထိုးတော်ကြီးက အတွင်းဒဏ်ရာတွေများစွာ ရသွားပါတယ်။ ခေတ်မီစက်ကိရိယာတွေနဲ့ ပြုပြင်လိုက်တဲ့အခါ ပဲ့တင်သံတွေလည်း မထွက်တော့ပါဘူး။ အတွင်းဒဏ်ရာရသွားတာဖြစ်ပါတယ်။ အဲဒါကိုတော့ မြန်မာဗိသုကာအင်ဂျင်နီယာတွေနဲ့ စွမ်းဆောင်ဖို့မဖြစ်နိုင်တာကြောင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံကနေ ဗိသုကာပညာရှင်တွေနဲ့ ပူးပေါင်းပြီး ပုထိုးတော်ကြီးကို မူလအတိုင်းပြန်ဖြစ်ဖို့ လုပ်ငန်းစတင်နေပါပြီ။ ဒီလုပ်ငန်းက အနည်းဆုံး ငါးနှစ်မက ကြာနိုင်ပါတယ်။

အဲဒီလိုခက်ခဲတဲ့ သာသနိကအဆောက်အအုံတွေကတော့ ၂၀၂၀ ပြည့်နှစ်ကျော်မှ ပြီးနိုင်တဲ့သဘောရှိသော်လည်း လိုအပ်တဲ့ ငွေကြေး၊ အထောက်အကူပစ္စည်း၊ အားလုံးပြည့်စုံအောင် စီမံဆောင်ရွက်ပြီးဖြစ်ကြောင်း ပြောကြား လိုပါတယ်။

ဒါ့အပြင် ကျွန်တော်တို့ဝန်ကြီးဌာနက e-Government ကို အကောင်အထည်ဖော်ခဲ့တာဟာ ၂၀၀၆ ခုနှစ်လောက်ကတည်းကပါ။ e-Government ကို အကောင်အထည်ဖော်နိုင်ခြင်းအားဖြင့် ဝန်ထမ်းအင်အားလည်း ထပ်တိုးချဲ့ခန့်ထားဖို့လည်း မလိုပါဘူး။ နိုင်ငံတော်ဘဏ္ဍာ ချွေတာနိုင်မှာဖြစ်ပါတယ်။ ပြည်သူတွေအတွက် ရုံးလုပ်ငန်းတွေ လာရောက်ဆောင်ရွက်တဲ့အခါမှာ အချိန်ကုန်သက်သာပါမယ်။ လာဘ်ပေးလာဘ်ယူမှုတွေကိုလည်း အတိုင်းအတာတစ်ခုအထိ တားဆီးကာကွယ်နိုင်မှာဖြစ်ပါတယ်။

ဝန်ကြီးဌာနအနေနဲ့ နှစ်နှစ်တာကာလအတွင်းမှာ သဘာဝဘေးအန္တရာယ်ကြောင့် ပျက်စီးခဲ့တဲ့ စေတီပုထိုး၊ သာသနိက အဆောက် အအုံ အမွေအနှစ်တွေကို ကောင်းစွာပြင်ဆင်နိုင်အောင် စီမံခန့်ခွဲနိုင်ခဲ့ပါတယ်။ နွေရာသီ ကျောင်းပိတ်ရက်တွေမှာ မျိုးဆက်သစ်လူငယ်တွေကို ယဉ်ကျေးလိမ္မာသင်တန်းတွေ တစ်နိုင်ငံလုံးအနှံ့ သင်ကြားပို့ချလျက်ရှိပါတယ်။ မြတ်ဗုဒ္ဓသာသနာကြီး နှစ်ပေါင်း ၅၀၀၀ မက တည်တံ့ဖို့ အခြေခံရေသောက်မြစ်ဟာ ပရိယတ္တိသာသနာဖြစ်ပါတယ်။

ပရိယတ္တိသာသနာရဲ့အခြေခံဖြစ်တဲ့ ပထမပြန်စာမေးပွဲနဲ့ ဓမ္မာစရိယစာမေးပွဲတွေ ကျင်းပနေပြီဖြစ်ပါတယ်။ တာဝန်ရှိတဲ့ ညွှန်ကြားရေးမှူးချုပ်တွေအားလုံးက ပြည်နယ်နဲ့ တိုင်းဒေသကြီးတွေကို ကွင်းဆင်းကြီးကြပ် ဆောင်ရွက်နေပါတယ်။ ဘာသာရေးကို အခြေခံတဲ့ လူမျိုးရေးမုန်းတီးမှုတွေ၊ ပဋိပက္ခတွေမဖြစ်ပွားအောင် တားဆီးကာကွယ်နိုင်ခဲ့ပါတယ်။ အနောက်ဘက်မျက်နှာစာမှာ ဖြစ်ပေါ်နေတဲ့ အနေအထားအရ စိန်ခေါ်မှုတွေနဲ့ ကြုံတွေ့လာရတဲ့အခါမှာ သာသနာတော်မြတ်ကြီးကို ကာကွယ်နိုင်ဖို့အတွက် အခြားထေရဝါဒနဲ့ မဟာယန ဗုဒ္ဓဘာသာနိုင်ငံက အဖွဲ့အစည်းတွေနဲ့ ချိတ်ဆက်ပြီး အနာဂတ်ဗုဒ္ဓဘာသာ အဖွဲ့ချုပ်တွေ ပေါ်ထွန်းလာဖို့အတွက်ကိုလည်း စီမံနိုင်ခဲ့ပါတယ်လို့ ပြောကြားလိုပါတယ်။

**မေး ။ ။ ဖြည့်စွက်ပြောကြားချင်တာရှိရင်လည်း ပြောကြားပေးပါဦး။**

ဖြေ ။ ။ သာသနာရေးနဲ့ပတ်သက်ရင် အာရှဗုဒ္ဓဘာသာအဖွဲ့ချုပ်တစ်ခု နေပြည်တော်မှာမဖြစ်မနေပေါ်ထွန်းစေချင်ပါတယ်။ အဆိုပြုလွှာရောက်လာတဲ့အခါမှာ မြန်မာနိုင်ငံက မြေပေးရမှာဖြစ်ပါတယ်။ ကျန်တဲ့ တရုတ်၊ ကိုရီးယား၊ ဂျပန်အပါအဝင် ထေရဝါဒဗုဒ္ဓဘာသာနိုင်ငံတွေကလည်း ခံ့ညားတဲ့ သာသနိက အဆောက်အအုံတွေ ပေါ်ထွန်းလာဖို့အတွက် ဝိုင်းဝန်းကူညီကြမယ်ဆိုလို့ နှုတ်နဲ့ ဆွေးနွေးထားတာရှိပါတယ်။ ဒါလည်းပေါ်ထွန်းစေချင်ပါတယ်။ မျိုးဆက်သစ်တွေကြားမှာ ဘာသာ၊ သာသနာယဉ်ကျေးမှုတွေ ဒီထက်မက ပိုမိုထွန်းကားလာဖို့အတွက် ဒီထက်ပိုကြိုးပမ်းရမယ်လို့ယူဆပါတယ်။

သာသနာတော်ကြီး တည်တံ့ခိုင်မြဲဖို့ဆိုတာ ထောက်တိုင်သုံးခုအပေါ်မှာ မူတည်နေပါတယ်။ အဲဒီထောက်တိုင်သုံးခုကတော့ နံပါတ်တစ်က မင်းအစိုးရဖြစ်ပါတယ်။ ဒုတိယထောက်တိုင်က သံဃာ့အဖွဲ့အစည်းအဆင့်ဖြစ်ပါတယ်။ တတိယထောက်တိုင်ကတော့ သာသနာတော်မြတ်ကြီးကို ပစ္စည်းလေးပါးနဲ့ ပစ္စယနုဂ္ဂဟပြုနေတဲ့ ဒါယကာ ဒါယိကာမတွေဖြစ်တဲ့ ပြည်သူတွေ ဖြစ်ပါတယ်။ ဒီထောက်တိုင်သုံးခု ဟန်ချက်ညီ ထောက်ခံထားနိုင်မှသာလျှင် ဗုဒ္ဓသာသနာကြီးဟာ မယိမ်းမယိုင် မတိမ်းမစောင်းဘဲ တည်တံ့ခိုင်မြဲနိုင်မှာဖြစ်ပါတယ်။



နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ မန္တလေးမြို့ ဇမ်းမော်ကျောင်းတိုက်ဆရာတော် ဒေါက်တာဘဒ္ဒန္တကုမာရာဘိဝံသနှင့် ပုပ်ရဟန်းမင်းကြီး ဖရန်စစ်တို့ ၂၉-၁၁-၂၀၁၇ ရက်က တွေ့ဆုံစဉ်။

**“သာသနာတော်ကြီး တည်တံ့ ခိုင်မြဲဖို့ဆိုတာ ထောက်တိုင်သုံးခု အပေါ်မှာ မူတည်နေပါတယ်။ အဲဒီထောက်တိုင်သုံးခုကတော့ နံပါတ်တစ်က မင်းအစိုးရဖြစ်ပါတယ်။ ဒုတိယထောက်တိုင်က သံဃာ့အဖွဲ့အစည်းအဆင့် ဖြစ်ပါတယ်။ တတိယ ထောက်တိုင်ကတော့ သာသနာတော်မြတ်ကြီးကို ပစ္စည်းလေးပါးနဲ့ ပစ္စယနုဂ္ဂဟပြုနေတဲ့ ဒါယကာ ဒါယိကာမတွေဖြစ်တဲ့ ပြည်သူတွေ ဖြစ်ပါတယ်။ ဒီထောက်တိုင်သုံးခု ဟန်ချက်ညီ ထောက်ခံထားနိုင်မှသာလျှင် ဗုဒ္ဓသာသနာကြီးဟာ မယိမ်းမယိုင် မတိမ်းမစောင်းဘဲ တည်တံ့ခိုင်မြဲ နိုင်မှာဖြစ်”**

ယဉ်ကျေးမှုအပိုင်းကတော့ ဝန်ကြီးဌာနကို ပြင်ဆင်ဖွဲ့စည်းလိုက်တဲ့အချိန်မှာ မြန်မာသမိုင်း အဖွဲ့ကို ပြင်ဆင်ဖွဲ့စည်းလိုက်ပါတယ်။ အငြိမ်းစား သမိုင်းပညာရှင်ဆရာကြီး၊ ဆရာမကြီးတွေနဲ့ ဖွဲ့စည်းပြီး အမှုဆောင်အဖွဲ့ကို ဒီမိုကရေစီနည်းကျ ပညာရှင်အချင်းချင်းမဲစနစ်နဲ့ ရွေးချယ်ဖွဲ့စည်းပေးခဲ့ပါတယ်။ အဲဒီမြန်မာသမိုင်းအဖွဲ့ကိုလည်း လိုအပ်တဲ့ချီးမြှင့်ငွေတွေ တိုးပေးခဲ့ပါတယ်။ နိုင်ငံတော်အကြီးအကဲတွေကလည်း ပံ့ပိုးပေးပါတယ်။ အခု မြန်မာသမိုင်းအဖွဲ့က အပိုင်းခွဲပြီး သမိုင်းကို အရှိအတိုင်း၊ အမှန်အတိုင်းပြုစုရေးသားနေပါတယ်။ ၁၉၄၈ လွတ်လပ်ရေးမတိုင်မီ ကာလကို ခေတ်တစ်ခေတ်သတ်မှတ်ပါတယ်။ ၁၉၄၈ ခုနှစ်ကနေ ၁၉၆၂ ခုနှစ်အထိကို သမိုင်းကာလခေတ်တစ်ခေတ်အဖြစ်သတ်မှတ်ပါတယ်။ ၁၉၆၂ ခုနှစ်ကနေ ၁၉၈၈ ခုနှစ်အထိကို အပိုင်း(၃)လို့ သတ်မှတ်ပါတယ်။ ၁၉၈၈ ခုနှစ်ကနေ ယနေ့ခေတ်အထိကို အပိုင်း(၄)အနေနဲ့ သတ်မှတ်ပြီး ရေးသားပြုစုတဲ့အခါမှာ သမိုင်းပညာရှင်ဆရာကြီး၊ ဆရာမကြီးတွေအနေနဲ့ တက်ကြွစွာ တာဝန်ထမ်းဆောင်လျက်ရှိကြောင်းကိုလည်း ပြောကြားလိုပါတယ်။

အမျိုးသားစာကြည့်တိုက်က ယခုရန်ကုန်ကမ္ဘာအေးစေတီလမ်း သီရိမင်္ဂလာလမ်းသွယ်ထဲမှာရှိပါတယ်။ အဲဒီစာကြည့်တိုက်က ချောင်ထဲရောက်နေပါတယ်။ လူသိနည်းပြီး သွားလာရခက်ပါတယ်။ မြန်မာနိုင်ငံလွတ်လပ်ရေးရကတည်းက နိုင်ငံရဲ့လိုအပ်ချက်လေးခုကို စဆွေးနွေးခဲ့ပါတယ်။ နံပါတ်တစ်က အမျိုးသားစာကြည့်တိုက်ဖြစ်ပါတယ်။ နံပါတ်နှစ်က အမျိုးသားပြတိုက်ဖြစ်ပါတယ်။ နံပါတ်သုံးက အနုပညာပြတိုက်ဖြစ်ပါတယ်။ နံပါတ်လေးက အမျိုးသားဇာတ်ရုံဖြစ်ပါတယ်။ အမျိုးသားဇာတ်ရုံ(ရန်ကုန်၊ မန္တလေး)ရှိခဲ့ပါပြီ။

အမျိုးသားပြတိုက်လည်း ရန်ကုန်၊ မန္တလေးရှိခဲ့ပါပြီ။ အမျိုးသားစာကြည့်တိုက်က ချောင်ထဲရောက်ပြီး မထင်မရှားဖြစ်တဲ့ အခါကျတော့ သွားလာရလွယ်ကူတဲ့ ရန်ကုန်မြို့လယ် ကုန်သည်လမ်းက အဆောက်အအုံကို ရွှေ့ဖို့အတွက် တင်ပြတဲ့အခါမှာ သမ္မတကြီးက ခွင့်ပြုလို့ ရေးမူမပျက်ပြင်ဆင်နေပါပြီ။ နှစ်ပေါင်း ၁၀၀ ကျော်ပါပြီ။ ၂၀၁၉-၂၀၂၀ ထဲမှာ အမျိုးသားစာကြည့်တိုက်ကြီးကို အဲဒီကို ရွှေ့နိုင်ဖို့အတွက် သမိုင်းသုတေသနနဲ့ စာကြည့်တိုက်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က မြန်မာနိုင်ငံ စာကြည့်တိုက်အသင်းနဲ့ ပူးပေါင်းပြီး ကြိုးပမ်းလျက်ရှိပါတယ်။ စာကြည့်တိုက်ဆိုတာ မျိုးဆက်သစ်လူငယ်တွေ အသိပညာဗဟုသုတ ရှာဖွေတဲ့နေရာဖြစ်ပါတယ်။




၂-၄-၂၀၁၈ ရက်က ကျင်းပသည့် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ် (၁/၂၀၁၈)ကြိမ်မြောက် တက္ကသိုလ်ကောင်စီ အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကို တက္ကသိုလ်၏ သင်ကြား၊ စီမံရေးရာကိစ္စရပ်များကို တင်ပြလျှောက်ထားစဉ်။

သတင်းစဉ်

စာကြည့်တိုက်ကိုသာ အသုံးချတတ်ရင် ဘွဲ့လွန်ဒီပလိုမာ၊ ဘွဲ့လွန်ဒီဂရီ၊ မာစတာဒီဂရီ၊ ပါရဂူဘွဲ့စတဲ့ကျမ်းတွေပြုစုတဲ့အခါမှာ အဓိကလိုအပ်တဲ့ သုတေသနလုပ်ငန်းတွေကို စာကြည့်တိုက်မှာပဲ လုပ်လို့ရပါတယ်။ အဲဒီလိုအမျိုးသားစာကြည့်တိုက်ကို ပြင်ဆင်ရွှေ့ပြောင်းပြီးတဲ့အခါ ဒီစာကြည့်တိုက်ကို နိုင်ငံတကာစာကြည့်တိုက်တွေနဲ့ ချိတ်ဆက်နိုင်အောင် Electronic Library၊ Online Library ဖြစ်အောင် တည်ဆောက်ဖို့အတွက် နိုင်ငံတော်သမ္မတကြီးကနေ သဘောတူခွင့်ပြုထားပါတယ်။ ဒါကြောင့် ခေတ်မီတဲ့ အမျိုးသားစာကြည့်တိုက်ပေါ်ထွန်းဖို့အတွက် အားသွန်ခွန်စိုက် ကြိုးပမ်းလျက်ရှိကြောင်း ပြောကြားလိုပါတယ်။

အခုလို ပြည့်ပြည့်စုံစုံဖြေကြားပေးတဲ့ အတွက် ကျေးဇူးတင်ပါတယ်။ ။










သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနက ထုတ်ဝေသည့်စာအုပ်များ

မြန်မာ့အလင်း
ယနေ့ရန်ကုန်
Yangon Today
၁၃၇၉ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၁၁ ရက်
၂၀၁၈ ခုနှစ်၊ မေ ၁၁ ရက်၊ ဗုဒ္ဓဟူးနေ့

# ဆိပ်ကမ်းမြို့အသွင် ပီပြင်စွာ

## ပုံရိပ်ထင်လာမည့်ရန်ကုန်

● ဝေယံဦး



**ရန်ကုန်မြို့ဟာ** မြန်မာနိုင်ငံရဲ့ အဓိကရေကြောင်းကုန်စည်စီးဆင်းရာ ဆိပ်ကမ်းမြို့ဖြစ်တာမို့ စီးပွားရေးအရှိန်အဟုန်နဲ့ တိုးတက်ဖွံ့ဖြိုးလာမယ့် မြို့ကြီးတစ်မြို့ဖြစ်လာစေရေးအတွက် ပင်လယ်ဝဘက်ကို ဆိပ်ကမ်းသစ်တည်ဆောက်နိုင်ရေး ကြိုးစားသွားမယ်လို့ မေ ၂ ရက်က ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းက ပြောဆိုထားပါတယ်။

အဲဒီဆိပ်ကမ်းသစ် တည်ဆောက်နိုင်ရေးအတွက် နိုင်ငံတကာ ကျွမ်းကျင်ပညာရှင်တွေနဲ့ လေ့လာမှုတွေ ပြုလုပ်ကာ မကြာမီစတင်မယ်လို့လည်း ပြောကြားခဲ့တာမို့ ပင်လယ်ဝဘက်မှာ နိုင်ငံတကာနဲ့ ရေကြောင်းကုန်သွယ်နိုင်မယ့် ဆိပ်ကမ်းသစ်တစ်ခု ထွက်ပေါ်လာဖို့ ရှိနေပြီဖြစ်ပါတယ်။ ဒီလို ဆိပ်ကမ်းသစ်တည်ဆောက်နိုင်ခဲ့ရင်တော့ ကုန်ပစ္စည်းတွေကို ရန်ကုန်အခြေပြုပြီး ပြည်တွင်းကိုသာမကဘဲ အိမ်နီးချင်းနိုင်ငံတွေ အထိပါ ရေကြောင်းကုန်သွယ်မှု ပြုလုပ်နိုင်တော့မှာဖြစ်ပါတယ်။

မြန်မာနိုင်ငံမှာ ရေကြောင်းကုန်သွယ်မှုက အရေးပါနေဆဲဖြစ်ပြီး မြစ်ချောင်းပေါများတဲ့အတွက် ကုန်လမ်းပို့ဆောင်ရေးတွေ ဘယ်လိုပဲတိုးတက်ဖြစ်ထွန်းလာနေပေမယ့် ရေကြောင်းကုန်စည်ပို့ဆောင်ရေးကို အားထားနေရဆဲဖြစ်ပါတယ်။ မြန်မာနိုင်ငံမှာ ကမ်းရိုးတန်းအရှည် မိုင် ၁၂၀၀ ရှိပြီး ဆိပ်ကမ်းကိုးခုရှိတဲ့ နေရာမှာ ရန်ကုန်ဆိပ်ကမ်းကတော့ မြန်မာနိုင်ငံရဲ့ ကုန်စည်ပို့ဆောင်မှု ၉၀ ရာခိုင်နှုန်းအတွက် အသုံးပြုနေရတယ်လို့ ဆိုပါတယ်။

ရန်ကုန်မြို့ရဲ့ဆိပ်ကမ်းအများအပြားဟာ မြစ်တွင်းဆိပ်ကမ်းတွေ ဖြစ်လာတာမို့ နိုင်ငံတကာ ရေကြောင်းကုန်သွယ်ရေးအတွက် ပင်လယ်ဝဘက်ကို ဆိပ်ကမ်းတွေတိုးချဲ့တည်ဆောက်သွားဖို့ စီစဉ်နေတာဖြစ်ပါတယ်။ ဒီလို အကောင်အထည်ဖော်နိုင်ရင်တော့ ရန်ကုန်မြို့ဟာ စီးပွားရေးမြို့တော်အဖြစ် ပိုပြီးပီပီပြင်ပြင်ဖြစ်လာမှာ သေချာပါတယ်။ ပင်လယ်ထွက်ပေါက်ရှိတဲ့ ကမ္ဘာ့နိုင်ငံအတော်များများဟာ ပင်လယ်ဆိပ်ကမ်းကောင်းတွေ ရှိကြပြီး ရေကြောင်းကုန်သွယ်မှုကို အောင်မြင်အောင် ကြိုးစားနေတာကြောင့် စီးပွားရေးတိုးတက်မှု အရှိန်အဟုန်ကို ပိုမိုမြင့်တင်အောင် အားထုတ်နိုင်ကြပါတယ်။

မြန်မာနိုင်ငံမှာတော့ ရန်ကုန်ဆိပ်ကမ်းက အဓိကဆိပ်ကမ်းတစ်ခုဖြစ်ပြီး အပြည်ပြည်ဆိုင်ရာ ဆိပ်ကမ်းတစ်ခုအဖြစ်လည်း အသုံးပြုနေတာ ဖြစ်ပါတယ်။ ရန်ကုန်မြို့မှာတော့ ဗိုလ်အောင်ကျော်ဆိပ်ကမ်း၊ မြန်မာ့စက်မှုဆိပ်ကမ်း ကုန်းတွင်းကုန်သေတ္တာစခန်း၊ ဗိုလ်တထောင်အမှတ် (၂) ကုန်းတွင်းကုန်သေတ္တာစခန်း၊ ဗိုလ်တထောင် အမှတ်(၁) ကုန်းတွင်းကုန်သေတ္တာစခန်း၊ အမှတ် (၁) ၊ (၂) မြန်မာ့စက်မှုဆိပ်ခံတံတား၊ အမှတ် (၁)၊ (၂)၊ (၃) အလုံ ဆိပ်ခံတံတားတွေ ရှိနေပါတယ်။ အဲဒီဆိပ်ကမ်းတံတားတွေက ကုန်တင်ကုန်ချမှုတွေ ပြုလုပ်နေပါတယ်။

ဒ့ါအပြင် အမှတ်(၄) သီလဝါဆိပ်ခံတံတားအမှတ်(၅)၊ (၆)၊(၇)၊(၈) သီလဝါဆိပ်ခံတံတားတွေ တည်ရှိနေပြီးရေကြောင်းကုန်သွယ်မှုတွေ ပြုလုပ်နေပြီဖြစ်ပါတယ်။ သီလဝါဆိပ်ခံတံတားတွေဟာ အထွေထွေကုန်စည်သင်္ဘော တန်ချိန် ၂၀၀၀၀ ရှိတဲ့ သင်္ဘောတွေ ဝင်ရောက်ဆိုက်ကပ် ထွက်ခွာနိုင်ပါတယ်။

ရန်ကုန်မြို့မြစ်တွင်းဆိပ်ကမ်းတွေ ဖြစ်တဲ့ ဗိုလ်အောင်ကျော်ဆိပ်ကမ်းဟာ ကုန်သေတ္တာကုန်စည်နဲ့ အထွေထွေကုန်စည်သင်္ဘော တန်ချိန် ၁၅၀၀၀ ရှိတဲ့ သင်္ဘောတွေ ဝင်ရောက်ဆိုက်ကပ်နိုင်သလို အမှတ်(၁) ၊(၂) မြန်မာ့စက်မှုဆိပ်ခံတံတားကတော့ အထွေထွေကုန်စည်သင်္ဘော တန်ချိန်၁၀၀၀၀ သင်္ဘောဝင်ရောက်ဆိုက်ကပ်နိုင်တဲ့ ဆိပ်ကမ်းဖြစ်ပါတယ်။ အမှတ်(၂) ၊ (၃)၊ (၄) အလုံဆိပ်ခံတံတားတွေကတော့ အထွေထွေကုန်စည်သင်္ဘော တန်ချိန် ၁၅၀၀၀ ရှိတဲ့ သင်္ဘောတွေ ဝင်ရောက်ဆိုက်ကပ်နိုင်သလို အမှတ်(၁) အလုံဆိပ်ခံတံတားကတော့ တန်ချိန် ၁၄၄၀ ရှိတဲ့ ကုန်သေတ္တာသင်္ဘောတွေ ဝင်ရောက်ဆိုက်ကပ်နိုင်ပါတယ်။

ဒ့ါအပြင် ရန်ကုန်မြို့ လှိုင်သာယာမြို့နယ်မှာလည်း ကုန်းတွင်းဆိပ်ကမ်းတစ်ခု တည်ဆောက်ဖို့ စီစဉ်နေတယ်လို့ ဆိုပါတယ်။ လှိုင်သာယာမြို့နယ်မှာရှိတဲ့ ရွှေပင်လယ်စက်မှုဇုန်နဲ့ အလယ်ရွာအနီးမှာ တည်ဆောက်အကောင်အထည်ဖော်မှာ ဖြစ်ပါတယ်။ ဒါကလည်း ရန်ကုန်မြို့ ဆိပ်ကမ်းအများစုဟာ မြို့အရှေ့ဘက်မှာ တည်ရှိနေတာဖြစ်တာမို့ စက်မှုဇုန်နဲ့ ကုန်စည်ဒိုင်တွေရှိတဲ့ ရန်ကုန်မြို့အနောက်ဘက်ကမ်းမှာ အခုလို ကုန်းတွင်းဆိပ်ကမ်းတစ်ခု တည်ဆောက်ဖို့ စီစဉ်နေတာဖြစ်ပါတယ်။

ရန်ကုန်မြို့ ဧရိယာအတွင်းမှာ ရန်ကုန်မြစ်၊ လှိုင်မြစ်၊ ပုဇွန်တောင်ချောင်း၊ ငမိုးရိပ်ချောင်းတို့ ရှိနေပြီး ရန်ကုန်နဲ့ ဧရာဝတီတိုင်းဒေသကြီးအကြားမှာလည်း တိုးမြစ်ရှိနေပါတယ်။ ဒါကြောင့် လှိုင်သာယာမြို့နယ်အတွင်းမှာ တည်ဆောက်မယ့် ကုန်းတွင်းဆိပ်ကမ်းဟာ ဧရာဝတီတိုင်းဒေသကြီးဘက် ကားလမ်း၊ ရေလမ်းတွေနဲ့ တစ်ဆက်တစ်စပ်တည်းရှိသလို မြို့ရှောင်လမ်းနဲ့လည်း ဆက်စပ်နေတာမို့ ကုန်စည်စီးဆင်းမှု လွယ်ကူလျင်မြန်စေမှာ ဖြစ်ပါတယ်။

**အချပ်ပို (ဃ) သို့**

အချပ်ပို (ဃ) သို့



ဓာတ်ပုံ - ဝေယံဦး

**မြန်မာနိုင်ငံရဲ့ နိုင်ငံတကာ ရေကြောင်း ကုန်သွယ်မှုဟာ ရန်ကုန်မြို့ကို အဓိကအခြေပြုရတာမို့ ပင်လယ်ဆိပ်ကမ်း ကောင်းမွန်ရေးနဲ့ ဖွံ့ဖြိုးရေးဟာ မဖြစ်မနေ အကောင်အထည်ဖော်ရမယ့် အခြေအနေဖြစ်**

# ခေတ်သစ်တစ်ခုကိုဖော်ကျူးရန် ပြင်ဆင်နေသော

# ရန်ကုန်သင်္ကြန်




**ထင်ပေါ်ဝင်း၊ ဓာတ်ပုံ-ထိန်လင်း**

**ရန်ကုန်** သူ ရန်ကုန်သားတို့အတွက် မြန်မာသက္ကရာဇ် ၁၃၇၉ ခုနှစ်၏ နောက်ဆုံးနေ့ရက်များသည် တစ်ရက်ပြီးတစ်ရက် ကုန်ဆုံးလျက်ရှိနေသည်။ မကြာမီ ချန်နေရစ်မည့် မြန်မာသက္ကရာဇ်တစ်ခုကို နှုတ်ဆက်ခွဲခွာရန် မြို့တော်ရန်ကုန်က ပြင်ဆင်နေကြလျက်ရှိသည်။ ပူပြင်းသည့်နွေရာသီကို အန်တုကာ ရေကစားပြီးအပူရှိန်လျော့ပါးစေရန် နည်းလမ်းတီထွင်ကြံဆခဲ့သည့် ရှေးမြန်မာကြီးတို့၏ကျေးဇူးမှာ ယနေ့ထက်တိုင် သက်ဝင်လှုပ်ရှားလျက်ရှိသည်။

ယခုနှစ်၏ တန်ခူးလအတွင်း ချင်းနင်းဝင်ရောက်လာသည်နှင့် သင်္ကြန်တေးသံသာတို့က ရေဒီယို၊ ရုပ်မြင်သံကြားအစီအစဉ်အသီးသီးမှ လည်းကောင်း၊ လက်တွန်းလှည်းငယ် ထီဆိုင်လေးများမှ လည်းကောင်း စတင်ကြားလာရသည်။ မြန်မာသံစဉ်စာသားရွေးချယ်မှုအားကောင်းသော သီချင်းရေးဆရာများ ရှားပါးလာသည့်အတွက် အသစ်အသစ်သော သင်္ကြန်သီချင်းတို့နှင့် ကင်းဝေးနေရသည်မှာ နှစ်ကာလအတန်ကြာပြီဖြစ်သည်။ သင်္ကြန်ကာလရောက်သည်နှင့် ရန်ကုန်ကို စွန့်ခွာသွားကြသော ကားတန်းရှည်ကြီးများကိုကြည့်ရင်း ရန်ကုန်သားတို့ မချင့်မရဲ ဖြစ်ခဲ့ရသည်။ မွေးရပ်မြေကို စွန့်ခွာရန် ခက်ခဲသော ရန်ကုန်မြို့တော်သားတို့ဖြင့်သာ နှစ်စဉ်မဟာသင်္ကြန်ပွဲတော်ကို ဆင်နွှဲခဲ့ကြရသည်။

### သင်္ကြန်မဏ္ဍပ်များ

ပြောင်းလဲလာခဲ့သော ရုံးပိတ်ရက်ခွဲတမ်းများကြောင့် ယခုနှစ် ရန်ကုန်မဟာသင်္ကြန်ပွဲတော်သည် ယခင်နှစ်ကထက် ပိုမိုစည်ကားလာမည်ဟု ထင်မြင်မိသည်။ ဒဂုံရွှာ၏ သောက်ရေကန်ဟောင်းတည်ရှိခဲ့ရာ မဟာဗန္ဓုလပန်းခြံရှိ လွတ်လပ်ရေးကျောက်တိုင်ကို မျက်နှာမူထားသော ရန်ကုန်မြို့တော်၏ မဟာသင်္ကြန်ဗဟိုမဏ္ဍပ်တည်ဆောက်နေမှုက တစ်နေ့တခြား ရုပ်လုံးကြွလျက်ရှိသည်။ မြို့နယ်များအလိုက် စီစဉ်ထားသည့် မြို့နယ်သင်္ကြန်မဏ္ဍပ်များကလည်း မတ်လနောက်ဆုံးပတ်ခန့်မှစ၍ တည်ဆောက်ကြလျက်ရှိရာ အချို့သော မဏ္ဍပ်များမှာ အတော်အတန်ပင် ပြီးစီးနေပြီဖြစ်သည်။ နှစ်စဉ် သင်္ကြန်ရေအဖြစ် အသုံးများသော ကန်တော်ကြီးနှင့် အင်းလျားကန်အနီးတွင် မဏ္ဍပ်ဆောက်လုပ်နေမှုက များပြားသည်။

ဗိုလ်ချုပ်အောင်ဆန်းဈေးနှင့် Junction city ကြားရှိ ဗိုလ်ချုပ်အောင်ဆန်းလမ်းမကြီးပေါ်တွင် ခရစ်နှစ်သစ်ကူးကကဲ့သို့ပင် မြန်မာနှစ်သစ်ကူးကိုလည်း ပိတောက်ပန်းတို့ဖြင့် အလှဆင်ထားသည်ကို တွေ့ရသည်။ ပြည်လမ်း အင်းလျားကန်ပေါင်အနီးတွင်လည်း သင်္ကြန်မဏ္ဍပ်ကြီးများကို ခပ်စိပ်စိပ် တွေ့ရသည်။ သင်္ကြန်ချစ်သူများ အနားယူရန် အင်းလျားကန်ပေါင်ရိုးတွင် တပ်ဆင်ထားသော အလှထီးတို့မှာ ဧပြီ ၇ ရက်က တိုက်ခတ်ခဲ့သော တန်ခူးလေပွေသရမ်းတို့ကြောင့် ဖြုတ်သိမ်းခဲ့ရသည်။ သင်္ကြန်ပွဲတော်အမီ ပြန်လည်တပ်ဆင်နိုင်ပါက သင်္ကြန်ချစ်သူတို့ နားခိုရာရနိုင်ပြီး အလှူရှင်အတွက် စိတ်ကြည်နူးပီတိဖြစ်ဖွယ်ရာပင်။

ရန်ကုန်သူ ရန်ကုန်သားတို့ သင်္ကြန်ပွဲတော်နွှဲပျော်ရန် ပြင်ဆင်နေကြသည်ကို မိုးဒေဝါတို့က စိတ်ရှည်သည်းခံစိတ် ကုန်ဆုံးလာသည်ထင်။ မိုးခြိမ်းသံ တအုန်းအုန်း၊ မိုးသံ တဖြုန်းဖြုန်းဖြင့် ရန်ကုန်အနှံ့ နေ့အလိုက် နေရာရွေးကာ ရွာချနေသည်။ နေ့ ၁၂ နာရီပတ်လုံး သူရိန်နေမင်းကို ထွန်းလင်းခွင့်မပေးဘဲ မိုးသားတိမ်ရိပ်တို့က ကာဆီးထားကြသည်။ အလျင်လိုသော သင်္ကြန်လက်ဆောင်မိုးကြောင့် ပိတောက်ရွှေဝါတို့က သင်္ကြန်ရက်မတိုင်မီ ဖူးပွင့်ခဲ့ကြသည်။ မြို့တော်ရန်ကုန်အနှံ့ ပိတောက်နံ့တို့ ကြိုင်တသင်းသင်းဖြစ်ခဲ့ရသည်။ လက်လွတ်မခံတတ်သော ရန်ကုန်သူ အိမ်ရှင်မတို့က အလုအယက်အရယူကာ အိမ်ရှိဘုရားကို ပိတောက်ဖြင့် ဦးခိုက်ခဲ့ကြသည်။

### နှစ်သစ်ကူးကာလ

လိုအပ်ချက်ပြည့်မီနေသော မော်တော်ယာဉ်အစီးရေကြောင့် ယခုနှစ်သင်္ကြန်အတွက် ရန်ကုန်သားတို့ ကားငှားရန် မကြားမိသေးပေ။ ပွဲတော်ကာလအတွင်း ရပ်နားမည့်ယာဉ်လိုင်းများအတွက် ရန်ကုန်ပင်မလမ်းမကြီးများတွင် အစားထိုးယာဉ်များ ထားရှိရန် လိုအပ်သည်။ မြို့အနှံ့ လည်ကြပတ်ကြမည့် ရန်ကုန်မိသားစုများအတွက် ကားအခက်အခဲမဖြစ်ရန် အရေးကြီးသည်။ ပုံမှန်ထက် ဈေးအနည်းငယ် တိုးကောက်ခြင်းကို လက်ခံနိုင်သော်လည်း မတန်တဆကြီးမြင့်သော ယာဉ်စီးခနှင့် သွားလာရခက်ခဲသော ယာဉ်လိုင်းပျောက်ဆုံးခြင်းကို ရန်ကုန်သားတို့ ပိုမိုစိုးရိမ်သည်။ အခြားအခြားသော နိုင်ငံများတွင် နှစ်သစ်ကူးကာလ၌ ပိုမိုကောင်းမွန်သော ဝန်ဆောင်မှုများကို သက်သာသောဈေးနှုန်းဖြင့် ဆောင်ရွက်ပေးတတ်ကြသည်ကို သတိမူသင့်သည်။

### ရန်ကုန်လမ်းလျှောက်သင်္ကြန်

“မဟာဗန္ဓုလပန်းခြံ၊ ဦးဥတ္တမပန်းခြံရယ်၊ ကန်တော်ကြီးက နှစ်နေရာရယ်မှာတော့ လမ်းလျှောက်သင်္ကြန် လေးနေရာ လုပ်မယ်၊ အဲဒီနေရာတွေရဲ့ပတ်ဝန်းကျင်ကို လုံးဝကားပေးမဝင်ဘူး၊ အဲဒီမှာစတုဒိသာကျွေးမယ့် မဏ္ဍပ်တွေရှိမယ်၊ ဖျော်ဖြေရေးမဏ္ဍပ် အသေးလေးတွေရှိမယ်၊ ရေပက်ကစားလို့ရမယ့်နေရာလေးတွေ လုပ်ထားပေးမယ်၊ ရှေးယခင်ရိုးရာ ရေကစားတဲ့ စတိုင်မျိုးလေးလုပ်ထားပေးမယ်၊ နားလို့ရမယ့်နေရာတွေလည်း ရှိမယ်”ဟု တာဝန်ရှိသူက ဆိုလာတော့ ထူးထူးခြားခြား ရန်ကုန်လမ်းလျှောက်သင်္ကြန်အတွက် သွားလာရေးအခက်အခဲ မဖြစ်စေသင့်ပေ။ မြို့တော်ရန်ကုန်အနှံ့မှ လာရောက်ပျော်ပါးကြမည့် သင်္ကြန်ချစ်မိသားစုများအတွက် ယာဉ်လိုင်းအခက်အခဲမဖြစ်စေရန် သက်ဆိုင်ရာအစိုးရအဖွဲ့က အလေးထား စီစဉ်ပေးရန်လိုအပ်သည်။ ထို့အတူ စတုဒိသာ လုံလုံလောက်လောက်ဖြစ်ရန်လည်း အထူးလိုအပ်ပါသည်။ ကျေးလက်တေးသီချင်းအဖြစ်မှ ပြောင်းလဲလာသော မြန်မာသံချပ်ကိုလည်း သွားလာရလွယ်ကူသောနေ့အချိန်တွင် တင်ဆက်သင့်သည်ဟု အကြံပြုလိုပါသည်။

### သင်္ကြန်ကာလတွင် ရှောင်ရှားသင့်

မွန်းကျပ်သော လူနေမှုပုံသဏ္ဌာန်၊ ကုန်ဈေးနှုန်းကြီးမြင့်မှုဒဏ်၊ လုပ်ငန်းခွင် အလုပ်ခွင်မှ လူပင်ပန်းစိတ်ပင်ပန်းမှု ဒဏ်ကို ဖြေဖျောက်စေမည့် အတာရေကို မကြာမီရက်ပိုင်းအတွင်း ထိတွေ့ရတော့မည်ဖြစ်ရာ ရန်ကုန်သားတို့အတွက် စိတ်ဓာတ်ခွန်အားများ ပြန်လည်ပြည့်ဖြိုးလာတော့မည်ဖြစ်သည်။ သို့သော် တစ်နှစ်တာလုံး အမှောင်ဖုံးခဲ့သော စိတ်အစဉ်ကို သင်္ကြန်ရေနှင့် ထိတွေ့ခိုက်တွင် လွှတ်မပစ်ရန်အရေးကြီးသည်။ မူးယစ်ဆေးသုံးစွဲပျော်ပါးခြင်း၊ အလွန်အကျွံ အရက်သေစာသောက်စားခြင်းကို ပူပြင်းသော သင်္ကြန်ကာလတွင် ရှောင်ရှားသင့်ပေသည်။ လွတ်လပ်ပေါ့ပါးမှုကို နှစ်သက်သော ညီငယ် ညီမငယ်လေးများ အနေဖြင့် မိသားစုနှင့်သာ အတူလည်ပတ်သင့်သည်။ ဘဝအတွက် တစ်သက်မမေ့စေနိုင်လောက်သည့် ဖြစ်ရပ်ဆိုးများသည် နေရာမရွေး၊ ဒေသမရွေး၊ အချိန်မရွေး ပေါ်ပေါက်လာနိုင်သည်ကို သတိမူသင့်သည်။

အချုပ်အားဖြင့် တင်ပြရပါမူ ရန်ကုန်လူထုတစ်ရပ်လုံး စောင့်ကြိုနေသည့် ၁၃၇၉ ခုနှစ်၏ မဟာသင်္ကြန်ရက်များသည် မကြာမီရက်ပိုင်းအတွင်း ရောက်ရှိလာတော့မည်ဖြစ်ရာ တစ်နှစ်တာလုံး ခံစားခဲ့ရသော ကိုယ်၊ စိတ် ပင်ပန်းမှုမှန်သမျှကို အေးမြသန့်ရှင်းသော အတာရေဖြင့် ဆေးကြောကာ ၁၃၈၀ ပြည့်နှစ်ဟု ခေါ်ဆိုသော နှစ်တစ်နှစ်ကို စောင့်ကြိုကြပါစို့ဟု တင်ပြရင်း ...။





# အခါတော်ရက် အလှူဒါနပြုကြသူတို့အတွက် စားသောက်ကုန်ဈေးနှုန်းများ

**တင်ဝင်းလေး(ကြည့်မြင်တိုင်)**

**သင်္ကြန်** အခါတော်ရက် နီးလာသည်နှင့်အမျှ ရန်ကုန်ကုန်စည်ပွဲရုံကြီးများတွင် ကုန်စည်ပစ္စည်း ဝယ်ယူသူများနှင့် ပို၍စည်ကားနေသည်။

သင်္ကြန်ရက်ရှည်အတွက် ကြိုတင်ဝယ်ယူနေကြခြင်းဖြစ်သည်။ ထို့အတူ ရပ်ကွက်ဈေးများတွင် စားသောက်ကုန် အထားခံသော အာလူး၊ ငါးခြောက်၊ ပဲစသည့် ကုန်ခြောက်များကို ဝယ်ယူဖြည့်တင်းနေကြခြင်းကိုလည်း မြင်တွေ့လာရသည်။

ကြည့်မြင်တိုင် ထီးတန်းဈေးကလေးတွင် ကုန်ခြောက်ဝယ်ယူနေသည့် အိမ်ရှင်မတစ်ဦးက “သင်္ကြန်ရက်တွေ ဈေးဝယ်လို့မကောင်းဘူး၊ ဈေးသည်တွေ နည်းသွားပြီ၊ နောက်ပြီး သင်္ကြန်ရက်အတွင်း တရားစခန်းဝင်မှာမို့ ကြိုဝယ်ထားတာ” ဟု ပြောသည်။

ထီးတန်းဈေးတွင် ကုန်ခြောက်ပစ္စည်းစုံသော ကုန်ခြောက်ဆိုင်ပိုင်ရှင် ဒေါ်သန်းဝင်းက “ယိုးဒယား(ထိုင်း)ပစ္စည်းဖြစ်တဲ့ အချိုမှုန့်နဲ့ အဲဒီကလာတဲ့ ဆီတွေလောက်ပဲ ဈေးနည်းနည်းတက်လာတာပါ၊ ဒါကလည်း အဝင်နည်းလို့ပါ၊ အချိုမှုန့်တစ်ထုပ်ကို ငွေကျပ် ၅၀ နဲ့ ၁၀၀ လောက်ပါပဲ၊ ဆီကတော့ ငါးလီတာတစ်ပုံးကို ငွေကျပ် ၇၀၀ လောက် တက်တယ်” ဟု ပြောသည်။

အခြေခံစားသောက်ကုန်အနေဖြင့် ဆန်ဈေးမှာ ပြီးခဲ့သည့်တစ်ပတ်ထက် ငွေကျပ် ၅၀ နှင့် ငွေကျပ် ၁၀၀ ဝန်းကျင် ကျဆင်းလာသည်ဟု ဆိုကြသည်။

ပဲဆီ(ရှယ်)တစ်ပိဿာလျှင် ငွေကျပ် ၄၂၀၀၊ ပဲဆီ(ရိုးရိုး) တစ်ပိဿာလျှင် ငွေကျပ် ၂၈၀၀၊ စားသုံးဆီတစ်ပိဿာလျှင် ငွေကျပ် ၁၈၀၀ ရှိပြီး တစ်ပိဿာလျှင် ငွေကျပ် ၄၀၀၀ အထိ မြင့်တက်သွားခဲ့ဖူးသော ကြက်သွန်နီ (မြစ်သား)တစ်ပိဿာလျှင် ယနေ့ငွေကျပ် ၁၅၀၀၊ ကြက်သွန်နီ(ဆိပ်ဖြူ) တစ်ပိဿာလျှင်ငွေကျပ် ၁၀၀၀၊ မုန့်ဟင်းခါးသုံး ကြက်သွန်နီ(အသေး) တစ်ပိဿာလျှင် ငွေကျပ် ၈၀၀ အထိ ကျဆင်းသွားသည်ကို တွေ့ရသည်။

အချပ်ပို (၈) သို့



# လူမှုဘဝနေထိုင်မှုအဆင့်အတန်းနှင့် စီးပွားရေးအဆင့်အတန်း တိုးတက်မြင့်မားလာစေရန် ဝိုင်းဝန်းဖော်ဆောင်

သန်းထိုက်(လှိုင်သာယာ)
ဓာတ်ပုံ-သစ္စာ

**အရှိန်အဟုန်ဖြင့် ခေတ်မီဖွံ့ဖြိုးတိုးတက်လာသော ရန်ကုန်မြို့တွင် မိုးရာသီလမ်းပေါ် ရေဝပ်ရေလျှံမှုများမဖြစ်ပေါ်စေရန်နှင့် ရေစီးရေလာကောင်းမွန်စေရန် ပြုပြင်မှုများဆောင်ရွက်လျက်ရှိပြီး ရန်ကုန်မြို့ပြ၏ မြို့နယ်တို့တွင်လည်း ရေဝပ်ရေလျှံမှု ဖြစ်နေသော လမ်းများကို စီမံကိန်းတစ်ခုအနေဖြင့် JFPR မှ ထောက်ပံ့လှူဒါန်း၍ အာရှဖွံ့ဖြိုးရေးဘဏ်၏ စီမံခန့်ခွဲမှုဖြင့် ရပ်ကွက်၊ ကျေးရွာများအတွင်း ကွန်ကရစ်လမ်းခင်းခြင်းနှင့် မြောင်းကူးတံတားများ တပ်ဆင်ခြင်း၊ ရေသန့်စင်စက်များနှင့် အမှိုက်သိမ်းရာတွင် အထောက်အကူပစ္စည်းများကို ထောက်ပံ့ကူညီပေးလျက်ရှိသည်။**

### ရေဝပ်ရေလျှံ နှစ်စဉ်ကြုံတွေ့

ရန်ကုန်မြို့ပြ၏ စက်မှုဇုန်ကြီးတစ်ခုဖြစ်သော လှိုင်သာယာ စက်မှုဇုန်တွင် မိုးရာသီတွင်သာမက ယခုလိုနွေရာသီ၌ပင် လမ်းများ ရေဝပ်ရေလျှံဖြစ်လျက်ရှိရာ ကွန်ကရစ်လမ်းမခင်းရသေးသောလမ်းများလည်း ရေဝပ်ရေလျှံ နှစ်စဉ်ကြုံတွေ့နေရလျက်ရှိသည်။လမ်းများ ရေဝပ်ရေလျှံ အဓိကဖြစ်ပွားရခြင်းမှာ အိမ်ရှေ့ရေမြောင်းများ ပိတ်ဆို့ခြင်းနှင့် အိမ်နောက်ဘက် ၁၅ ပေ အကျယ်ရှိ မီးတားမြောင်းအတွင်း အမှိုက်နှင့် စွန့်ပစ်ပစ္စည်းများဖြင့် မြို့တည်ချိန်မှ ၁၀ နှစ်နောက်ပိုင်း ပိတ်ဆို့ခဲ့ခြင်းကြောင့်ဖြစ်သည်။ နှစ်စဉ် တိုးပွားလာသောလူဦးရေနှင့် အဆောင်နေထိုင်မှုနှင့် ကျူးကျော်နေထိုင်မှု အရှိန်မပြတ်တိုးလာလျက်ရှိသည့် လှိုင်သာယာမြို့နယ်တွင် ယခုလို ရေဝပ်ရေလျှံဖြစ်နေသော လမ်းများ ကွန်ကရစ်လမ်းခင်းခြင်း၊ စာသင်ကျောင်းအနီးရှိ ရေမြောင်းတို့ကို အဆင့်မြှင့်တင်ဆောင်ရွက်ခြင်းကို ဒေသခံပြည်သူတို့ ဝမ်းသာပီတိဖြစ်ကြလျက်ရှိသည်။

ယခုဆောင်ရွက်သောစီမံကိန်းသည် JFPR ၏ ရှေ့ပြေးစီမံကိန်းဖြစ်ပြီး ယခုစီမံကိန်း အောင်မြင်ပါက လှိုင်သာယာမြို့နယ်တွင်းရှိ အခြားသောနေရာများတွင်လည်း အလားတူစီမံကိန်းများ ဆောင်ရွက်သွားမည်ဟုလည်း သိရသည်။ လှိုင်သာယာမြို့နယ်တွင် အမှတ်(၇)ရပ်ကွက်နှင့် အမှတ်(၁၀)ရပ်ကွက်အတွင်းရှိ လမ်းသွယ်ပေါင်း ၁၃ လမ်း၏ အရှည် ပေ ၇၈၀၀ ကို အဆင့်မြှင့်တင်ဆောင်ရွက်ပေးရန် လျာထားသောကြောင့် မတ်လ ၂၆ ရက်နေ့မှစတင်ကာ လှိုင်သာယာမြို့နယ် အမှတ်(၇) ရပ်ကွက်တွင် လမ်းအဆင့်မြှင့်တင်ခြင်း လုပ်ငန်းကို ဆောင်ရွက်လျက်ရှိရာ ယခုနှစ် မိုးရာသီလမ်းရေမြုပ်မှု ကင်းဝေးတော့မည်ဖြစ်သည်။ အမှတ်(၁၀)ရပ်ကွက်အတွင်းရှိ လမ်းများကိုလည်း တစ်ပြိုင်တည်း အဆင့်မြှင့်တင်ခြင်းဖြစ်ရာ မိုးရာသီတွင် ရပ်ကွက်အတွင်းလမ်းများမှာ ကွန်ကရစ်လမ်းများဖြင့် ကျောင်းသား ကျောင်းသူနှင့် သက်ကြီးရွယ်အို၊ ရဟန်းသံဃာများပါ မကျန် စိတ်အေးချမ်းသာစွာသွားလာနိုင်တော့မည်ဖြစ်သည်။

### ရေဆိုးများလမ်းပေါ်သို့ရောက်ရှိနေ

ရပ်ကွက်နေပြည်သူတို့ လူနေမှုဘဝများ မြင့်တက်လာစေရန် အဓိကလိုအပ်ချက်မှာ လမ်း၊ လျှပ်စစ်မီးနှင့် ကျန်းမာရေးနှင့် ညီညွတ်သော ပတ်ဝန်းကျင် သန့်ရှင်းသာယာလှပရေးပင် ဖြစ်သည်။ ယခု လှိုင်သာယာ အမှတ်(၇)ရပ်ကွက်အတွင်း ကွန်ကရစ်လမ်းခင်းရာတွင် ရေမြောင်းများ တူးဖော်၍ မြောင်းလုပ်ငန်း မပါဝင်သောကြောင့် ကွန်ကရစ်လမ်းပေါ်တွင် သွားလာနိုင်ပြီဖြစ်သော်လည်း အိမ်ခြံအတွင်း မြေဖို့ကွန်ကရစ်မခင်းနိုင်သူများ ပိတ်ဆို့နေသော ရေမြောင်းတို့ကြောင့် ရေဝပ်ရေလျှံ ကြုံတွေ့ရမည်သာဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် မိမိအိမ်ရှေ့ရေမြောင်းပေါ်တွင် ကျောက်စီရေတိုင်ကီများ ချထားခြင်း၊ ဈေးဆိုင်များ ဆောက်ထားခြင်း၊ အဆောင်များ ဆောက်လုပ်ခြင်းနှင့် ရေမြောင်းပေါ်တွင်ကွန်ကရစ်ဖြင့် အခိုင်အမာဆောက်လုပ်ခြင်းတို့ကြောင့် ရေဆိုးများ လမ်းပေါ်သို့ ရောက်ရှိနေခြင်းကြောင့်ဖြစ်သည်။ ထိုသို့ အခိုင်အမာဆောက်လုပ်ထားသော အရာဝတ္ထုတို့ကြောင့် လမ်းတစ်ခုတည်းကိုသာ ခင်းကျင်းပေးခြင်းဖြစ်ပေမည်။

### ပြည်သူငြိုငြင်မှုမရှိစေရန် အဓိကထားဆောင်ရွက်

အဘယ်ကြောင့်ဆိုသော် ထိုစီမံကိန်းသည် ရပ်ကွက်နေပြည်သူတို့၏ လူနေမှုဘဝများ တိုးတက်မြင့်မားလာစေရန် ဖော်ဆောင်ပေးခြင်းဖြစ်သည့်အပြင် လှူဒါန်းရာတွင် ပြည်သူငြိုငြင်မှုမရှိစေရန် အဓိကထား ဆောင်ရွက်ခြင်းကြောင့်ဖြစ်သည်။ ထိုလမ်းများရှိ ရေမြောင်းပေါ်တွင် ဆောက်လုပ်ထားသော အရာဝတ္ထုများ ဖယ်ရှားပေးလိုသော ဆန္ဒမရှိပါက ရေမြောင်းအဆင့်မြှင့်တင်ခြင်းကို ဆောင်ရွက်မှုမလုပ်ဆောင်နိုင်သောကြောင့်ဖြစ်သည်။ အလှူရှင်များက မြို့ပြနှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်စေရန် ဆောင်ရွက်ရာတွင် အိမ်ရှင်ဖြစ်သူတို့မှ မလိုလားပါက ထိုအိမ်ရှင်ဖြစ်သူတို့သာ နစ်နာသည်ကို ယနေ့တိုင် အမှန်မသိရှိသေးဘဲ ဖြစ်လျက်ရှိသည်။

### လူမှုဘဝနေထိုင်မှုအဆင့်အတန်း

JFPR မှ လှူဒါန်းဆောင်ရွက်ရာတွင် ရန်ကုန်တိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် လေးမြို့နယ် ပါဝင်သည်။ ရန်ကုန်တိုင်းဒေသကြီးတွင် လှိုင်သာယာနှင့် ဒလမြို့နယ်ဖြစ်ပြီး မန္တလေးတိုင်းဒေသကြီးတွင် ပြည်ကြီးတံခွန်နှင့် ချမ်းမြသာစည်မြို့နယ်တို့ဖြစ်သည်။ ထိုစီမံကိန်းကို ၂၀၁၈ ခုနှစ် မိုးရာသီမတိုင်မီ ပြီးစီးနိုင်ရန် ရည်မှန်းလုပ်ဆောင်ကြလျက်ရှိသည်။ စီမံကိန်း၏ ရည်ရွယ်ချက်သည် လူမှုအဖွဲ့အစည်းများအား ၎င်းတို့၏ လူမှုဘဝနေထိုင်မှုအဆင့်အတန်းနှင့် စီးပွားရေးအဆင့်အတန်း တိုးတက်မြင့်မားလာစေရန်နှင့် ရပ်ကွက်အဆင့် အခြေခံ အဆောက်အအုံနှင့် ဝန်ဆောင်မှုများ ဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူပြုစေရန် ရည်ရွယ်သည်ဟု ဆိုသည်။

၎င်းစီမံကိန်းကို JFPR က ထောက်ပံ့လှူဒါန်းပြီး အာရှဖွံ့ဖြိုးရေးဘဏ်၏ စီမံခန့်ခွဲမှုဖြင့် ဆောင်ရွက်ခြင်းဖြစ်ရာ စီမံကိန်းကို ဆောက်လုပ်ရေးဝန်ကြီးဌာန လက်အောက်ရှိ မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနနှင့် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီတို့ဖြင့် ပူးပေါင်းအကောင်အထည်ဖော်ဆောင်ရွက်ရာ ရပ်ကွက်အတွင်းရှိ အမှိုက်သိမ်းစနစ်ကို အထောက်အကူပြုစေရန်အတွက် စီမံကိန်းမှ စတီးအမှိုက်ကန် ခြောက်ကန် တည်ဆောက်ခြင်း၊ အမှိုက်သိမ်းဆည်းရာတွင် အဆင်ပြေချောမွေ့စေရန် ဘီးပါသော အမှိုက်ပုံးများနှင့် အမှိုက်သိမ်း မော်တော်ဆိုင်ကယ်များကို ထောက်ပံ့ခြင်းတို့ကို ၎င်းစီမံကိန်းလုပ်ဆောင်မှုအတွက် ရပ်ကွက်နေ ပြည်သူတို့ သိရှိနိုင်ရန် အသိပညာပေး လက်ကမ်းစာစောင်တို့ကို ဖြန့်ဝေပေးထားခဲ့သည်။

အချပ်ပို(ဃ)သို့



လှိုင်သာယာ အမှတ်(၇)ရပ်ကွက်၌ လမ်းအဆင့်မြှင့်တင်ရန် ဆောင်ရွက်နေမှုကို တွေ့ရစဉ်။

အချပ်ပို(ခ)မှ

ကြက်ဥ၊ ဘဲဥရောင်းသော ဦးသန်းအောင်က "ဒီရက်ထဲ ကြက်ဥ၊ ဘဲဥ ဈေးနည်းနည်းလေး တက်တယ်၊ သင်္ကြန်ကြောင့်တော့ မဟုတ်ပါဘူး၊ နေကပူတော့ ဥနှုန်းနည်းနည်းကျလာတယ်၊ နောက် အစာဈေးတက်လာလို့လည်း ဖြစ်ပါတယ်" ဟု ပြောသည်။

ကြက်ဥတစ်လုံးလျှင် ၁၂၅ ကျပ် ဖြစ်ပြီး ဘဲဥအကြီးတစ်လုံးလျှင် ငွေကျပ် ၁၇၀ အထိ ဈေးရှိကြောင်း၊ အာလူးတစ်ပိဿာလျှင် ငွေကျပ် ၁၀၀၀ ဖြစ်သည်။ ကုလားပဲတစ်ပိဿာလျှင် ငွေကျပ် ၂၀၀၀ ဖြစ်၍ ပဲနီလေးတစ်ပိဿာလျှင် ငွေကျပ် ၄၀၀၀ ဖြစ်သည်။

ရက်ရှည်ထား အစားခံသည့် ငါးရံ့ခြောက် တစ်ပိဿာလျှင် အကြီးအသေးလိုက်၍ တစ်ပိဿာလျှင် ငွေကျပ် ၃၂၀၀၀ မှ ငွေကျပ် ၂၅၀၀၀ ဈေး ရှိနေပြီး အများစားသုံးနိုင်သည့် အာပြဲခြောက် တစ်ပိဿာလျှင် ငွေကျပ် ၁၄၀၀၀ မှ ငွေကျပ် ၁၆၀၀၀ ဈေးရှိနေကြောင်း သိရသည်။

သင်္ကြန်မကျမီရက်ပိုင်းအလိုတွင် အစိုးရဌာနရုံးများ၊ ကုမ္ပဏီများတွင် သင်္ကြန်အကြို အလှူဒါန ပြုကြသူများဖြင့် စည်စည်ကားကား ရှိနေသည်။ အများနှင့် ဆက်ဆံရသော ပုဂ္ဂလိကဘဏ်များတွင် ဘဏ်သို့လာသော ဖောက်သည်များကို ရွှေရင်အေး၊ ဖာလူဒါ၊ မုန့်လက်ဆောင်း စသည်တို့ဖြင့် ကျွေးမွေးဧည့်ခံနေကြပြီကိုလည်း တွေ့လာရသည်။

ဈေးအတော်များများတွင် မုန့်လက်ဆောင်းဖတ် လိုသလောက်ရသည်။ အုန်းသီးခြစ်သည်၊ ညှစ်သည် ကြော်ငြာဆိုင်းဘုတ်ငယ်လေးများကို ထင်ထင်ရှားရှား တွေ့လာရသည်။

မုန့်လက်ဆောင်းဖတ် တစ်ပြည်လျှင် ငွေကျပ် ၁၅၀၀ ဖြစ်ပြီး အခွံချွတ်ပြီး အုန်းသီးတစ်လုံးလျှင် ငွေကျပ် ၄၅၀ မှ ၆၀၀ ရှိနေသည်။ အုန်းသီးတစ်လုံး ခြစ်ခ၊ ညှစ်ခမှာ ငွေကျပ် ၂၀၀ ဖြစ်သည်။ ရွှေရင်အေးအတွက် လိုအပ်သော သကြားတစ်ပိဿာလျှင် ငွေကျပ် ၁၄၀၀၊ သာဂူတစ်ပိဿာလျှင် ငွေကျပ် ၁၅၀၀၊ ကောက်ညှင်းတစ်ပြည်လျှင် ငွေကျပ် ၁၄၀၀၊ ကျောက်ကျော အသေးတစ်ထုပ်လျှင် ငွေကျပ် ၁၂၀၀၊ အကြီးတစ်ထုပ်လျှင် ငွေကျပ် ၂၄၀၀၊ ထိုင်းနိုင်ငံမှဝင်သော အသင့်သုံးအုန်းရေ တစ်ဘူးလျှင် အကြီး ငွေကျပ် ၁၅၀၀၊ အသေး ငွေကျပ် ၈၀၀ ဖြစ်သည်။

သင်္ကြန်အခါရက်များပြီးလျှင် တစ်ဆက်တည်း မြန်မာနှစ်ဆန်း ၁ ရက်နေ့ဖြစ်သည်။ ထိုရက်တွင် မြန်မာနိုင်ငံတစ်နိုင်ငံလုံးရှိ ဗုဒ္ဓဘာသာကို ကိုးကွယ်သော ကျေးရွာတိုင်းသို့ အန္တရာယ်ကင်းပရိတ်တရားတော်များကို နာယူလေ့ရှိကြသည်။ ထိုပွဲတွင် မပါမဖြစ်သည်က အုန်းငှက်ပျော ကန်တော့ပွဲပင် ဖြစ်သည်။

ထိုရက်တွင် အုန်းငှက်ပျောများ အဝယ်ခက်မည်စိုးကြသည့်အတွက် ကြိုတင်စရန်ပေးဝယ်ယူမှုများ ရှိကြသည်။ အုန်းငှက်ပျောနှင့်ပတ်သက်၍ ရပ်ကွက်ဈေးတစ်ခု၏ အုန်းငှက်ပျောဆိုင်မှ ဒေါ်ခင်ဝင်းမြတ်က "မဖြစ်မနေလုပ်ကြရတဲ့ ပွဲတွေပေါ်မှီပြီး ကျွန်မတို့ ဈေးမတက်ပါဘူး၊ ပုံမှန်ရောင်းဈေးအတိုင်းပါပဲ၊ သီးမွှေးလုလုသုံးဖီး၊ အုန်းသီးတစ်လုံးနဲ့ တစ်ပွဲစာကို ငွေကျပ် ၇၀၀၀ နဲ့ ရောင်းပါတယ်၊ ဖီးကြမ်းသုံးဖီးနဲ့ အုန်းတစ်လုံး တစ်ပွဲစာဆိုရင် ငွေကျပ် ၆၀၀၀ နဲ့ ရောင်းပါတယ်"ဟု ပြောသည်။

ကြည့်မြင်တိုင် ဗားကရာ အုန်းငှက်ပျော ကုန်စည်ဒိုင်များအတွင်း နယ်မှဝင်ရောက်လာသော အုန်းငှက်ပျောပုံများက အပြည့်ပင်ဖြစ်သည်။ နယ်မှ ကားဖြင့်တစ်သွယ် ရေလမ်းဖြင့် တစ်ဖုံဝင်လာနေခြင်းဖြစ်သည်။ သင်္ကြန်ရက်များအတွက် ကြိုတင်မှာယူထားကြခြင်း ဖြစ်သည်။

ဒိုင်များအတွင်း လိုက်လံ၍ ဈေးစနည်းနာခဲ့ရာ ကျောက်ဆည်နယ်မှလာသော ဖီးကြမ်းလုလု တစ်ဖီးလျှင် ငွေကျပ် ၁၃၀၀ အထိ ဈေးရှိပြီး အစားစားအလိုက် ငွေကျပ် ၇၀၀ အထိ ဈေးရှိသည်။ သီးမွှေးတစ်ဖီးလျှင် ငွေကျပ် ၉၀၀ မှ ၁၄၀၀ အကြား အသေး အကြီးပေါ် မူတည်၍ ဈေးရှိနေသည်။ အခွံချွတ်ပြီးသား အုန်းသီးတစ်လုံးလျှင် ငွေကျပ် ၄၅၀ မှ ငွေကျပ် ၆၀၀ အထိ ဈေးပြောကြပြီး ပွဲသုံး တစ်လုံးလျှင် ငွေကျပ် ၅၀၀ မှ ၇၀၀ အကြား ဈေးခေါ်ကြသည်ကို စေ့ငုတင်ပြလျက် ၁၃၇၉ ခုနှစ် မဟာသင်္ကြန်ရက်များကို ပျော်ရွှင်ချမ်းမြေ့စွာဖြတ်သန်းပြီး ၁၃၈၀ ခုနှစ် မြန်မာနှစ်ဆန်း ၁ ရက်မှသည် နှစ်ကုန်ရက်များတိုင် သာယာချမ်းမြေ့နိုင်ကြပါစေ။ ။

# သင်္ကြန်လည်မည့်ကားများ အရောင်းအဝယ် ထင်သလောက်မသွက်သည့် ရန်ကုန်ကားဈေးကွက်

● မင်းသော်




**ဧပြီလ**သည် ရန်ကုန်ကားလောကအတွင်း အများအားဖြင့် မော်တော်ကား ရောင်းလိုအားနှင့် ဝယ်လိုအား မြင့်တက်မှု ကြုံတွေ့ရသည့် လဖြစ်သော်လည်း ယခုနှစ်တွင်မူ သင်္ကြန်နီးလာသော်လည်း လည်မည့်ကားများပင် အရောင်းအဝယ်မရှိဘဲ ကျန်ကားများလည်း အရောင်းအဝယ် မဖြစ်သလောက် နည်းပါးနေသည်ကို မြင်တွေ့ရသည်။

"အခုကတော့ အထူးကုန်စည်ခွန်အပြောင်းအလဲကြောင့် ဆိုရင်လည်း မမှားပါဘူး၊ အမှန်က ကုန်စည်ခွန်တွေကြောင့်မဟုတ်ဘဲ ကားဈေးကွက်မှာ အရောင်းအဝယ်က နဂိုကတည်းက အေးနေခဲ့တာပါ၊ ဝင်ငွေခွန်တွေလည်း လျှော့မပေးတဲ့အတွက် ကားဈေးကတော့ သင်္ကြန်ပြီးသွားရင်လည်း ကျစရာအကြောင်းတော့ မရှိသေးဘူး"ဟု ကားပွဲစားတစ်ဦးက ပြောပြသည်။

ထို့ပြင် လဆန်း ၁ရက်နေ့ဝန်းကျင်က အင်ဂျင်ပါဝါ ၆၆၀ စီစီ ထရပ်ယာဉ်ငယ်လေးများအား သင်္ကြန်ရေပက်ခံထွက်လိုသူများကြောင့် အရောင်းအဝယ်အနည်းငယ်ရှိလာသော်လည်း ထင် သလောက်အလုပ်မဖြစ်ခဲ့ကြောင်း၊ အများစုမှာ အောက်ဈေးဖြင့် ရလိုကြပြီး ဈေးအမှန်ဖြင့်ဆိုပါက အရောင်းအဝယ်မဖြစ်ကြောင်း၊ ထို့ပြင် လိုက်ထရပ်ကားများလည်း ကားဝယ်ရောင်းများ မျှော်မှန်းသလောက် အရောင်းအဝယ်အားမကောင်းကြောင်း ကားလောကအတွင်းမှ သိရှိရသည်။

> **အခွန်ဥပဒေတွေနဲ့ ရန်ကုန်လိုင်စင်ကို စောင့်ပြီး ဘာထူးမလဲ စောင့်ကြည့်နေကြတာ၊ အခုတော့ ကားဈေးကို လှုပ်ခတ်ဖို့ထက် အမြင့်ဈေးနဲ့ပဲ အရောင်းအဝယ်ကလည်း နည်းသွားမှာ**

"မူဝါဒအပြောင်းအလဲက ရပ်ကို မရပ်တော့ဘူး၊ တစ်မျိုးပြီး တစ်မျိုးဖြစ်နေတယ်။ ဖြစ်တိုင်းမှာလည်း ကားဈေးကွက်က လှုပ်မလာဘဲ ပိုပြီးတန့်သွားနေတယ်၊ အမှန်က အလုပ်မဖြစ်တာ ကြာပြီ၊ ဒါပေမယ့် အခွန်ဥပဒေတွေနဲ့ ရန်ကုန်လိုင်စင်ကို စောင့်ပြီး ဘာထူးမလဲ စောင့်ကြည့်နေကြတာ၊ အခုတော့ ကားဈေးကို လှုပ်ခတ်ဖို့ထက် အမြင့်ဈေးနဲ့ပဲ အရောင်းအဝယ်ကလည်း နည်းသွားမှာ၊ ကားဈေးမကျတဲ့အတွက် ပိုင်ရှင်ကလည်း လက်မလွှတ်ချင်သလို ဝယ်လက်ကလည်း ခါသွားပြီ၊ ဈေးက ကျရိပ်လည်း လုံးဝမရှိသေးတာမို့ ဝယ်လက်လည်း ရှားသွားမှာဆိုတော့ ရန်ကုန်ကားဈေးဟာ အတော်ကို ဆိုးရွားနေတယ်"ဟု ကားပွဲစားတစ်ဦးကလည်း ပြောသည်။ စလစ်ဈေးနှုန်းများတွင်လည်း စလစ်အပ်ကားများ မရှိသလောက်နည်းပါးလာနေပြီး အရောင်းအဝယ်လည်း မရှိကြောင်း၊ စလစ်ဈေးနှုန်းမှာလည်း ထွက်ပေါ်ခြင်းမရှိဘဲ ကြိုက်ရောင်းကြိုက်ဝယ် အနည်းငယ်သာ ရှိခြင်းကြောင့် ငွေကျပ် သိန်း ၁၀၀ ကျော်သာ ဈေးပေါက်တော့ကြောင်း သိရှိရသည်။

ကားဈေးကွက်အတွင်း ကြိုတင်ဝင်ငွေခွန်သက်သာရာရသွားသည့် အင်ဂျင်ပါဝါ ၁၅၀၀ နှင့် ၂၀၀၀ စီစီကြား ဘယ်မောင်းများ တင်သွင်းနိုင်သော်လည်း လက်ရှိ အခြေအနေအရ မြန်မာနိုင်ငံတွင် ၂၀၁၈ခုနှစ် ဘယ်မောင်းတင်သွင်းမှု အားကောင်းခြင်းမရှိသေးဘဲ အမှန်တကယ်တွင်လည်း တင်သွင်းရန်မှာ မည်သို့မျှ မစဉ်းစားနိုင်သေးဘဲ ကားတန်ဖိုးအလိုက် ပြည်တွင်းဝယ်လိုအားဈေးကွက်လည်း မရှိနိုင်သေးဟု ကားဝယ်ရောင်းများက ခန့်မှန်းသည်။ မကြာမီအတွင်း ရန်ကုန်လိုင်စင်များကို စနစ်သစ်တစ်ခုဖြင့် ချထားပေးမည်ဟု သတင်းများထွက်ပေါ်ထားရာ ကားဈေးကွက်မှာ ပို၍ပင် ငြိမ်သက်စောင့်ကြည့်နေကြခြင်း ဖြစ်ကြောင်း သိရှိရသည်။ ယခုသင်္ကြန်ရက်ပိုင်းအတွင်း လူကြိုက်များသည့် ဆူဇူကီးပစ်ကပ်များနှင့် ဟိုက်ဂျက်များ အရောင်းအဝယ်ဖြစ်ရန် မျှော်လင့်ရပြီး ငွေကျပ် သိန်း ၁၁၀မှ ၇၀ အကြား အများဆုံး ဝယ်ယူ၊ ရောင်းချနေကြသည်ကိုလည်း မြင်တွေ့ရသည်။ ။

**တစ်ပတ်အတွင်း အရောင်းအဝယ်ဖြစ်ခဲ့သည့် မော်တော်ကားဈေးနှုန်းများ**

| ယာဉ်အမျိုးအစား | Model | လိုင်စင် | အင်ဂျင်ပါဝါ | နေရာ | ဈေးနှုန်းကျပ်သိန်း |
|---|---|---|---|---|---|
| Land Cruiser | 2012 | ရန်ကုန် | 4600cc | အပြင်ဈေး | ၁၉၉၀ |
| Hiace | 2008 | ရန်ကုန် | 2700cc | အပြင်ဈေး | ၃၆၈ |
| Wish | 2011 | ရန်ကုန် | 1800cc | အပြင်ဈေး | ၄၆၀ |
| Vanguard | 2012 | ရန်ကုန် | 2400cc | အပြင်ဈေး | ၇၀၀ |
| Axio | 2014 | ယာယီ | 1300cc | အပြင်ဈေး | ၃၀၀ |
| Yaris | 2015 | ရန်ကုန် | 1300cc | အပြင်ဈေး | ၂၄၃ |
| Isuzu | 2003 | ရန်ကုန် | 3000cc | အပြင်ဈေး | ၁၆၈ |
| Fit GE6 | 2009 | ရန်ကုန် | 1300cc | အပြင်ဈေး | ၁၆၀ |
| Fit Shuttle | 2011 | မန္တလေး | 1300cc | အပြင်ဈေး | ၂၁၀ |
| Fit GP1 | 2011 | မန္တလေး | 1300cc | အပြင်ဈေး | ၁၆၅ |

## ဆိပ်ကမ်းမြို့အသွင် ပီပြင်စွာ ပုံရိပ်ထင်လာမည့် ရန်ကုန်.....မှ

ရန်ကုန်တိုင်းဒေသကြီးမှာ ပြီးခဲ့တဲ့နှစ် ဧပြီလဆန်းမှ ယခု ၂၀၁၈ ခုနှစ် မတ်လလယ်အထိ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု လုပ်ငန်း ၃၈ ခုရှိခဲ့ရာမှာ ငွေကြေးပမာဏအနေနဲ့ အမေရိကန်ဒေါ်လာ ၅၄ သန်းခန့်နဲ့ စက်မှုကဏ္ဍမှာ အမေရိကန်ဒေါ်လာ သန်း ၅၀ ကျော် ရှိခဲ့တာမို့ တစ်နိုင်ငံလုံးမှာ အများဆုံးဖြစ်ပါတယ်။ ဒီလို စီးပွားရေးလုပ်ငန်းတွေနဲ့အတူ နိုင်ငံတကာရေကြောင်းကုန်သွယ်မှုနဲ့ ကုန်စည်စီးဆင်းမှုက အရေးပါနေတာမို့ ရန်ကုန်မြို့အနေနဲ့ ပင်လယ်ဝဘက်ကို ဆိပ်ကမ်းတိုးချဲ့တည်ဆောက်သွားဖို့ လိုအပ်နေတာလည်း ဖြစ်ပါတယ်။

မြန်မာနိုင်ငံရဲ့ နိုင်ငံတကာရေကြောင်းကုန်သွယ်မှုဟာ ရန်ကုန်မြို့ကို အဓိကအခြေပြုရတာမို့ ပင်လယ်ဆိပ်ကမ်းကောင်းမွန်ရေးနဲ့ ဖွံ့ဖြိုးရေးဟာ မဖြစ်မနေ အကောင်အထည်ဖော်ရမယ့် အခြေအနေဖြစ်လာပါတယ်။ ဒီလို ဆောင်ရွက်တဲ့အခါ နိုင်ငံတကာကုန်တင်သင်္ဘောကြီးတွေ အလွယ်တကူဝင်ထွက်သွားလာ ဆိုက်ကပ်နိုင်တဲ့ ဆိပ်ကမ်းဖြစ်ဖို့ လိုအပ်ပြီး ဆိပ်ကမ်းကနေ ကုန်ပစ္စည်းတွေ သယ်ဆောင်ဖို့အတွက် စနစ်တကျ စီစဉ်ဖို့လည်း လိုအပ်နေပါတယ်။

ဒီလို ပင်လယ်ဆိပ်ကမ်းကောင်းတွေ ဖြစ်ထွန်းလာရင်တော့ ရန်ကုန်မြို့ဟာ နိုင်ငံတကာပင်လယ်ရေကြောင်း ကုန်သွယ်မှုမှာ အရေးပါလာတဲ့ ဆိပ်ကမ်းမြို့အသွင်ကို ပီပီပြင်ပြင် ပုံရိပ်ထင်လာမှာ သေချာနေပါတယ်။ ။



## အချုပ်ပို (၈) မှ

ယနေ့ ရန်ကုန်မြို့ပြနှင့် မြို့နယ်တို့တွင် ရင်ဆိုင်နေရသော အခက်အခဲမှာ ရပ်ကွက်ရေမြောင်းများ ပိတ်ဆို့မှုကြောင့် ကျန်းမာရေးစောင့်ရှောက်မှုကို ထိခိုက်နေခြင်းပင်ဖြစ်သည်။ မိမိတို့ အိမ်ရှေ့ရှိ ရေမြောင်းနှင့် အိမ်နောက်ဘက်ရေမြောင်းများ ပိတ်ဆို့လျက် ရေဆိုးများ ထွက်ပေါက်ပိတ်နေခြင်းပင် ဖြစ်သည်။ ရပ်ကွက်တွင်း လမ်းမကြီးရှိ ရေမြောင်းများနှင့် လှိုင်မြစ်တွင်း စီးဆင်းသည့် ပင်မရေမြောင်းကြီးများ တူးဖော်နေသော်လည်း ရပ်ကွက်အတွင်း လမ်းသွယ်များအတွင်းမှ ရေမြောင်းများတွင် ပိတ်ဆို့နေသော အတားအဆီးများကို ရှင်းလင်းဖယ်ရှားနိုင်ခြင်း မရှိပါက ရပ်ကွက်၊ ကျေးရွာများအတွင်းရှိ လမ်းများ ရေဝပ်ရေလျှံမှုများ ဆက်လက်ရှိနေမည်သာ ဖြစ်သည်။ မိမိလမ်းကောင်းမွန်မှုသာ မိမိရပ်ကွက် သန့်ရှင်းသာယာလှပမည်ဖြစ်ပြီး မြို့နယ်များနှင့် မြို့ပြဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူဖြစ်စေမည် ဖြစ်သည်။

သို့ဖြစ်၍ ရန်ကုန် မြို့ပြ၏ မြို့နယ်များ လူမှုဘဝနေထိုင်မှု အဆင့်အတန်းနှင့် စီးပွားရေးအဆင့်အတန်း တိုးတက်မြင့်မားလာစေရန် ဆောင်ရွက်မှုအပေါ် မိုးရွာစဉ်ရေခံလျက် ဝိုင်းဝန်း ဖော်ဆောင်နိုင်ကြပါစေကြောင်း ရေးသားလိုက်ရပါသည်။ ။